(ပ) "အရာရှိ" ဆိုသည်မှာ၊ ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ပြီးသော၊ အစိုးရပြန်တမ်းတွင် ထုတ်ပြန်ပြီးသော၊ သို့တည်းမဟုတ် တပ်မတော်၏ တပ်တခုခုတွင ပြန်တမ်းဝင်အရာရှိ တဦးအဖြစ်ဖြင့် လစာရရှိနေသော သူကို ဆိုလိုသည်။

(ဖ) "သတ်မှတ်သည်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ၊ ပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်ခြင်းကို ဆိုလိုသည်။

(ဗ) "တပ်ထိန်းချုပ်" ဆိုသည်မှာ၊ ပုဒ်မ ၁၀၉ အရ၊ ခန့်အပ်သော တပ်ထိပ်းချုပ်ကို ဆိုလိုသည်။ ထို့ပြင် ထိုစကားရပ်တွင် ဒုတိယတပ်ထိန်းချုပ်၊ သို့တည်းမဟုတ် လက်ထောက်တပ်ထိန်းချုပ်၊ သို့တည်းမဟုတ် တပ်ထိန်းချုပ်၏ လက်အောက်ခံအဖြစ်သော်၎င်း၊ တပ်ထိန်းချုပ်၏ ကိုယ်စားသော်၎င်း၊ ဤအက်ဥပဒေနှင့် အညီ အာဏာသုံးစွဲနိုင်သည့် အခြားသူ တဦးဦးသည်း ပါဝင်သည်။

(ဘ) "အတွင်းဝန်" ဆိုသည်မှာ၊ စစ်ဘက်အယူခံတရားရုံး၏ အတွင်းဝန်ကို ဆိုလိုသည်။

(မ) "စစ်ဘက်အယူခံ တရားရုံးနည်းဥပဒေများ" ဆိုသည်မှာ၊ နိုင်ငံတော်သမတ၏ သဘော တူညီချက်ဖြင့်၊ တရားလွှတ်တော်ချုပ်က ပြုသော စစ်ဘက်အယူခံ တရားရုံးနည်းဥပဒေများကို ဆိုလိုသည်။

(ယ) "အထက်အရာရှိ" ဆိုသည့်စကားရပ်တွင် ဤအက်ဥပဒေကို လိုက်နာရသူ တဦးနှင့် ပတ်သက်၍ သုံးနှုန်းထားသည့်အခါ အရာခံဗိုလ်နှင့် အကြပ်ဘို့ပါဝင်သည်။

(ရ) "တပ်" ဆိုသည့်စကားလုံးတွင်——

(၁) သီးခြားဖွဲ့စည်းပုံဇယား ခွင့်ပြုရရှိထားသော၊ အရာရှိများနှင့် အရာရှိမဟုတ်သူများ ပါဝင်သည့် အဖွဲ့အစည်းတခုခုနှင့်

(2) any other separate body of persons composed wholly or partly of persons subject to this Act, and specified as a unit by the Prescribed;

(*bb*) "warrant officer" means a person appointed or in pay as a warrant officer in the Defence Services;

(*cc*) the expression "regimental and other debts in camp or quarters" includes money due as military debts, namely, sums due in respect of, or of any advance in respect of—

(1) quarters;

(2) mess, band, and other regimental accounts;

(3) military clothing, appointments and equipments, not exceeding a sum equal to three months' pay of the deceased, and having become due within eighteen months before his death;

(*dd*) "representation" includes probate and letters of administration with or without the will annexed and a succession certificate constituting a person the executor or administrator of the estate of a deceased person or authorizing him to receive or realize the net assets of a deceased person;

(*ee*) "representative" means any person who has taken out representation but does not include an Administrator-General;

(*ff*) "Court of Inquiry" means Court of Inquiry constituted in accordance with the rules made under this Act.

(*gg*) all words and expressions used herein and defined in the Penal Code and hereinbefore defined shall be deemed to have the meanings respectively attributed to them by that Code.

(၂) နိုင်ငံတော် သမတက တပ်တတပ်ဟု သီးခြားဖေါ်ပြထားပြီး၊ ဤအက်ဥပဒေကို လိုက်နာရသူအားလုံး၊ သို့တည်းမဟုတ် အချို့ပါဝင်သည့် အခြားသီးခြား အဖွဲ့အစည်း တခုခုပါဝင်သည်။

(လ) "အရာခံဗိုလ်" ဆိုသည်မှာ၊ တပ်မတော်တွင် အရာခံဗိုလ်တဦးအဖြစ် ခန့်ထားသော၊ သို့တည်းမဟုတ် အရာခံဗိုလ်တဦးအဖြစ် လစာရရှိနေသော သူကို ဆိုလိုသည်။

(ဝ) "စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့် တပ်ကြေးမြီများနှင့် အခြားကြေးမြီများ" ဆိုသည့်စကားရပ်တွင်၊ စစ်ဘက်ကြေးမြီများ ဖြစ်သော အောက်ပါတို့နှင့် စပ်လျဉ်းသည့် ကျသင့်ငွေ၊ သို့တည်းမဟုတ် ကြိုတင်ပေးငွေအတွက် ပေးဆပ်ရမည့် ငွေပါဝင်သည်။

(၁) နေထိုင်ရာနေရာ။

(၂) ရိပ်သာ၊ တီးဝိုင်း၊ တို့ပြင် တပ်ရင်းအခြားငွေစာရင်း။

(၃) သေဆုံးသူ၏ သုံးလအတွက် လစာနှင့် ညီမျှသည့် ငွေထက်မပိုသည့်ပြင်၊ ထိုသူမသေမီက တဆယ့်ရှစ်လအတောအတွင်း ပေးဆပ်ရမည်ဖြစ်သည့် စစ်ဘက် အဝတ်အစား၊ အဆောင်အယောင်နှင့် ကိရိယာ တန်ဆာပလာ။

(သ) "ကိုယ်စားဆောင်ရွက်ခွင့်လက်မှတ်" ဆိုသည့်စကားရပ်တွင် သူတဦးအား သေဆုံးသူ၏ သေတမ်းစာအတည်ပြုသူသေင်ရင်း၊ အမွေထိန်းသေင်ရင်း၊ ဖြစ်စေသည့်၊ သို့တည်းမဟုတ် သေဆုံးသူ၏ ကြေးမြီ ဆပ်ပြီးကျန်ရှိသည့် အမွေပစ္စည်းများကို လက်ခံရန်ဖြစ်စေ၊ ရယူရန်ဖြစ်စေ၊ အာဏာလွှဲအပ်သည့် သေတမ်းစာ အတည်ပြုလက်မှတ်၊ သေတမ်းစာပူးတွဲပါသော၊ သို့တည်းမဟုတ် ပူးတွဲမပါသော အမွေထိန်းခန့်စာ၊ ထို့ပြင် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာပါဝင်သည်။

(ဟ) "ကိုယ်စားဆောင်ရွက်သူ" ဆိုသည်မှာ၊ ကိုယ်စားဆောင်ရွက်ခွင့် လက်မှတ်ရသူ တဦးဦးကိုဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်တွင် အမွေထိန်းမင်းကြီး မပါဝင်ချေ။

(ဠ) "စုံစမ်းစစ်ဆေးရေးခုံရုံး" ဆိုသည်မှာ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းသည့်စုံစမ်းစစ်ဆေးရေးခုံရုံးကို ဆိုလိုသည်။

(အ) ရာဇသတ်ကြီးတွင် အဓိပ္ပါယ်ဖေါ်ပြထားပြီးဖြစ်၍ အထက်တွင် အဓိပ္ပါယ်ဖေါ်ပြမထားသော၊ ဤအက်ဥပဒေတွင် သုံးနှုန်းထားသည့် စကားလုံးနှင့် စကားရပ် အားလုံး၏ အဓိပ္ပါယ်သည်၊ ထိုရာဇသတ်ကြီးတွင် ဖေါ်ပြထားသော အဓိပ္ပါယ်များအတိုင်း ဖြစ်သည်ဟု မှတ်ယူရမည်။

## CHAPTER II.

### Application of Act.

Application of this Act to certain forces under the Union Government.

**4.** (1) The President may, by notification, apply all or any of the provisions of this Act to any force raised and maintained by the Parliament or a State Council, or under the authority of the President.

(2) On such notification being made, any provisions of this Act so applied shall have effect in respect of persons belonging to any such force as they have effect in respect of persons subject to this Act holding in the Defence Services the same rank as the aforesaid persons hold for the time being in the force to which this Act is so applied, and shall have effect in respect of persons who are employed by, or are in the service of, or are followers of, or accompany any portion of any such force as they have effect in respect of persons subject to this Act under clause (*d*) of sub-section (1) of section 2.

(3) While any of the provisions of this Act apply to any such force, the President may, by notification, direct by what authority any jurisdiction, powers or duties incident to the operation of these provisions, shall be exercised or performed in respect of that force, and may suspend the operation of any other enactment for the time being applicable to hat force.

Special provisions as to rank in certain cases.

**5.** (1) The President may, by notification, direct that any persons or class of persons, subject to this Act under clause (*d*) of sub-section (1) of section 2, shall be so subject as officers, warrant officers or non-commissioned officers, and may authorize any officer to give a like direction with respect to any such persons and to cancel such direction.

## အခဏ်း ၂။

### ဤအက်ဥပဒေနှင့်သက်ဆိုင်စေခြင်း။

**ပြည်ထောင်စု အစိုးရ လက်အောက်ရှိ အချို့သောတပ်ဖွဲ့များနှင့် ဤအက်ဥပဒေ သက်ဆိုင်စေခြင်း။**

၄။ ။(၁) ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်အားလုံးသည်၊ သို့တည်းမဟုတ် တခုခုသည် ပါလီမန်ကဖြစ်စေ၊ ပြည်နယ်ကောင်စီ တခုခုကဖြစ်စေ၊ နိုင်ငံတော်သမတ၏ အမိန့်အာဏာအရဖြစ်စေ၊ ဖွဲ့စည်းတည်ထောင်ထားသော တပ်ဖွဲ့တခုခုနှင့် သက်ဆိုင်ရမည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ကျေညာနိုင်သည်။

(၂) ယင်းသို့အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာသည့်အခါ၊ ထိုသို့သက်ဆိုင်စေသည့် ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေနှင့် ယင်းသို့ သက်ဆိုင်စေသော တပ်ဖွဲ့တွင် ပါဝင်သူများ၊ အခါအားလျော်စွာ၊ ရရှိထားသော အဆင့်နှင့်တူညီသည့် အဆင့်ကို တပ်မတော်တွင် ရရှိထားသော ဤအက်ဥပဒေကို လိုက်နာကြရသူများအပေါ် အကျိုးသက်ရောက်သကဲ့သို့၊ ပြဋ္ဌာန်းချက်များသည်၊ ထိုတပ်ဖွဲ့တွင်ပါဝင်သူများအပေါ် အကျိုးသက်ရောက်စေရမည်။ ထို့ပြင်ပုဒ်မ ၂၊ ပုဒ်မခွဲ(၁)၏အပိုဒ် (ဃ)အရ၊ ဤအက်ဥပဒေကိုလိုက်နာရသူများအပေါ် အကျိုးသက်ရောက်သကဲ့သို့ အဆိုပါတပ်ဖွဲ့တခု၏ အစိတ်အပိုင်းတခုခုက စေခိုင်းခြင်းခံရသူများ၊ သို့တည်းမဟုတ် ယင်းအစိတ်အပိုင်းတခုခုတွင် ပါဝင်အမှုထမ်းရွက် နေရသူများ၊ သို့တည်းမဟုတ် ယင်းအစိတ်အပိုင်း တခုခုတွင် နောက်လိုက်နောက်ပါဖြစ်ကြသူများ၊ သို့တည်းမဟုတ် ယင်းအစိတ်အပိုင်းတခုခုနှင့် လိုက်ပါလာကြသူများ အပေါ်လည်း အကျိုးသက်ရောက်စေရမည်။

(၃) ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်တခုခုသည်၊ ထိုတပ်ဖွဲ့တခုခုအပေါ် အကျိုးသက်ရောက်နေစဉ်၊ ထိုပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ခြင်းကြောင့် သုံးစွဲဆောင်ရွက်ရမည့် စီရင်ပိုင်ခွင့်အာဏာ၊ အခြားအာဏာများ၊ သို့တည်းမဟုတ် တာဝန်ဝတ္တရားတခုခုကိုမည်သည့် အာဏာပိုင်က ထိုတပ်ဖွဲ့နှင့်စပ်လျဉ်း၍ သုံးစွဲဆောင်ရွက်ရမည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင်သည်။ ထို့ပြင် အခါအားလျော်စွာ ထိုတပ်ဖွဲ့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းထားသော အခြားဥပဒေတရပ်ရပ်ကို ရပ်ဆိုင်းထားနိုင်သည်။

**အချို့ ကိစ္စ ရပ်များတွင် အဆင့်နှင့် စပ်လျဉ်း သော အထူးပြဋ္ဌာန်းချက်။**

၅။ ။(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) ၏အပိုဒ် (ဃ) အရ၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအားဖြစ်စေ၊ လူအမျိုးအစား တမျိုးတစားအားဖြစ်စေ၊ အရာရှိများ၊ အရာခံဗိုလ်များ၊ သို့တည်းမဟုတ် အကြပ်များအဖြစ်၊ ထိုအက်ဥပဒေကို လိုက်နာရမည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင်သည့်ပြင်၊ ထိုသူတဦးဦးနှင့် ပတ်သက်၍ အလားတူ ညွှန်ကြားချက်တရပ်ပေးရန်နှင့် ထိုညွှန်ကြားချက်ကို ပယ်ဖျက်ရန် အရာရှိတဦးဦးအား အခွင့်အာဏာအပ်နှင်းနိုင်သည်။

(2) All persons subject to this Act other than officers, warrant officers and non-commissioned officers shall, if they are not persons in respect of whom a notification or direction under sub-section (1) is in force, be deemed to be of a rank inferior to that of a non-commissioned officer.

**Commanding officer of persons subject to military law under clause (*d*) of sub-section (1) of section 2.**

**6.** (1) Every person subject to this Act under clause (*d*) of sub-section (1) of section 2, shall, for the purposes of this Act, be deemed to be under the commanding officer of the corps, department, unit, ship, establishment or detachment to which he is attached, and if he is not attached to any corps, department, unit, ship, establishment or detachment, under the command of any officer who may for the time being be named as his commanding officer by the officer commanding the force with which such person may for the time being be serving, or of any other prescribed officer, or, if no such officer is named or prescribed under the command of the said officer commanding the force.

(2) An officer commanding a force shall not place a person under the command of an officer of rank inferior to that of such person, if there is present at the place where such person is any officer of higher rank under whose command he can be placed.

**Officers exercising powers in certain cases.**

**7.** Whenever persons subject to this Act are serving under an officer commanding any military organization not in this section specifically named, and being in the opinion of the President not less than a brigade in the case of the army, and not less than a formation prescribed as an equivalent to the brigade (army) in the case of the navy or air force, the President may prescribe the officer by whom the powers which under this Act may be exercised by the officers commanding armies, army corps, divisions and brigades in the case of the army or by officers commanding equivalent formations in the case of the navy and the air force shall, as regards such persons, be exercised.

(၂) အရာရှိများ၊ အရာခံဗိုလ်များနှင့် အကြပ်များမှတပါး၊ ဤအက်ဥပဒေကို လိုက်နာရသူအားလုံးသည်၊ ပုဒ်မခွဲ (၁) အရ၊ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ သို့တည်းမဟုတ် ညွှန်ကြားချက်တရပ်နှင့် သက်ဆိုင်သူများမဟုတ်ပါက၊ အကြပ်တဦး၏ အဆင့်အောက်နိမ့်သော အဆင့်ရှိသူများဖြစ်သည်ဟု မှတ်ယူရမည်။

**ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဃ) အရ စစ်ဘက်ဥပဒေကို လိုက်နာရသူများ၏ တပ်မှူး။**

၆။ ။(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) ၏အပိုဒ် (ဃ) အရ၊ ဤအက်ဥပဒေကို လိုက်နာရသူတိုင်းသည်၊ မိမိအား တွဲဘက်ထားသောတပ်အဖွဲ့ကို၊ ဌာနကို၊ တပ်ကို၊ သင်္ဘောကို၊ အဖွဲ့အစည်းကို၊ သို့တည်းမဟုတ် ခွဲထုတ်တပ်ကို ကွပ်ကဲသော တပ်မှူး၏ လက်အောက်တွင် ရှိသည်ဟု၊ ဤအက်ဥပဒေ၏ ကိစ္စများအတွက် မှတ်ယူရမည့်ပြင်၊ မိမိအား တပ်အဖွဲ့၊ ဌာန၊ တပ်၊ သင်္ဘော၊ အဖွဲ့အစည်း၊ သို့တည်းမဟုတ် ခွဲထုတ်တပ်တခုခုသို့ တွဲဘက်၍ မထားခဲ့လျှင်၊ မိမိအမှုထမ်းရွက်လျက်ရှိမည့် တပ်ဖွဲ့ကို၊ အခါအားလျော်စွာ၊ ကွပ်ကဲရသော အရာရှိက၊ ထိုအချိန်တွင် မိမိ၏ တပ်မှူးဖြစ်သည်ဆိုသည့် အရာရှိတဦးဦး၏ လက်အောက်တွင်ဖြစ်စေ၊ သတ်မှတ်ထားသော အခြားအရာရှိ တဦးဦး၏ လက်အောက်တွင်ဖြစ်စေ၊ ယင်းသို့ အရာရှိတဦးကို၊ တပ်မှူးဖြစ်သည်ဟု ဆိုထားခြင်း၊ သို့တည်းမဟုတ် သတ်မှတ်ထားခြင်းမရှိလျှင်၊ တပ်ဖွဲ့ကို ကွပ်ကဲသော အဆိုပါအရာရှိ၏ လက်အောက်တွင်ရှိသည်ဟု မှတ်ယူရမည်။

(၂) တပ်ဖွဲ့တခုကို ကွပ်ကဲနေသော အရာရှိတဦးသည်၊ တဦးတယောက်သောသူအား၊ ထိုသူရှိသောနေရာတွင် ထိုသူကို ကွပ်ကဲနိုင်သည်လည်းဖြစ်၍၊ အဆင့်လည်းပို၍ မြင့်သော အရာရှိတဦးဦးရှိလျှင်၊ ထိုသူ၏အဆင့် အောက်နိမ့်သော အရာရှိတဦး၏ လက်အောက်တွင် မထားရ။

**အချို့ ကိစ္စရပ်များအတွက် အာဏာများ သုံးစွဲ မည့် အရာရှိများ။**

၇။ ။ဤပုဒ်မတွင် အမည်သီးခြားဖော်ပြထားသည့်ပြင်၊ ကြည်းတပ်အတွက် ဖြစ်ပါက၊ တပ်မဟာအောက် မငယ်ဟုဒင်း၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသော အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်ဟုဒင်း၊ နိုင်ငံတော်သမတက ထင်မြင်ယူဆသော စစ်ဘက်အဖွဲ့အစည်းတခုခုကို ကွပ်ကဲနေသည့် အရာရှိ၏ လက်အောက်တွင်၊ ဤအက်ဥပဒေကို လိုက်နာရသူများ အမှုထမ်းရွက်နေကြသည့်အခါတိုင်း၊ ကြည်းတပ်အတွက် ဖြစ်ပါက၊ တပ်တော်များ၊ တပ်မကြီးများ၊ တပ်မများနှင့် တပ်မဟာများကို ကွပ်ကဲသော အရာရှိများကဒင်း၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ ကြည်းတပ်ရှိ တပ်တော်၊ တပ်မကြီး၊ တပ်မ၊ သို့တည်းမဟုတ် တပ်မဟာနှင့်တူညီသော အဖွဲ့အစည်းများကို ကွပ်ကဲသော အရာရှိများကဒင်း၊ ဤအက်ဥပဒေအရ၊ သုံးစွဲနိုင်သော အာဏာများကို ထိုသူများနှင့် ပတ်သက်၍ မည်သည့် အရာရှိက သုံးစွဲရမည်ဟု၊ နိုင်ငံတော်သမတက သတ်မှတ်နိုင်သည်။

**8.** Notwithstanding anything contained in clause (*a*) of section 3, the President may, by notification, declare that any person or class of persons subject to this Act shall, with reference to any area in which they may be serving or with reference to any provision of this Act or of any other law for the time being in force, be deemed to be on active service within the meaning of this Act.

Power to declare persons to be on active service.

## CHAPTER III.

### Commission and Enrolment.

**9.** The President may grant a commission to any person as an officer in the Defence Services..

Commission.

**10.** No person who is not a citizen of the Union shall, except with the consent of the President signified in writing, be enrolled in the Defence Services.

Ineligibility of aliens for enrolment.

**11.** Females shall be eligible for enrolment or employment in the Defence Services in such corps, department, branch or other body forming part of or attached to any portion of the Defence Services as the President may, by notification, specify in this behalf.

Eligibility of females for enrolment or employment.

**12.** Upon the appearance before the prescribed enrolling officer of any person desirous of being enrolled, the enrolling officer shall read and explain to him, or cause to be read and explained to him in his presence, the conditions of the service for which he is to be enrolled; and shall put to him the questions set forth in the prescribed form of enrolment, and shall, after having cautioned him that if he makes a false answer to any such question he will be liable to punishment

Procedure before enrolling officer.

**တန်းပြည့် စစ်မှုထမ်းနေကြသူများဟု ကျေညာရန် အာဏာ။**

၈။ ။ပုဒ်မ ၃၊ အပိုဒ်ခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအားဖြစ်စေ၊ လူတမျိုးတစားအားဖြစ်စေ၊ ထိုသူများ အမှုထမ်းလျက်ရှိမည့် နယ်တခုခုကို ရည်ညွှန်း၍သော်၎င်း၊ ဤအက်ဥပဒေ၏၊ သို့တည်းမဟုတ် အခါအားလျော်စွာ တည်ဆဲ အခြားတရားဥပဒေ တရပ်ရပ်၏ ပြဋ္ဌာန်းချက် တခုခုကို ရည်ညွှန်း၍သော်၎င်း၊ ဤအက်ဥပဒေ၏ အဓိပ္ပါယ်အရ၊ တန်းပြည့်စစ်မှုထမ်းရွက်နေကြသူများ အဖြစ် မှတ်ယူရမည်ဟု၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ကျေညာနိုင်သည်။

## အခဏ်း ၃။

### ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းနှင့် စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်း။

**ပြန်တမ်းဝင် အရာရှိ အဖြစ် ခန့်အပ်ခြင်း။**

၉။ ။နိုင်ငံတော် သမတသည်၊ မည်သူကိုမဆို တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိ တဦးအဖြစ် ခန့်အပ်နိုင်သည်။

**နိုင်ငံခြားသားများ စစ်မှုထမ်း အဖြစ် စာရင်းသွင်းနိုင်ခွင့် မရှိခြင်း။**

၁၀။ ။ပြည်ထောင်စု နိုင်ငံသားမဟုတ်လျှင်၊ နိုင်ငံတော်သမတ၏ သဘောတူညီချက် စာမရရှိဘဲ၊ မည်သူ့ကိုမျှ တပ်မတော်တွင် စစ်မှုထမ်းအဖြစ် စာရင်းမသွင်းရ။

**မိန်းမများ စစ်မှုထမ်းအဖြစ် စာရင်းသွင်းနိုင်ခွင့်၊ သို့တည်းမဟုတ် အလုပ် လုပ်နိုင်ခွင့် ရှိခြင်း။**

၁၁။ ။ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာဖြင့် သီးခြားဖော်ပြသည့်၊ တပ်မတော်၏ တပ်အဖွဲ့၊ ဌာန၊ ဌာနခွဲ၊ သို့တည်းမဟုတ် တပ်မတော်၏ အစိတ်အပိုင်း တခုခု၌ တစိတ်တဒေသ ပါဝင်နေသော၊ သို့တည်းမဟုတ် တွဲဘက်ထားသော အခြားအဖွဲ့တွင် မိန်းမများစစ်မှုထမ်းအဖြစ် စာရင်းသွင်းနိုင်ခွင့်ဖြစ်စေ၊ အလုပ်လုပ်ကိုင်နိုင်ခွင့်ဖြစ်စေ ရှိရမည်။

**စစ်မှုထမ်း အဖြစ် စာရင်းသွင်းရေး အရာရှိ မျက်မှောက်တွင် လိုက်နာရန် နည်းလမ်း။**

၁၂။ ။သတ်မှတ်ထားသော စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေး အရာရှိမျက်မှောက်သို့ စစ်မှုထမ်းအဖြစ် စာရင်းသွင်းလိုသူ တဦးဦး ရောက်ရှိသည့်အခါ၊ ထိုအရာရှိက စစ်မှုထမ်း လိုက်နာရမည့် စည်းကမ်းချက်များကို ထိုသူအား ဘတ်၍ ရှင်းပြရမည်၊ သို့တည်းမဟုတ် မိမိ၏ မျက်မှောက်တွင် ဘတ်ပြစေပြီး ရှင်းပြစေရမည်။ ထို့ပြင် စစ်မှုထမ်းအဖြစ် စာရင်းသွင်းရန် သတ်မှတ်ထားသည့် ပုံစံတွင် ဖော်ပြထားသော မေးခွန်းများကို ထိုသူအား မေးမြန်းရမည်။ ထို့ပြင် အဆိုပါ မေးခွန်းတခုခုနှင့် စပ်လျဉ်း၍ မဟုတ်မမှန်သော အဖြေတရပ်ကို ထိုသူကပေးလျှင်၊ ဤအက်ဥပဒေအရ၊

under this Act, record or cause to be recorded his answer to each such question.

Mode of enrolment.

**13.** If, after complying with the provisions of section 12, the enrolling officer is satisfied that the person desirous of being enrolled fully understands the questions put to him and consents to the conditions of service, and if he perceives no impediment he shall sign and shall also cause the person to sign the enrolment paper, and the person shall then be deemed to be enrolled.

Validity of enrolment.

**14.** Every person who has for the space of three months been in receipt of military pay as an enrolled person and been borne on the rolls of any corps, department, unit or ship shall be deemed to have been duly enrolled and shall not be entitled to claim his discharge on the ground of any irregularity or illegality in his enrolment or on any other ground whatsoever; and if within the said three months such person claims his discharge any such irregularity or illegality or other ground shall not, until such person is discharged in pursuance of his claim, affect his position as an enrolled person under this Act or invalidate any proceedings, act or thing taken or done prior to his discharge.

## Attestation.

Persons to be attested.

**15.** The following persons shall be attested, namely:—

(*a*) all persons enrolled as combatants;

(*b*) all persons selected to be non-commissioned officers or acting non-commissioned officers; and

(*c*) all other enrolled persons prescribed by the President.

ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်ဟု ထိုသူအား သတိပေးပြီး အဆိုပါမေးခွန်းတခုစီအတွက် ထိုသူ၏ အဖြေကို ရေးမှတ်ရမည်၊ သို့တည်းမဟုတ် ရေးမှတ်စေရမည်။

စစ်မှုထမ်း အဖြစ် စာရင်း သွင်းနည်း။

၁၃။ ။ပုဒ်မ ၁၂ ၏ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ပြီး၊ စစ်မှုထမ်း အဖြစ် စာရင်းသွင်းလိုသူသည်၊ မေးခွန်းများကို ပြည့်စုံစွာ နား လည်၍၊ စစ်မှုထမ်းလိုက်နာရမည့် စည်းကမ်းချက်များကို သဘော တူသည်ဟု စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေး အရာရှိက ကြေနပ် လျှင်၊ ထို့ပြင် စာရင်းသွင်းခြင်းကို ငြင်းပယ်ရန် အကြောင်းမရှိဟု ထင်မြင်လျှင်၊ စစ်မှုထမ်း အဖြစ် စာရင်းသွင်းရန် ပုံစံတွင် မိမိကိုယ်တိုင်က လက်မှတ်ရေးထိုး၍ ထိုသူအားလည်း လက်မှတ် ရေးထိုးစေပြီးနောက်၊ ထိုသူကို စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

စစ်မှုထမ်း အဖြစ် စာရင်း သွင်းခြင်း ခိုင်လုံမှု။

၁၄။ ။စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူ တဦးအနေနှင့် သုံးလမျှ စစ်ဘက်လစာကို ရရှိနေပြီးလျှင်၊ မည်သည့်တပ်အဖွဲ့၊ ဌာန၊ တပ်၊ သို့တည်းမဟုတ် သင်္ဘော၏ လူစာရင်းတွင်မဆို ပါရှိနေသူတိုင်းကို နည်းလမ်း တကျ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ထိုသူစစ်မှုထမ်းအဖြစ် စာရင်းသွင်းရာ၌ နည်းလမ်းမကျခြင်း အကြောင်းပြချက်တခုခု၊ သို့တည်းမဟုတ် တရားဥပဒေနှင့် ဆန့်ကျင်ခြင်း အကြောင်းပြချက်တခုခု၊ သို့တည်းမဟုတ် အခြားမည်သည့် အကြောင်းပြချက်ကိုမဆို၊ အခြေပြုပြီး ထိုသူ၌ ထွက်ခွင့်တောင်းဆိုပိုင်ခွင့် မရှိစေရ။ ထို့ပြင် အဆိုပါသုံးလအတွင်း၊ ထိုသူက ထွက်ခွင့်တောင်းဆိုလျှင်၊ ထိုတောင်းဆိုချက် နှင့်အညီ ၎င်းအား ထွက်ခွင့်ပေးလိုက်သည့်အချိန်တိုင်အောင်၊ အဆိုပါ နည်းလမ်းမကျခြင်း အကြောင်းပြချက်၊ သို့တည်းမဟုတ် တရားဥပဒေနှင့်ဆန့်ကျင်ခြင်း အကြောင်းပြချက်၊ သို့တည်းမဟုတ် အခြားအကြောင်းပြချက်တခုခုသည်၊ ဤအက်ဥပဒေအရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းထားပြီးသူ တဦးဖြစ်နေသည့် ထိုသူ၏အခြေအနေကို မထိခိုက်စေရ၊ သို့တည်း မဟုတ် ထိုသူထွက်ခွင့်မရမီ ပြုလုပ်ခဲ့သော၊ သို့တည်းမဟုတ် ထိုသူ့အပေါ် အရေးယူခဲ့သော မည်သည့် ဆောင်ရွက်ချက်၊ ပြုလုပ်ချက်၊ သို့တည်းမဟုတ် အရာသည်၊ အဆိုပါ အကြောင်း ပြချက်တခုခုကြောင့် မပျက်ပြယ်စေရ။

## သစ္စာပြုခြင်း ။

သစ္စာပြုရသူများ။

၁၅။ ။အောက်ပါသူများသည် သစ္စာပြုကြရမည်။

(က) တိုက်ပွဲဝင်စစ်မှုထမ်းများအဖြစ် စာရင်းသွင်းပြီးသူအားလုံး၊

(ခ) အကြပ်၊ သို့တည်းမဟုတ် ခေတ္တအကြပ်အဖြစ် ရွေးချယ်ခြင်း ခံရသူအားလုံး၊

(ဂ) နိုင်ငံတော် သမတက သတ်မှတ်သည့် စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသော အခြားသူအားလုံး။

**16.** (1) When a person who is to be attested is reported fit for duty, or has completed the prescribed period of probation, an oath or affirmation shall be administered to him in the prescribed form by his commanding officer in front of his corps or such portion thereof or such members of his department, unit, or ship as may be present or by any other prescribed person.

Mode of attestation

(2) The form of oath or affirmation prescribed under this section shall contain a promise that the person to be attested will be faithful to the Constitution, and that he will serve in the Defence Services and go wherever he is ordered by land or sea or air, and that he will obey all commands of any officer set over him, even to the peril of his life.

(3) The fact of an enrolled person having taken the oath or affirmation directed by this section to be taken shall be entered on his enrolment paper, and authenticated by the signature of the officer administering the oath or affirmation.

## CHAPTER IV.

### CONDITIONS OF SERVICE.

**17.** Subject to the provisions of this Act and the rules and regulations made thereunder, the President may dismiss or remove from the service, any person subject to this Act.

Termination of service by President.

**18.** (1) The Chief of Staff may dismiss or remove from the service any person subject to this Act other than an officer.

Dismissal or removal or reduction by the Chief of Staff and by other officers.

(2) The Chief of Staff may reduce to a lower grade or rank or to the ranks any warrant or any non-commissioned officer.

(၃) ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက်မငယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အဘွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်)နှင့် တူညီသည်ဟု သဘ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သော အဖွဲ့အစည်းကို ကွပ်ကဲသည့် အရာရှိတဦးသည်၊ သို့တည်းမဟုဘ် သဘ်မှတ်ထားသော အခြား အရာရှိတဦးသည်၊ အရာရှိတဦးမှတပါး မိမိကွပ်ကဲရသူတဦးဦးကို၊ စစ်မှုထမ်းခြင်းမှ အမြဲတန်း ထုဘ်ပစ်နိုင်သည်၊ သို့တည်းမဟုဘ် နုတ်ပယ်နိုင်သည်။

သို့ရာတွင် ကာကွယ်ရေးဦးစီးချုပ်မှတပါး၊ အခြား အရာရှိတဦးဦးသည်၊ အရာခံဗိုလ် (ပဋမတန်း)တဦးကို စစ်မှုထမ်းခြင်းမှ အမြဲတန်းမထုတ်ပစ်ရ၊ သို့တည်းမဟုတ် မနုတ်ပယ်ရ။

(၄) ပုဒ်မခွဲ(၃)တွင် ဖေါ်ပြပြီးသော အရာရှိတဦးဦးသည်၊ မိမိကွပ်ကဲရသော အရာခံဗိုလ်တဦးဦးအား၊ သို့တည်းမဟုဘ် အကြပ်တဦးဦးအား၊ ပို၍နိမ့်သောအတန်းသို့ဖြစ်စေ၊ ပို၍နိမ့်သော အဆင့်သို့ဖြစ်စေ၊ တပ်သားအဆင့်သို့ဖြစ်စေ၊ လျှော့ချနိုင်သည်။

သို့ရာတွင် တပ်သားအဆင့်သို့ လျှော့ချထားသော အရာခံဗိုလ်တဦးအား၊ ၎င်း၏ဆန္ဒနှင့် ဆန့်ကျင်လျက် တပ်သားအဖြစ်ဖြင့် စစ်မှုမထမ်းစေရ။

(၅) ခေတ္တအကြပ်တဦး၏ တပ်မှူးသည်၊ ထိုအကြပ်ကို အကြပ်တဦးအဖြစ် ၎င်း၏အမြဲတန်းအဆင့်သို့၊ သို့တည်းမဟုဘ် ထိုအကြပ်၌ တပ်သားအဆင့်ထက်မြင့်သော အမြဲတန်းအဆင့် မရှိလျှင်၊ တပ်သားအဆင့်သို့ ပြန်လည်ဆင်းသက်ရန် အမိန့်ပေးနိုင်သည်။

(၆) ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများနှင့်၎င်း၊ မဆန့်ကျင်စေဘဲ ဤပုဒ်မနှင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲရမည်။

၁၉။ ။တပ်မတော်၊ သို့တည်းမဟုဘ် တပ်မတော်၏ အစိတ်အပိုင်းတခုခုနှင့် စပ်လျဉ်း၍ တည်ဆဲတရားဥပဒေတရပ်ရပ်၏ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတော်သမတသည်၊ အမိန့်ကြေ်ငြာစာဖြင့် ဤအက်ဥပဒေကို လိုက်နာရသူတဦးဦး၏——

**မူလ အခွင့်အရေး အချို့ကို ဤအက်ဥပဒေ လိုက်နာရသူများနှင့် သက်ဆိုင် စေရာ၌ ပြောင်းလဲ ပြင်ဆင် ပိုင်ခွင့် အာဏာ။**

(က) မည်သည့် ဝါဏိဇ္ဇသမဂ္ဂ၊ အလုပ်သမား သမဂ္ဂ၊ ဝါဏိဇ္ဇသမဂ္ဂအမျိုးအစား၊ အလုပ်သမားသမဂ္ဂအမျိုးအစား၊ အဖွဲ့၊ အဖွဲ့အစည်း၊ အသင်း၊ အဖွဲ့အမျိုးအစား၊ အဖွဲ့အစည်းအမျိုးအစား၊ သို့တည်းမဟုတ်အသင်း အမျိုးအစား တခုခုတွင်မဆို၊ အသင်းဝင်ဖြစ်ရန် အခွင့်အရေး၊ သို့တည်းမဟုတ် အဆိုပါသမဂ္ဂ၊ သို့တည်းမဟုတ် အသင်းအဖွဲ့တခုခုနှင့်တနည်းနည်းဆက်သွယ်ရန်အခွင့်အရေး၊

(ခ) နိုင်ငံရေး၊ သို့တည်းမဟုတ် အခြားအရေးကိစ္စများအတွက် လူတစုက ကမကထပြုလုပ်သည့် လူထုဆန္ဒပြပွဲ၊ သို့တည်းမဟုဘ် အစည်းအဝေးသို့ တက်ရောက်ရန် အခွင့်အရေး၊ သို့တည်းမဟုတ် ထိုဆန္ဒပြပွဲတွင်သော်၎င်း၊ ထိုအစည်းအဝေးတွင်သော်၎င်း၊ ဟောပြောရန် အခွင့်အရေး၊

(3) An officer commanding a formation not less than a brigade in the case of the army, a formation prescribed as equivalent to not less than a brigade (army) in the case of the navy or air force, or any other prescribed officer, may dismiss or remove from the service any person under his command other than an officer:

Provided that a Warrant Officer, Class I, shall not be dismissed or removed from the service by an officer other than the Chief of Staff.

(4) Any such officer as is mentioned in sub-section (3) may reduce to a lower grade or rank or the ranks, any warrant officer or any non-commissioned officer under his command:

Provided that a warrant officer reduced to the ranks shall not be required to serve in the ranks against his wish.

(5) The commanding officer of an acting non-commissioned officer may order him to revert to his permanent grade as a non-commissioned officer or, if he has no permanent grade above the ranks, to the ranks.

(6) The exercise of any powers under this section shall be subject to the provisions of this Act and the rules and regulations made thereunder.

Power to modify certain fundamental rights in their application to person subject to this Act.

**19.** Subject to the provisions of any law for the time being in force relating to the Defence Services or to any branch thereof, the President may, by notification make rules restricting to such extent and in such manner as may be necessary the right of any person subject to this Act—

(*a*) to be a member of, or to be associated in any way with, any trade union or labour union, or any class of trade or labour unions or any society, institution or association, or any class of societies, institutions or associations:

(*b*) to attend or address any meeting or to take part in any demonstration organized by any body of persons for any political or other purposes;

**သစ္စာပြုနည်း။**

၁၆။ ။(၁) သစ္စာပြုရမည်ဖြစ်သော သူတဦးသည်၊ တာဝန်ဝတ်တရားထမ်းဆောင်ရန် သင့်တော်သည်ဟု သတင်းပို့ခြင်းခံရသည့်အခါဖြစ်စေ၊ သတ်မှတ်ထားသော အစမ်းခန့် အချိန်ကာလ ပြီးဆုံးသည့်အခါဖြစ်စေ၊ ထိုသူ၏တပ်အဖွဲ့ရှေ့မှောက်တွင်သော်၎င်း၊ ထိုတပ်အဖွဲ့၏အစိတ်အပိုင်းရှေ့မှောက်တွင်သော်၎င်း၊ ထိုသူ၏ဌာန၊ တပ်၊ သို့တည်းမဟုတ် သင်္ဘောမှ တက်ရောက်နိုင်သမျှသော သူများ၏ ရှေ့မှောက်တွင်သော်၎င်း၊ သတ်မှတ်သည့်မူအတိုင်း ထိုသူ၏ တပ်မှူးက ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ ပြုစေရမည်၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့်မူအတိုင်း၊ သတ်မှတ်ထားသည့် အခြားပုဂ္ဂိုလ်တဦးဦးက ထိုသူအား ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ ပြုစေရမည်။

(၂) ဤပုဒ်မအရ သတ်မှတ်သည့် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာမှုတွင် သစ္စာပြုရမည့်သူသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို၊ မိမိ၏အသက်စွန့်၍ပင် ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟူ၍၎င်း၊ တပ်မတော်တွင် ဝင်ရောက်အမှုထမ်းရွက်၍ ကုန်းကြောင်းခရီးဖြင့်ဖြစ်စေ၊ ရေကြောင်းခရီးဖြင့်ဖြစ်စေ၊ လေကြောင်းခရီးဖြင့်ဖြစ်စေ၊ မည်သည့်နေရာအရပ်သို့မဆို အမိန့်ပေးသည့်အတိုင်း မိမိ၏အသက်စွန့်၍ပင်သွားမည်ဟူ၍၎င်း၊ မိမိကို အုပ်ချုပ်သော အထက်အရာရှိတဦးဦး၏ အမိန့်အားလုံးကို၊ မိမိ၏ အသက်စွန့်၍ပင် နာခံပါမည်ဟူ၍၎င်း၊ ကတိပြုချက်ပါရှိရမည်။

(၃) စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူတဦးသည်၊ ဤပုဒ်မအရ ဆောင်ရွက်ရန် ညွှန်ကြားသည့်အတိုင်း ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးကြောင်းကို၊ ထိုသူ၏ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပုံစံတွင် ရေးသွင်းပြီးနောက်၊ ယင်းသို့ရေးသွင်းပြီးကြောင်းကို ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေသည့် အရာရှိက ဟုတ်မှန်ကြောင်းလက်မှတ်ရေးထိုးရမည်။

## အခဏ်း ၄။

### စစ်မှုထမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။

**နိုင်ငံတော် သမတက စစ်မှုထမ်းခြင်းကိုရပ်စဲခြင်း**

၁၇။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းခြင်းများနှင့်၎င်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများနှင့်၎င်း၊ မဆန့်ကျင်စေဘဲ၊ နိုင်ငံတော် သမတသည်၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်နိုင်သည်၊ သို့တည်းမဟုတ် နုတ်ပယ်နိုင်သည်။

**ကာကွယ်ရေး ဦးစီးချုပ်နှင့် အခြားအရာရှိများကအမြဲတန်း ထုတ်ပစ်ခြင်း နုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် လျှော့ချခြင်း။**

၁၈။ ။(၁) ကာကွယ်ရေးဦးစီးချုပ်သည်၊ အရာရှိတဦးဦးမှတပါး၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား စစ်မှုထမ်းခြင်းမှ အမြဲတန်း ထုတ်ပစ်နိုင်သည်၊ သို့တည်းမဟုတ် နုတ်ပယ်နိုင်သည်။

(၂) ကာကွယ်ရေး ဦးစီးချုပ်သည်၊ အရာခံဗိုလ်တဦးဦး၊ သို့တည်းမဟုတ် အကြပ်တဦးဦးအား ပို၍နိမ့်သော အတန်းသို့ဖြစ်စေ၊ ပို၍နိမ့်သောအဆင့်သို့ဖြစ်စေ၊ တပ်သားအဆင့်သို့ဖြစ်စေ၊ လျှော့ချနိုင်သည်။

(c) to communicate with the press or to publish or cause to be published any book, letter or other document.

Retirement or discharge.

**20.** Any person subject to this Act may be retired, or discharged from the service by such authority and in such manner as may be prescribed.

Certificate on termination of service.

**21.** Every enrolled person who is dismissed, removed, discharged, or retired from the service, shall be furnished by his commanding officer with a certificate setting forth—

(a) the authority terminating his service;

(b) the cause of such termination; and

(c) the period of his service in the Defence Services.

Discharge or dismissal when out of the Union of Burma.

**22.** (1) Any person enrolled under this Act, who is entitled under the conditions of his enrolment to be discharged, or whose discharge is ordered by competent authority, and who, when he is so entitled or ordered to be discharged, is serving out of the Union of Burma, and requests to be sent to the Union of Burma, shall, before being discharged, be sent to the Union of Burma with all convenient speed.

(2) Any person enrolled under this Act who is dismissed from the service and who, when he is so dismissed, is serving out of the Union of Burma, shall be sent to the Union of Burma with all convenient speed:

Provided that, where any such person is sentenced to dismissal combined with any other punishment, such other punishment, or in the case of a sentence of transportation or imprisonment, a portion of such sentence, may be inflicted before he is sent to the Union of Burma.

(3) For the purposes of this section the word "dismissal" shall include removal.

(ဂ) စာပုံနှိပ်တိုက်နှင့်ဆက်သွယ်ရန်၊ သို့တည်းမဟုတ် စာအုပ်၊ စာ၊ သို့တည်းမဟုတ် အခြားစာတမ်း အမှတ်အသား တခုခုကို ပုံနှိပ်ထုတ်ဝေရန် အခွင့်အရေး၊ သို့တည်းမဟုတ် ပုံနှိပ်ထုတ်ဝေစေရန် အခွင့်အရေး၊

ကို ကန့်သတ်လိုသည့်နည်းဖြင့် ကန့်သတ်လိုသမျှ ကန့်သတ်ရန် နည်းဥပဒေများပြုနိုင်သည်။

**အငြိမ်းစားပေးခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်း။**

၂၀။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအား၊ သတ်မှတ်ထားသည့် အာဏာပိုင်က သတ်မှတ်ထားသည့် နည်းလမ်းအရ စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူခွင့်၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးနိုင်သည်။

**စစ်မှုထမ်းခြင်းကို ရပ်စဲရာတွင် ပေးရမည့်လက်မှတ်။**

၂၁။ ။စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ခြင်း၊ နုတ်ပယ်ခြင်း၊ ထွက်ခွင့်ပေးခြင်း၊ သို့တည်းမဟုတ် အငြိမ်းစားပေးခြင်းခံရသည့် စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသော သူတိုင်းအား—

(က) ထိုသူ၏ စစ်မှုထမ်းခြင်းကို ရပ်စဲသော အခွင့်အာဏာ၊

(ခ) ထိုသို့ရပ်စဲခြင်း၏ အကြောင်းရင်း၊

(ဂ) တပ်မတော်တွင် ထိုသူစစ်မှုထမ်းခဲ့သည့် အချိန်ကာလ၊

တို့ကိုဖော်ပြထားသော လက်မှတ်တစောင်ကို ထိုသူ၏တပ်မှူးက ပေးအပ်ရမည်။

**ပြည်ထောင်စု မြန်မာနိုင်ငံ၏ပြင်ပတွင် ရောက်ရှိနေသောအခါ ထွက်ခွင့်ပေးခြင်း၊ သို့တည်း မဟုတ် အမြဲတန်း ထုတ်ပစ်ခြင်း။**

၂၂။ ။(၁) စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များအရ၊ ထွက်ခွင့်ရထိုက်သူဖြစ်၍၊ ထိုကဲ့သို့ ထွက်ခွင့်ရထိုက်သောအခါ၊ သို့တည်းမဟုတ် ထွက်ခွင့်ယူရန် အခွင့်ရအာဏာပိုင်က အမိန့်ချမှတ်ခြင်းခံရသူဖြစ်၍၊ ထိုကဲ့သို့ ထွက်ခွင့်ယူရန် အမိန့်ချမှတ်ခြင်းခံရသောအခါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြင်ပ၌ စစ်မှုထမ်းရွက်နေရသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံသို့ ပြန်ပို့ရန်တောင်းခံသော၊ ဤအက်ဥပဒေအရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူ တဦးဦးအား ထွက်ခွင့်မပေးမီ၊ ပြည်ထောင်စု မြန်မာနိုင်ငံသို့ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ပြန်ပို့ရမည်။

(၂) စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ခြင်းခံရ၍၊ ထိုကဲ့သို့ အမြဲတန်းထုတ်ပစ်ခြင်းခံရသည့်အခါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြင်ပတွင် စစ်မှုထမ်းရွက်နေရသော ဤအက်ဥပဒေအရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူ တဦးဦးအား၊ ပြည်ထောင်စု မြန်မာနိုင်ငံသို့ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ပြန်ပို့ရမည်။

သို့ရာတွင် ထိုသူတဦးဦးအား အမြဲတန်းထုတ်ပစ်ဒဏ်နှင့် အခြားပြစ်ဒဏ်တခုခုကို ပူးတွဲ၍ ချမှတ်သောအခါ၊ ထိုအခြားပြစ်ဒဏ်ကိုသော်၎င်း၊ တကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ချမှတ်သောအခါ၊ ထိုပြစ်ဒဏ်၏ တစိတ်တဒေသကိုသော်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံသို့ ထိုသူအား ပြန်မပို့မီ၊ ကျခံစေနိုင်သည်။

(၃) ဤပုဒ်မ၏ ကိစ္စများအတွက် "အမြဲတန်းထုတ်ပစ်ခြင်း" ဆိုသည့် စကားရပ်တွင် "နုတ်ပယ်ခြင်း" လည်းပါဝင်ရမည်။

## CHAPTER V.

### Service Privileges.

Authorized deductions only to be made from pay and allowances.

**23.** The pay and allowances of every person subject to this Act due to him as such under any regulation for the time begin in force shall be paid without any deduction other than the deductions authorized by or under this or any other Act.

Remedy of aggrieved persons other than officers.

**24.** (1) Any person subject to this Act, other than an officer, who deems himself wronged by any superior or other officer, may, if not attached to a unit or detachment, complain to the officer under whose command or orders he is serving; and may, if attached to a unit or detachment, complain to the officer commanding the same.

(2) When the officer complained against is the officer to whom any complaint should, under sub-section (1), be preferred, the aggrieved person may complain to such officer's next superior officer.

(3) Every officer receiving any such complaint shall make as complete an investigation into it as may be possible for giving full redress to the complainant; or, when necessary, refer the complaint to superior authority.

(4) Every such complaint shall be preferred in such manner as may from time to time be specified by the proper authority.

(5) The President may revise any decision by the Chief of Staff under sub-section (2), but, subject thereto, the decision of the Chief of Staff shall be final.

Remedy of aggrieved officers.

**25.** Any officer who deems himself wronged by his commanding officer or any superior officer and who on due application made to his commanding officer does not receive the redress to which he considers

## အခန်း ၅။

### စစ်မှုထမ်းခြင်းဆိုင်ရာ ကျေးဇူးခံစားခွင့်များ။

**နုတ်ယူခွင့်ပြုသည့်ငွေများကိုသာ လစာနှင့် စရိတ်များမှနုတ်ရန်။**

၂၃။ ။ဤအက်ဥပဒေကို လိုက်နာရသူတိုင်းသည်၊ တည်ဆဲ စည်းမျဉ်းဥပဒေတခုခုအရ၊ ဤအက်ဥပဒေကို လိုက်နာသူအဖြစ် ရသင့်ရထိုက်သော လစာနှင့် စရိတ်ငွေကို၊ ဤအက်ဥပဒေက၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရဖြစ်စေ၊ အခြားအက်ဥပဒေတခုခုက၊ သို့တည်းမဟုတ် အခြားအက်ဥပဒေ တခုခုအရဖြစ်စေ၊ နုတ်ယူခွင့်ပြုသည့် ငွေများမှတပါး၊ အခြားမည်သည့်ငွေကိုမျှ နုတ်ယူခြင်းမပြုဘဲ ပေးရမည်။

**အရာရှိများ မှ တပါး၊ နစ် နာ သော သူ များ၏ ကာကွယ်ခွင့်၊ ရယူခွင့်။**

၂၄။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသည့်အရာရှိမဟုတ်သူ တဦးဦးသည်၊ မိမိအား အထက်အရာရှိ တဦးဦးက၊ သို့တည်းမဟုတ် အခြားအရာရှိ တဦးဦးက မတရားပြုသည်ဟု မှတ်ယူပါက၊ ထိုသူမှာ၊ တပ်တခု၊ သို့တည်းမဟုတ် ခွဲထုတ်တပ်တခုသို့ တွဲဘက်ထားသူ မဟုတ်လျှင်၊ မိမိကို ကွပ်ကဲသော၊ သို့တည်းမဟုတ် အမိန့်ပေးနိုင်သော အရာရှိထံတိုင်ကြားနိုင်သည်။ ထို့ပြင် ထိုသူမှာ၊ တပ်တခု၊ သို့တည်းမဟုတ် ခွဲထုတ်တပ်တခုသို့ တွဲဘက်ထားသူဖြစ်လျှင်၊ ထိုတပ်၊ သို့တည်းမဟုတ် ခွဲထုတ်တပ်ကို ကွပ်ကဲသော အရာရှိထံ တိုင်ကြားနိုင်သည်။

(၂) တိုင်ကြားခြင်းခံရသော အရာရှိသည်၊ ပုဒ်မခွဲ (၁) အရ တိုင်ကြားချက်ကို လက်ခံရမည့် အရာရှိဖြစ်သည့်အခါ၊ နစ်နာသူသည်၊ ထိုအရာရှိထက် တဆင့်မြင့်သော အထက်အရာရှိထံ တိုင်ကြားနိုင်သည်။

(၃) အဆိုပါ တိုင်ကြားချက်ကို လက်ခံရရှိသော အရာရှိတိုင်းသည်၊ ထိုတိုင်ကြားသူအား အစွမ်းကုန် ကာကွယ်ပေးရန် အလို့ငှါ၊ထိုတိုင်ကြားချက်နှင့် စပ်လျဉ်း၍ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် စုံစမ်းစစ်ဆေးရမည်၊ သို့တည်းမဟုတ် လိုအပ်လျှင်၊ ထိုတိုင်ကြားချက်ကို အထက်အာဏာပိုင်ထံသို့ တင်ပြရမည်။

(၄) အဆိုပါ တိုင်ကြားချက် အသီးသီးကို၊ သက်ဆိုင်ရာ အာဏာပိုင်[illegible] အခါ အားလျော်စွာ၊ သီးခြားဖေါ်ပြသည့် နည်းလမ်းအတိုင်း တင်သွင်းရမည်။

(၅) နိုင်ငံတော်သမတသည်၊ ကာကွယ်ရေး ဦးစီးချုပ်က၊ ပုဒ်မခွဲ (၂) အရ ချမှတ်သော ဆုံးဖြတ်ချက်တခုခုကို ပြင်ဆင်နိုင်သည်။ သို့ရာတွင် နိုင်ငံတော်သမတက ယင်းသို့ ပြင်ဆင်ခြင်းမပြုလျှင်၊ ကာကွယ်ရေး ဦးစီးချုပ်၏ ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ်ဖြစ်စေရမည်။

**နစ်နာသော အရာရှိ၏ ကာကွယ်ခွင့်၊ ရယူခွင့်။**

၂၅။ ။မည်သည့်အရာရှိမဆို၊ မိမိ၏တပ်မှူးက၊ သို့တည်းမဟုတ် အထက်အရာရှိ တဦးဦးက၊ မိမိအား မတရား ပြုသည်ဟု မှတ်ယူ၍၊ မိမိ၏တပ်မှူးထံ နည်းလမ်းတကျ လျှောက်ထားလျက်နှင့် မိမိ ရထိုက်သည်ဟု ယူဆသော ကာကွယ်နိုင်၊ ရယူနိုင်ခွင့်ကို မရရှိလျှင်၊ သက်ဆိုင်ရာ

himself entitled, may complain to the President in such manner as may from time to time be specified by the proper authority.

Immunity from attachment.

**26.** Neither the arms, clothes, equipment, accoutrements or necessaries of any person subject to this Act nor any animal used by him for the discharge of his duty, shall be seized, nor shall the pay and allowances of any such person or any part thereof be attached, by direction of any civil or revenue court or any revenue officer in satisfaction of any decree or order enforceable against him.

Immunity from arrest for debt.

**27.** (1) No person subject to this Act shall, so long as he belongs to the Defence Services be liable to be arrested for debt under any process issued by, or by the authority of, any civil or revenue court or revenue officer.

(2) The Judge of any such court or the said officer may examine into any complaint made by such person or his superior officer of the arrest of such person contrary to the provisions of this section and may, by warrant under his hand, discharge the person, and award reasonable costs to the complainant who may recover these costs in like manner as he might have recovered cost awarded to him by a decree against the person obtaining the process.

(3) For the recovery of such costs no court-fee shall be payable by the complainant.

Immunity of persons attending courts-martial from arrest.

**28.** (1) No presiding officer or member of a court-martial, no judge advocate, no party to any proceeding before a court-martial, or his legal practitioner or agent, and no witness acting in obedience to a summons to attend a court-martial shall, while proceeding

အာဏာပိုင်က၊ အခါအားလျော်စွာ သီးခြားဖေါ်ပြထားသည့် နည်းလမ်းအတိုင်း နိုင်ငံတော် သမတထံ တိုင်ကြားနိုင်သည်။

**ဝရမ်းကပ်ခြင်းမှ လွှတ် ကင်းခြင်း။**

၂၆။ ။တရားမရုံးကဖြစ်စေ၊ အခွန်တော်ရုံးကဖြစ်စေ၊ အခွန်တော် အရာရှိကဖြစ်စေ၊ ချမှတ်သည့် ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကို အတည်ပြုရန်၊ ထိုရုံး၊ သို့တည်းမဟုတ် ထိုအရာရှိက ထုတ်ဆင့်သော ညွှန်ကြားချက်အရ၊ ဤအက်ဥပဒေကို လိုက်နာရသူ၏ လက်နက်များ အဝတ်အစားများ၊ ပစ္စည်းကိရိယာ တန်ဆာပလာများ၊ လိုအပ်သော အရာဝတ္ထုများ၊ သို့တည်းမဟုတ် ထိုသူ တာဝန် ဝတ်တရား ဆောင်ရွက်ရန်အတွက် အသုံးပြုသော တိရစ္ဆာန်ကို သိမ်းယူဘမ်းဆီးခြင်းမပြုရ၊ သို့တည်းမဟုတ် ထိုသူ၏ လစာနှင့် စရိတ်အားလုံး၊ သို့တည်းမဟုတ် တစိတ်တဒေသကို ဝရမ်းကပ်ခြင်းမပြုရ။

**ကြွေးမြီအတွက် ဘမ်းဆီးခြင်း မှ လွှတ်ကင်းခြင်း။**

၂၇။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးသည်၊ တပ်မတော်တွင် ပါဝင်နေသမျှ ကာလပတ်လုံး၊ မည်သည့် တရားမရုံး၊ အခွန်တော်ရုံး၊ သို့တည်း မဟုတ် အခွန်တော် အရာရှိကမဆို ထုတ်ဆင့်သော အမိန့်ဆင့်စာ တခုခုအရဖြစ်စေ၊ ထိုရုံး၊ သို့တည်းမဟုတ် ထိုအရာရှိ၏ အခွင့် အာဏာနှင့်အညီ၊ ထုတ်ဆင့်သော အမိန့်ဆင့်စာအရဖြစ်စေ၊ ကြွေးမြီအတွက် ဘမ်းဆီးခြင်း မခံထိုက်စေရ။

(၂) တပ်မတော်တွင် ပါဝင်နေသော ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက် ဘမ်းဆီးခြင်းနှင့် စပ်လျဉ်း၍၊ ထိုသူ၊ သို့တည်း မဟုတ် ထိုသူ၏ အထက်အရာရှိ၏ တိုင်ကြားချက်ကို အဆိုပါတရားရုံး၏ တရားသူကြီး၊ သို့တည်းမဟုတ် အဆိုပါ အခွန်တော်အရာရှိသည်၊ စစ်ဆေးမေးမြန်း၍ ကိုယ်တိုင် လက်မှတ် ရေးထိုးသော ဝရမ်းအရ ထိုသူအား လွှတ်ပစ်နိုင်သည့်အပြင်၊ ထိုတိုင်ကြားသူအား သင့် လျော်သော ကုန်ကျစရိတ်များ ပေးရမည်ဟုလည်း အမိန့်ချမှတ်နိုင်သည်။ ထိုတိုင်ကြား သူသည်၊ အမိန့်ဆင့်စာ ရရှိသူအပေါ် ဒီကရီတရပ်ဖြင့် ချမှတ်ပေးသော ကုန်ကျစရိတ်များကို၊ ပြန်လည်ရယူနိုင်သည့် နည်းလမ်းအတိုင်း၊ ထိုကုန်ကျစရိတ်များကို ရယူနိုင်စေသည်။

(၃) အဆိုပါ ကုန်ကျစရိတ်များ ပြန်လည်ရရန်အတွက်၊ တိုင်ကြားသူက ရုံးခွန်တော် မပေးစေရ။

**စစ် တ ရား ရုံး တက် ရောက်ကြသူများ ဘမ်းဆီး ခံရခြင်းမှ လွှတ်ကင်းခြင်း။**

၂၈။ ။(၁) စစ်တရားရုံး တရုံး၏ ဥက္ကဋ္ဌ၊ စစ်တရားရုံး တရုံး၏ အဖွဲ့ဝင်၊ စစ်ဥပဒေ အရာရှိ၊ စစ်တရားရုံးတရုံး၏ မှုခင်းကိစ္စ တခုခုတွင် ပါဝင်သည့် အမှုသည်၊ ထိုအမှုသည်၏ရှေ့နေ၊ ထိုအမှုသည်၏ ကိုယ်စားလှယ်၊ သို့တည်းမဟုတ် စစ်တရားရုံး တရုံးသို့ တက်ရောက်ရန် ထုတ်ဆင့် သော သမ္မာန်စာတခုနှင့်အညီ လိုက်နာ ဆောင်ရွက်နေရသည့် သက်သေသည်၊ စစ်တရားရုံးသို့ တက်ရောက်ရန် သွားနေစဉ် သော်၎င်း၊ စစ်တရားရုံး တက်

to, attending, or returning from a court-martial, be liable to arrest under civil or revenue process.

(2) If any such person is arrested under any such process, he may be discharged by order of the court-martial.

Privileges of reservists.

**29.** Every person belonging to the Union of Burma Reserve Forces shall, when called out for or engaged in or returning from training or service, be entitled to all the privileges accorded by sections 26 and 27 to a person subject to this Act.

Priority in respect of Defence Services personnel's litigation.

**30.** (1) On the presentation to any court by or on behalf of any person subject to this Act of a certificate from the proper military authority of leave of absence having been granted to or applied for by him for the purpose of prosecuting or defending any suit or other proceeding in such court, the court shall, on the application of such person, arrange, so far as may be possible, for the hearing and final disposal of such suit or other proceeding within the period of the leave so granted or applied for.

(2) The certificate from the proper military authority shall state the first and last day of the leave or intended leave, and set forth a description of the case with respect to which the leave was granted or applied for.

(3) No fee shall be payable to the court in respect of the presentation of any such certificate, or of any application bv or on behalf of any such person for priority for the hearing of his case.

(4) Where the court is unable to arrange for the hearing and final disposal of the suit or other proceeding within the period of such leave or intended leave as aforesaid, it shall record its reasons for its inability to do so, and shall cause a copy thereof to be furnished to such person on his application without any payment whatever by him in respect either of the application for such copy or of the copy itself.

ရောက်နေစဉ် သော်၎င်း၊ စစ်တရားရုံးမှ ပြန်လာနေစဉ်သော်၎င်း၊ တရားမ၊ သို့တည်းမဟုတ် အခွန်တော်ဆိုင်ရာ အမိန့်ဆင့်စာအရ ဘမ်းဆီးခြင်း မခံထိုက်စေရ။

(၂) ထိုသူ တဦးဦးအား၊ အဆိုပါ အမိန့်ဆင့်စာ တခုခုအရ ဘမ်းဆီးခဲ့လျှင် စစ်တရားရုံး၏ အမိန့်အရ ထိုသူအား လွှတ်ပစ်နိုင်သည်။

အရံ စစ်မှုထမ်း များ၏ ကျေးဇူးခံစားခွင့်များ။

၂၉။ ။ပြည်ထောင်စု မြန်မာနိုင်ငံ၏ အရံတပ်ဖွဲ့များတွင် ပါဝင်နေသူတိုင်းသည်၊ လေ့ကျင့်ရေးအတွက်ဖြစ်စေ၊ စစ်မှုထမ်းခြင်း အတွက်ဖြစ်စေ၊ ဆင့်ခေါ်ခြင်း ခံရသည့်အခါ၊ သို့တည်းမဟုတ် လေ့ကျင့်နေဆဲ၊ သို့တည်းမဟုတ် စစ်မှုထမ်းနေဆဲအခါ၊ သို့တည်းမဟုတ် လေ့ကျင့်ရေးမှဖြစ်စေ၊ စစ်မှုထမ်းခြင်းမှဖြစ်စေ၊ ပြန်လာနေသောအခါ၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးအား၊ ပုဒ်မ ၂၆ နှင့် ၂၇ တို့က ပေးအပ်ထားသော ကျေးဇူးခံစားခွင့် အားလုံးကို ရထိုက်စေရမည်။

စစ်မှုထမ်းများ၏ မှုခင်းကိစ္စတို့ကို ဦးစားပေးခြင်း။

၃၀။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးကဖြစ်စေ၊ ထိုသူ၏ကိုယ်စားဖြစ်စေ၊ တရားရုံးတခုခုသို့၊ ထိုတရားရုံးတွင် တရားမမှု၊ သို့တည်းမဟုတ် အခြားအမှု တခုခုကို စွဲဆိုရန်ဖြစ်စေ၊ ခုခံချေပရန်ဖြစ်စေ၊ ဆိုင်ရာစစ်ဘက် အာဏာပိုင်ထံမှ၊ ထိုသူအား ခွင့်ရက်ပေးထားကြောင်း၊ သို့တည်းမဟုတ် ထိုအာဏာပိုင်ထံ ထိုသူက ခွင့်ရက်ရရန် တောင်းဆိုထားကြောင်း သက်သေခံလက်မှတ်တင်ပြ၍၊ ယင်းသို့ပေးထားသော၊ သို့တည်းမဟုတ် တောင်းဆိုထားသော ခွင့်ရက်အတွင်း၊ ထိုတရားမမှု၊ သို့တည်းမဟုတ်အခြားအမှုကိုကြားနာစစ်ဆေး၍၊ အပြီးအပြတ် စီရင်ပေးရန် လျှောက်ထားလျှင်၊ ထိုသို့စစ်ဆေး စီရင်နိုင်စေခြင်းငှါ၊ ထိုတရားရုံးကဖြစ်မြောက်နိုင်သမျှ စီစဉ်ပေးရမည်။

(၂) ဆိုင်ရာ စစ်ဘက်အာဏာပိုင်က ထုတ်ပေးသော သက်သေခံ လက်မှတ်တွင်၊ ပေးထားသည့်ခွင့်ရက်၊ သို့တည်းမဟုတ် ပေးရန် ရည်ရွယ်သည့် ခွင့်ရက်၏ ပဌမနှင့် နောက်ဆုံးနေ့ရက်တို့ကို ဖေါ်ပြထားရမည်။ ထို့ပြင် ခွင့်ရက်ပေးလိုက်ရခြင်း၊ သို့တည်းမဟုတ် ခွင့်ရက်တောင်းဆိုထားခြင်းနှင့်စပ်လျဉ်းသော အမှု၏ အကြောင်းကိုလည်း ဖေါ်ပြထားရမည်။

(၃) ထိုသက်သေခံလက်မှတ် တခုခုတင်ပြခြင်းနှင့် စပ်လျဉ်း၍သော်၎င်း၊ မိမိ၏ အမှုကို ဦးစားပေး၍ ကြားနာစစ်ဆေးရန်အတွက် ထိုသူကဖြစ်စေ၊ ထိုသူ၏ကိုယ်စားဖြစ်စေ၊ လျှောက်လွှာတင်သွင်းခြင်းနှင့် စပ်လျဉ်း၍သော်၎င်း၊ တရားရုံးသို့ ရုံးခွန်တော် မပေးဆောင်စေရ။

(၄) ယင်းသို့၊ ပေးထားသည့်၊ သို့တည်းမဟုတ် ပေးရန် ရည်ရွယ်ထားသည့် အဆိုပါ ခွင့်ရက်အတွင်း၊ တရားမမှု၊ သို့တည်းမဟုတ် အခြားအမှုကို ကြားနာစစ်ဆေး၍ အပြီးအပြတ် စီရင်ပေးရန် တရားရုံးက စီစဉ်မပေးနိုင်သည့်အခါ၊ ထိုသို့ စီစဉ်မပေးနိုင်ခြင်း၏ အကြောင်းရပ်များကို ထိုတရားရုံးက ရေးမှတ်ရမည်။ ထို့ပြင် ထိုသူက လျှောက်ထားလျှင်၊ ထိုရေးမှတ်ချက်၏ မိတ္တူနှင့်စပ်လျဉ်း၍သော်၎င်း၊ ထိုရေးမှတ်ချက်၏ မိတ္တူအတွက် လျှောက်လွှာနှင့် စပ်လျဉ်း၍ သော်၎င်း၊ ထိုသူက မည်သည့်ကြေးငွေ ပေးဆောင်ခြင်းကိုမျှ မပြုစေရဘဲ ထိုသူအား ထိုရေးမှတ်ချက်၏ မိတ္တူတစောင်ကို ပေးအပ်စေရမည်။

(5) If in any case a question arises as to the proper military authority qualified to grant such certificate as aforesaid, such question shall at once be referred by the court to an officer commanding a formation not less than a brigade in the case of the army, a formation prescribed as equivalent to not less than a brigade (army) in the case of the navy or air force, or any other prescribed officer, whose decision shall be final.

Saving of rights and privileges under other laws.

31. The rights and privileges specified in the preceding sections of this Chapter shall be in addition to, and not in derogation of, any other rights and privileges conferred on persons subject to this Act generally by any other law for the time being in force.

## CHAPTER VI.

### OFFENCES.

Offences in relation to the enemy and punishable with death.

32. Any person subject to this Act who commits any of the following offences, that is to say,—

(a) shamefully abandons, or delivers up any garrison, fortress, post, place, ship or guard, committed to his charge, or which it is his duty to defend, or uses any means to compel or induce any commanding officer or any other person to commit any of the said acts; or

(b) intentionally uses any means to compel or induce any person subject to military law to abstain from acting against the enemy, or to discourage such person from acting against the enemy; or

(c) in the presence of the enemy, shamefully casts away his arms, ammunition, tools, or equipment or misbehaves in such manner as to show cowardice; or

(ဂ) မည်သည့်ကိစ္စတွင်မဆို၊ အဆိုပါ သက်သေခံလက်မှတ်ကို ပေးအပ်လိုက်သော စစ်ဘက်အာဏာပိုင်သည်၊ ထိုလက်မှတ်ကို ပေးနိုင်ခွင့်ရှိသူ ဟုတ် မဟုတ်ဟူသော ပြဿနာပေါ်ပေါက်လျှင်၊ ထိုပြဿနာကို၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက် မငယ်သော အဖွဲ့အစည်းကို ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သော အဖွဲ့အစည်းကို ကွပ်ကဲသည့် အရာရှိတဦးထံ၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အခြားအရာရှိ တဦးဦးထံ ဆုံးဖြတ်ပေးရန် ထိုတရားရုံးက ချက်ခြင်းလွှဲအပ်ရမည်။ ထိုအရာရှိ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခြား တရား ဥပဒေများက အပ်နှင်းထားသည့် အခွင့် အရေး များ နှင့် ကျေးဇူး ခံစား ခွင့်များ အတွက် ခြွင်းချက်။

၃၁။ ။ဤအခဏ်း၏ အထက်ပါပုဒ်မများတွင် သီးခြားဖေါ်ပြထားသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များသည်၊ တည်ဆဲအခြားတရားဥပဒေ တခုခုက၊ ဤအက်ဥပဒေကို လိုက်နာရသူများအား၊ ယေဘုယျအားဖြင့် အပ်နှင်းထားသည့် အခြားအခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ဖြည့်စွက်ခြင်းသာ ဖြစ်စေရမည်၊ ယုတ်လျော့စေခြင်း မဖြစ်စေရ။

## အခဏ်း ၆။

## ပြစ်မှုများ။

ရန်သူနှင့် သက် ဆိုင် သည့်ပြင် သေဒဏ် ထိုက် သင့်သော ပြစ်မှုများ။

၃၂။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်——

(က) မိမိအားလွှဲအပ်ထားသော၊ သို့တည်းမဟုတ် မိမိကာကွယ်ခုခံရန် တာဝန်ဝတ်တရားရှိသော မြို့စောင့်တပ်စခန်း၊ ခံတပ်၊ တာဝန်ကျနေရာ၊ နေရာ၊ သဘော်၊ သို့တည်းမဟုတ် ကင်းတခုခုကို ရှက်ဘွယ်ကောင်းစွာ စွန့်ပစ်လျှင်၊ သို့တည်းမဟုတ် ပေးအပ်လျှင်၊ သို့တည်းမဟုတ် အဆိုပါ ပြုလုပ်မှုများအနက် ပြုလုပ်မှုတခုခုကို ကျူးလွန်ရန် တပ်မှူးတဦးဦးအားသော်၄င်း၊ အခြားသူ တဦးဦးအားသော်၄င်း၊ အတင်းအကျပ်ပြုရန်ဖြစ်စေ၊ သွေးဆောင်ဖြားယောင်းရန်ဖြစ်စေ၊ မည်သည့် နည်းမျိုးကိုမဆို အသုံးပြုလျှင်၊ သို့တည်းမဟုတ်

(ခ) ရန်သူအပေါ် အရေးယူခြင်းမှ ရှောင်ကြဉ်ရန် စစ်ဘက် ဥပဒေကို လိုက်နာရသူတဦးဦးအား အတင်းအကျပ် ပြုရန်ဖြစ်စေ၊ သွေးဆောင် ဖြားယောင်းရန်ဖြစ်စေ၊ ရန်သူအပေါ် အရေးယူရန် စိတ်ပျက်အောင်ဖြစ်စေ၊ မည်သည့်နည်းမျိုးကိုမဆို တမင်အသုံးပြုလျှင်၊ သို့တည်းမဟုတ်

(ဂ) ရန်သူ၏ ရှေ့မှောက်တွင် မိမိ၏လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ သို့တည်းမဟုတ် ပစ္စည်းကိရိယာ တန်ဆာပလာများကို ရှက်ဘွယ်ကောင်းစွာ စွန့်ပစ်လျှင်၊ သို့တည်းမဟုတ် မိမိသူရဲဘောနည်းခြင်းကို ပြသရာရောက်သည့် အမူအရာဖြင့် မသင့်မလျော်ပြုလျှင်၊ သို့တည်းမဟုတ်

(*d*) treacherously holds correspondence with, or communicates intelligence to the enemy or any person in arms against the Union of Burma; or

(*e*) directly or indirectly assists the enemy with money, arms, ammunition, stores or supplies; or

(*f*) treacherously or through cowardice sends a flag of truce to the enemy; or

(*g*) in time of war or during any military operation, intentionally occasions false alarm in action, camp, garrison, quarters, unit, place or ship, or spreads reports calculated to create alarm or despondency; or

(*h*) in time of action leaves his commanding officer or his post, guard, picquet, patrol or party without being regularly relieved or without leave; or

(*i*) having been made a prisoner of war, or while being a prisoner in the hands of the enemy, voluntarily serves with or aids the enemy; or

(*j*) knowingly harbours or protects an enemy not being a prisoner; or

(*k*) being on watch on a ship or a sentry in time of war or alarm, sleeps upon his post or is intoxicated; or

(*l*) knowingly does any act calculated to imperil the success of the forces of the Defence Services or any forces co-operating therewith or any part of such forces; or

(*m*) treacherously uses any false air signal or alters or interferes with any air signal; or

(ဃ) ရန်သူနှင့်ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံအား လက်နက်စွဲကိုင် တိုက်ခိုက်သူ တဦးဦးနှင့်ဖြစ်စေ၊ သစ္စာမဲ့စွာ စာပေးစာယူ ပြုလုပ်လျှင်၊ သို့တည်းမဟုတ် ထိုရန်သူကိုဖြစ်စေ၊ ထိုလက်နက်စွဲကိုင် တိုက်ခိုက်သူ တဦးဦးကိုဖြစ်စေ၊ သစ္စာမဲ့စွာ သတင်းပေးဆက်သွယ်လျှင်၊ သို့တည်းမဟုတ်

(င) တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ ရန်သူအား ငွေကြေး၊ လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ပစ္စည်းများ၊ သို့တည်းမဟုတ် ထောက်ပံ့ ပစ္စည်းများဖြင့် ကူညီလျှင်၊ သို့တည်းမဟုတ်

(စ) သစ္စာမဲ့စွာ၊ သို့တည်းမဟုတ် သူရဲဘောနည်းသဖြင့် ရန်သူထံ စစ်ရပ်ဆိုင်းရေး အလံတခုကိုပို့လျှင်၊ သို့တည်းမဟုတ်

(ဆ) စစ်ဖြစ်သောအခါ၌သော်၎င်း၊ စစ်ဆင်ရေးတခုခု ပြုနေစဉ်တွင်သော်၎င်း၊ တိုက်ပွဲ၊ စစ်စခန်း၊ မြို့စောင့်တပ်စခန်း၊ နေထိုင်ရာနေရာ၊ တပ်၊ နေရာ၊ သို့တည်းမဟုတ် သင်္ဘောတွင် မဟုတ်မမှန်သော တပ်လှန့်မှုကို တမင်ဖြစ်စေလျှင်၊ သို့တည်းမဟုတ် စစ်ဖြစ်သောအခါ၌သော်၎င်း၊ စစ်ဆင်ရေး တခုခု ပြုလုပ်နေစဉ်တွင် သော်၎င်း၊ တပ်လှန့်မှုကိုဖြစ်စေ၊ စိတ်ဓါတ်ကျဆင်းမှုကိုဖြစ်စေ၊ ဖန်တီးစေရန် ရည်စူးလျက် သတင်းများလွှင့်လျှင်၊ သို့တည်းမဟုတ်

(ဇ) တိုက်ပွဲဖြစ်ပွါးနေသည့်အခါတွင် နည်းလမ်းတကျ တာဝန်လွှဲပြောင်းပေးခဲ့ခြင်း မရှိဘဲဖြစ်စေ၊ ခွင့်မရရှိဘဲဖြစ်စေ၊ မိမိ၏တပ်မှူး၊ သို့တည်းမဟုတ် မိမိတာဝန်ကျ နေရာ၊ ကင်း၊ စောင့်ကင်း၊ လှည့်ကင်း၊ သို့တည်းမဟုတ် အဖွဲ့ကို စွန့်ခွါသွားလျှင်၊ သို့တည်းမဟုတ်

(ဈ) သုံ့ပန်းတဦးဖြစ်သွားပြီးသည့်အခါသော်၎င်း၊ ရန်သူ၏လက်တွင်းတွင် အကျဉ်းသားတဦးဖြစ်နေရသော အခါသော်၎င်း၊ မိမိအလိုအလျောက် ရန်သူနှင့်အတူ အမှုထမ်းရွက်လျှင်၊ သို့တည်းမဟုတ် ရန်သူကို ကူပံ့လျှင်၊ သို့တည်းမဟုတ်

(ည) အကျဉ်းသားတဦးမဟုတ်သော ရန်သူတဦးကို သိလျက်နှင့် လက်သင့်ခံလျှင်၊ သို့တည်းမဟုတ် ကာကွယ်စောင့်ရှောက်လျှင်၊ သို့တည်းမဟုတ်

(ဋ) စစ်ဖြစ်စဉ်၊ သို့တည်းမဟုတ် တပ်လန့်နေစဉ်၊ ကင်းစောင့်နေရသောအခါဖြစ်စေ၊ သင်္ဘောပေါ်တွင် စောင့်ကြည့်နေရသောအခါဖြစ်စေ၊ တာဝန်ကျ နေရာတွင် အိပ်ပျော်နေလျှင်၊ သို့တည်းမဟုတ် မူးယစ်နေလျှင်၊ သို့တည်းမဟုတ်

(ဌ) တပ်မတော်ရှိ တပ်ဖွဲ့များ၏၊ သို့တည်းမဟုတ် ထိုတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် တပ်ဖွဲ့တခုခု၏၊ သို့တည်းမဟုတ် အဆိုပါတပ်ဖွဲ့များရှိအစိတ်အပိုင်း တခုခု၏ အောင်မြင်မှုကို အန္တရာယ်ဖြစ်စေရန် ရည်စူးလျက်၊ မည်သည့်ပြုလုပ်မှု ကိုမဆို သိလျက်နှင့်ပြုလျှင်၊ သို့တည်းမဟုတ်

(ဍ) မဟုတ်မမှန်သော လေကြောင်းအချက်ပြတခုခုကို သစ္စာမဲ့စွာ အသုံးပြုလျှင်၊ သို့တည်းမဟုတ် လေကြောင်းအချက်ပြ တခုခုကို ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် နှောင့်ရှက်လျှင်၊ သို့တည်းမဟုတ်

(*n*) when ordered by his superior officer or otherwise under orders to carry out any military operations, treacherously or shamefully fails to use his utmost exertions to carry such orders into effect; or

(*o*) in time of action, does not afford all practicable relief and assistance to any troops, combatants, ships, or aircraft of the Defence Services or any forces co-operating therewith; or

(*p*) treacherously or shamefully causes the capture or destruction by the enemy of any aircraft, ship, tank, gun or any other military property belonging to the Defence Services;

shall, on conviction by court-martial, be liable to suffer death or such less punishment as is in this Act mentioned.

Offence of being a spy for the enemy and punishable with death.

**33.** Any spy for the enemy shall be deemed to be a person subject to this Act and shall, on conviction by court-martial, be liable to suffer death, or transportation, or imprisonment, and shall also be liable to fine.

Offences in relation to the enemy and punishable with death.

**34.** Any person subject to this Act who commits any of the following offences that is to say,—

(*a*) is taken prisoner, by want of due precaution, or through disobedience of orders, or wilful neglect of duty, or having been taken prisoner fails to rejoin the Defence Services when able to do so; or

(*b*) without due authority holds correspondence with or communicates intelligence to the enemy or having come by the knowledge of any such correspondence or communication, wilfully or negligently omits to discover it immediately to his commanding or other superior officer; or

(ဃ) စစ်ဆင်ရေးတခုခုကို ပြုလုပ်ရန် မိမိ၏အထက်အရာရှိက အမိန့်ပေးသည့်အခါ ဖြစ်စေ၊ အခြားတနည်းနည်းဖြင့် အမိန့်များ ရရှိပြီးသည့်အခါဖြစ်စေ၊ ထိုအမိန့်များကို ပြီးမြောက်အောင် ဆောင်ရွက်ရေးအတွက် မိမိတတ်စွမ်းသမျှ ကြိုးစားအားထုတ်ရန် သစ္စာမဲ့စွာ၊ သို့တည်းမဟုတ် ရှက်ဘွယ်ကောင်းစွာ ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဏ) တပ်မတော်၏ မည်သည့်စစ်သည်စုများ၊ တိုက်ပွဲဝင် စစ်မှုထမ်းများ၊ သင်္ဘောများ၊ သို့တည်းမဟုတ် လေယာဉ်များကိုမဆို၊ သို့တည်းမဟုတ် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်နေသော မည်သည့် တပ်ဖွဲ့များကိုမဆို၊ တိုက်ပွဲဖြစ်ပွါးနေသည့်အခါတွင်၊ ဖြစ်မြောက်နိုင်သမျှသော သက်သာစေမှု၊ ထောက်ပံ့ကူညီမှုများကို မပေးဘဲနေလျှင်၊ သို့တည်းမဟုတ်

(တ) တပ်မတော်ပိုင် မည်သည့်လေယာဉ်၊ သင်္ဘော၊ တင့်ကား၊ အမြောက်၊ သို့တည်းမဟုတ် အခြားစစ်ပစ္စည်းကိုမဆို၊ ရန်သူက ဘမ်းဆီးခြင်းဖြစ်စေ၊ ဖျက်ဆီးခြင်းဖြစ်စေ၊ ပြုနိုင်ရန် သစ္စာမဲ့စွာသော်၎င်း၊ ရှက်ဘွယ်ကောင်းစွာ သော်၎င်းပြုလျှင် စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ သေဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

ရန်သူ အတွက် သူလျှိုဖြစ်နေသည့်ပြင် သေဒဏ် ထိုက်သင့်သော ပြစ်မှု။

၃၃။ ။ရန်သူအတွက် သူလျှိုဖြစ်သူ တဦးဦးသည်၊ ဤအက်ဥပဒေကို လိုက်နာရသူတဦး ဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ထိုသူအား စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ထိုသူသည် သေဒဏ်ဖြစ်စေ၊ တကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည့်ပြင်၊ ငွေဒဏ်ချမှတ်ခြင်းလည်း ခံရမည်။

ရန်သူနှင့် ပတ်သက်သည့်ပြင် သေဒဏ်မထိုက်သင့်သော ပြစ်မှုများ။

၃၄။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

(က) ရှိသင့်သော ကြိုတင်စီမံမှု မရှိခြင်းကြောင့် သော်၎င်း၊ အမိန့်များကို ဖီဆန်ခြင်းကြောင့် သော်၎င်း၊ တာဝန်ဝတ်တရား တမင်ပေါ့လျော့ခြင်းကြောင့် သော်၎င်း၊ သုံ့ပန်း၊ သို့တည်းမဟုတ် အကျဉ်းသား ဖြစ်သွားလျှင်၊ သို့တည်းမဟုတ် သုံ့ပန်းသော်၎င်း၊ အကျဉ်းသားသော်၎င်း၊ ဖြစ်သွားပြီးသည့်နောက်၊ တပ်မတော်သို့ ပြန်၍လာနိုင်သည့်အခါတွင် ပြန်လာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) ရှိသင့်သော အခွင့်အာဏာမရှိဘဲ၊ ရန်သူနှင့် စာပေးစာယူ ပြုလုပ်လျှင်၊ သို့တည်းမဟုတ် ရန်သူကိုဆက်သွယ် သတင်းပေးလျှင်၊ သို့တည်းမဟုတ် ယင်းသို့ စာပေးစာယူ ပြုလုပ်ခြင်းတခုခုကိုသော်၎င်း၊ ဆက်သွယ်သတင်းပေးခြင်းတခုခုကိုသော်၎င်း၊ သိလျက်နှင့် မိမိ၏တပ်မှူးကိုဖြစ်စေ၊ အခြားအထက်အရာရှိကိုဖြစ်စေ၊ ချက်ခြင်းထုတ်ဖေါ် ပြောရန် တမင်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ပေါ့လျော့စွာ ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(*c*) without due authority sends a flag of truce to the enemy; or

(*d*) negligently causes the capture or destruction by the enemy of any aircraft, ship, tank, gun or any other military property belonging to the Defence Services; or

(*e*) when ordered by his superior officer, or otherwise under orders to carry out any military operations, negligently or through other default fails to use his utmost exertions to carry such orders into effect;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned.

Offences punishable more severely on active service than at other times.

**35.** Any person subject to this Act who commits any of the following offences, that is to say,—

(*a*) forces a safeguard, or forces or uses criminal force to a sentry; or

(*b*) breaks into any house or other place in search of plunder; or

(*c*) being on watch on a ship or a sentry sleeps upon his post, or is intoxicated; or

(*d*) being a sentry, or on guard, plunders or wilfully destroys or injures any property placed under his charge or under charge of his guard; or

(*e*) without orders from his superior officer leaves his guard, picquet, patrol or post; or

(*f*) causes false alarm in action, camp, garrison, quarter, unit, place or ship, or spreads reports calculated to create alarm or despondency; or

(*g*) makes known the parole, watchword or countersign to any person not entitled to receive it; or knowingly gives a

(ဂ) ရှိသင့်သော အခွင့်အာဏာမရှိဘဲ၊ ရန်သူထံ စစ်ရပ်ဆိုင်းရေး အလံတခုကို ပို့လျှင်၊ သို့တည်းမဟုတ်

(ဃ) တပ်မတော်ပိုင် လေယာဉ်၊ သင်္ဘော၊ တင့်ကား၊ အမြောက်၊ သို့တည်းမဟုတ် အခြားမည်သည့်ပစ္စည်းကိုမဆို၊ ရန်သူက ဘမ်းဆီးခြင်းဖြစ်စေ၊ ဖျက်ဆီးခြင်း ဖြစ်စေ၊ ပြုနိုင်ရန် ပေါ့လျော့စွာပြုလျှင်၊ သို့တည်းမဟုတ်

(င) စစ်ဆင်ရေး တခုခုကိုပြုလုပ်ရန် မိမိ၏အထက်အရာရှိက အမိန့်ပေးသည့်အခါ ဖြစ်စေ၊ အခြားတနည်းနည်းဖြင့် အမိန့်များရရှိပြီးသည့်အခါဖြစ်စေ၊ ပေါ့လျော့ ခြင်းကြောင့်၊ သို့တည်းမဟုတ် အခြားချွတ်ယွင်းခြင်းကြောင့်၊ ထိုအမိန့်များကို ပြီးမြောက်အောင် ဆောင်ရွက်ရေးအတွက်၊ မိမိတတ်စွမ်းသမျှ ကြိုးစားအား ထုတ်ရန် ပျက်ကွက်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ တဆယ့်လေးနှစ်ထိ **ထောင်ဒဏ်ဖြစ်စေ၊** ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၃၅။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

အခြား အချိန်များထက် တန်းပြည့် စစ်မှု ထမ်းချိန် တွင် ပို၍ပြင်းထန်စွာ ပြစ်ဒဏ် ထိုက်သင့်သော ပြစ်မှုများ။

(က) အစောင့် အကြပ်အား အနိုင်အထက် ပြုမူပြုလျှင်၊ သို့တည်းမဟုတ် ကင်းစောင့် တဦးအား၊ အနိုင်အထက် ပြုမူပြုလျှင်၊ သို့တည်းမဟုတ် ကင်းစောင့် တဦးအား၊ ရာဇဝတ်မကင်းသော အနိုင်အထက် ပြုမူပြုလျှင်၊ သို့တည်းမဟုတ်

(ခ) ပစ္စည်းလုယက်ယူရန် မည်သည့်အိမ်၊ သို့တည်းမဟုတ် နေရာကိုမဆို ဖောက် ထွင်းလျှင်၊ သို့တည်းမဟုတ်

(ဂ) ကင်းစောင့်နေရသောအခါဖြစ်စေ၊ သင်္ဘောပေါ်တွင် စောင့်ကြည့်နေရသော အခါဖြစ်စေ၊ မိမိ၏တာဝန်ကျ နေရာတွင် အိပ်ပျော်နေလျှင်၊ သို့တည်းမဟုတ် မူးယစ်နေလျှင်၊ သို့တည်းမဟုတ်

(ဃ) ကင်းစောင့်နေရသောအခါဖြစ်စေ၊ အစောင့်ကျနေသော အခါဖြစ်စေ၊ မိမိ အား စောင့်ရှောက်ရန် တာဝန်ပေးထားသော မည်သည့် ပစ္စည်းကိုမဆို လုယက်ယူလျှင်၊ သို့တည်းမဟုတ် တမင်ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ပျက် စီးစေလျှင်၊ သို့တည်းမဟုတ်

(င) မိမိ၏အထက်အရာရှိထံမှ အမိန့်များမရရှိဘဲ၊ မိမိ၏ကင်း၊ စောင့်ကင်း၊ လှည့် ကင်း၊ သို့တည်းမဟုတ် တာဝန်ကျနေရာကို စွန့်ခွာသွားလျှင်၊ သို့တည်းမဟုတ်

(စ) တိုက်ပွဲ၊ စစ်စခန်း၊ မြို့စောင့်တပ်စခန်း၊ နေထိုင်ရာနေရာ၊ တပ်၊ နေရာ၊ သို့တည်း မဟုတ် သင်္ဘောတွင် မဟုတ်မမှန်သော တပ်လန့်မှုကိုဖြစ်စေလျှင်၊ သို့တည်း မဟုတ် တပ်လန့်မှုကိုသော်၎င်း၊ စိတ်ဓါတ်ကျဆင်းမှုကိုသော်၎င်း၊ ဖန်တီးစေ ရန် ရည်စူးလျက် သတင်းများလွှင့်လျှင်၊ သို့တည်းမဟုတ်

(ဆ) စကားဝှက်ကိုဖြစ်စေ၊ တုံ့ပြန်စကားဝှက်ကိုဖြစ်စေ၊ တုံ့ပြန်အချက်ပြကိုဖြစ် စေ၊ သိပိုင်ခွင့်မရှိသော သူတဦးဦးအား သိစေလျှင်၊ သို့တည်း ဟုတ် မိမိ

parole, watchword or countersign different from what he received; or

(*h*) without due authority alters or interferes with any air signal;

shall, on conviction by court-martial,

if he commits any such offence when on active service, be liable to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned; and

if he commits any such offence when not on active service, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

Mutiny.

**36.** Any person subject to this Act who commits any of the following offences, that is to say,—

(*a*) begins, incites, causes or conspires with any other persons to cause any mutiny in the Defence Services or any forces co-operating therewith; or

(*b*) joins in any such mutiny; or

(*c*) being present at any such mutiny, does not use his utmost endeavours to suppress the same; or

(*d*) knowing or having reason to believe in the existence of any such mutiny, or of any intention to mutiny or of any such conspiracy, does not, without delay, give information thereof to his commanding or other superior officer; or

(*e*) endeavours to seduce any person in the Defence Services from his duty or allegiance to the Union;

shall, on conviction by court-martial, be liable to suffer death or such less punishment as is in this Act mentioned.

Desertion and aiding desertion.

**37.** (1) Any person subject to this Act who deserts or attempts to desert the service shall, on conviction by court-martial,

if he commits the offence on active service or when under orders for active service, be liable to suffer death or such less punishment as is in this Act mentioned; and

ရရှိထားသည့်အတိုင်းမဟုတ်ဘဲ ကွဲလွဲသော စကားဝှက်တခုကိုဖြစ်စေ၊ တုံ့ပြန်စကားဝှက်တခုကိုဖြစ်စေ၊ တုံ့ပြန်အချက်ပြ တခုကိုဖြစ်စေ၊ သိလျက်နှင့်ပေးလျှင်၊ သို့တည်းမဟုတ်

(ဇ) ရှိသင့်သော အခွင့်အာဏာမရှိဘဲ၊ လေကြောင်းအချက်ပြတခုခုကို ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် နှောင့်ယှက်လျှင်၊

တန်းပြည့်စစ်မှုထမ်းချိန်တွင် ကျူးလွန်ပါက၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။ တန်းပြည့်စစ်မှုထမ်းချိန်မဟုတ်သည့် အချိန်တွင် ကျူးလွန်ပါက၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၃၆။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

**စစ်ပုန်ကန်မှု။** (က) တပ်မတော်တွင်သော်၎င်း၊ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်နေသော တပ်ဖွဲ့ တခုခုတွင်သော်၎င်း၊ စစ်ပုန်ကန်မှုတခုခုဖြစ်ပွါးစေရန် မည်သူနှင့်မဆို စဘင်ပြုလုပ်လျှင်၊ လှုံ့ဆော်လျှင်၊ ဖြစ်ပွါးစေလျှင်၊ သို့တည်းမဟုတ် ပူးပေါင်းကြံစည်လျှင်၊ သို့တည်းမဟုတ်

(ခ) အဆိုပါ စစ်ပုံကန်မှု တခုခုတွင်ပါဝင်လျှင်၊ သို့တည်းမဟုတ်

(ဂ) အဆိုပါ စစ်ပုန်ကန်မှု တခုခုဖြစ်ပွါးရာတွင် ရှိနေလျက်နှင့် ထိုစစ်ပုန်ကန်မှုကို နှိမ်နင်းရန် မိမိ၏ထတ်စွမ်းသမျှ ကြိုးစားအားထုတ်မှုကို မပြုဘဲနေလျှင်၊ သို့တည်းမဟုတ်

(ဃ) အဆိုပါ စစ်ပုန်ကန်မှု တခုခု ရှိကြောင်းကိုသော်၎င်း၊ စစ်ပုန်ကန်မှုပြုရန် ကြံရွယ်ချက် တခုခု ရှိကြောင်းကိုသော်၎င်း၊ ထိုပူးပေါင်းကြံစည်မှု တခုခု ရှိကြောင်းကိုသော်၎င်း၊ သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ မိမိ၏တပ်မှူးအား၊ သို့တည်းမဟုတ် အခြား အထက် အရာရှိအား ကြန့်ကြာမှုမရှိစေဘဲ သတင်းမပေးဘဲနေလျှင်၊ သို့တည်းမဟုတ်

(င) တပ်မတော်ဝင် တဦးဦးကို တာဝန်ဝတ်တရားမဆောင်ရွက်စေခြင်းငှါသော်၎င်း၊ နိုင်ငံတော်၏ သစ္စာတော်ကို ဖေါက်ဖျက်စေခြင်းငှါသော်၎င်း၊ သွေးဆောင်ရန် ကြိုးစား အားထုတ်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ သေဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

**စစ်ပြေးမှုနှင့် စစ်ပြေးမှုကို ကူညီမှု။**

၃၇။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ တန်းပြည့်စစ်မှုထမ်းချိန်တွင်ဖြစ်စေ၊ တန်းပြည့်စစ်မှုထမ်းရန် အမိန့်ရရှိပြီး ဖြစ်သည့်အချိန်တွင်ဖြစ်စေ၊ စစ်ပြေးမှုကျူးလွန်လျှင်၊သို့တည်းမဟုတ် စစ်ပြေးမှုကျူးလွန်ရန် အားထုတ်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ သေဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်

if he commits the offence under any other circumstances, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

(2) Any person subject to this Act who, knowingly harbours any such deserter, shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

(3) Any person subject to this Act who, being cognizant of any desertion or attempt at desertion of a person subject to this Act, does not forthwith give notice to his or other superior officer, or take any steps in his power to cause such person to be apprehended, shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to two years or such less punishment as is in this Act mentioned.

Absence without leave

**38.** Any person subject to this Act who commits any of the following offences, that is to say,—

(*a*) absents himself without leave; or

(*b*) without sufficient cause overstays leave granted to him; or

(*c*) being on leave of absence and having received information from proper authority that any unit, detachment, ship or department, to which he belongs, has been ordered on active service, fails, without sufficient cause, to rejoin without delay; or

(*d*) without sufficient cause fails to appear at the time fixed, at the parade or place appointed for exercise or duty; or

(*e*) when on parade, or on the line of march, without sufficient cause or without leave from his superior officer, quits the parade or line of march; or

(*f*) when in camp or garrison or elsewhere, is found beyond any limit fixed, or in any place prohibited, by any general,

ဖြစ်စေ၊ထိုက်သင့်စေရမည်။ ထို့ပြင် ထိုသူသည်၊ ဆိုခဲ့သည့် အချိန်မဟုတ်သည့် အခြားအချိန်တွင် စစ်ပြေးမှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် စစ်ပြေးမှုကျူးလွန်ရန် အားထုတ်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၂) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ အဆိုပါ စစ်ပြေးတဦးဦးအား သိလျက်နှင့်လက်သင့်ခံလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ခုနှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

(၃) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦး စစ်ပြေးမှုကျူးလွန်ကြောင်းကိုသော်၎င်း၊ စစ်ပြေးမှုကျူးလွန်ရန် အားထုတ်ကြောင်းကိုသော်၎င်း၊ သိမြင်လျက်နှင့် မိမိ၏အထက်အရာရှိအားဖြစ်စေ၊ အခြား အထက်အရာရှိအားဖြစ်စေ၊ ချက်ခြင်းမတိုင်ကြားဘဲနေလျှင်၊ သို့တည်းမဟုတ် ထိုသူကို ဘမ်းဆီးရမိရန် အလို့ငှါ၊ မိမိတတ်စွမ်းသမျှ မဆောင်ရွက်ဘဲနေလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ နှစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

ခွင့်မဲ့ပျက်ကွက်မှု။

၃၈။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်——

(က) ခွင့်မဲ့ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) လုံလောက်သော အကြောင်းမရှိဘဲ၊ မိမိအား ပေးသော ခွင့်ရက်ထက်ပို၍နေလျှင်၊ သို့တည်းမဟုတ်

(ဂ) ခွင့်ရက်နှင့်နေစဉ်၊ မိမိပါဝင်သည့်ဘပ်၊ ခွဲထုဘ်ဘပ်၊ သင်္ဘော၊ သို့တည်းမဟုတ် ဌာနတခုခုအား တန်းပြည့်စစ်မှုထမ်းရန်အတွက် အမိန့်ပေးထားကြောင်းကို ဆိုင်ရာအာဏာပိုင်ထံမှ အကြောင်းကြားချက် ရရှိလျက်နှင့် လုံလောက်သော အကြောင်းမရှိဘဲ၊ ထို့ပြင် ကြန့်ကြာမှုမရှိဘဲ ပြန်လာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဃ) ချိန်းဆိုထားသောအချိန်တွင် စစ်ရေးပြရာသို့သော်၎င်း၊ လေ့ကျင့်ခဏ်းအတွက်ဖြစ်စေ၊ တာဝန်ဝတ်ဘရား အတွက်ဖြစ်စေ၊ ချိန်းဆိုထားသော အချိန်တွင် ချိန်းဆိုထားသော နေရာသို့သော်၎င်း၊ လုံလောက်သော အကြောင်းမရှိဘဲ လာရောက်ရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(င) စစ်ရေးပြနေစဉ်ဖြစ်စေ၊ စစ်ချီတက်နေစဉ်ဖြစ်စေ၊ လုံလောက်သောအကြောင်း မရှိဘဲသော်၎င်း၊ မိမိ၏ အထက်အရာရှိထံမှ ခွင့်မရရှိဘဲသော်၎င်း၊ ထိုစစ်ရေးပြခြင်း၊ သို့တည်းမဟုတ် ထိုစစ်ချီတက်ခြင်းမှ ထွက်ခွါလျှင်၊ သို့တည်းမဟုတ်

(စ) စစ်စခန်း၊ မြို့စောင့်တပ်စခန်း၊သို့တည်းမဟုတ် မည်သည့်နေရာတွင်မဆိုရှိနေစဉ်၊ မိမိ၏အထက်အရာရှိထံမှ ခွင့်ပြုလက်မှတ်ကိုသော်၎င်း၊ ခွင့်စာကိုသော်၎င်း မရရှိဘဲ၊ ယေဘုယျအမိန့်၊ ဒေသန္တရအမိန့်၊ သို့တည်းမဟုတ် အခြားအမိန့်တခုခု၊

local or other order without a pass or written leave from his superior officer; or

(g) without leave from his superior officer or without sufficient cause, absents himself from any school or place of instruction when duly ordered to attend there;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to three years or such less punishment as is in this Act mentioned.

Striking or threatening superior officers.

39. Any person subject to this Act who, knowing or having reason to believe a person to be a superior officer, uses criminal force to or assaults a superior officer or uses threatening language to him shall, on conviction by a court-martial, if such officer is at the time in the execution of his office or, if the offence is committed on active service, be liable to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned, and in other cases, be liable to punishment for a term which may extend to ten years or such less punishment as is in this Act mentioned; and if such person at any time uses insubordinate language to such officer, he shall, on conviction by a court-martial, be liable to suffer imprisonment which may extend to five years or such less punishment as is in this Act mentioned.

Disobedience to superior officer.

40. (1) Any person subject to this Act who disobeys in such manner as to show a wilful defiance of authority any lawful command given personally by his superior officer in the execution of his office whether the same is given orally, or in writing or by signal or otherwise shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned.

(2) Any person subject to this Act who disobeys any lawful command given by his superior officer shall, on conviction by court-martial,

အရ ပိုင်းခြားထားသည့် နယ်နိမိတ်အပဥ္ဍ ဖြစ်စေ၊ တားမြစ်ထားသော နေရာတခုခု၌ဖြစ်စေ၊ တွေ့ရှိရလျှင်၊ သို့တည်းမဟုတ်

(ဆ) မည်သည့်ကျောင်း၊ သို့တည်းမဟုတ် သင်ကြားရာနေရာသို့မဆို တက်ရောက်ရန် နည်းလမ်းတကျ အမိန့်ပေးထားသောအခါ၊ မိမိ၏အထက်အရာရှိထံမှ ခွင့်မရရှိဘဲသော်၎င်း၊ လုံလောက်သော အကြောင်းမရှိဘဲသော်၎င်း၊ မတက်ရောက်ဘဲ နေလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

အထက် အရာရှိများအား ရိုက်ပုတ်မှု၊ သို့တည်းမဟုတ် ခြိမ်းချောက်မှု။

၃၉။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ အထက်အရာရှိတဦးအား၊ အထက်အရာရှိဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ တန်းပြည့်စစ်မှုထမ်းချိန်တွင်၊ သို့တည်းမဟုတ် ထိုအထက်အရာရှိ တာဝန်ဝတ်တရား ထမ်းဆောင်နေသည့်အချိန်တွင်၊ရာဇဝတ်မကင်းသော၊အနိုင်အထက်ပြုမှုကို ပြုလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ခြိမ်းချောက်သောစကားပြောဆိုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။ ထို့ပြင် ထိုသူသည်၊ အဆိုပါ အထက်အရာရှိအား၊ တန်းပြည့်စစ်မှုထမ်းချိန်မဟုတ်သည့် အခြားအချိန်တွင်၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားထမ်းဆောင်နေသည့် အချိန်မဟုတ်သည့် အခြားအချိန်တွင်၊ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ခြိမ်းချောက်သောစကားပြောဆိုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။ ထို့ပြင် ထိုသူသည်၊ ဆိုခဲ့သည့် မည်သည့်အချိန်တွင်မဆို၊ အဆိုပါအထက်အရာရှိအား၊ စည်းကမ်းဖီဆန်သော စကားပြောဆိုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

အထက်အရာရှိကို ဖီဆန်မှု။

၄၀။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ မိမိ၏အထက်အရာရှိက ၎င်း၏တာဝန်ဝတ်တရား ထမ်းဆောင်ရာ၌ နှုတ်ဖြင့်ဖြစ်စေ၊စာဖြင့်ဖြစ်စေ၊ ကြေးနန်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ကိုယ်တိုင်ပေးသည့်၊ တရားဥပဒေနှင့်ညီသော အမိန့်တခုခုကို အာဏာတမင်ဖီဆန်ရာရောက်သော အမူအရာနှင့် ဖီဆန်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ တဆယ့်လေးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၂) ဤအက်ဥပဒေကို လိုက်နာသူတဦးဦးသည်၊ တန်းပြည့်စစ်မှုထမ်းချိန်တွင် မိမိ၏အထက်အရာရှိကပေးသည့် ဥပဒေနှင့်ညီသော အမိန့်တခုခုကို ဖီဆန်လျှင်၊ စစ်တရားရုံးက ပြစ်

if he commits such offence when on active service, be liable to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned, and if he commits such offence when not on active service, be liable to suffer imprisonment for a term which may extend to five years or such less punishment as is in this Act mentioned.

Insubordination and obstruction.

**41.** Any person subject to this Act who commits any of the following offences, that is to say,—

(*a*) being concerned in any quarrel, affray, or disorder, refuses to obey any officer, though inferior in rank, who orders him into arrest, or uses criminal force to or assaults any such officer; or

(*b*) uses criminal force to, or assaults any person, whether subject to this Act or not, in whose custody he is lawfully placed, and whether he is or is not his superior officer; or

(*c*) resists an escort whose duty it is to apprehend him or to have him in charge; or

(*d*) breaks out of barracks, camp or quarters; or

(*e*) neglects to obey any general, local or other order; or

(*f*) impedes the provost-marshal or any person lawfully acting on his behalf, or when called upon, refuses to assist in the execution of his duty a provost-marshal or any person lawfully acting on his behalf; or

(*g*) uses criminal force to or assaults any person bringing provisions or supplies to the forces;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend, in the case of offences specified in clauses

မှုထင်ရှားစီရင်သောအခါ၊ တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့်လျှော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။ ထို့ပြင် ထိုသူသည်၊ အဆိုပါပြစ်မှုကို တန်းပြည့်စစ်မှုထမ်းချိန်မဟုတ်သည့် အချိန်တွင် ကျူးလွန်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျှော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၄၁။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

စည်းကမ်းဖီဆန်မှုနှင့် ဟန့်တားမှု။

(က) မည်သည့်ခိုက်ရန်ဖြစ်မှု၊ သတ်ပုတ်နှောင့်ရှက်မှု၊ သို့တည်းမဟုတ် ဗရုန်းသုံးကား ဖြစ်မှုတွင်မဆို ပါဝင်နေလျက်နှင့် မိမိအောက် အဆင့်ပင်နိမ့်သော်လည်း မိမိအားဖမ်းဆီးခံရန်အမိန့်ပေးသောအရာရှိ တဦးဦးအား နာခံရန်ငြင်းပယ်လျှင်၊ သို့တည်းမဟုတ် ထိုအရာရှိအား ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ်

(ခ) မိမိအား ဥပဒေနှင့်အညီ တဦးတယောက်သောသူ၏ လက်အောက်တွင် ချုပ်ထားရာ၌ ထိုသူသည်၊ ဤအက်ဥပဒေကို လိုက်နာရသူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ထို့ပြင် မိမိ၏အထက်အရာရှိ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ထိုသူအား ရာဇဝတ်မကင်းသော အနိုင်အထက် ပြုမှုကို ပြုလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှု ကျူးလွန်လျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိအား ဖမ်းဆီးရန်သော်၎င်း၊ စောင့်ထိန်းရန် သော်၎င်း၊ တာဝန်ဝတ်တရားရှိသော အစောင့်အကြပ်တဦးအား ခုခံလျှင်၊ သို့တည်းမဟုတ်

(ဃ) စစ်တန်းလျား၊ စစ်စခန်း၊ သို့တည်းမဟုတ် နေထိုင်ရန် နေရာမှ ခွင့်မဲ့ထွက်ခွါလျှင်၊ သို့တည်းမဟုတ်

(င) ယေဘုယျအမိန့်၊ ဒေသန္တရအမိန့်၊ သို့တည်းမဟုတ် အခြားအမိန့် တခုခုကို နာခံရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(စ) တပ်ထိန်းချုပ်ကိုသော်၎င်း၊ တပ်ထိန်းချုပ်၏ ကိုယ်စား တရားဥပဒေအရ ဆောင်ရွက်နေသော သူတဦးဦးကိုသော်၎င်း၊ ဟန့်တားလျှင်၊ သို့တည်းမဟုတ် တပ်ထိန်းချုပ်ကဖြစ်စေ၊ တပ်ထိန်းချုပ်၏ကိုယ်စား တရားဥပဒေအရ ဆောင်ရွက်နေသော သူတဦးဦးကဖြစ်စေ၊ တာဝန်ဝတ်တရား၊ ထမ်းဆောင်ရာ၌ အကူအညီတောင်းဆိုသောအခါ၊ ကူညီရန် ငြင်းပယ်လျှင်၊ သို့တည်းမဟုတ်

(ဆ) တပ်ဖွဲ့များသို့ စားနပ်ရိက္ခာများဖြစ်စေ၊ ထောက်ပံ့ပစ္စည်းများဖြစ်စေ၊ ယူဆောင်လာသူ တဦးဦးအား ရာဇဝတ်မကင်းသော အနိုင်အထက် ပြုမှုကိုပြုလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှု ကျူးလွန်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ အပိုဒ် (ဃ) နှင့် (င) တွင်သီးခြား ဖေါ်ပြထားသော ပြစ်မှုများဖြစ်ပါက နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထား

(*d*) and (*e*) to two years, and in the case of the offences specified in the other clauses to ten years, or such less punishment as is in this Act mentioned.

Fraudulent enrolment.

**42.** Any person subject to this Act who commits any of the following offences, that is to say,—

(*a*) without having first obtained a regular discharge from the service to which he belongs, enrols himself in the same or any other service or any force constituted under the Burma Territorial Force Act; or

(*b*) knowing, or having reason to believe, that a person is a deserter, procures or attempts to procure the enrolment of such person,

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to five years or such less punishment as is in this Act mentioned.

False answers on enrolment.

**43.** Any person having become subject to this Act who is discovered to have made at the time of enrolment a wilfully false answer to any question set forth in the prescribed form of enrolment which has been put to him by the enrolling officer before whom he appears for the purpose of being enrolled shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to five years or such less punishment as is in this Act mentioned.

Unbecoming conduct.

**44.** Any officer or warrant officer who behaves in a manner unbecoming his position and character expected of him shall, on conviction by court-martial, if he is an officer, be liable to be cashiered or to suffer such less punishment as is in this Act mentioned; and if he is a warrant officer, be liable to be dismissed or to suffer such less punishment as is in this Act mentioned.

သည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထို့ပြင် အခြားအပိုဒ်များတွင် သီးခြားဖော်ပြထားသော ပြစ်မှုများဖြစ်ပါက၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

လိမ်လည် လှည့်ဖျား၍ စစ်မှုထမ်းအဖြစ်စာရင်းသွင်းမှု။

၄၂။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်——

(က) မိမိပါဝင်သောတပ်မှ ထွက်ခွင့်ကို နည်းလမ်းတကျ မှေးဦးစွာမရယူခဲ့ဘဲ၊ ထိုတပ်တွင်သော်၎င်း၊ အခြားတပ်တခုခုတွင်သော်၎င်း၊ မြန်မာနိုင်ငံ ပြည်စောင့်တပ် အက်ဥပဒေ (The Burma Territorial Force Act) အရ ဖွဲ့စည်း ထားသော တပ်တခုခုတွင်သော်၎င်း၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းလျှင်၊ သို့တည်းမဟုတ်

(ခ) တဦးတယောက်သောသူကို၊ ထိုသူစစ်ပြေးတဦးဖြစ်သည်ကို သိလျက်နှင့်ဖြစ်စေ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရန် ဆောင်ရွက်ပေးလျှင်၊ သို့တည်းမဟုတ် ဆောင်ရွက်ပေးရန် အားထုတ်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

စစ်မှုထမ်း အဖြစ် စာရင်းသွင်းရာ၌ မဟုတ်မမှန် ဖြေဆိုမှု။

၄၃။ ။ဤအက်ဥပဒေကို လိုက်နာရပြီး ဖြစ်သူတဦးဦးသည်၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရန် စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေး အရာရှိ၏ မျက်မှောက်သို့ ရောက်ရှိသည့်အခါ၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရန် သတ်မှတ်ထားသည့် ပုံစံတွင် ဖော်ပြထားသော မေးခွန်းတခုခုကို၊ မိမိအား ထိုအရာရှိက မေးမြန်းရာ၌ မဟုတ်မမှန်သည့် အဖြေတရပ်ရပ်ကို၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းသည့် အချိန်တွင် တမင်ပေးခဲ့သည်ဟု တွေ့ရှိလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

မလျော်သော အပြုအမူပြုမှု။

၄၄။ ။အရာရှိတဦးဦး၊ သို့တည်းမဟုတ် အရာခံဗိုလ် တဦးဦးသည်၊ မိမိ၏အဆင့်အတန်းနှင့်မလျော်သည့်ပြင် မိမိတွင်ရှိထိုက်သော အကျင့်စာရိတ္တနှင့် မလျော်သော နည်းအတိုင်း ပြုမူလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ——

ထိုသူမှာ အရာရှိတဦးဖြစ်ပါက ရှုတ်ချ၍ အမြဲဘမ်း ထုတ်ပစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊

ထိုသူမှာ အရာခံဗိုလ်တဦးဖြစ်ပါက အမြဲတမ်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊

ထိုက်သင့်စေရမည်။

Certain forms of disgraceful conduct.

**45.** Any person subject to this Act, who commits the following offences, that is to say,—

(*a*) is guilty of any disgraceful conduct of a cruel, indecent or unnatural kind ; or

(*b*) malingers, or feigns or produces disease or infirmity in himself, or intentionally delays his cure or aggravates his disease or infirmity ; or

(*c*) with intent to render himself or other person unfit for service, voluntarily causes hurt to himself or that person ;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

Ill-treating a subordinate.

**46.** Any person subject to this Act who strikes or otherwise ill-treats any person subject to military law being his subordinate in rank or position, shall on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

Intoxication.

**47.** (1) Any person subject to this Act who is found in a state of intoxication, whether on duty or not, shall, on conviction by court-martial, if he is an officer, be liable to be cashiered or to suffer such less punishment as is in this Act mentioned ; and, if he is not an officer, be liable, subject to the provisions of sub-section (2), to suffer imprisonment for a term which may extend to two years or such less punishment as is in this Act mentioned.

(2) Where an offence of being intoxicated is committed by a person other than an officer when not on active service or not on duty, the period of imprisonment awarded shall not exceed six months.

*Explanation.*—For the purposes of this offence, a person is guilty of intoxication if owing to the influence of alcohol or any drug, whether alone or in combination with any other circumstances, he is unfit to be entrusted with his duty or any duty which he might have been

ရှက်ဘွယ်ကောင်း သော အပြုအမူပြုမှု။

၄၅။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

(က) ရက်စက်သော၊ သိက္ခာမဲ့သော၊ သို့တည်းမဟုတ် ဓမ္မတာနှင့်ဆန့်ကျင်သော အမျိုးအစားတခုဖြစ်သည့် ရှက်ဘွယ်ကောင်းသော၊ အပြုအမူတခုခုကိုပြုလျှင်၊သို့တည်းမဟုတ်

(ခ) တာဝန်ဝတ်တရား လွှဲရှောင်ရန် မကျန်းမာဟန်ဆောင်လျှင်၊ သို့တည်းမဟုတ် မိမိကိုယ်တွင် အနာရောဂါသော်၎င်း၊ ချည့်နဲ့ခြင်းသော်၎င်း၊ ဖြစ်ပေါ်ဟန်ဆောင်လျှင်၊ သို့တည်းမဟုတ် ဖြစ်ပေါ်စေလျှင်၊ သို့တည်းမဟုတ် မိမိ၏ ပျောက်ကင်းမှုကို တမင်ကြန့်ကြာစေလျှင်၊ သို့တည်းမဟုတ် မိမိ၏ အနာရောဂါကိုသော်၎င်း၊ ချည့်နဲ့ခြင်းသော်၎င်း၊ တမင်တိုးစေလျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိကိုယ်တိုင်သော်၎င်း၊အခြားသူသော်၎င်း၊ စစ်မှုထမ်းခြင်းအတွက် မသင့်တော်စေရန် အကြံဖြင့် မိမိအလိုအလျောက် မိမိကိုယ်ကိုဖြစ်စေ၊ ထိုသူကိုဖြစ်စေ နာကျင်စေလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

လက်အောက်ခံ စစ်မှုထမ်းတဦးကို ညှဉ်းပန်းနှိပ်စက်မှု။

၄၆။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ အဆင့်အားဖြင့်သော်၎င်း၊ ရာထူးအားဖြင့်သော်၎င်း၊ မိမိ၏ လက်အောက်ခံဖြစ်သော စစ်ဘက်ဥပဒေကို လိုက်နာရသူ တဦးဦးအား ရိုက်ပုတ်လျှင်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ညှဉ်းပန်းနှိပ်စက်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

မူးယစ်မှု။

၄၇။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ တာဝန်ဝတ်တရား ဆောင်ရွက်နေသည့်အခါ ဖြစ်စေ၊ မဆောင်ရွက်နေသည့် အခါဖြစ်စေ၊ မူးယစ်နေလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ ထိုသူမှာ အရာရှိတဦးဖြစ်ပါက ရှုတ်ချ၍ အမြဲတမ်း ထုတ်ပစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုသူမှာ အရာရှိတဦးမဟုတ်ပါက၊ ပုဒ်မခွဲ (၂) ရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၂) ဆန်းစြည့် စစ်မှုထမ်းချိန်မဟုတ်သည့် အခါသော်၎င်း၊ တာဝန်ဝတ်တရားမဆောင်ရွက်နေသည့် အခါသော်၎င်း၊ အရာရှိမှတပါး၊ အခြားသူတဦးသည်၊ မူးယစ်မှုတခုကို ကျူးလွန်ပါက၊ ထိုသူအား ချမှတ်သည့် ထောင်ဒဏ်သည်၊ ခြောက်လထက် မပိုစေရ။

**ရှင်းလင်းချက်။** ။သေရည်သေရက် တခုတည်း၏ အာနိသင်ကြောင့်ဖြစ်စေ၊ တခုခုသော ဆေးဘက်ဝင် ဝတ္ထုတခုတည်း၏ အာနိသင်ကြောင့်ဖြစ်စေ၊ သေရည်သေရက်၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုကို အခြားပတ်ဝန်းကျင် ကြောင်းခြင်းရာ တခုခုနှင့် ပေါင်းစပ်ခြင်း၏ အာနိသင်ကြောင့်ဖြစ်စေ၊ မိမိ၏တာဝန် ဝတ်တရားကိုသော်၎င်း၊ မိမိအား ပေးအပ်

called upon to perform, or behaves in a disorderly manner or in any manner likely to bring discredit on the service.

**48.** Any person subject to this Act who commits any of the following offences, that is to say,—

Permitting escape of person in custody.

(*a*) when in command of a guard, picquet, patrol or post, releases without proper authority, whether wilfully or without reasonable excuse, any person committed to his charge, or refuses to receive any prisoner or person duly committed; or

(*b*) wilfully or without reasonable excuse allows to escape any person who is committed to his charge or whom it is his duty to keep or guard;

shall, on conviction by court-martial, be liable, if he acted wilfully, to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned; and if he has not acted wilfully, to suffer imprisonment for a term which may extend to two years or such less punishment as is in this Act mentioned.

**49.** Any person subject to this Act who commits any of the following offences, that is to say,—

Irregularity in connection with arrest or confinement.

(*a*) unnecessarily detains a person in arrest or confinement without bringing him to trial, or fails to bring his case before the proper authority for investigation; or

(*b*) having committed a person to military custody fails without reasonable cause to deliver at the time of such committal, or as soon as practicable, and in any case within twenty-four hours thereafter, to the officer or other person into whose custody the person arrested is committed, an account in writing signed by himself of the offence with which the person so committed is charged;

တန်ရာသည့် တာဝန် ဝတ်တရားတစုံတခုကိုသော်၎င်း၊ ဆောင်ရွက်ရန်အတွက် တဦးတယောက်အား သူသည်၊ မသင့်မတော်ဖြစ်လျှင်၊ သို့တည်းမဟုတ် ဂုဏ်ငြိုးနွမ်းစေသော နည်းဖြင့်သော်၎င်း၊ တပ်မတော်၏ဂုဏ်ကို ထိခိုက်နစ်နာ စေတန်ရာသည့် နည်းတမျိုးမျိုးဖြင့် သော်၎င်း၊ တဦးတယောက်သောသူသည် ပြုမူလျှင်၊ ဤဖြစ်မှုပါ ကိစ္စများအလို့ငှါ၊ ထိုသူ၌ မူးယစ်မှုအတွက် အပြစ်ရှိသည်။

အချုပ်နှင့် ထားသူ လွတ်ပြေးမှု။

၄၇။ ။ဤအက်ဥပဒေလိုက်နာသူ တဦးဦးသည်—

(က) ကင်း၊ စောင့်ကင်း၊ လှည့်ကင်း၊ သို့တည်းမဟုတ် တာဝန်ကျနေရာတခုကို ကိုင်ကဲနေသောအခါ၊ တမင်ဖြစ်စေ၊ လုံလောက်သော အကြောင်း မရှိဘဲနှင့် ဖြစ်စေ၊ မိမိ စောင့်ထိန်းရန် လွှဲအပ်ထားသူ တဦးဦးကို ဆိုင်ရာ အခွင့်အာဏာ မရရှိဘဲ လွှတ်ပစ်လျှင်၊ သို့တည်းမဟုတ် မိမိထံ နည်းလမ်းတကျ လွှဲအပ်သောသူ တဦးဦးကိုဖြစ်စေ၊ အကျဉ်းသား တဦးဦးကိုဖြစ်စေ လက်ခံရန် ငြင်းပယ်လျှင်၊ သို့တည်းမဟုတ်

(ခ) မိမိအား စောင့်ထိန်းရန် လွှဲအပ်ထားသော၊ သို့တည်းမဟုတ် မိမိစောင့်ထိန်းရန် တာဝန်သော်၎င်း၊ စောင့်ကြပ်ရန် တာဝန်သော်၎င်း၊ ရှိသောသူ တဦးဦးအား တမင်ဖြစ်စေ၊ လုံလောက်သော အကြောင်းမရှိဘဲနှင့် ဖြစ်စေ၊ လွတ်ပြေးစေလျှင်၊

စစ်ထုံးရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ တမင်ပြုသော ပြုမှုဖြစ်ပါက တဆယ့်လေးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ တမင်ပြုသော ပြုမှုမဟုတ်ပါက နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

ဘမ်းဆီးခြင်း၊ သို့တည်းမဟုတ် ချုပ်နှောင်ထားခြင်းနှင့်စပ်လျဉ်း၍ နည်းလမ်းမကျမှု။

၄၉။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

(က) စစ်ဆေး စီရင်ခြင်းမပြုဘဲ၊ တဦးတယောက်သောသူအား အကြောင်းမဲ့ ဘမ်းဆီးထားလျှင်၊ သို့တည်းမဟုတ် ချုပ်နှောင်ထားလျှင်၊ သို့တည်းမဟုတ် ထိုသူ၏ အမှုကို စုံစမ်း စစ်ဆေးရန်အတွက် ဆိုင်ရာ အာဏာပိုင်ထံ တင်ပြရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) တဦးတယောက်သောသူအား၊ စစ်ဘက်အချုပ်သို့ လွှဲအပ်ပြီးသည့်နောက် ဘမ်းဆီးခြင်း ခံရသူအား ချုပ်ထားရန် လွှဲအပ်ခြင်း ခံရသော အရာရှိကိုဖြစ်စေ၊ အခြားသူကိုဖြစ်စေ၊ ထိုသို့ လွှဲအပ်ချိန်တွင်သော်၎င်း၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာသော်၎င်း၊ မည်သည့် နည်းနှင့်မဆို၊ ထိုသို့ လွှဲအပ်ပြီးသည့်နောက် နှစ်ဆယ့်ခလေးနာရီအတွင်း ယင်းသို့ အချုပ်ခံရသူအပေါ် စွဲဆိုထားသော ပြစ်မှု၏ အကြောင်း အရာကို ရေးသားပြီး၊ မိမိကိုယ်တိုင် လက်မှတ်ရေးထိုး၍ ပေးအပ်ရန် လုံလောက်သော အကြောင်း မရှိဘဲ ပျက်ကွက်လျှင်၊

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to two years or such less punishment as is in this Act mentioned.

Escape from custody.

**50.** Any person subject to this Act who, being in lawful custody, escapes or attempts to escape, shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to five years or such less punishment as is in this Act mentioned.

Offences in respect of property.

**51.** Any person subject to this Act who commits any of the following offences, that is to say,—

(*a*) commits theft of any property belonging to the Government of the Union or of a State, or to any military mess, band or institution, or to any person subject to military law ; or

(*b*) dishonestly misappropriates or converts to his own use any such property ; or

(*c*) commits criminal breach of trust in respect of any such property ; or

(*d*) dishonestly receives or retains any property in respect of which any of the offences under clauses (*a*), (*b*), and (*c*) has been committed, knowing or having reason to believe the commission of such offence ; or

(*e*) wilfully destroys or injures any property of the Government of the Union or of a State entrusted to him ; or

(*f*) does any other thing with intent to defraud, or to cause wrongful gain to one person or wrongful loss to another person ;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to ten years or such less punishment as is in this Act mentioned.

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

အချုပ်မှ ထွက်ပြေးမှု။

၅၀။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ မိမိအား တရားဥပဒေအရ ချုပ်ထားရာမှ ထွက်ပြေးလျှင်၊ သို့တည်းမဟုတ် ထွက်ပြေးရန် အားထုတ်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

ပစ္စည်းနှင့် စပ်လျဉ်းသည့် ပြစ်မှုများ။

၅၁။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

(က) ပြည်ထောင်စု နိုင်ငံ အစိုးရပိုင်သော၊ သို့တည်းမဟုတ် ပြည်နယ် အစိုးရပိုင်သော၊ သို့တည်းမဟုတ် စစ်ဘက်ရိပ်သာ၊ တီးဝိုင်း၊ သို့တည်းမဟုတ် အဖွဲ့အစည်း တခုခုပိုင်သော၊ သို့တည်းမဟုတ် စစ်ဘက်ဥပဒေကို လိုက်နာရသူ တဦးဦးပိုင်သော ပစ္စည်း တခုခုကို ခိုးယူလျှင်၊ သို့တည်းမဟုတ်

(ခ) အဆိုပါပစ္စည်းတခုခုကို၊ မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင်၊ သို့တည်းမဟုတ် မိမိ၏ ပစ္စည်းအဖြစ်သို့ ပြောင်းလွှဲခြင်းပြုလျှင်၊ သို့တည်းမဟုတ်

(ဂ) အဆိုပါ ပစ္စည်းတခုခုနှင့် စပ်လျဉ်း၍၊ ရာဇဝတ်မကင်းသော ယုံကြည် အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ်

(ဃ) အပိုဒ်(က)၊ (ခ) နှင့် (ဂ) အရ ဖြစ်သော ပြစ်မှုများအနက် ပြစ်မှုတခုခုနှင့် စပ်လျဉ်းသော ပစ္စည်းတခုခုကို၊ ထိုပြစ်မှုကျူးလွန်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ မရိုးမဖြောင့်သော သဘောဖြင့်လက်ခံလျှင်၊ သို့တည်းမဟုတ် ဆက်လက် ထားရှိလျှင်၊ သို့တည်းမဟုတ်

(င) မိမိအားယုံကြည် အပ်နှံထားသော၊ ပြည်ထောင်စုနိုင်ငံအစိုးရ၏၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရ၏ ပစ္စည်းတခုခုကို တမင်ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ပျက်စီးစေလျှင်၊ သို့တည်းမဟုတ်

(စ) လိမ်လည်လှည့်ဖျားလိုသော အကြံဖြင့်ဖြစ်စေ၊ တဦးတယောက်သောသူအား မတရားရယူစေရန် အကြံဖြင့်ဖြစ်စေ၊ မတရား ဆုံးရှုံးစေရန် အကြံဖြင့်ဖြစ်စေ၊ အခြားမည်သည့်အရာကိုမဆို ပြုလျှင်

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ဆယ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

**52.** Any person subject to this Act who commits any of the following offences, that is to say,—

Extortion and corruption.

(*a*) commits extortion; or

(*b*) without proper authority exacts from any person money, provisions or service;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to ten years or such less punishment as is in this Act mentioned.

**53.** Any person subject to this Act who commits any of the following offences, that is to say,—

Disposal of equipment.

(*a*) disposes of, or is concerned in disposing of, any property belonging to the Government of the Union or of a State issued to him for his use or entrusted to him; or

(*b*) loses by neglect anything mentioned in clause (*a*); or

(c) sells, pawns, destroys or defaces any medal or decoration granted to him;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend in the case of the offences specified in clause (*a*) to ten years, and in the case of the offences specified in the other clauses to five years, or such less punishment as is in this Act mentioned.

**54.** Any person subject to this Act who commits any of the following offences, that is to say,—

Injury to property.

(*a*) destroys or injures any property belonging to the Government of the Union or of a State or any property belonging to any military mess, band or institution, or to any person subject to military law, or serving with, or attached to the Defence Services; or

(*b*) commits any act which causes damage to, or destruction of, any property of the Government of the Union or of a State by fire; or

**ချောက်လှန့် တောင်းယူမှု နှင့် တရားမဲ့ပြုမှု။**

၅၂။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

(က) ချောက်လှန့်တောင်းယူမှုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ်

(ခ) ဆိုင်ရာအခွင့်အာဏာ မရရှိဘဲ၊ သူတဦးဦးထံမှ ကြေးငွေ၊ စားနပ်ရိက္ခာများ၊ သို့တည်းမဟုတ် တခုခုဆောင်ရွက်ပေးရန် အတင်းအကျပ်၊ တောင်းဆိုလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

**ပစ္စည်း ကိရိယာ တန်ဆာပလာများ ထုခွဲမှု။**

၅၃။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

(က) မိမိအသုံးပြုရန် မိမိအား၊ ထုတ်ပေးထားသော၊ သို့တည်းမဟုတ် မိမိအား ယုံကြည်အပ်နှံထားသော ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရပိုင်၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရပိုင်ပစ္စည်းတခုခုကို ထုခွဲလျှင်၊ သို့တည်းမဟုတ် ထိုသို့ ထုခွဲရာတွင် ပါဝင်လျှင်၊ သို့တည်းမဟုတ်

(ခ) ပေါ့လျော့မှုကြောင့် အပိုဒ် (က) တွင် ဖော်ပြထားသော ပစ္စည်းတခုခု ပျောက်ဆုံးလျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိအားချီးမြှင့်ထားသော ဆုတံဆိပ်၊ သို့တည်းမဟုတ် ဘွဲ့တံဆိပ်တခုခုကို ရောင်းလျှင်၊ ပေါင်နှံလျှင်၊ ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ပုံသဏ္ဌာန်ဖျက်လျှင်

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ အပိုဒ် (က) တွင် သီးခြားဖော်ပြထားသော ပြစ်မှုအတွက် ဖြစ်ပါက၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ အခြားအပိုဒ်များတွင် သီးခြားဖော်ပြထားသော ပြစ်မှုအတွက် ဖြစ်ပါက၊ ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

**ပစ္စည်းကိုပျက်စီးစေမှု။**

၅၄။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

(က) ပြည်ထောင်စုနိုင်ငံ အစိုးရပိုင်သော၊ သို့တည်းမဟုတ် ပြည်နယ် အစိုးရပိုင်သော၊ သို့တည်းမဟုတ် စစ်ဘက်ရိပ်သာ၊ တီးဝိုင်း၊ သို့တည်းမဟုတ် အဖွဲ့အစည်းတခုခုပိုင်သော၊ သို့တည်းမဟုတ် စစ်ဘက်ဥပဒေကို လိုက်နာရသူ တဦးဦးပိုင်သော၊ သို့တည်းမဟုတ် တပ်မတော်နှင့် အတူအမှုထမ်းရွက်နေသည့်၊ သို့တည်းမဟုတ် တပ်မတော်သို့ တွဲဘက်ထားခြင်း ခံရသည့် သူတဦးဦးပိုင်သော၊ ပစ္စည်းတခုခုကို ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ပျက်ဆီးစေလျှင်၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စု နိုင်ငံ့အစိုးရ၏၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရ၏ ပစ္စည်းတခုခုကို မီးဖြင့်ပျက်စီးနစ်နာစေခြင်း၊ သို့တည်းမဟုတ် ပျက်ပြုန်းခြင်း ဖြစ်စေသော ပြုလုပ်မှုတခုခုကိုပြုလျှင်၊ သို့တည်းမဟုတ်

(c) kills, injures, disposes of, ill-treats or loses any animal entrusted to him by the Government of the Union or of a State;

shall, on conviction by court-martial, be liable, if he has acted wilfully, to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned; and if he has acted without reasonable excuse, to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

False accusations.

**55.** Any person subject to this Act who commits any of the following offences, that is to say,—

(a) makes a false accusation against any person subject to military law, knowing or having reason to believe such accusation to be false; or

(b) in making a complaint under section 24 or 25 makes any statement affecting the character of any person subject to military law, knowing or having reason to believe such statement to be false or knowingly and wilfully suppresses any material facts;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to five years or such less punishment as is in this Act mentioned.

False declaration and falsifying official documents.

**56.** Any person subject to this Act who commits any of the following offences, that is to say,—

(a) in any report, return, list, certificate, book or other document made or signed by him, or of the contents of which it is his duty to ascertain the accuracy, knowingly makes, or is privy to the making of, any false or fraudulent statement; or

(b) in any document of the description mentioned in clause (a) knowingly makes, or is privy to the making of, any omission, with intent to defraud; or

(ဂ) ပြည်ထောင်စုနိုင်ငံ အစိုးရကဖြစ်စေ၊ ပြည်နယ်အစိုးရကဖြစ်စေ၊ မိမိအား ယုံကြည်အပ်နှံထားသော မည်သည့် တိရစ္ဆာန်ကိုမဆို သတ်ဖြတ်လျှင်၊ နာကျင်စေလျှင်၊ ထုဒွဲလျှင်၊ ညှဥ်းပန်းနှိပ်စက်လျှင်၊ သို့တည်းမဟုတ် ဆုံးရှုံးစေလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ တမင်ပြုသော ပြုမှုဖြစ်ပါက၊ တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ လုံလောက်သော အကြောင်းမရှိဘဲ ပြုသော ပြုမှုဖြစ်ပါက၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၅၅။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်——

**မဟုတ်မမှန် စွပ်စွဲမှု။**

(က) စွပ်စွဲချက်တခုကို မဟုတ်မမှန်ကြောင်းသိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်း ရှိလျက်နှင့်ဖြစ်စေ၊ စစ်ဘက်ဥပဒေကို လိုက်နာရသူ တဦးဦးအား၊ ထိုသို့ မဟုတ်မမှန် စွပ်စွဲလျှင်၊ သို့တည်း မဟုတ်

(ခ) ပုဒ်မ ၂၄၊ သို့တည်းမဟုတ် ပုဒ်မ ၂၅ အရ၊ တိုင်ကြားချက်တခုပြုရာ၌၊ စစ်ဘက်ဥပဒေကို လိုက်နာရသူတဦးဦး၏ အကျင့်စာရိတ္တထိခိုက်သော ထွက်ဆိုချက်တခုခုကို၊ ထိုထွက်ဆိုချက် မဟုတ်မမှန်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ ပြုလျှင်၊ သို့တည်းမဟုတ် အရေးပါသော အကြောင်းခြင်းရာများကို သိလျက်နှင့် တမင်ဖုံးကွယ်ထားလျှင်၊

**စစ်တရားရုံးက** ပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်ထိ **ထောင်ဒဏ်**ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၅၆။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်——

**မဟုတ်မမှန် ဖေါ်ပြမှုနှင့် အစိုးရစာတမ်း အမှတ်အသား များကို မဟုတ်မမှန် ပြုမှု။**

(က) မိမိပြုလုပ်ထားသော၊ သို့တည်းမဟုတ် မိမိလက်မှတ်ရေးထိုးထားသော၊ အစီရင်ခံစာ၊ ပြန်တမ်း၊ စာရင်း၊ သက်သေခံလက်မှတ်၊ စာအုပ်၊ သို့တည်းမဟုတ် အခြားစာတမ်း အမှတ်အသားတွင်ဖြစ်စေ၊ မိမိမှာ တိကျမှန်ကန်ခြင်းကို စိစစ်ရန် တာဝန်ဝတ်တရားရှိသည့် ၎င်းတို့တွင်ပါရှိသော အကြောင်းအရာများတွင်ဖြစ်စေ၊ မဟုတ်မမှန်သော၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားသော ထွက်ဆိုချက်တခုခုကို သိလျက်နှင့်ပြုလျှင်၊ သို့တည်းမဟုတ် ထိုထွက်ဆိုချက်တခုခုကို ပြုရာ၌ပါဝင်လျှင်၊ သို့တည်းမဟုတ်

(ခ) အပိုဒ်(က)၌ ဖေါ်ပြထားသော စာတမ်းအမှတ်အသား တမျိုးမျိုးတွင် လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့် တခုခုကိုပြုလုပ်ရန် သိလျက်နှင့် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် တခုခုကိုပြုလုပ်ရန် ပျက်ကွက်ရာ၌ ပါဝင်လျှင်၊ သို့တည်းမဟုတ်

(*c*) knowingly and with intent to injure any person, or knowingly and with intent to defraud, suppresses, defaces, alters or makes away with any document which it is his duty to preserve or produce; or

(*d*) where it is his official duty to make a declaration respecting any matter, knowingly makes a false declaration; or

(*e*) obtains for himself, or for any other person, any pension, pay, allowance or other advantage or privilege by a statement which is false, and which he either knows or believes to be fale or does not believe to be true, or by making or using a false entry in any book or record or by making any document containing a false statement or by omitting to make a true entry or document containing a true statement;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

**57.** Any person subject to this Act who commits any of the following offences, that is to say,—

**Signing in blank and failure to report.** (*a*) when signing any document relating to pay, arms, ammunition, equipment, clothing, supplies or stores, or any property of the Government of the Union or of a State fraudulently leaves in blank any material part for which his signature is a voucher; or

(ဂ) ထိန်းသိမ်းထားရန်ဖြစ်စေ၊ တင်ပြရန်ဖြစ်စေ၊ မိမိ၏ တာဝန်ဝတ်တရားဖြစ်သော စာတမ်းအမှတ်အသားတခုခုကို သိလျက်နှင့် သူတဦးဦးနစ်နာစေရန်အကြံဖြင့်၊ သို့တည်းမဟုတ် သိလျက်နှင့် သူတဦးဦးကို လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့် ဖုံးကွယ်ထားလျှင်၊ ဘတ်၍မရအောင်ပြုလုပ်လျှင်၊ ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် ဖျောက်ဖျက်လျှင်၊ သို့တည်းမဟုတ်

(ဃ) ကိစ္စတရပ်ရပ်နှင့်စပ်လျဉ်း၍၊ ဖွင့်ဟဖော်ပြရန် ရာထူးအလျောက် မိမိ၌ တာဝန်ဝတ်တရားရှိရာတွင်၊ သိလျက်နှင့် မဟုတ်မမှန် ဖွင့်ဟဖော်ပြလျှင်၊ သို့တည်းမဟုတ်

(င) မဟုတ်မမှန်သည်လည်းဖြစ်သည့်ပြင်၊ မဟုတ်မမှန်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ဟုတ်မှန်သည်ဟု မိမိ ယုံကြည်ခြင်း မရှိသည်လည်းဖြစ်သော ထွက်ဆိုချက်တခုဖြင့်သော်၎င်း၊ စာအုပ်၊ သို့တည်းမဟုတ် မှတ်တမ်းတခုခုတွင် မဟုတ်မမှန်သော ရေးသွင်းချက်တရပ်ကို ပြုလုပ်ခြင်းဖြင့်သော်၎င်း၊ ယင်းသို့ မဟုတ်မမှန် ရေးသွင်းချက်တရပ်ကို အသုံးပြုခြင်းဖြင့်သော်၎င်း၊ မဟုတ်မမှန်သော ထွက်ဆိုချက်တခုပါရှိသည့် စာတမ်းအမှတ်အသားတခုခုကို ပြုလုပ်ခြင်းဖြင့်သော်၎င်း၊ ဟုတ်မှန်သောရေးသွင်းချက်တခု၊ သို့တည်းမဟုတ် ဟုတ်မှန်သော ထွက်ဆိုချက်တခုပါရှိသော စာတမ်းအမှတ်အသားတခုပြုလုပ်ရန် ပျက်ကွက်ခြင်းဖြင့်သော်၎င်း၊ မိမိအတွက်ဖြစ်စေ၊ အခြားသူ တဦးဦးအတွက်ဖြစ်စေ၊ အငြိမ်းစားလစာ၊ လစာ၊ စရိတ်၊ သို့တည်းမဟုတ် အကျိုးခံစားခွင့်၊ သို့တည်းမဟုတ် ကျေးဇူးခံစားခွင့်တခုခုကို ရယူလျှင်၊

**စစ်တရားရုံးက** ပြစ်မှုထင်ရှား စီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေ**တွင်** ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

**ကွက်လပ်ချန်၍ လက်မှတ်ထိုးမှုနှင့် အစိုင်ခံ့ ဖျက်ကွက်မှု။**

**၅၇။** ။ဤအက်ဥပဒေကို လိုက်နာသူတဦးဦးသည်—

(က) လစာ၊ လက်နက်များ၊ ခဲယမ်း မီးကျောက်၊ ပစ္စည်းကိရိယာတန်ဆာပလာများ၊ အဝတ်အစား၊ ထောက်ပံ့ပစ္စည်းများ၊ သို့တည်းမဟုတ် ပစ္စည်းများ၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံ အစိုးရ၏၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရ၏ ပစ္စည်းတခုခုနှင့် စပ်လျဉ်းသော စာတမ်း အမှတ်အသားတခုခုကို လက်မှတ်ရေးထိုးရာတွင် အရေးပါသော အစိတ်အပိုင်း တခုခုအတွက် မှန်ကန်ကြောင်း မိမိ၏ လက်မှတ်သည်၊ ထောက်ခံချက် ဖြစ်ပါလျက်နှင့် လိမ်လည် လှည့်ဖြားလိုသော သဘောဖြင့် ထိုအရေးပါသော အစိတ်အပိုင်း တခုခုကို မဖြည့်စွက်ဘဲ ချန်လှပ်၍ထားလျှင်၊

(*b*) refuses or by culpable neglect omits to make or send a report or return which it is his duty to make or send;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

Offences relating to courts-martial.

**58.** Any person subject to this Act who commits any of the following offences, that is to say,—

(*a*) being duly summoned or ordered to attend as a witness before a court-martial, wilfully or without reasonable excuse, makes default in attending; or

(*b*) refuses to take an oath or make an affirmation legally required by a court-martial to be taken or made; or

(*c*) refuses to produce or deliver any document in his power or control legally required by a court-martial to be produced or delivered by him; or

(*d*) refuses when a witness to answer any question which he is by law bound to answer; or

(*e*) is guilty of contempt of court-martial by using insulting or threatening language, or by causing any interruption or disturbance in the proceedings of such court;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to three years or such less punishment as is in this Act mentioned.

False evidence.

**59.** Any person subject to this Act who, having been lawfully sworn as a witness or as an interpreter in proceedings before a court-martial or before any board or officer having power by virtue of this Act to administer oath, makes a statement material in those proceedings which he knows to be false or does not believe to be true shall, on conviction by court-martial, be liable to suffer imprisonment for a term not exceeding seven years or such less punishment as is in this Act mentioned.

(ခ) ပြုလုပ်ရန်သော်၎င်း၊ ပေးပို့ရန်သော်၎င်း၊ မိမိ၌တာဝန်ဝတ်တရားရှိသော **အစီ** ရင်ခံစာ၊ သို့တည်းမဟုတ် ပြန်တမ်းတခုခုကို ပြုလုပ်ရန်ဖြစ်စေ၊ ပေးပို့ရန် ဖြစ်စေ၊ ငြင်းပယ်လျှင်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ခံထိုက်သော ပေါ့လျော့ မှုဖြင့် ပျက်ကွက်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား **စီရင်သောအခါ**၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက် ဥပဒေတွင် **ဖော်**ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

**၃၈။** ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်―

**စစ်တရားရုံးများနှင့် စပ်လျဉ်းသော ပြစ်မှုများ။**

(က) စစ်တရားရုံးတရုံးသို့ သက်သေတဦးအဖြစ်ဖြင့် တက်ရောက်ရန် သမ္မာန်စာဖြစ်စေ၊ အမိန့်စာဖြစ်စေ၊ နည်းလမ်းတကျ ချအပ်ခြင်းခံရလျက်၊ တမင်သော်၎င်း၊ လုံလောက်သော အကြောင်းမရှိဘဲသော်၎င်း၊ တက်ရောက်ရန် ပျက်ကွက်လျှင်၊ သို့တည်း မဟုတ်

(ခ) ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ ပြုရန် စစ်တရားရုံးက တရားဥပဒေနှင့် အညီ ခိုင်းသည်ကို ငြင်းပယ်လျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိ၏အာဏာ၊ သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်မှု အတွင်းရှိသော **စာတမ်း** အမှတ်အသားတခုကို တင်ပြရန်သော်၎င်း၊ ပေးအပ်ရန်သော်၎င်း၊ စစ်တရားရုံး တရုံးက တရားဥပဒေနှင့်အညီ ခိုင်းသည်ကို ငြင်းပယ်လျှင်၊ သို့တည်းမဟုတ်

(ဃ) သက်သေတဦးအဖြစ်ဖြင့် တရားဥပဒေအရ ဖြေဆိုရန် တာဝန်ရှိသော မေးခွန်း တခုခုကို ဖြေဆိုရန် ငြင်းပယ်လျှင်၊ သို့တည်းမဟုတ်

(င) **မော်ကား**သော၊ သို့တည်းမဟုတ် ခြိမ်းခြောက်သော စကားကို အသုံးပြုခြင်း အားဖြင့်သော်၎င်း၊ စစ်တရားရုံး တရုံး၏ မှုခင်းကိစ္စများတွင် ဝင်ရောက် နှောင့်ယှက်ခြင်း၊ သို့တည်းမဟုတ် နှောင့်ယှက်ခြင်းတခုခုကို ဖြစ်စေခြင်းအားဖြင့် သော်၎င်း၊ ထိုစစ်တရားရုံးကို မထီလေးစားပြုလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား **စီရင်**သောအခါ၊ သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေ တွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၃၉။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ စစ်တရားရုံးတရုံးရှေ့တွင်၊ သို့တည်း မဟုတ် အဖွဲ့တခုခုရှေ့တွင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ကျမ်းသစ္စာတိုက်ရန် အာဏာချရှိထားသော အရာရှိ ရှေ့တွင် ရောက်ရှိနေသော မှုခင်းကိစ္စများ၌ မိမိသည်၊ သက်သေတဦးအဖြစ်ဖြင့်သော်၎င်း၊ စကားပြန် တဦးအဖြစ်ဖြင့်သော်၎င်း၊ တရားဥပဒေအရ ကျမ်းသစ္စာကျိန်ဆိုပြီးပါလျက်နှင့် မဟုတ်မမှန် ဟု မိမိသိသော၊ သို့တည်းမဟုတ် ဟုတ်မှန်သည်ဟု မိမိယုံကြည်ခြင်းမရှိသော၊ မှုခင်းကိစ္စများ တွင် အရေးပါသော ထွက်ဆိုချက်တခုကိုပြုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ် ဖြစ်စေ၊ ထိုက်သင့်စေရမည်။

**မဟုတ်မမှန်သက်သေခံမှု။**

Unlawful detention of pay.

**60.** Any officer, warrant officer or non-commissioned officer who, having received the pay of a person subject to this Act unlawfully detains or refuses to pay the same when due, shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to ten years or such less punishment as is in this Act mentioned.

Offences in relation to aircraft and flying.

**61.** Any person subject to this Act who commits any of the following offences, that is to say,—

(*a*) wilfully or without reasonable excuse damages, destroys or loses any aircraft or aircraft material belonging to the Union Government; or

(*b*) is guilty of any act or neglect likely to cause such damage, destruction or loss; or

(*c*) without lawful authority disposes of any aircraft or aircraft material belonging to the Union Government; or

(*d*) causes the loss of life or bodily injury to any person by any act or neglect in flying, or in the use of any aircraft, or in relation to any aircraft or aircraft material, which causes or is likely to cause the loss of life or bodily injury; or

(*e*) during a state of war, wilfully or without proper occasion or negligently, causes the sequestration, by or under the authority of a neutral State, or the destruction in a neutral State, of any aircraft belonging to the Union Government:

shall, on conviction by court-martial, be liable, if he has acted wilfully, to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned, and in any other case, to suffer imprisonment for a term which may extend to five years or such less punishment as is in this Act mentioned.

တရားဥပဒေနှင့် ဆန့်ကျင်၍ လစာကိုဆိုင်းထားမှု။

၆၀။ ။အရာရှိ၊ အရာခံဗိုလ်၊ သို့တည်းမဟုတ် အကြပ်တဦးဦးသည်၊ ဤအက်ဥပဒေကို လိုက်နာရသူတဦး၏ လစာကို လက်ခံထားပြီးသည့်နောက်၊ ထိုလစာကို အချိန်ကျရောက်သည့်အခါ၊ တရားဥပဒေနှင့် ဆန့်ကျင်၍ မပေးဘဲ၊ ဆိုင်းထားလျှင်၊ သို့တည်းမဟုတ် ပေးရန် ငြင်းပယ်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ဆယ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

ပျံသန်းရေးနှင့် လေယာဉ်ဆိုင်ရာပြစ်မှုများ။

၆၁။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

(က) ပြည်ထောင်စု နိုင်ငံအစိုးရပိုင် လေယာဉ်၊ သို့တည်းမဟုတ် လေယာဉ်ပစ္စည်းကို၊ တခင်သော်၎င်း၊ လုံလောက်သော အကြောင်းမရှိဘဲသော်၎င်း၊ ပျက်စီးနစ်နာစေလျှင်၊ ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ဆုံးရှုံးစေလျှင်၊ သို့တည်းမဟုတ်

(ခ) အဆိုပါ ပျက်စီးနစ်နာမှု၊ ဖျက်ဆီးမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှုဖြစ်စေ တန်ရာသော ပြုလုပ်မှု၊ သို့တည်းမဟုတ် ပေါ့လျော့မှုတခုခုကြောင့် ပျက်စီးနစ်နာမှု၊ ဖျက်ဆီးမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှုဖြစ်စေလျှင်၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စု နိုင်ငံအစိုးရပိုင် လေယာဉ်၊ သို့တည်းမဟုတ် လေယာဉ်ပစ္စည်းကို တရားဥပဒေနှင့်ညီသော အခွင့်အာဏာမရှိဘဲ ထုခွဲလျှင်၊ သို့တည်းမဟုတ်

(ဃ) အသက်ဆုံးရှုံးမှု၊ သို့တည်းမဟုတ် ကိုယ်အင်္ဂါနာကျင်မှုဖြစ်စေသော၊ သို့တည်းမဟုတ် ဖြစ်စေတန်ရာသော ပြုလုပ်မှု၊ သို့တည်းမဟုတ် ပေါ့လျော့မှုတခုခုကြောင့် ပျံသန်းရာတွင်သော်၎င်း၊ လေယာဉ်ကို အသုံးပြုရာတွင်သော်၎င်း၊ လေယာဉ်၊ သို့တည်းမဟုတ် လေယာဉ်ပစ္စည်းနှင့် စပ်လျဉ်း၍သော်၎င်း၊ သူတဦးဦးအား အသက်ဆုံးရှုံးမှု၊ သို့တည်းမဟုတ် ကိုယ်အင်္ဂါနာကျင်စေမှုဖြစ်စေလျှင်၊ သို့တည်းမဟုတ်

(င) စစ်ဖြစ်နေစဉ်တွင် ပြည်ထောင်စုနိုင်ငံအစိုးရပိုင် လေယာဉ်ကို တမင်ဖြစ်စေ၊ သင့်လျော်သော အကြောင်းမရှိဘဲဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ကြားနေတိုင်းပြည်တပြည်ကသော်၎င်း၊ ကြားနေတိုင်းပြည်တပြည်၏ အမိန့်အရသော်၎င်း၊ သိမ်းယူခြင်းခံရစေလျှင်၊ သို့တည်းမဟုတ် ကြားနေ တိုင်းပြည့်တပြည်တွင် ဖျက်ဆီးခြင်းခံရစေလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ တမင်ပြုသော ပြုမှုဖြစ်ပါက တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ တမင်ပြုသောပြုမှု မဟုတ်ပါက၊ ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

62. Any person subject to this Act who commits any of the following offences, that is to say,—

Other offences relating to aircraft and flying.

(a) signs any certificate in relation to an aircraft or aircraft material belonging to the Union Government without ensuring the accuracy thereof; or

(b) being the pilot of an aircraft belonging to the Union Government, flies it at a height less than such height as may be specified by the Chief of Staff, except while taking off or landing, or in such other circumstances as may be specified by the Chief of Staff; or

(c) being the pilot of an aircraft belonging to the Union Government flies it so as to cause, or to be likely to cause, unnecessary annoyance to any person;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to two years or such less punishment as is in this Act mentioned.

63. Any person subject to this Act who, whatever his rank, commits any of the following offences, that is to say,—

Disobedience of lawful command of captain of aircraft.

(a) while he is in an aircraft disobeys any lawful command given by the captain of the aircraft, whether such captain is subject to this Act or not as respects all matters relating to the flying or handling of the aircraft, or affecting the safety thereof; or

(b) being the captain of a glider aircraft towed by another aircraft disobeys any lawful command given by the captain of the towing aircraft, whether the latter is subject to this Act or not, as respects all matters aforesaid;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned.

၆၂။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

ပျံ့သန်းရေးနှင့် လေယာဉ်ဆိုင်ရာ အခြားပြစ်မှုများ။

(က) ပြည်ထောင်စုနိုင်ငံအစိုးရပိုင် လေယာဉ်၊ သို့တည်းမဟုတ် လေယာဉ်ပစ္စည်းနှင့်စပ်လျဉ်းသော သက်သေခံလက်မှတ်တခုခုကို တိကျမှန်ကန်ကြောင်း သေချာစွာ မစိစစ်ဘဲ လက်မှတ်ရေးထိုးလျှင်၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုနိုင်ငံ အစိုးရပိုင် လေယာဉ် တစီး၏ လေသူရဲဖြစ်သည်တွင်၊ မြေပြင်မှ လေယာဉ်ထွက်ခွါနေစဉ်၊ သို့တည်းမဟုတ် မြေပြင်သို့ လေယာဉ်သက်ဆင်းနေစဉ်၊ သို့တည်းမဟုတ် ကာကွယ်ရေး ဦးစီးချုပ်က သီးခြားဖေါ်ပြထားသော အခြားအကြောင်းအချက်များတွင်မှအပ၊ လေယာဉ်ကို ကာကွယ်ရေးဦးစီးချုပ်က သီးခြားဖေါ်ပြထားသည့် အမြင့်အောက်နိမ့်၍ ပျံ့သန်းလျှင်၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စုနိုင်ငံ အစိုးရပိုင်လေယာဉ်တစီး၏ လေသူရဲဖြစ်သည်တွင်၊ သူတဦးဦးအား မလိုလားအပ်သောစိတ်ငြိုငြင်ခြင်းဖြစ်စေသော၊ သို့တည်းမဟုတ် စိတ်ငြိုငြင်ခြင်းဖြစ်စေတန်ရာသော ပျံ့သန်းခြင်းမျိုးဖြင့် ထိုလေယာဉ်ကို ပျံ့သန်းလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

လေယာဉ်မှူး၏ တရားဥပဒေနှင့်ညီသော အမိန့်ကို ဖီဆန်မှု။

၆၃။ ။မည်သည့်အဆင့်မဆိုရှိသည့် ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်——

(က) လေယာဉ်တစီးအတွင်းရှိစဉ်၊ ထိုလေယာဉ်၏ လေယာဉ်မှူးမှာ၊ဤအက်ဥပဒေကို လိုက်နာရသူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သေယာဉ်ပျံသန်းရေးနှင့် သော်ငှင်း၊ ထိန်းသိမ်းရေးနှင့်သော်ငှင်း၊လုံခြုံမှုနှင့်သော်ငှင်း၊သက်ဆိုင်သည့် ကိစ္စအားလုံးနှင့် စပ်လျဉ်း၍ ထိုလေယာဉ်မှူးကပေးသော တရားဥပဒေနှင့်ညီသည့် အမိန့်တခုခုကို ဖီဆန်လျှင်၊ သို့တည်းမဟုတ်

(ခ) အခြားလေယာဉ်တစီးက ဆွဲသွားရသော စက်မဲ့လေယာဉ်တစီး၏ လေယာဉ်မှူးဖြစ်သည်တွင်၊ ဆွဲသည့်လေယာဉ်မှူးမှာ၊ ဤအက်ဥပဒေကို လိုက်နာရသူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အထက်ဆိုခဲ့ပြီးသော ကိစ္စအားလုံးနှင့် စပ်လျဉ်း၍ ထိုလေယာဉ်မှူးကပေးသော တရားဥပဒေနှင့်ညီသည့်အမိန့်တခုခုကို ဖီဆန်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ တဆယ့်လေးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

Offences in relation to ships.

**64.** (1) Any person subject to this Act who hazards or suffers to be hazarded any vessel belonging to or in the service of the Defence Services, shall, on conviction by court-martial, be liable, if he has acted wilfully, to suffer imprisonment for a term not exceeding fourteen years or such less punishment as is in this Act mentioned; and if he has not acted wilfully, to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

(2) Any person subject to this Act being an officer of a ship appointed for the convoy and protection of any ships or vessels who commits any of the following offences, that is to say,—

(*a*) fails to perform his duty without delay according to the instructions he received in that behalf; or

(*b*) fails to defend the ships and goods under his convoy without deviation to any other objects; or

(*c*) refuses to fight in their defence if they are assailed; or

(*d*) cowardly abandons or exposes the ships in his convoy to hazard; or

(*e*) demands or exacts any money or other reward from any merchant or master for convoying any ships or vessels entrusted to his care; or

(*f*) misuses the masters or mariners thereof;

shall, on conviction by court-martial, be liable to suffer death or such less punishment as is in this Act mentioned, and shall also be liable to make such reparation in damages to the merchants, owners and others as the High Court exercising Admiralty jurisdiction may adjudge.

(3) Any person subject to this Act in command of any ship who receives on board or permits to be received on board such ship any

**သင်္ဘောများနှင့် စပ်လျဉ်းသော ပြစ်မှုများ။**

၆၄။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ တပ်မတော်ပိုင်၊ သို့တည်းမဟုတ် တပ်မတော်က အသုံးပြုသော ရေယာဉ်ကို၊ ဘေးအန္တရာယ် မကင်းအောင် ပြုလုပ်သဖြင့်၊ သို့တည်းမဟုတ် ဘေးအန္တရာယ် မကင်းအောင် ဖြစ်စေသဖြင့်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ တမင်ပြုသော ပြစ်မှုဖြစ်ပါက တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ တမင်ပြုသောပြစ်မှုမဟုတ်ပါက၊ ခုနစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၂) သင်္ဘောများ၊ သို့တည်းမဟုတ် ရေယာဉ်များကို ခြံရံစောင့်ကြပ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသော သင်္ဘောတစင်း၏ အရာရှိတဦးဖြစ်သည့်၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

(က) တာဝန်ဝတ်တရားကို ဆောင်ရွက်ရန် ကိစ္စအလို့ငှါ ရရှိသောညွှန်ကြားချက်များနှင့်အညီ မိမိ၏တာဝန်ဝတ်တရားကို ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) အခြားမည်သည့်ကိစ္စကိုမျှ လွှဲပြောင်းဆောင်ရွက်ခြင်းမပြုဘဲ၊မိမိခြံရံစောင့်ကြပ်သော သင်္ဘောများနှင့် ကုန်စည်များကို ကာကွယ်ခုခံရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဂ) တိုက်ခိုက်ခြင်းခံရပါက၊ အဆိုပါသင်္ဘောများနှင့် ကုန်စည်များကို ကာကွယ်ခုခံပြီး တိုက်ခိုက်ရန်ငြင်းပယ်လျှင်၊ သို့တည်းမဟုတ်

(ဃ) မိမိခြံရံစောင့်ကြပ်လာသော အဆိုပါသင်္ဘောများကို၊ ဘေးအန္တရာယ်မကင်းအောင် သူရဲဘောနည်းစွာ စွန့်ခွါသွားလျှင်၊ သို့တည်းမဟုတ် အကာအကွယ်မရှိဘဲထားလျှင်၊ သို့တည်းမဟုတ်

(င) စောင့်ရှောက်ရန် မိမိအားအပ်နှံထားသော သင်္ဘောများ၊ သို့တည်းမဟုတ် ရေယာဉ်များကို ခြံရံစောင့်ကြပ်ခြင်းအတွက် ကုန်သည်၊ သို့တည်းမဟုတ် ရေယာဉ်မှူးတဦးဦးထံမှငွေ၊သို့တည်းမဟုတ် အခြားဆုလာဘ်တခုခုကိုတောင်းဆိုလျှင်၊ သို့တည်းမဟုတ် အတင်းအကြပ်တောင်းယူလျှင်၊ သို့တည်းမဟုတ်

(စ) အဆိုပါသင်္ဘောများ၊ သို့တည်းမဟုတ် ရေယာဉ်များမှ ရေယာဉ်မှူးများ သို့တည်းမဟုတ် သင်္ဘောသားများကို အလွဲအသုံးပြုလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ သေဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည့်ပြင်၊ တရားလွှတ်တော်က ရေကြောင်း စီရင်ပိုင်ခွင့်အာဏာသုံးစွဲလျက်၊ စီရင်ဆုံးဖြတ်သည့် လျော်ကြေးကိုလည်း၊ ကုန်သည်များ၊ ပိုင်ရှင်များနှင့် အခြားသူများအားပေးရမည်။

(၃) ဤအက်ဥပဒေကို လိုက်နာရသူ ရေယာဉ်မှူးတဦးဦးသည်၊ မိမိသင်္ဘောသုံးရန်သာဖြစ်သော ကုန်စည်များ၊ အရောင်းအဝယ် ကုန်စည်များမှအပ၊ သို့တည်းမဟုတ် ဆိုင်ရာပိုင်ရှင်

goods or merchandise whatsoever, other than for the sole use of the ship, except goods and merchandise belonging to any merchant, or on board any ship which may be shipwrecked or in imminent danger, either on the high seas or in some port, creek, or harbour, for the purpose of preserving them for their proper owners, or except such goods or merchandise as he may at any time be ordered to take or receive on board by order of the President or his superior officer, shall, on conviction by court-martial, be liable to be dismissed or to suffer such less punishment as is in this Act mentioned.

(4) Any person subject to this Act who commits any of the following offences, that is to say,—

(*a*) fails to preserve all the papers, charter-parties, bills of lading, passports and other writings whatsoever, that shall be taken, seized or found aboard any ship seized as prize; or

(*b*) being the commanding officer of the ship which shall take such prize, fails to send the original papers, charter-parties, bills of lading, passports and other writings whatsoever, entire and without fraud through proper naval channels to the High Court exercising Admiralty jurisdiction or such court or commissioners as shall be authorized to determine whether such prize be lawful capture, there to be viewed, made use of, and proceeded upon according to law;

shall, on conviction by court-martial, be liable to be dismissed or to suffer such less punishment as is in this Act mentioned, and in addition thereto shall forfeit and lose his share of the capture.

(5) Any person subject to this Act who commits any of the following offences, that is to say,—

(*a*) takes out of any prize or ship seized for prize any money, or goods; unless it shall be necessary for the better securing

များအတွက် မပျက်စီးရန် ထိန်းသိမ်းထားရမည့် ကုန်သည်တဦးဦးပိုင် ကုန်စည်များ၊ အရောင်းအဝယ် ကုန်စည်များမှအပ၊ သို့တည်းမဟုတ် ဆိုင်ရာပိုင်ရှင်များအတွက် မပျက်စီးရန်ထိန်းသိမ်းထားရမည့် ပင်လယ်ပြင်တွင်ဖြစ်စေ၊ သင်္ဘောဆိပ်တွင်ဖြစ်စေ၊ ချောင်းတွင်းတွင်ဖြစ်စေ၊ ဆိပ်ကမ်းတွင်ဖြစ်စေ၊ ပျက်စီးသွားသည့်သင်္ဘောပေါ်တွင်သော်၎င်း၊ ဘေးအန္တရာယ်ရောက်မည့် ဆဲဆဲဖြစ်သော သင်္ဘောပေါ်တွင်သော်၎င်း၊ ရှိသည့်ကုန်စည်များ၊ အရောင်းအဝယ် ကုန်စည်များမှအပ၊ သို့တည်းမဟုတ် မည်သည့်အချိန်တွင်မဆို နိုင်ငံတော်သမတကဖြစ်စေ၊ မိမိအထက်အရာရှိကဖြစ်စေ၊ သင်္ဘောပေါ်တွင် ယူဆောင်ရန်သော်၎င်း၊ လက်ခံရန်သော်၎င်း၊ မိမိအား အမိန့်ပေးသည့် ကုန်စည်များ၊ အရောင်းအဝယ်ကုန်စည်များမှအပ၊ မိမိသင်္ဘောပေါ်တွင် အခြားမည်သည့်ကုန်စည်များ၊ အရောင်းအဝယ်ကုန်စည်များကိုမဆို လက်ခံလျှင်၊ သို့တည်းမဟုတ် လက်ခံရန်ခွင့်ပြုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ အမြဲတမ်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ပေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၄) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

(က) သိမ်းရပစ္စည်းအဖြစ်ဖြင့် ဘမ်းဆီးထားသော သင်္ဘောတစင်းပေါ်တွင် တွေ့ရှိသော စာရွက်စာတမ်းများ၊ သင်္ဘောငှါး စာချုပ်များ၊ သင်္ဘောကုန်တင်တန်ဆာများ၊ နိုင်ငံကူးလက်မှတ်များနှင့် အခြားမည်သည့် စာတမ်းအမှတ်အသားကိုမဆို ထိန်းသိမ်းထားရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) သိမ်းရပစ္စည်းဖြစ်သည့် အဆိုပါသင်္ဘောကို ယူဆောင်သွားရမည့် ရေယာဉ်၏ ရေယာဉ်မှူးဖြစ်သည်တွင်၊ ရေကြောင်းစီရင်ပိုင်ခွင့် အာဏာရှိ တရားလွှတ်တော်သို့သော်၎င်း၊ အဆိုပါသိမ်းရပစ္စည်းများကို တရားဥပဒေနှင့်အညီ ဘမ်းဆီးခြင်းဟုတ်၊ မဟုတ် ဆုံးဖြတ်ရန် အာဏာ လွှဲအပ်ထားသည့် တရားရုံး၊ သို့တည်းမဟုတ် အမှုအရေးလွှဲအပ်ခံရသူအရာရှိများထံသို့သော်၎င်း၊ ထိုရုံးများ၊သို့တည်းမဟုတ် အရာရှိများက ကြည့်ရှုစစ်ဆေးရန်၊ အသုံးချရန်နှင့် တရားဥပဒေအရ ဆက်လက်ဆောင်ရွက်ရန် ထိုစာရွက်စာတမ်းများ၊ သင်္ဘောငှါး စာချုပ်များ၊ သင်္ဘောကုန်တင်တန်ဆာများ၊ နိုင်ငံကူးလက်မှတ်များနှင့် အခြားစာတမ်းအမှတ်အသားမှုရင်းအလုံးစုံကို လိမ်လည်လှည့်ဖြားမှုမရှိဘဲ ရေတပ်သက်ဆိုင်ရာတို့မှ တဆင့်ပို့ရန်ပျက်ကွက်ခဲ့လျှင်၊

စစ်ရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ အမြဲတမ်း ထုတ်ပစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည့်ပြင်၊ ဘမ်းဆီးရမိသည့် ပစ္စည်းထဲမှ မိမိ၏ ဝေစုကို သိမ်းယူခြင်းနှင့် ဆုံးရှုံးခြင်းလည်း ခံထိုက်စေရမည်။

(၅) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

(က) ရေကြောင်း စီရင်ပိုင်ခွင့် အာဏာသုံးစွဲလျက်၊ တရားလွှတ်တော်က တရားဥပဒေနှင့်အညီ သိမ်းရပစ္စည်းဟုတ်ကြောင်း စီရင်ဆုံးဖြတ်ခြင်း မပြုမီ၊ မည်

goods or merchandise whatsoever, other than for the sole use of the ship, except goods and merchandise belonging to any merchant, or on board any ship which may be shipwrecked or in imminent danger, either on the high seas or in some port, creek, or harbour, for the purpose of preserving them for their proper owners, or except such goods or merchandise as he may at any time be ordered to take or receive on board by order of the President or his superior officer, shall, on conviction by court-martial, be liable to be dismissed or to suffer such less punishment as is in this Act mentioned.

(4) Any person subject to this Act who commits any of the following offences, that is to say,—

(*a*) fails to preserve all the papers, charter-parties, bills of lading, passports and other writings whatsoever, that shall be taken, seized or found aboard any ship seized as prize; or

(*b*) being the commanding officer of the ship which shall take such prize, fails to send the original papers, charter-parties, bills of lading, passports and other writings whatsoever, entire and without fraud through proper naval channels to the High Court exercising Admiralty jurisdiction or such court or commissioners as shall be authorized to determine whether such prize be lawful capture, there to be viewed, made use of, and proceeded upon according to law;

shall, on conviction by court-martial, be liable to be dismissed or to suffer such less punishment as is in this Act mentioned, and in addition thereto shall forfeit and lose his share of the capture.

(5) Any person subject to this Act who commits any of the following offences, that is to say,—

(*a*) takes out of any prize or ship seized for prize any money, or goods; unless it shall be necessary for the better securing

များအတွက် မပျက်စီးရန် ထိန်းသိမ်းထားရမည့် ကုန်သည်တဦးဦးပိုင် ကုန်စည်များ၊ အရောင်းအဝယ် ကုန်စည်များမှအပ၊ သို့တည်းမဟုတ် ဆိုင်ရာပိုင်ရှင်များအတွက် မပျက်စီးရန်ထိန်းသိမ်းထားရမည့် ပင်လယ်ပြင်တွင်ဖြစ်စေ၊ သင်္ဘောဆိပ်တွင်ဖြစ်စေ၊ ချောင်းတွင်းတွင်ဖြစ်စေ၊ ဆိပ်ကမ်းတွင်ဖြစ်စေ၊ ပျက်စီးသွားသည့်သင်္ဘောပေါ်တွင်သော်၎င်း၊ ဘေးအန္တရာယ်ရောက်မည့် ဆဲဆဲဖြစ်သော သင်္ဘောပေါ်တွင်သော်၎င်း၊ ရှိသည့်ကုန်စည်များ၊ အရောင်းအဝယ် ကုန်စည်များမှအပ၊ သို့တည်းမဟုတ် မည်သည့်အချိန်တွင်မဆို နိုင်ငံတော်သမတကဖြစ်စေ၊ မိမိအထက်အရာရှိကဖြစ်စေ၊ သင်္ဘောပေါ်တွင် ယူဆောင်ရန်သော်၎င်း၊ လက်ခံရန်သော်၎င်း၊ မိမိအား အမိန့်ပေးသည့် ကုန်စည်များ၊ အရောင်းအဝယ်ကုန်စည်များမှအပ၊ မိမိသင်္ဘောပေါ်တွင် အခြားမည်သည့်ကုန်စည်များ၊ အရောင်းအဝယ်ကုန်စည်များကိုမဆို လက်ခံလျှင်၊ သို့တည်းမဟုတ် လက်ခံရန်ခွင့်ပြုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ အမြဲတမ်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ပေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၄) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

(က) သိမ်းရပစ္စည်းအဖြစ်ဖြင့် ဘမ်းဆီးထားသော သင်္ဘောတစင်းပေါ်တွင် တွေ့ရှိသော စာရွက်စာတမ်းများ၊ သင်္ဘောငှါး စာချုပ်များ၊ သင်္ဘောကုန်တင်တန်ဆာများ၊ နိုင်ငံကူးလက်မှတ်များနှင့် အခြားမည်သည့် စာတမ်းအမှတ်အသားကိုမဆို ထိန်းသိမ်းထားရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) သိမ်းရပစ္စည်းဖြစ်သည့် အဆိုပါသင်္ဘောကို ယူဆောင်သွားရမည့် ရေယာဉ်၏ ရေယာဉ်မှူးဖြစ်သည်တွင်၊ ရေကြောင်းစီရင်ပိုင်ခွင့် အာဏာရှိ တရားလွှတ်တော်သို့သော်၎င်း၊ အဆိုပါသိမ်းရပစ္စည်းများကို တရားဥပဒေနှင့်အညီ ဘမ်းဆီးခြင်းဟုတ်၊ မဟုတ် ဆုံးဖြတ်ရန် အာဏာ လွှဲအပ်ထားသည့် တရားရုံး၊ သို့တည်းမဟုတ် အမှုအရေးလွှဲအပ်ခံရသူအရာရှိများထံသို့သော်၎င်း၊ ထိုရုံးများ၊သို့တည်းမဟုတ် အရာရှိများက ကြည့်ရှုစစ်ဆေးရန်၊ အသုံးချရန်နှင့် တရားဥပဒေအရ ဆက်လက်ဆောင်ရွက်ရန် ထိုစာရွက်စာတမ်းများ၊ သင်္ဘောငှါး စာချုပ်များ၊ သင်္ဘောကုန်တင်တန်ဆာများ၊ နိုင်ငံကူးလက်မှတ်များနှင့် အခြားစာတမ်းအမှတ်အသားမှုရင်းအလုံးစုံကို လိမ်လည်လှည့်ဖြားမှုမရှိဘဲ ရေတပ်သက်ဆိုင်ရာတို့မှ တဆင့်ပို့ရန်ပျက်ကွက်ခဲ့လျှင်၊

စစ်ရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ အမြဲတမ်း ထုတ်ပစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည့်ပြင်၊ ဘမ်းဆီးရမိသည့် ပစ္စည်းထဲမှ မိမိ၏ ဝေစုကို သိမ်းယူခြင်းနှင့် ဆုံးရှုံးခြင်းလည်း ခံထိုက်စေရမည်။

(၅) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

(က) ရေကြောင်း စီရင်ပိုင်ခွင့် အာဏာသုံးစွဲလျက်၊ တရားလွှတ်တော်က တရားဥပဒေနှင့်အညီ သိမ်းရပစ္စည်းဟုတ်ကြောင်း စီရင်ဆုံးဖြတ်ခြင်း မပြုမီ၊ မည်

thereof, or for the necessary use and service of any of the ships of the Union Government in commission, before the same be adjudged lawful prize by the High Court exercising Admiralty jurisdiction; or

(b) does not bring in the full and entire account of the whole capture to be adjudged lawful prize by the High Court exercising Admiralty jurisdiction;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years, or such less punishment as is in this Act mentioned, and in addition thereto forfeit and lose his share of the capture.

(6) Any person subject to this Act who pillages, beats, ill-treats or strips off the clothes of any officer, mariner or other persons, on board any ship or vessel taken as prize, shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned

(7) Any person subject to this Act, being the commanding officer of any ship of the Union Government in commission, who commits any of the following offences, that is to say,—

(a) by collusion with the enemy takes as prize any vessel, goods, or thing; or

(b) unlawfully agrees with any person for the ransoming of any vessel, goods, or thing taken as prize; or

(c) in pursuance of any unlawful agreement for ransoming or otherwise by collusion actually quits or restores any vessel, goods, or thing taken as prize;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

(8) Any person subject to this Act who breaks bulk on board any vessel taken as prize, or detained in the exercise of any belligerent

သည့်ခွင့်၊ သို့တည်းမဟုတ် ကုန်စည်ကိုမဆို၊ ၎င်းတို့၏ ပိုမိုလုံခြုံမှုအတွက် လိုအပ်သည်မဟုတ်ဘဲနှင့်၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံအစိုးရ အသုံးပြုနေသော သင်္ဘောတစင်းအတွက် အသုံးပြုရန်လိုအပ်သည်မဟုတ်ဘဲနှင့်သိမ်းရပစ္စည်းထဲမှ၊ သို့တည်းမဟုတ် သိမ်းရပစ္စည်းအဖြစ် ဘမ်းဆီးထားသော သင်္ဘောထဲမှ ထုတ်ယူလျှင်၊ သို့တည်းမဟုတ်

(ခ) ရေကြောင်း စီရင်ပိုင်ခွင့်အာဏာ သုံးစွဲလျက်၊ တရားလွှတ်တော်က တရားဥပဒေနှင့်အညီ သိမ်းရပစ္စည်းဖြစ်ကြောင်း စီရင်ဆုံးဖြတ်ပေးရန် အတွက် ဘမ်းဆီးရမိခြင်း၏ အကြောင်းအရာ အပြည့်အစုံကို ယူဆောင်၍ မလာဘဲနေလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည့်ပြင်၊ ဘမ်းဆီးရမိသည့် ပစ္စည်းထဲမှ၊ မိမိ၏ဝေစုကို သိမ်းယူခြင်းနှင့် ဆုံးရှုံးခြင်းလည်း ခံထိုက်စေရမည်။

(၆) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ သိမ်းရပစ္စည်းအဖြစ် ဘမ်းဆီးထားသော သင်္ဘော၊ သို့တည်းမဟုတ် ရေယာဉ်ပေါ်ရှိ အရာရှိ၊ သင်္ဘောသား၊ သို့တည်းမဟုတ် အခြားသူ တဦးဦးကို လုယက်လျှင်၊ ရိုက်နှက်လျှင်၊ နှိပ်စက်ညှဉ်းဆဲလျှင်၊ သို့တည်းမဟုတ် ထိုအရာရှိ၊ သင်္ဘောသား၊ သို့တည်းမဟုတ် အခြားသူ၏အဝတ်အစားကို ဆွဲချွတ်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၇) ပြည်ထောင်စုနိုင်ငံ အစိုးရအသုံးပြုသော သင်္ဘောတစင်းကို ကွပ်ကဲသော အရာရှိဖြစ်သည့်၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်——

(က) ရန်သူနှင့်အတူ ပူးပေါင်းကြံစည်ပြီး ရေယာဉ်၊ ကုန်စည်များ၊ သို့တည်းမဟုတ် အရာဝတ္ထု တခုခုကို သိမ်းရပစ္စည်းအဖြစ်ယူလျှင်၊ သို့တည်းမဟုတ်

(ခ) သိမ်းရပစ္စည်းအဖြစ်ဖြင့် ဘမ်းဆီးထားသော ရေယာဉ်၊ ကုန်စည်များ၊ သို့တည်းမဟုတ် အရာဝတ္ထုတခုခုကို ရွေးယူစေရန်၊ သူတဦးဦးနှင့် တရားဥပဒေနှင့် ဆန့်ကျင်လျက် သဘောတူလျှင်၊ သို့တည်းမဟုတ်

(ဂ) သိမ်းရပစ္စည်းအဖြစ်ဖြင့် ဘမ်းဆီးထားသော ရေယာဉ်၊ ကုန်စည်များ၊ သို့တည်းမဟုတ် အရာဝတ္ထု တခုခုကို ရွေးယူရန်အတွက် တရားဥပဒေနှင့် ဆန့်ကျင်လျက် သဘောတူညီထားချက်နှင့်အညီ၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ပူးပေါင်းကြံစည်ပြုလုပ်ထားခြင်းနှင့်အညီ၊ လက်လွှတ်လိုက်လျှင်၊ သို့တည်းမဟုတ် ပြန်အပ်လိုက်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၈) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ သိမ်းရပစ္စည်းအဖြစ် ဘမ်းဆီးထားသည့်၊ သို့တည်းမဟုတ် စစ်မက် ဘက်ပြိုင်ခြင်း၏ အခွင့်အရေးတခုခုကို သုံးစွဲ၍ဖြစ်စေ၊

right, or under any Act relating to piracy or to the slave trade or to the Customs, with intent to embezzle anything therein or belonging thereto, shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned, and in addition thereto forfeit and lose his share of the capture.

Breach of discipline.

**65.** Any person subject to this Act who is guilty of any act or omission which, though not specified in this Act, is prejudicial to good order and military discipline shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

Miscellaneous offences.

**66.** Any person subject to this Act who commits any of the following offences, that is to say,—

(*a*) being in command at any post or on the march, and receiving a complaint that any one under his command has beaten or otherwise maltreated or oppressed any person, or has disturbed any fair or market, or committed any riot or trespass, fails to have due reparation made to the injured person or to report the case to the proper authority; or

(*b*) by defiling any place of worship, or otherwise, intentionally insults the religion or wounds the religious feelings of any person; or

(*c*) attempts to commit suicide, and in such attempt does any act towards the commission of such offence; or

(*d*) being below the rank of warrant officer, when off duty, appears, without proper authority, in or out of the unit

ရေကြောင်း ခါးပြတိုက်ခြင်းဆိုင်ရာ၊ သို့တည်းမဟုတ် ကျွန်ကုန်ကူးခြင်းဆိုင်ရာ၊ သို့တည်းမဟုတ် အကောက်တော်ဆိုင်ရာ အက်ဥပဒေ တခုခုအရဖြစ်စေ၊ တားဆီးထားသည့် ရေယာဉ်တစင်း ပေါ်ရှိ၊ သို့တည်းမဟုတ် ရေယာဉ်ပိုင် မည်သည့် အရာဝတ္ထုကိုမဆို၊ အလွဲသုံးစားပြုလုပ်ရန် အကြံဖြင့် အချို့အဝက်ကို ဖေါက်၍နုတ်ယူလျှင်၊ စစ်တရားရုံးက ဖြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ် ဖြစ်စေ၊ ထိုက်သင့်စေရမည့်ပြင်၊ ဘမ်းဆီးရမိသည့် ပစ္စည်းထဲမှ မိမိ၏ဝေစုကို သိမ်းယူခြင်းနှင့် ဆုံးရှုံးခြင်းလည်း ခံထိုက်စေရမည်။

စည်းကမ်းဖေါက်ဖျက်မှု။

၆၅။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ ဤအက်ဥပဒေတွင် သီးခြား ဖေါ်ပြမထားသော်လည်း စံနစ်တကျ ရှိခြင်းနှင့် စစ်စည်းကမ်းကို ထိခိုက်သော ပြုလုပ်မှုကိုပြုလျှင်၊ သို့တည်းမဟုတ် စံနစ်တကျ ရှိခြင်းနှင့် စစ်စည်းကမ်း ထိခိုက်အောင် ပျက်ကွက်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

အထွေထွေပြစ်မှုများ။

၆၆။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

(က) တာဝန်ကျနေရာတခုကို ကပ်ကဲနေရစဉ်ဖြစ်စေ၊ စစ်ချီ နေစဉ်ဖြစ်စေ၊ မိမိ လက်အောက်ရှိ တဦးတယောက် သောသူက အခြားသူတဦးဦးအား ရိုက်နှက်သည်၊ သို့တည်းမဟုတ် အခြား နည်းဖြင့် ညှဉ်းပန်းသည်၊ သို့တည်းမဟုတ် ဆိန္နိပ်ချုပ်ချယ်သည်၊ သို့တည်း မဟုတ် ပွဲဈေးတခုခုကိုသော်၎င်း၊ ဈေးတခုခုကိုသော်၎င်း၊ နှောင့်ရှက်သည်၊ သို့တည်းမဟုတ် ရန်းရင်း ဆန်ခတ်မှုကိုသော်၎င်း၊ ကျော်နင်းမှုကိုသော်၎င်း ကျူးလွန်သည်ဟု တိုင်ကြားချက် တရပ်ကို ရရှိလျက်နှင့် နစ်နာသူကို ထိုက် သင့်သော ကြေနပ်မှု ရရှိအောင် ပြုလုပ်ရန် ပျက်ကွက်လျှင်၊ သို့တည်း မဟုတ် ဆိုင်ရာအာဏာပိုင်ထံ အမှုကို အစီရင်ခံရန် ပျက်ကွက်လျှင်၊ သို့တည်း မဟုတ်

(ခ) ကိုးကွယ်ဝတ်ပြုသော နေရာတခုခုကို ယုတ်ညံ့စေခြင်းဖြင့်ဖြစ်စေ၊ အခြားနည်း ဖြင့်ဖြစ်စေ၊ သူတဦးဦး၏ ဘာသာ သာသနာကို၊ တမင်စော်ကားလျှင်၊ သို့တည်းမဟုတ် သူတဦးဦး၏ ဘာသာရေးစိတ်ကို တမင်နာကြည်းစေလျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိကိုယ်ကို မိမိသတ်ရန်အားထုတ်၍ ထိုသို့အားထုတ်ရာတွင် ထိုပြစ်မှုကျူးလွန် ရန် ရှေ့ရှုသော ပြုလုပ်မှုတခုခုကို ပြုလျှင်၊ သို့တည်းမဟုတ်

(ဃ) အရာခံဗိုလ်အောက် အဆင့်ရှိသူဖြစ်လျက်၊ တာဝန်ပတ်တရား မထမ်းဆောင် သည့်အခါ၊ ဆိုင်ရာအခွင့်အာဏာမပါရှိဘဲ၊ တပ်၊ သို့တည်းမဟုတ် စစ်စခန်း၊ သို့တည်းမဟုတ် သင်္ဘောအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ၊ ရိုင်ဖယ်၊ စစ်

lines or camp or ship, carrying a rifle, sword or other offensive weapon ; or

(*e*) directly or indirectly accepts or obtains, or agrees to accept or attempts to obtain, for himself or for any other person, any gratification as a motive or reward for procuring the enrolment of any person, or leave of absence, promotion or any other advantage or indulgence for any person in the service ; or

(*f*) commits any offence against the property or person of any inhabitant of, or resident in, the country in which he is serving ;

shall, on conviction by court-martial, be liable to suffer imprisonment for a term which may extend to seven years or such less punishment as is in this Act mentioned.

Attempt.

**67.** Any person subject to this Act who attempts to commit any of the offences specified in sections 32 to 66 inclusive and in such attempt does any act towards the commission of the offence, shall, on conviction by court-martial, where no express provision is made by this Act for the punishment of such attempt, be liable

if the offence attempted to be committed is punishable with death, to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned ; and

if the offence attempted to be committed is punishable with imprisonment, to suffer imprisonment for a term which may extend to one-half of the longest term provided for that offence or such less punishment as is in this Act mentioned.

Abetment of offences that have been committed.

**68.** Any person subject to this Act who abets the commission of any of the offences specified in sections 32 to 66 inclusive shall, on conviction by court-martial, if the act abetted is committed in consequence of the abetment and no express provision is

ဓါးလှံယ်၊ သို့တည်းမဟုတ် ရန်မူနိုင်သော အခြားလက်နက်ကို ကိုင်ဆောင်လျှင်၊ သို့တည်းမဟုတ်

(င) သူတဦးဦး၏ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးကို ဆောင်ရွက်ပေးရန်၊ သို့တည်းမဟုတ် စစ်မှုထမ်းနေသူ တဦးဦးအတွက် ခွင့်ရက်ရရေးကိုသော်၎င်း၊ ရာထူးတိုးမြှင့်ရေးကိုသော်၎င်း၊ အခြားကျေးဇူးတခုခုကို သော်၎င်း၊ အခြားလိုက်လျောမှုတခုခုကိုသော်၎င်း၊ ဆောင်ရွက်ပေးရန်အတွက် ရည်ရွယ်ချက်အဖြစ်ဖြင့်ဖြစ်စေ၊ ဆုလာဘ်အဖြစ်ဖြင့်ဖြစ်စေ၊တံစိုးတခုခုကို မိမိအတွက်သော်၎င်း၊ သူတပါးအတွက်သော်၎င်း၊ တိုက်ရိုက်၊ သို့တည်းမဟုတ် သွယ်ဝိုက်၍ လက်ခံလျှင်၊ သို့တည်းမဟုတ် ရယူလျှင်၊ သို့တည်းမဟုတ် လက်ခံရန် သဘောတူလျှင်၊ သို့တည်းမဟုတ် ရယူရန် အားထုတ်လျှင်၊ သို့တည်းမဟုတ်

(စ) မိမိစစ်မှုထမ်း နေသော တိုင်းပြည်တွင် ယာယီ၊ သို့တည်းမဟုတ် အမြဲနေထိုင်သူတဦးဦး၏ ပစ္စည်းကိုသော်၎င်း၊ ကိုယ်ကိုသော်၎င်း၊ ထိခိုက်စေသော ပြစ်မှုတခုခုကို ကျူးလွန်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၆၇။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ ပုဒ်မ ၃၂ မှ ၆၆ ထိ၊ ထိုပုဒ်မနှစ်ခုလုံး အပါအဝင်ဖြစ်သော ပုဒ်မများတွင် သီးခြားဖေါ်ပြထားသော ပြစ်မှုများအနက် ပြစ်မှုတခုခုကို ကျူးလွန်ရန် အားထုတ်၍ ထိုသို့အားထုတ်ရာတွင် ပြစ်မှုကျူးလွန်ခြင်းသို့ ရှေးရှုသော ပြုလုပ်မှု တခုခုကိုပြုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ အဆိုပါ အားထုတ်မှုအတွက် ပြစ်ဒဏ်ချမှတ်ရန် ဤအက်ဥပဒေ၌ အတိအလင်း ပြဋ္ဌာန်းခြင်း မပြုသည့်အခါ၊

အားထုတ်မှု။

ကျူးလွန်ရန် အားထုတ်သည့် ပြစ်မှုသည်၊ သေဒဏ်စီရင်ထိုက်သည့် ပြစ်မှုဖြစ်ပါက၊ တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

ကျူးလွန်ရန် အားထုတ်သည့် ပြစ်မှုသည်၊ ထောင်ဒဏ် စီရင်ထိုက်သည့် ပြစ်မှုဖြစ်ပါက ထိုပြစ်မှုအတွက် သတ်မှတ်သည့် အများဆုံး ထောင်ဒဏ်ကာလ၏ တဝက်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၆၈။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ ပုဒ်မ ၃၂ မှ ၆၆ ထိ၊ ထိုပုဒ်မနှစ်ခုလုံး အပါအဝင်ဖြစ်သော ပုဒ်မများတွင် သီးခြား ဖေါ်ပြထားသော ပြစ်မှုများအနက် ပြစ်မှုတခုခု ကျူးလွန်ခြင်းကို အားပေး ကူညီလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ထိုအားပေးကူညီခြင်း ခံရသော ပြုလုပ်မှု အထမြောက်ခဲ့ရာတွင်၊ အားပေးကူညီခြင်း

ကျူးလွန်ပြီးဖြစ်သော ပြစ်မှုကို အားပေးကူညီမှု။

made by this Act for the punishment of such abetment, be liable to suffer the punishment provided for that offence.

Abetment of offences punishable with death and not committed.

**69.** Any person subject to this Act who abets the commission of any of the offences punishable with death under sections 32, 33, 36, sub-section (1) of section 37 and sub-section (2) of section 64 shall, on conviction by court-martial, if that offence be not committed in consequence of the abetment, and no express provision is made by this Act for the punishment of such abetment, be liable to suffer imprisonment for a term which may extend to fourteen years or such less punishment as is in this Act mentioned.

Abetment of offences punishable with imprisonment and not committed.

**70.** Any person subject to this Act who abets the commission of any of the offences specified in sections 32 to 66 inclusive and punishable with imprisonment shall, on conviction by court-martial, if that offence be not committed in consequence of the abetment, and no express provision is made by this Act for the punishment of such abetment, be liable to suffer imprisonment for a term which may extend to one-half of the longest term provided for that offence or such less punishment as is in this Act mentioned.

Civil offences.

**71.** Subject to the provisions of section 72, any person subject to this Act, who at any place in or beyond the Union of Burma commits any civil offence shall be deemed to be guilty of an offence against this Act, and, if charged therewith under this section, shall be liable to be tried by a court-martial, and, on conviction, be punishable as follows, that is to say,—

(*a*) if the offence is one which would be punishable under any law in force in the Union of Burma with death or with transportation, he shall be liable to suffer any punishment, other than whipping, assigned for the offence, by the aforesaid law and such less punishment as is in this Act mentioned ; and

(*b*) in any other case, he shall be liable to suffer any punishment, other than whipping, assigned for the offence by the law

အတွက် ပြစ်ဒဏ်ကို၊ ဤအက်ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိပါက၊ ကျူးလွန်ခဲ့သော ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ထိုက်သင့်စေရမည်။

**သေဒဏ်ထိုက်သင့် သော်လည်း ကျူးလွန်ခြင်း အထမမြောက်သည့် ပြစ်မှုကို အားပေးကူညီမှု။**

၆၉။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ ပုဒ်မ ၃၂၊ ၃၃၊ ၃၆၊ ၃၇ (၁) နှင့် ၆၄ (၂) အရ၊ သေဒဏ်ထိုက်သင့်သော ပြစ်မှုတခုခုကို ကျူးလွန်ရန် အားပေးကူညီလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ထိုပြစ်မှုကျူးလွန်ခြင်း အထမမြောက်ခဲ့ရာတွင်၊ ထိုအားပေး ကူညီမှုအတွက် ဤအက်ဥပဒေက ပြစ်ဒဏ်အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိပါက တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် သျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

**ထောင်ဒဏ် ထိုက်သင့်သော်လည်း ကျူးလွန်ခြင်း အထမမြောက်သည့် ပြစ်မှုကို အားပေးကူညီမှု။**

၇၀။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ ပုဒ်မ ၃၂ မှ ၆၆ ထိ၊ ထိုပုဒ်မနှစ်ခုလုံး အပါအဝင်ဖြစ်သော ပုဒ်မများတွင် သီးခြားဖော်ပြထား၍၊ ထောင်ဒဏ် ထိုက်သင့်သော ပြစ်မှုတခုခုကို ကျူးလွန်ရန် အားပေးကူညီလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ထိုပြစ်မှု ကျူးလွန်ခြင်း အထမမြောက်ခဲ့ရာတွင်၊ ထိုအားပေးကူညီမှုအတွက် ဤအက်ဥပဒေက ပြစ်ဒဏ် အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိပါက၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံး ထောင်ဒဏ်၏ တဝက်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

**နယ်ဘက်ပြစ်မှုများ။**

၇၁။ ။ပုဒ်မ ၇၂ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၊ သို့တည်းမဟုတ် ပြင်ပရှိ မည်သည့်နေရာတွင်မဆို၊ နယ်ဘက် ပြစ်မှုတခုခုကို ကျူးလွန်လျှင်၊ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ဤပုဒ်မအရ၊ ထိုပြစ်မှုအတွက်၊ စွဲချက်တင်ခြင်းခံရပါက၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်း ခံရမည့်ပြင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ—

(က) ထိုပြစ်မှုသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၊ တည်ဆဲတရားဥပဒေ တခုခုအရ သေဒဏ်၊ သို့တည်းမဟုတ် တကျွန်းပို့ဒဏ်ချမှတ်နိုင်သော ပြစ်မှုတခုဖြစ်ပါက၊ ကြိမ်ဒဏ်မှအပ၊ အဆိုပါ တရားဥပဒေက ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်အပြင် ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်လည်း ထိုက်သင့်စေရမည်။ ထို့ပြင်

(ခ) အခြားပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတခုအတွက် ဖြစ်ပါက၊ ကြိမ်ဒဏ်မှအပ၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း တည်ဆဲတရားဥပဒေက ထိုပြစ်မှုအတွက်

in force in the Union of Burma, or imprisonment for a term which may extend to seven years, or such less punishment as is in this Act mentioned.

Civil offences not triable by court-martial.

**72.** A person subject to this Act who commits an offence of murder against a person not subject to military law, or of culpable homicide not amounting to murder against such a person or of rape in relation to such a person, shall not be deemed to be guilty of an offence against this Act and shall not be tried by a court-martial, unless he commits any of the said offences—

(*a*) while on active service, or

(*b*) at any place outside the Union of Burma, or

(*c*) at a frontier post specified by the President by notification in this behalf.

## CHAPTER VII.

### PUNISHMENTS.

Punishments awardable by courts-martial.

**73.** Punishment may be inflicted in respect of offences committed by persons subject to this Act and convicted by courts-martial, according to the scale following, that is to say,—

(*a*) death ;

(*b*) transportation for life or for any period not less than seven years ;

(*c*) imprisonment, either rigorous or simple, for any period not exceeding fourteen years ;

(*d*) cashiering, in the case of officers ;

(*e*) dismissal from the service ;

(*f*) reduction to the ranks or to a lower rank or class or place in the list of their rank, in the case of warrant officers ; and reduction to the ranks or to a lower rank, in the case of non-commissioned officers :

Provided that a warrant officer reduced to the ranks shall not be required to serve in the ranks against his wish.

ပြဋ္ဌာန်းထားသော ပြစ်ဒဏ်တခုခုဖြစ်စေ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

စစ်တရားရုံးဖြင့် မစစ်ဆေးနိုင်သော နယ်ဘက်ပြစ်မှုများ။

၇၂။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးသည်၊ စစ်ဘက်ဥပဒေကို မလိုက်နာသူတဦးအား၊ သေစေသည့် လူသတ်မှုကိုသော်၎င်း၊ ထိုသို့ မလိုက်နာရသူတဦးအား၊ သေစေသည့် လူသတ်မှုမမြောက်သော ရာဇဝတ်ပြစ်ဒဏ် ထိုက်သည့် လူသေမှုကိုသော်၎င်း၊ ထိုသို့မလိုက်နာရသူတဦးအား၊ မုဒိမ်းမှုကိုသော်၎င်း၊ ကျူးလွန်ခြင်းမှာ——

(က) တန်းပြည့်စစ်မှုထမ်းချိန်တွင်၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံပြင်ပရှိ နေရာတခုခုတွင်၊ သို့တည်းမဟုတ်

(ဂ) နိုင်ငံတော် သမတက အမိန့်ကြော်ငြာစာဖြင့်၊ ဤကိစ္စအလို့ငှါ၊ သီးခြားဖေါ်ပြထားသောနယ်စပ် စစ်စခန်းတွင်၊ ကျူးလွန်ခြင်းမဟုတ်လျှင်၊ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခုခုကို ကျူးလွန်သည်ဟု မမှတ်ယူရ။ ထို့ပြင် ထိုပြစ်မှုကျူးလွန်သူအား စစ်တရားရုံးက စစ်ဆေးစီရင်ခြင်းလည်းမပြုရ။

## အခဏ်း ၇။

### ပြစ်ဒဏ်များ။

စစ်တရားရုံးများက ချမှတ်နိုင်သောပြစ်ဒဏ်များ။

၇၃။ ။ဤအက်ဥပဒေကို လိုက်နာရသူများသည်၊ မိမိတို့ ကျူးလွန်သည့် ပြစ်မှုများအတွက်၊ စစ်တရားရုံးများက ပြစ်မှုထင်ရှား စီရင်သောအခါ၊ အောက်ပါ အချိုးအစားအတိုင်း ပြစ်ဒဏ်ထိုက်သင့်စေရမည်။

(က) သေဒဏ်။

(ခ) တသက်တကျွန်းဒဏ်၊ သို့တည်းမဟုတ် ခုနစ်နှစ်အောက် မလျော့သော တကျွန်းပို့ဒဏ်။

(ဂ) တဆယ့်လေးနှစ်ထက် မပိုသော အလုပ်ကြမ်းနှင့်၊ သို့တည်းမဟုတ် အလုပ်မဲ့ထောင်ဒဏ်။

(ဃ) အရာရှိများအတွက် ဖြစ်ပါက ရှုတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်။

(င) စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ဒဏ်။

(စ) အရာခံဗိုလ်များအတွက်ဖြစ်ပါက၊ ပိုရှိနိမ့်သောအဆင့်၊ ပိုရှိနိမ့်သောအတန်း၊ ၎င်းတို့၏ အဆင့်စာရင်းတွင် ပိုရှိနိမ့်သော နေရာ၊ သို့တည်းမဟုတ် တပ်သားအဆင့်သို့ လျော့ချဒဏ်။ ထို့ပြင် အကြပ်များအတွက်ဖြစ်ပါက၊ ပိုရှိနိမ့်သောအဆင့်၊ သို့တည်းမဟုတ် တပ်သားအဆင့်သို့ လျော့ချဒဏ်။ သို့ရာတွင် တပ်သားအဆင့်သို့ လျော့ချထားသော အရာခံဗိုလ်တဦးအား၊ ၎င်း၏ဆန္ဒနှင့်ဆန့်ကျင်လျက် တပ်သားအဖြစ်ဖြင့် စစ်မှုမထမ်းစေရ။

(*g*) forfeiture of seniority of rank, in the case of officers, warrant officers and non-commissioned officers; and forfeiture of all or any part of their service for the purpose of promotion, in the case of any of them whose promotion depends upon length of service;

(*h*) forfeiture of service for the purpose of increased pay, pension or any other prescribed purpose;

(*i*) severe reprimand or reprimand, in the case of officers, warrant officers and non-commissioned officers;

(*j*) forfeiture of pay and allowances for a period not exceeding three months for an offence committed on active service;

(*k*) forfeiture in the case of a person sentenced to cashiering or dismissal from the service of all arrears of pay and allowances and other public money due to him at the time of such cashiering or dismissal;

(*l*) stoppage of pay and allowonces until any proved loss or damage occasioned by the offence of which he is convicted is made good.

**Alternative punishments awardable by court-martial.**

**74.** Subject to the provisions of this Act, a court-martial may, on convicting a person subject to this Act of any of the offences specified in sections 32 to 70 inclusive, award either the particular punishment with which the offence is stated in the said sections to be punishable, or, in lieu thereof, any one of the punishments lower in the scale set out in section 73, regard being had to the nature and degree of the offence.

**Combination of punishments.**

**75.** A sentence of a court-martail may award, in addition to or without any one other punishment, the punishment specified in clause (*d*) or clause (*e*) of section 73 and any one or more of the punishments specified in clauses (*f*) to (*l*) of that section.

(ဆ) အရာရှိများ၊ အရာခံဗိုလ်များနှင့် အကြပ်များအတွက်ဖြစ်ပါက၊ အဆင့်သက်တမ်းလျှော့ဒဏ်၊ ထို့ပြင် အဆင့်တိုးမြှင့်ရေးသည်၊ စစ်မှုထမ်းသက်တမ်းပေါ်တွင် အမှီပြုရသူများ ဖြစ်ပါက၊ အဆင့်တိုးမြှင့်ရေးကိစ္စအတွက်၊ ၎င်းတို့၏ စစ်မှုထမ်းသက် အားလုံး၊ သို့တည်းမဟုတ် တစိတ်တဒေသကို ဆုံးရှုံးစေသည့်ဒဏ်။

(ဇ) လစာတိုးမှုကိစ္စအတွက်သော်၎င်း၊ အငြိမ်းစားလစာအတွက်သော်၎င်း၊ အခြားသတ်မှတ်ထားသော ကိစ္စတရပ်ရပ်အတွက် သော်၎င်း၊ စစ်မှုထမ်းသက်လျှော့ဒဏ်။

(ဈ) အရာရှိများ၊ အရာခံဗိုလ်များနှင့်အကြပ်များအတွက် ဖြစ်ပါက၊ ပြင်းထန်စွာ ပြစ်တင် ရှုတ်ချဒဏ်၊ သို့တည်းမဟုတ် ပြစ်တင်ရှုတ်ချဒဏ်။

(ည) တန်းပြည့် စစ်မှုထမ်းချိန်တွင် ကျူးလွန်သော ပြစ်မှုတခုအတွက် ဖြစ်ပါက၊ သုံးလထက် မပိုသောလစာနှင့် စရိတ်များကို ဖြတ်တောက်ဒဏ်။

(ဋ) ရှုတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်၊ သို့တည်းမဟုတ် စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ဒဏ် ချမှတ်ခံရသူ တဦးအတွက်ဖြစ်ပါက၊ ယင်းသို့ရှုတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်၊ သို့တည်းမဟုတ် စစ်မှုထမ်းခြင်းမှ အမြဲတန်း ထုတ်ပစ်ဒဏ်ခံရချိန်တွင်၊ထိုသူအားပေးရန် ကျန်ရှိနေသော လစာနှင့်စရိတ်များအပြင်၊အစိုးရထံမှ ထိုသူရထိုက်သော အခြားငွေအားလုံး သိမ်းယူရန်။

(ဌ) ထိုသူအား ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့် ပြစ်မှုကြောင့် ဆုံးရှုံးကြောင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာကြောင်း ထင်ရှားသက်သေခံချက်ရှိသောဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်း တခုခုအတွက် လျော်ပေးပြီးသည်အထိ လစာနှင့် စရိတ်များရပ်စဲဒဏ်။

**စစ်တရားရုံးက လွှဲပြောင်းချမှတ်နိုင်သော ပြစ်ဒဏ်များ။**

၇၄။ ။ပုဒ်မ ၃၂ မှ ၇၀ ထိ၊ ထိုပုဒ်မနှစ်ခုလုံး အပါအဝင်ဖြစ်သော ပုဒ်မများတွင် သီးခြားဖော်ပြထားသော ပြစ်မှုများအနက်၊ ပြစ်မှုတခုခု ကျူးလွန်သည့် ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ ပြစ်မှုထင်ရှား စီရင်ရာတွင်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြစ်မှုအမျိုးအစားနှင့် အကြီးအငယ်ကိုထောက်ထားပြီး၊ ထိုပြစ်မှုအတွက် စီရင်နိုင်သည်ဟု အဆိုပါ ပုဒ်မများတွင် ဖော်ပြထားသော သီးခြားပြစ်ဒဏ်ကို ဖြစ်စေ၊ ထိုပြစ်ဒဏ်အစား ပုဒ်မ ၇၃ တွင်ဖော်ပြထားသော အချိုးအစားအောက်ပို၍လျော့သောပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုခုကိုဖြစ်စေ၊ စစ်တရားရုံးက ချမှတ်နိုင်သည်။

**စုပေါင်းချမှတ်နိုင်သော ပြစ်ဒဏ်များ။**

၇၅။ ။စစ်တရားရုံးတန်းသည်၊ချမှတ်လိုက်သည့်ပြစ်ဒဏ်တခုအပြင်၊ ပုဒ်မ ၇၃ ၏ အပိုဒ် (ဃ)၊သို့တည်းမဟုတ်အပိုဒ် (င)တွင်သီးခြား ဖော်ပြထားသော ပြစ်ဒဏ်နှင့် ထိုပုဒ်မ၏ အပိုဒ် (စ) မှ (ဌ) အထိဖြစ်သောအပိုဒ်များတွင် သီးခြားဖော်ပြထားသော ပြစ်ဒဏ်များအနက်၊ ပြစ်

**76.** An officer shall be sentenced to be cashiered before he is awarded any of the punishments specified in clauses (*a*) to (*c*) of section 73.

Cashiering of officers.

**77.** Where any person subject to this Act and under the rank of warrant officer commits any offence on active service, it shall be lawful for a court-martial to award for that offence any such punishment as is prescribed as a field punishment. Field punishment shall be of the character of personal restraint or of hard labour but shall not be of a nature to cause injury to life or limb and shall not include flogging.

Field punishment.

**78.** Field punishment shall for the purpose of commutation be deemed to stand next below dismissal in the scale of punishments specified in section 73.

Position of field punishment in scale of punishments.

**79.** A warrant officer or a non-commissioned officer sentenced by a court-martial to transportation, imprisonment, field punishment or dismissal from the service, shall be deemed to be reduced to the ranks.

Result of certain punishments in the case of a warrant officer or non-commissioned officer.

ဒဏ်တခုဖြစ်စေ၊ တခုထက်ပို၍ဖြစ်စေ၊ ပူးပေါင်းပြီးချမှတ်နိုင်သည်။ ထို့ပြင် စစ်တရားရုံး တရုံးသည်၊ အခြားပြစ်ဒဏ်တခု မချမှတ်စေကာမူ၊ ပုဒ်မ ၇၃ ၏ အပိုဒ် (ဃ)၊ သို့တည်းမဟုတ် အပိုဒ် (င) တွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်နှင့် ထိုပုဒ်မ၏ အပိုဒ် (စ) မှ (ဋ) အထိ ဖြစ်သောအပိုဒ်များတွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုဖြစ်စေ၊ တခုထက်ပို၍ဖြစ်စေ၊ ပူးပေါင်းပြီး ချမှတ်နိုင်သည်။

**အရာရှိများ အတွက် ရှုတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်။**

၇၆။ ။အရာရှိတဦးအား၊ ပုဒ်မ ၇၃ ၏ အပိုဒ် (က) မှ (ဂ) အထိ ဖြစ်သော အပိုဒ်များတွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုခု မချမှတ်မီ၊ ရှုတ်ချ၍အမြဲတန်း ထုတ်ပစ်ဒဏ် ချမှတ်ရမည်။

**စစ်မြေပြင်ပြစ်ဒဏ်။**

၇၇။ ။စစ်တရားရုံးသည်၊ အရာခံဗိုလ်အဆင့်အောက်နိမ့်သော၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား၊ တန်းပြည့်စစ်မှုထမ်းချိန်တွင် ပြစ်မှုတခုခုကို ကျူးလွန်သည့်အတွက်၊ စစ်မြေပြင် ပြစ်ဒဏ်ဟု၊ သတ်မှတ်ထားသည့်၊ ပြစ်ဒဏ်တခုခုချမှတ်နိုင်သည်။ စစ်မြေပြင် ပြစ်ဒဏ်သည်၊ လူကိုချုတ်ချယ်ခြင်းမျိုး၊ သို့တည်းမဟုတ် အလုပ်ကြမ်းမျိုးဖြစ်သော ပြစ်ဒဏ်ဖြစ်စေရမည်။ သို့သော်လည်း အသက်ကို သော်၎င်း၊ ကိုယ်အင်္ဂါကိုသော်၎င်း၊ ထိခိုက်စေသည့် ပြစ်ဒဏ်မျိုးမဖြစ်စေရ။ ထို့ပြင် အဆိုပါ စစ်မြေပြင် ပြစ်ဒဏ်တွင်၊ ရိုက်နှက်ဆုံးမခြင်း မပါဝင်စေရ။

၇၇။ **ပြစ်ဒဏ်များ အချိုးအစားတွင် စစ်မြေပြင်ပြစ်ဒဏ်၏ နေရာ။**

။ပြစ်ဒဏ်လျှော့ပေါ့ပြောင်းလဲခြင်းကိစ္စအတွက် စစ်မြေပြင် ပြစ်ဒဏ်သည်၊ ပုဒ်မ ၇၃ ရှိ သီးခြားဖော်ပြထားသော ပြစ်ဒဏ်များ အချိုးအစားတွင် အမြဲတန်း ထုတ်ပစ်ဒဏ်အောက် ကပ်လျက်ရှိသည်ဟု မှတ်ယူရမည်။

၇၈။ **အရာခံဗိုလ်၊ သို့တည်းမဟုတ် အကြပ်တဦးအား ချမှတ်သော အချို့ပြစ်ဒဏ်များ၏ အကျိုးသက်ရောက်ခြင်း။**

။စစ်တရားရုံး တရုံးက တကျွန်းပို့ဒဏ်၊ ထောင်ဒဏ်၊ စစ်မြေပြင် ပြစ်ဒဏ်၊ သို့တည်းမဟုတ် စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ဒဏ် ချမှတ်ခြင်းခံရသော အရာခံဗိုလ်၊ သို့တည်းမဟုတ် အကြပ်တဦးသည်၊ တပ်သား အဆင့်သို့လည်း လျှော့ချခြင်း ခံရသည်ဟု မှတ်ယူရမည်။

**80.** When, on active service, any enrolled person has been sentenced by a court-martial to dismissal, or to transportation or imprisonment whether combined with dismissal or not, the prescribed officer may direct that such person may be retained to serve in the ranks, and such service shall be reckoned as part of his term of transportation or imprisonment, if any.

Retention in the ranks of a person convicted on active service.

**81.** Punishments may also be inflicted in respect of offences committed by persons subject to this Act without the intervention of a court-martial and in the manner stated in sections 82, 85, 86 and 87.

Punishments otherwise than by court-martial.

**82.** Subject to the provisions of section 83, a commanding officer or such other officer as is, with the consent of the President, specified by the Chief of Staff, may, in the prescribed manner, proceed against a person subject to this Act otherwise than as an officer or warrant officer who is charged with an offence under this Act and award such person, to the extent prescribed, one or more of the following punishments, that is to say,—

Punishment of persons other than officers and warrant officers.

(*a*) imprisonment in military custody up to twenty-eight days;

(*b*) confinement to the unit lines or ship up to twenty-eight days;

(*c*) (i) Extra guards or duties;
(ii) Extra work or drills:

Provided that such duties or drills shall not exceed fourteen in number;

(*d*) deprivation of qualification pay not exceeding twenty-eight days, and in the case of non-commissioned officers, also deprivation of acting rank;

(*e*) fine up to fourteen days' pay in any one month;

(*f*) severe reprimand or reprimand;

**တန်းပြည့် စစ်မှုထမ်းချိန်တွင် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူ တဦးကို တပ်သား အဆင့်တွင် ဆက်လက်ထားရှိခြင်း။**

၈၀။ ။စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူတဦးဦးအား၊ တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်တရားရုံးက အမြဲတန်း ထုတ်ပစ်ဒဏ်ဖြစ်စေ၊ တကျွန်းပို့ဒဏ်ကို၊ သို့တည်းမဟုတ် ထောင်ဒဏ်ကို အမြဲတန်း ထုတ်ပစ်ဒဏ်နှင့် ပူးပေါင်းလျက်ဖြစ်စေ၊ မပူးပေါင်းဘဲဖြစ်စေ၊ ချမှတ်သည့်အခါ၊ သတ်မှတ်ထားသော အရာရှိက၊ ထိုသူကို တပ်သားအဆင့်တွင် ဆက်လက် စစ်မှုထမ်းရန် ညွှန်ကြားနိုင်သည်။ ထိုပြင် တကျွန်းပို့ဒဏ်ကိုဖြစ်စေ၊ ထောင်ဒဏ်ကိုဖြစ်စေ၊ ချမှတ်ခဲ့လျှင်၊ ယင်းသို့တပ်သားအဖြစ်နှင့် စစ်မှုထမ်းသည့်ကာလကို ထိုသူကျခံရသော တကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်၏ တစိတ်တဒေသအဖြစ်ဖြင့် ရေတွက်ရမည်။

**စစ်တရားရုံးဖြင့် မဟုတ်ဘဲ၊ အခြားနည်းဖြင့် ချမှတ်သော ပြစ်ဒဏ်များ။**

၈၁။ ။ဤအက်ဥပဒေကို လိုက်နာရသူများက ကျူးလွန်သောပြစ်မှုများနှင့် စပ်လျဉ်း၍၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းမပြုဘဲ၊ ပုဒ်မ ၈၂၊ ၈၃၊ ၈၆ နှင့် ၈၇ တို့တွင် ဖေါ်ပြထားသည့် နည်းလမ်းအတိုင်း ပြစ်ဒဏ်များကို ချမှတ်နိုင်သည်။

**အရာရှိနှင့် အရာခံဗိုလ် မဟုတ်သူများအား ချမှတ်နိုင်သောပြစ်ဒဏ်များ။**

၈၂။ ။ပုဒ်မ ၈၃ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ တပ်မှူးတဦးသည်၊ သို့တည်းမဟုတ် နိုင်ငံတော် သမတ ၏ သဘောတူညီချက်ဖြင့်၊ ကာကွယ်ရေးဦးစီးချုပ်က သီးခြားဖေါ်ပြသော အခြားအရာရှိ တဦးသည်၊ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည်လည်းဖြစ်၍၊ အရာရှိ၊ သို့တည်းမဟုတ် အရာခံဗိုလ်လည်းမဟုတ်သော ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်၍၊ အောက်ပါ ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုခုကို သော်၎င်း၊ တခုထက်ပို၍သော်၎င်း၊ သတ်မှတ်ထားသည့်အထိ ချမှတ်နိုင်သည်။

(က) စစ်ဘက်အချုပ်တွင် နှစ်ဆယ့်ရှစ်ရက်ထိ ထောင်ဒဏ်။

(ခ) စစ်တန်းလျားများတွင်၊ သို့တည်းမဟုတ် သင်္ဘောတွင် နှစ်ဆယ့်ရှစ်ရက်ထိ လိုင်းချုပ်။

(ဂ) (၁) အပိုကင်းတာဝန်များ၊ သို့တည်းမဟုတ် အပိုတာဝန်များ။
(၂) အပိုအလုပ်၊ သို့တည်းမဟုတ် အပိုစစ်ရေးပြခြင်းများ။
သို့ရာတွင် အဆိုပါတာဝန်များ၊ သို့တည်းမဟုတ် စစ်ရေးပြခြင်းများသည်၊ အရေအတွက်အားဖြင့် တဆယ့်လေးကြိမ်ထက် မပိုစေရ။

(ဃ) နှစ်ဆယ့်ရှစ်ရက်အတွက်ထက် မပိုသော အရည်အချင်း လစာကို ဖြတ်တောက်ခြင်း၊ ထို့ပြင်၊ အကြပ်များအတွက်ဖြစ်ပါက၊ ခေတ္တအဆင့်ကို ဖြုတ်ပစ်ခြင်း။

(င) မည်သည့်လ တလတွင်မဆို၊ တဆယ့်လေးရက်အတွက်ထိ လစာနှင့်ညီမျှသော ငွေဒဏ်။

(စ) ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခြင်း၊ သို့တည်းမဟုတ် ပြစ်တင်ရှုတ်ချခြင်း။

(*g*) penal deductions under clause (*g*) of section 93;

(*h*) any prescribed field punishment up to twenty-eight days, in the case of a person on active service.

Limit of punishments under section 82.

**83.** Any award of punishment under section 82 shall not include field punishment in addition to one or both of the punishments specified in clauses (*a*) and (*b*) of that section.

(2) In the case of an award of two or more of the punishments specified in clauses (*a*), (*b*) and (*c*) of the said section, the punishment specified in clause (*b*) or clause (*c*) shall take effect only at the end of the punishment specified in clause (*a*).

(3) When the punishments specified in the said clauses (*a*) and (*b*) are awarded to a person conjointly, or when already undergoing one of the said punishments, the whole extent of the punishment shall not exceed in the aggregate twenty-eight days.

(4) The punishments specified in clauses (*a*), (*b*), (*c*) (ii), and (*h*) of the said section shall not be awarded to any person who is of the rank of a non-commissioned officer or was, at the time of committing the offence for which he is punished, of such rank.

(5) The punishment specified in clause (*f*) of the said section shall not be awarded to any person below the rank of a non-commissioned officer.

Punishments in addition to those specified in section 82.

**84.** The Chief of Staff may, with the consent of the President, specify such other punishments as may be awarded under section 82 in addition to or without any of the punishments specified in the said section, and the extent to which such other punishments may be awarded.

Punishment of officers and warrant officers by brigade commanders and others.

**85.** An officer commanding a formation not less than a brigade in the case of the army, a formation prescribed as equivalent to not less than a brigade (army) in the case of the navy or air force, or any other prescribed officer, may, in the prescribed manner, proceed against an officer below the rank of

(ဆ) ပုဒ်မ ၉၃ ၏ အပိုဒ် (ဆ) အရ၊ ဒဏ်အဖြစ်သစာနှင့် စရိတ်များ ဖြတ်တောက်ခြင်း။

(ဇ) တန်းပြည့်စစ်မှုထမ်းနေသူ တဦးအတွက်ဖြစ်ပါက၊ သတ်မှတ်ထားသော စစ်မြေပြင် ပြစ်ဒဏ်ဘမျိုးမျိုးကို နှစ်ဆယ့်ရှစ်ရက်ထိ။

**ပုဒ်မ ၇၂ အရ ချမှတ်နိုင်သော ပြစ်ဒဏ်များကို ကန့်သတ်ခြင်း။**

၇၃။ ။(၁) ပုဒ်မ ၇၂ ပါ ပြစ်ဒဏ် ချမှတ်ရာတွင် စစ်မြေပြင် ပြစ်ဒဏ်ကို ထိုပုဒ်မ၏ (က) နှင့် (ခ) တွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ် တခုခုနှင့်သော်၎င်း၊ နှစ်ခုစလုံးနှင့်သော်၎င်း၊ ပူးပေါင်းချမှတ်ခြင်းမပြုရ။

(၂) အဆိုပါ ပုဒ်မ၏ အပိုဒ် (က)၊ (ခ) နှင့် (ဂ) တို့တွင် သီးခြားဖေါ်ပြထားသည့် ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ် နှစ်ခုသော်၎င်း၊ နှစ်ခုထက်ပို၍သော်၎င်း၊ ချမှတ်ခဲ့ပါက၊ အပိုဒ် (က) တွင် သီးခြားဖေါ်ပြထားသည့် ပြစ်ဒဏ် ကျခံပြီးမှသာလျှင်၊ အပိုဒ် (ခ)၊ သို့တည်းမဟုတ် အပိုဒ် (ဂ) တွင် သီးခြားဖေါ်ပြထားသည့် ပြစ်ဒဏ်ကို စတင်ကျခံစေရမည်။

(၃) သူတဦးအား၊ အဆိုပါ အပိုဒ် (က) နှင့် (ခ) များတွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်များကို ပေါင်းစပ်၍ ချမှတ်သည့်အခါ၊ သို့တည်းမဟုတ် အဆိုပါ ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခု ကျခံနေရသည့်အခါ၊ စုစုပေါင်း ပြစ်ဒဏ်သည်၊ နှစ်ဆယ့်ရှစ်ရက်ထက် မပိုစေရ။

(၄) အကြပ်အဆင့်ရှိသူတဦးဦး၊ သို့တည်းမဟုတ် အပြစ်ပေးခံရသော ပြစ်မှုကို ကျူးလွန်ချိန်တွင် အကြပ်အဆင့်ရှိသူ တဦးဦးအား၊ အဆိုပါ ပုဒ်မ၏ အပိုဒ် (က)၊ (ခ)၊ (ဂ) (၂) နှင့် (ဇ) တို့တွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်များကို မချမှတ်ရ။

(၅) အကြပ်အဆင့်အောက် နိမ့်သော အဆင့်ရှိသူ တဦးဦးအား၊ အဆိုပါ ပုဒ်မ၏ အပိုဒ် (စ) တွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်ကို မချမှတ်ရ။

**ပုဒ်မ ၇၂ တွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်များအပြင် ချမှတ်နိုင်သောပြစ်ဒဏ်များ။**

၇၄။ ။ပုဒ်မ ၇၂ တွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုခုနှင့် ပူးပေါင်း၍သော်၎င်း၊ ပြစ်ဒဏ်တခုခု မပါဘဲသော်၎င်း၊ ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော် သမတ၏ သဘောတူညီချက်ဖြင့်၊ ပုဒ်မ ၇၂ အရ ချမှတ်နိုင်သော အခြားပြစ်ဒဏ်များနှင့် ထိုအခြားပြစ်ဒဏ်များကို မည်ရွေ့မည်မျှအထိ ချမှတ်နိုင်သည်ကို သီးခြားဖေါ်ပြနိုင်သည်။

**တပ်မဟာမှူးများနှင့်အခြားအရာရှိများက အရာရှိများနှင့် အရာခံဗိုလ်များအား ချမှတ်နိုင်သော ပြစ်ဒဏ်များ။**

၇၅။ ။ကြည်းတပ်အတွက် ဖြစ်ပါက၊ တပ်မဟာအောက် မငယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သော အဖွဲ့အစည်းကို ကွပ်ကဲသည့် အရာရှိတဦး၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အခြားအရာရှိ တဦးဦးက၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ဗိုလ်မှူးအဆင့်အောက်နိမ့်သည့်

major, or a warrant officer, who is charged with an offence under this Act, and award one or more of the following punishments, that is to say,—

(*a*) severe reprimand or reprimand;

(*b*) stoppage of pay and allowances until any proved loss or damage occasioned by the offence of which he is convicted, is made good.

Punishment of officers and warrant officers by divisional commanders and others.

**86.** An officer commanding a formation not less than a division in the case of the army, an officer empowered to convene a general court-martial in the case of the navy or the air force, or such other officer as is, with the consent of the President, specified by the Chief of Staff, may, in the prescribed manner, proceed against an officer below the rank of lieutenant-colonel or a warrant officer, who is charged with an offence under this Act, and award one or more of the following punishments, that is to say,—

(*a*) forfeiture of seniority, or in the case of any of them whose promotion depends upon length of service, forfeiture of service for the purpose of promotion for a period not exceeding twelve months, but subject to the right of the accused previous to the award to elect to be tried by a court-martial;

(*b*) fine up to fourteen days' pay in any one month;

(*c*) severe reprimand or reprimand;

(*d*) stoppage of pay and allowances until any proved loss or damage occasioned by the offence of which he is convicted, is made good.

Punishment of warrant officers by commanding officers.

**87.** A commanding officer or such officer as is, with the consent of the President, specified by the Chief of Staff, may, in the prescribed manner, proceed against a warrant officer, who is charged with an offence under this Act, and award the punishment of

အရာရှိတဦးအား၊ သို့တည်းမဟုတ် အရာခံဗိုလ်တဦးအား စစ်ဆေးစီရင်၍၊ အောက်ပါ ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုကိုသော်၎င်း၊ တခုထက်ပို၍သော်၎င်း၊ ချမှတ်နိုင်သည်။

(က) ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခြင်း၊ သို့တည်းမဟုတ် ပြစ်တင်ရှုတ်ချခြင်း။

(ခ) ထိုသူအား ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့် ပြစ်မှုကြောင့် ဆုံးရှုံးကြောင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာကြောင်း ထင်ရှားသက်သေခံချက် ရှိသော ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်း တခုခုအတွက် လျော်ပေးပြီးသည်အထိ လစာနှင့် စရိတ်များရပ်စဲဒဏ်။

**တပ်မမှူးနှင့် အခြားအရာရှိများက အရာရှိများနှင့်အရာခံဗိုလ်များအား ချမှတ်နိုင်သော ပြစ်ဒဏ်များ။**

၇၆။ ။ကြည်းတပ်အတွက် ဖြစ်ပါက၊ တပ်မအောက် မငယ်သော အဖွဲ့အစည်းကို ကွပ်ကဲသည့် အရာရှိတဦး၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက် ဖြစ်ပါက၊ စစ်တရားရုံးချုပ် ဖွဲ့စည်းနိုင်ခွင့် အာဏာအပ်နှင်းခြင်း ခံရသော အရာရှိတဦး၊ သို့တည်းမဟုတ် နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်၊ ကာကွယ်ရေး ဦးစီးချုပ်က သီးခြားဖေါ်ပြသည့် အခြားအရာရှိသည်၊ ဤအက်ဥပဒေအရ ဖြစ်သော ပြစ်မှုတခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ဒုတိယ ဗိုလ်မှူးကြီး အဆင့်အောက်နိမ့်သော အရာရှိတဦးအား၊ သို့တည်းမဟုတ် အရာခံဗိုလ်တဦးအား၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်၍ အောက်ပါ ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုကိုသော်၎င်း၊ တခုထက်ပို၍သော်၎င်း၊ ချမှတ်နိုင်သည်။

(က) အဆင့် သက်တမ်းလျော့ဒဏ်၊ သို့တည်းမဟုတ် မိမိ၏အဆင့် တိုးမြှင့်ရေးသည်၊ စစ်မှုထမ်းသက်ပေါ်တွင် အမှီပြုရသောသူ ဖြစ်ပါက၊ တဆယ့်နှစ်လထက် မပိုသော စစ်မှုထမ်းသက်ကို အဆင့်တိုးမြှင့်ရေး ကိစ္စအတွက် လျော့ဒဏ်။
သို့ရာတွင် ပြစ်ဒဏ်မချမှတ်မီ တရားခံသည်၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို ရွေးချယ်နိုင်သည်။

(ခ) မည်သည့်လ တလတွင်မဆို၊ တဆယ့်လေးရက် အတွက်ထိ လစာနှင့်ညီမျှသော ငွေဒဏ်။

(ဂ) ပြင်းထန်စွာ ပြစ်တင်ရှုတ်ချဒဏ်၊ သို့တည်းမဟုတ် ပြစ်တင်ရှုတ်ချဒဏ်။

(ဃ) ထိုသူအား ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့် ပြစ်မှုကြောင့် ဆုံးရှုံးကြောင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာကြောင်း ထင်ရှား သက်သေခံချက် ရှိသော ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်း တခုခုအတွက် လျော်ပေးပြီးသည်အထိ လစာနှင့် စရိတ်များ ရပ်စဲဒဏ်။

**တပ်မှူးများက အရာခံဗိုလ်များအား ချမှတ်နိုင်သောပြစ်ဒဏ်များ။**

၇၇။ ။တပ်မှူးတဦး၊ သို့တည်းမဟုတ် နိုင်ငံတော် သမတ၏ သဘောတူညီချက်ဖြင့်၊ ကာကွယ်ရေး ဦးစီးချုပ်က သီးခြားဖေါ်ပြသည့် အခြားအရာရှိသည်၊ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် အရာခံဗိုလ်တဦးအား၊ သတ်မှတ် ထားသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်၍ ပြစ်မှုထင်ရှား စီရင်ခြင်း

stoppage of pay and allowances until any proved loss or damage occasioned by the offence of which he is convicted, is made good.

Transmission of proceedings.

**88.** In every case in which punishment has been awarded under any of the sections 85, 86 and 87, certified true copies of the proceedings shall be forwarded, in the prescribed manner, by the officer awarding the punishment, to a superior military authority as defined in section 90.

Review of proceedings.

**89.** If any punishment awarded under any of the sections 85, 86 and 87 appears to a superior military authority as defined in section 90 to be illegal, unjust or excessive, such authority may cancel, vary or remit the punishment and make such other direction as may be appropriate in the circumstances of the case.

Superior military authority.

**90.** For the purpose of sections 88 and 89, a "superior military authority" means—

(*a*) in the case of punishments awarded by a commanding officer, any officer superior in command to such commanding officer;

(*b*) in the case of punishments awarded by any other authority, the President, the Chief of Staff or other officer specified by the Chief of Staff.

Collective fines.

**91.** (1) Whenever any weapon or part of a weapon forming part of the equipment of a unit, company or similar unit is lost or stolen, the officer commanding a formation not less than a brigade in the case of the army, a formation prescribed as equivalent to not less than a brigade (army) in the case of the navy or air force, or any other prescribed officer, may after obtaining the report of a court of inquiry, impose a collective fine upon the warrant officers, non-commissioned officers and men of such unit, or upon so many of them as, in his judgment, should be held responsible for such loss or theft.

(2) Such fine shall be assessed as a percentage on the pay of the individuals on whom it falls.

ခံရသည့် ပြစ်မှုကြောင့် ဆုံးရှုံးကြောင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာကြောင်း၊ ထင်ရှား သက်သေခံချက်ရှိသော ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်း တခုခုအတွက် လျော်ပေးပြီးသည့်အထိ လစာနှင့် စရိတ်များ ရပ်စဲဒဏ်ချမှတ်နိုင်သည်။

**အမှုတွဲများ ပို့ပေးခြင်း။**

၈၈။ ။ပုဒ်မ ၇၅၊ ၈၆ နှင့် ၈၇ တို့အနက်၊ ပုဒ်မ တခုခုအရ ပြစ်ဒဏ်ချမှတ်လိုက်သည့် အမှုတိုင်းတွင်၊ ပြစ်ဒဏ်ချမှတ်သော အရာရှိသည်၊ အမှုတွဲ၏ တာဝန်ခံ မိတ္တူမှန်များကို၊ ပုဒ်မ ၉၀ တွင် အဓိပ္ပါယ်ဖော်ပြထားသော စစ်ဘက် အထက်အာဏာပိုင်ထံ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပေးပို့ရမည်။

**အမှုတွဲများကို ပြန်လည် သုံးသပ်ခြင်း။**

၈၉။ ။ပုဒ်မ ၇၅၊ ၈၆ နှင့် ၈၇ တို့အနက်၊ ပုဒ်မ တခုခုအရ ချမှတ်လိုက်သည့်ပြစ်ဒဏ်တခုခုသည်၊ တရားဥပဒေနှင့်မညီ၊ တရားမမျှတ၊ သို့တည်းမဟုတ် များ လွန်းသည်ဟု ပုဒ်မ ၉၀ တွင် အဓိပ္ပါယ်ဖော်ပြထားသော စစ်ဘက် အထက်အာဏာပိုင် တဦးကယူဆလျှင်၊ အဆိုပါအာဏာပိုင်သည် ထိုပြစ်ဒဏ်ကိုဖျက်သိမ်း၊ ပြောင်းလဲ၊ သို့တည်းမဟုတ် လျှော့ပစ်နိုင်သည့်ပြင်၊ ထိုအမှု၏အဖြစ် အပျက် အကြောင်းခြင်းရာများနှင့် သင့်လျော်မည့် အခြားညွှန်ကြားချက်တရပ်ကိုလည်း ပြုလုပ်နိုင်သည်။

၉၀။ ။ပုဒ်မ ၈၈ နှင့် ၈၉ တို့၏ ကိစ္စအလို့ငှါ၊ "စစ်ဘက်အထက်အာဏာပိုင်" ဆိုသည်မှာ—

**စစ်ဘက် အထက်အာဏာပိုင်။**

(က) တပ်မှူး တဦးက ချမှတ်သော ပြစ်ဒဏ်များအတွက် ဖြစ်ပါက၊ ထိုတပ်မှူး၏ အထက်အရာရှိ တဦးဦးကို ဆိုလိုသည်။

(ခ) အခြားအာဏာပိုင် တဦးဦးက ချမှတ်သော ပြစ်ဒဏ်များအတွက် ဖြစ်ပါက၊ နိုင်ငံတော်သမတ၊ ကာကွယ်ရေးဦးစီးချုပ်၊ သို့တည်းမဟုတ် ကာကွယ်ရေး ဦးစီးချုပ်က သီးခြားဖော်ပြသည့် အခြားအရာရှိကို ဆိုလိုသည်။

**စပေါင်းငွေဒဏ်များ။**

၉၁။ ။(၁) တပ်၊ တပ်ခွဲ၊ သို့တည်းမဟုတ် အလားတူတပ်တခု၏ ပစ္စည်းကိရိယာ တန်ဆာပလာတွင် ပါဝင်သည့် လက်နက်တခုခုသော်၎င်း၊ လက်နက်တခု၏ အစိတ်အပိုင်း တခုခုသော်၎င်း၊ ပျောက်ဆုံးသည့် အခါဖြစ်စေ၊ ခိုးယူခြင်းခံရသည့်အခါဖြစ်စေ၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ့အောက် မငယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သောအဖွဲ့ အစည်းကို ကွပ်ကဲသည့်အရာရှိ၊ သို့တည်းမဟုတ် သတမှတ်ထားသော အခြားအရာရှိတဦးဦး သည်၊ စုံစမ်းရေးခုံရုံးတခု၏ အစီရင်ခံချက်ကို ရယူပြီးနောက်၊ အဆိုပါတပ်ရှိ အရာခံဗိုလ်များ၊ အကြပ်များနှင့် တပ်သားများအား၊ သို့တည်းမဟုတ် အဆိုပါပျောက်ဆုံးမှုအတွက်သော်၎င်း၊ ခိုးမှုအတွက်သော်၎င်း၊ တာဝန်ရှိသည်ဟု၊ မိမိထင်မြင်ယူဆသောသူဟူသမျှအား စပေါင်းငွေ ဒဏ်ချမှတ်နိုင်သည်။

(၂) အဆိုပါဒဏ်ငွေကို၊ ပေးဆောင်ရမည့်သူ တဦးချင်း၏ လစာပေါ်မူတည်သည့် ရာခိုင် နှုန်းအဖြစ်ဖြင့်၊ ပေးစေရမည်။

၀

## CHAPTER VIII.

### Penal Deductions.

92. The following penal deductions may be made from the pay and allowances of an officer, that is to say,—

Deductions from pay and allowances of officers.

(a) all pay and allowances due to an officer for every day he absents himself without leave, unless a satisfactory explanation has been given to his commanding officer and has been approved by the President;

(b) all arrears of pay and allowances for every day while he is in custody or under suspension from duty on a charge for an offence for which he is afterwards convicted by a criminal court or a court-martial or by an officer exercising authority under section 85 or section 86;

(c) any sum required to make good the pay of any person subject to this Act which he has unlawfully retained or unlawfully refused to pay;

(d) any sum required to make good such compensation for any expenses, loss, damage or destruction occasioned by the commission of an offence as may be determined by the court-martial by whom he is convicted of such offence, or by an officer exercising authority under section 85 or section 86;

(e) all pay and allowances ordered by a court-martial or an officer exercising authority under section 87 to be forfeited or stopped;

(f) any sum required to pay a fine awarded by a criminal court, or a court-martial exercising jurisdiction under section 71 or an officer exercising authority under section 86;

(g) any sum required to make good any loss, damage, destruction of public or regimental property which, after due investigation, appears to the President to have been occasioned by the wrongful act or negligence on the part of the officer;

## အခန်း ၇။

### ဒဏ်အဖြစ်ဖြင့်ငွေနုတ်ယူခြင်းများ။

၉၂။ ။အရာရှိများ၏လစာနှင့် စရိတ်များထဲမှ ဒဏ်အဖြစ်ဖြင့် အောက်ပါငွေများ နုတ်ယူနိုင်သည်။

**အရာရှိများ၏ လစာနှင့်စရိတ် ထဲမှငွေနုတ်ယူခြင်းများ။**

(က) အရာရှိတဦးသည်၊ ခွင့်မဲ့ပျက်ကွက်သဖြင့်၊ ကျေနပ်ဘွယ်ကောင်းသော ထုချေချက်တရပ်ကို၊ မိမိ၏တပ်မှူးအား ပေးပြီးသည့်ပြင်၊ နိုင်ငံတော် သမတကလည်း ထိုထုချေချက်ကို လက်ခံသည့် ကိစ္စမျိုးမှတပါး ထိုအရာရှိ ခွင့်မဲ့ ပျက်ကွက်သည့် ရက်အသီးသီးအတွက် ရသင့်သော လစာနှင့် စရိတ်အားလုံး။

(ခ) အရာရှိတဦးသည်၊ ပြစ်မှုတခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရပြီးသည့် နောက်၊ ရာဇဝတ်တရားရုံးက၊ သို့တည်းမဟုတ် စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၈၅ အရဖြစ်စေ၊ ပုဒ်မ ၈၆ အရဖြစ်စေ၊အာဏာသုံးစွဲနိုင်သော အရာရှိတဦးက၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ထိုပြစ်မှုအတွက် ထိုအရာရှိအချုပ်ခံနေရသည့်၊ သို့တည်းမဟုတ် ရာထူးမှခေတ္တချထားခြင်း ခံနေရသည့် ရက်အသီးသီးအတွက် ကျန်ရှိနေသေးသည့် လစာနှင့်စရိတ်အားလုံး။

(ဂ) တရားဥပဒေနှင့် ဆန့်ကျင်လျက် လက်ရှိထားသော၊ သို့တည်းမဟုတ် တရားဥပဒေနှင့် ဆန့်ကျင်လျက်ပေးရန်ငြင်းပယ်ခဲ့သော၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦး၏လစာအတွက် လျော်ပေးရန်လိုအပ်သည့်ငွေ။

(ဃ) ပြစ်မှုတခုကျူးလွန်သဖြင့်၊ အရာရှိတဦးအား ပြစ်မှုထင်ရှားသည်ဟု စီရင်သော စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၈၅ အရဖြစ်စေ၊ ပုဒ်မ ၈၆ အရဖြစ်စေ၊ အာဏာသုံးစွဲနိုင်သော အရာရှိတဦးက၊ ထိုပြစ်မှုကျူးလွန်ခြင်းကြောင့် ဖြစ်ပေါ်ရသည့် စရိတ်စကများ၊ ဆုံးရှုံးခြင်း၊ ပျက်စီးနစ်နာခြင်း၊ သို့တည်းမဟုတ် ဖျက်ဆီးခြင်းအတွက် ဆုံးဖြတ်သည့်လျော်ကြေးကို ပေးရန်လိုအပ်သည့်ငွေ။

(င) စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၈၇ အရ အာဏာသုံးစွဲနိုင်သည့် အရာရှိတဦးက သိမ်းယူစေရန်၊ သို့တည်းမဟုတ် ရပ်စဲစေရန်အမိန့်ချမှတ်သော လစာနှင့် စရိတ်အားလုံး။

(စ) ရာဇဝတ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၇၁ အရ စီရင်ပိုင်ခွင့် အာဏာသုံးစွဲနိုင်သည့် စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၈၆ အရအာဏာသုံးစွဲနိုင်သော အရာရှိတဦးက ချမှတ်သည့်ဒဏ်ငွေကို ပေးဆောင်ရန်လိုအပ်သည့်ငွေ။

(ဆ) လုပ်သင့်လုပ်ထိုက်သော စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ပြီးသည့်နောက်၊ အရာရှိ၏ မတရားပြုလုပ်မှုကြောင့်ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ဖြစ်ပေါ်ရသည်ဟု၊နိုင်ငံတော်သမတကယူဆသောပြည်သူပိုင်ပစ္စည်း၊သို့တည်းမဟုတ် တပ်ရင်းပိုင်ပစ္စည်းဆုံးရှုံးခြင်း၊ ပျက်စီးနစ်နာခြင်း၊ သို့တည်းမဟုတ် ဖျက်ဆီးခြင်း အတွက် လျော်ပေးရန်လိုအပ်သည့်ငွေ။

(*h*) all pay and allowances forfeited by order of the President if the officer is found by a court of inquiry constituted by the Chief of Staff, or by any prescribed officer in this behalf, to have deserted to the enemy, or while in the hands of the enemy, to have served with, or under the orders of, the enemy, or to have allowed himself to be taken prisoner by the enemy through want of due precaution or proved disobedience of orders, or wilful neglect of duty, or having been taken prisoner by the enemy, to have failed to rejoin his service when it was possible to do so;

(*i*) any sum required by order of the President, or any officer deputed by him in this behalf, to be paid for the maintenance of an officer's wife or his legitimate or illegitimate children, or towards the cost of any relief given by the Union Government to the said wife or children.

**Deductions from pay and allowances of persons other than officers.**

**93.** Subject to the provisions of section 96 the following penal deductions may be made from the pay and allowances of a person subject to this Act other than an officer, that is to say,—

(*a*) all pay and allowances for every day of absence either on desertion or without leave, or as a prisoner of war, and every day of transportation or imprisonment awarded by a criminal court, a court-martial or an officer exercising authority under section 82, or of field punishment awarded by a court-martial or such officer;

(*b*) all arrears of pay and allowances for every day while he is in custody on a charge for an offence of which he is

(ဇ) အရာရှိတဦးသည်၊ တပ်မှ ရန်သူထံသို့ ထွက်ပြေးသည်ဟု၊ သို့တည်းမဟုတ် ရန်သူ၏ လက်ဘွင်းသို့ကျရောက်နေစဉ် ရန်သူနှင့်အတူ အမှုထမ်းရွက်သည်၊ သို့တည်းမဟုတ် ရန်သူ၏ အမိန့်များကို ခံယူသည်ဟု၊ သို့တည်းမဟုတ် ရှိသင့်သော ကြိုတင်စီမံမှု မရှိခြင်းကြောင့် သော်၎င်း၊ ထင်ရှားသက်သေခံချက်ရှိသော အမိန့်ဖီဆန်မှုကြောင့် သော်၎င်း၊ တာဝန်ဝတ်တရား ဆောင်ရွက်ရန် တမင်ပျက်ကွက်မှုကြောင့်သော်၎င်း၊ သုံ့ပန်း၊ သို့တည်းမဟုတ် အကျဉ်းသား ဖြစ်သွားသည်ဟု၊ သို့တည်းမဟုတ် အကျဉ်းသား ဖြစ်သွားပြီးနောက်၊ မိမိ စစ်မှုထမ်းရွက်ရေးအဘွက် ပြန်၍လာနိုင်သည့်အခါတွင် ပြန်လာရန် ပျက်ကွက်သည်ဟု ကာကွယ်ရေးဦးစီးချုပ်၊ သို့တည်းမဟုတ် ၎င်းကိုယ်စားအလို့ငှါ သတ်မှတ်ထားသော အရာရှိတဦးဦးက ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေး ခုံရုံးတခုက ယူဆလျှင်၊ နိုင်ငံတော် သမတ၏ အမိန့်အရ သိမ်းယူရမည့် ထိုအရာရှိ၏ လစာနှင့် စရိတ်အားလုံး။

(ဈ) အရာရှိတဦး၏ မယားစရိတ်၊ သို့တည်းမဟုတ် အရာရှိတဦး၏တရားဝင်ကလေး၊ သို့တည်းမဟုတ် တရားမဝင်သောကလေး၏ စရိတ်အတွက်၊ သို့တည်းမဟုတ် အဆိုပါမယားကိုဖြစ်စေ၊ ကလေးကိုဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံအစိုးရကပေးသောကူညီထောက်ပံ့မှု တခုခု၏ ကုန်ကျစရိတ်အတွက်၊ နိုင်ငံတော် သမတ၏၊ သို့တည်းမဟုတ် ၎င်းကိုယ်စားအလို့ငှါ နိုင်ငံတော် သမတ ကဆောင်ရွက်ရန် လွှဲအပ်ထားသော အရာရှိတဦးဦး၏ အမိန့်အရ ပေးရမည့် လိုအပ်သည့်ငွေ။

**အရာရှိ မဟုတ်သူများ၏ လစာနှင့် စရိတ်များထဲမှငွေ နုတ်ယူခြင်းများ။**

၉၃။ ။ပုဒ်မ ၉၆ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ အရာရှိ တဦးမှတပါး ဤအက်ဥပဒေကို လိုက်နာရသော အခြားသူ တဦး၏ လစာနှင့် စရိတ်များထဲမှ ဒဏ်အဖြစ်ဖြင့် အောက်ပါငွေများကို နုတ်ယူနိုင်သည်။

(က) တပ်မှ ထွက်ပြေးခြင်းကြောင့် သော်၎င်း၊ ခွင့်မဲ့ ပျက်ကွက်ခြင်းကြောင့် သော်၎င်း၊ သုံ့ပန်းတဦး အဖြစ်ဖြင့်သော်၎င်း၊ ပျက်ကွက်သည့် ရက်အသီးသီး အတွက်၊ ထို့ပြင် ရာဇဝတ် တရားရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ ပုဒ်မ ၈၂ အရ အာဏာသုံးစွဲနိုင်သည့် အရာရှိတဦးကဖြစ်စေ၊ ချမှတ်သော တကျွန်းပို့ဒဏ်၊ ထောင်ဒဏ်၊ သို့တည်းမဟုတ် ထိုအရာရှိကဖြစ်စေ၊ စစ်တရားရုံးက ဖြစ်စေ၊ ချမှတ်သော စစ်မြေပြင် ပြစ်ဒဏ်ခံရသည့် ရက်အသီးသီးအတွက် လစာနှင့် စရိတ်အားလုံး။

(ခ) အရာရှိမဟုတ်သူ တဦးသည်၊ ပြစ်မှုတခု ကျူးလွန်သည်ဟု စွပ်စွဲခြင်း ခံရပြီးသည့်နောက်၊ ရာဇဝတ်တရားရုံးက၊ သို့တည်းမဟုတ် စစ်တရားရုံးက၊ သို့

afterwards convicted by a criminal court or a court-martial, or by an officer exercising authority under section 82;

(*c*) all pay and allowances for every day on which he is in hospital on account of sickness certified by the medical officer attending on him to have been caused by an offence under this Act committed by him;

(*d*) for every day on which he is in hospital on account of sickness certified by the medical officer attending on him to have been caused by his own misconduct or imprudence, such sum as may be specified by order of the Chief of Staff or such officer as may be specified by the Chief of Staff;

(*e*) all pay and allowances ordered by a court-martial or by an officer exercising authority under any of the section 82, 85, 86 and 87, to be forfeited or stopped;

(*f*) all pay and allowances for every day between his being recovered from the enemy and his dismissal from the service in consequence of his conduct when being taken prisoner by, or while in the hands of the enemy;

(*g*) any sum required to make good such compensation for any expenses or loss caused by him to the Government of the Union or of a Staff, or for any damage or destruction caused by him to any building or property, as may be awarded by his commanding officer;

(*h*) any sum required to pay a fine awarded by a criminal court, a court-martial exercising jurisdiction under section 71, or an officer exercising authority under section 82 or section 91;

(*i*) any sum required by order of the Chief of Staff or any prescribed officer to be paid for the maintenance of such

တည်းမဟုတ် ပုဒ်မ ၇၂ အရ၊ အာဏာသုံးစွဲနိုင်သော အရာရှိတဦးက ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင်၊ ထိုပြစ်မှုအတွက် ထိုအရာရှိမဟုတ်သူ အချုပ် ခံနေရသည့် ရက်အသီးသီးအတွက် ကျန်ရှိနေသေးသည့် လစာနှင့် စရိတ် အားလုံး။

(ဂ) အရာရှိမဟုတ်သူ တဦး၏ ဖျားနာမှုသည်၊ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှု တခုခုကို ထိုသူကျူးလွန်ခြင်းကြောင့်ဖြစ်ပေါ်သည်ဟု၊ ထိုသူအား ဆေးကု ပေးသော ဆေးဘက်အရာရှိက သက်သေခံလျှင်၊ ထိုသူ ဆေးရုံတက်နေရသည့် ရက်အသီးသီးအတွက် လစာနှင့် စရိတ်အားလုံး။

(ဃ) အရာရှိမဟုတ်သူ တဦး၏ ဖျားနာမှုသည်၊ ထိုသူ၏ အကျင့်ပျက်ပြားမှု၊ သို့တည်း မဟုတ် ဆင်ခြင်ခြင်း ကင်းမဲ့မှုကြောင့် ဖြစ်ပေါ်သည်ဟု၊ ထိုသူအားဆေးကု ပေးသော ဆေးဘက်အရာရှိက သက်သေခံလျှင်၊ ထိုသူ ဆေးရုံတက်နေရသည့် ရက်အသီးသီးအတွက် တာကွယ်ရေး ဦးစီးချုပ်၊ သို့တည်းမဟုတ် ကာကွယ်ရေး ဦးစီးချုပ်က သီးခြားဖေါ်ပြသည့် အရာရှိက ချမှတ်သော အမိန့်အရသီးခြား ဖေါ်ပြသည့်ငွေ။

(င) စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၇၂၊ ၇၅၊ ၇၆ နှင့် ၇၇ တို့အနက် ပုဒ်မ တခုခုအရ၊ အာဏာသုံးစွဲနိုင်သည့် အရာရှိတဦးက သိမ်းယူစေရန်၊ သို့တည်း မဟုတ် ရပ်စဲစေရန် အမိန့်ချမှတ်သော လစာနှင့် စရိတ်အားလုံး။

(စ) အရာရှိမဟုတ်သူ တဦးကို ရန်သူ့ထံမှ ပြန်လည်ရရှိသည့် နေ့ရက်နှင့်ရန်သူက အကျဉ်းသားအဖြစ် ဘမ်းဆီးထားစဉ်၊ သို့တည်းမဟုတ် ထိုသူရန်သူ့ လက်တွင်းရှိနေစဉ်၊ ၎င်း၏ အပြုအမူကြောင့် စစ်မှုထမ်းခြင်းမှ ၎င်းအား အမြဲဘန်း ထုတ်ပစ်ခြင်းခံရသည့် နေ့ရက်အကြားရှိ ရက်အသီးသီးအတွက် လစာနှင့် စရိတ်အားလုံး။

(ဆ) ပြည်ထောင်စု နိုင်ငံအစိုးရ၊ သို့တည်းမဟုတ်ပြည်နယ်အစိုးရအား စရိတ်စက များ ကုန်ကျအောင်ဖြစ်စေ၊ ဆုံးရှုံးအောင်ဖြစ်စေ၊ ပြုလုပ်သည့်အတွက်၊ သို့တည်းမဟုတ် အဆောက်အအုံ တခုခုကို၊ သို့တည်းမဟုတ် ပစ္စည်းတခုခုကို ပျက်စီးနစ်နာအောင်ဖြစ်စေ၊ ပျောက်ပြုန်းအောင်ဖြစ်စေ၊ ပြုလုပ်သည့်အတွက် တပ်မှူးကချမှတ်သည့် လျော်ကြေးကိုပေးရန် လိုအပ်သည့်ငွေ။

(ဇ) ရာဇဝတ် တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၇၁ အရ၊စီရင်ပိုင်ခွင့် အာဏာ သုံးစွဲနိုင်သော စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၇၂ အရ ဖြစ်စေ၊ ပုဒ်မ ၉၁ အရဖြစ်စေ၊ အခွင့်အာဏာ သုံးစွဲနိုင်သည့် အရာရှိတဦးက ချမှတ် သည့်ဒဏ်ငွေကို ပေးဆောင်ရန် လိုအပ်သည့်ငွေ။

(ဈ) အရာရှိမဟုတ်သူတဦး၏ မယားစရိတ်၊သို့တည်းမဟုတ် အရာရှိမဟုတ်သူတဦး၏ တရားဝင်သောကလေး၊ သို့တည်းမဟုတ် တရားမဝင်သော ကလေး၏ စရိတ် အတွက်၊သို့တည်းမဟုတ်အဆိုပါမယားကိုဖြစ်စေ၊ကလေးကိုဖြစ်စေ၊ပြည်ထောင် စုနိုင်ငံ အစိုးရက ပေးသော ကူညီထောက်ပံ့မှုတခုခု၏ ကုန်ကျစရိတ်အတွက်

person's wife or his legitimate or illegitimate child or, towards the cost of any relief given by the Union Government to the said wife or child.

**94.** For the purposes of clauses (*a*) and (*b*) of section 93,—

Computation of time of absence or custody.

(*a*) no person shall be treated as absent or in custody for a day unless the absence or custody has lasted, whether wholly in one day, or partly in one day and partly in another, for six consecutive hours or upwards;

(*b*) any absence or custody for less than a day may be reckoned as absence or custody for a day if such absence or custody prevented the absentee from fulfilling any military duty which was thereby thrown upon some other person;

(*c*) absence or custody for twelve consecutive hours or upwards may be reckoned as absence or custody for the whole of each day during any portion of which the person was absent or in custody;

(*d*) a period of absence, or imprisonment, which commences before, and ends after, midnight may be reckoned as a day.

Pay and allowances during trial.

**95.** In the case of a person subject to this Act who is in custody or under suspension from duty on a charge for an offence, the prescribed officer may direct that any part not more than two-thirds of the pay and allowances of such person shall be withheld, pending the result of his trial on the charge against him.

Limit of certain deductions.

**96.** The total deductions from the pay and allowances of a person made under clauses (*e*), (*g*) to (*i*) of section 93 shall not, except where he is sentenced to dismissal, exceed in any one month one half of his pay and allowances for that month.

ကာကွယ်ရေး ဦးစီးချုပ်၏၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အရာရှိ တဦးဦး၏ အမိန့်အရ ပေးရမည့် လိုအပ်သည့်ငွေ။

၉၄။ ။ပုဒ်မ ၉၃၊ အပိုဒ် (က) နှင့် (ခ) တို့၏ ကိစ္စများအလို့ငှါ—

ခွင့်မဲ့ပျက်ကွက်ခြင်း၏၊ သို့တည်းမဟုတ် အချုပ်နှင့်နေရခြင်း၏ အချိန်ကာလ တွက်စစ်နည်း။

(က) ခွင့်မဲ့ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အချုပ်နှင့် နေရခြင်းသည် လုံးဝအားဖြင့် တရက်အတွင်းတွင်ဖြစ်စေ၊ တစိတ်တဒေသအားဖြင့် တရက်အတွင်းနှင့် တစိတ်တဒေသအားဖြင့်အခြားတရက်အတွင်းတွင်ဖြစ်စေ၊ တဆက်တည်း ခြောက်နာရီသော်ငင်း၊ ခြောက်နာရီထက်ပို၍သော်ငင်း၊ မကြာမြင့်ဘဲ မည်သူ့ကိုမျှ တရက်အတွက် ခွင့်မဲ့ပျက်ကွက်သည်၊ သို့တည်း မဟုတ် အချုပ်နှင့် နေရသည်ဟု မယူဆရ။

(ခ) တဦးတယောက်သောသူသည်၊ တရက်အောက်လျော့၍ ခွင့်မဲ့ပျက်ကွက်သဖြင့်၊ သို့တည်းမဟုတ် အချုပ်နှင့်နေရသဖြင့် စစ်ဘက် တာဝန်ဝတ်တရားတခုခုကို ဖြီးမြောက်အောင်မဆောင်ရွက်နိုင်ရာ၊ ထိုတာဝန်ဝတ်တရားကို အခြားသူတဦး က ဆောင်ရွက်ရလျှင်၊ အဆိုပါ ခွင့်မဲ့ပျက်ကွက်ခြင်းကိုဖြစ်စေ၊ အချုပ်နှင့် နေရခြင်းကိုဖြစ်စေ၊ တရက်ခွင့်မဲ့ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အချုပ် နှင့် နေရခြင်းဟု ရေတွက်နိုင်သည်။

(ဂ) တဆက်တည်း တဆယ့်နှစ်နာရီဖြစ်စေ၊ တဆယ့်နှစ်နာရီထက် ပို၍ဖြစ်စေ၊ ခွင့်မဲ့ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အချုပ်နှင့် နေရခြင်း၏ တစိတ်တဒေသ ကျရောက်သည့်ရက်တိုင်းကို တရက်လုံးအတွက် ခွင့်မဲ့ပျက်ကွက်ခြင်း၊ သို့တည်း မဟုတ် အချုပ်နှင့်နေရခြင်းဟု ရေတွက်နိုင်သည်။

(ဃ) ည ၁၂ နာရီအချိန်မတိုင်မီ အစပြု၍၊ ည ၁၂ နာရီကျော်လွန်ပြီးသည့်နောက် တွင် အဆုံးသတ်သော ခွင့်မဲ့ပျက်ကွက်ခြင်း ကာလအပိုင်းအခြားကို၊ သို့တည်း မဟုတ် ထောင်ဒဏ်ကို တရက်အဖြစ် ရေတွက်နိုင်သည်။

၉၅။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးသည်၊ ပြစ်မှုတခု ကျူးလွန်သည်ဟု စွပ်စွဲ ခြင်းခံရသဖြင့်၊ အချုပ်ခံနေရသည့်၊ သို့တည်းမဟုတ် ရာဇဝတ်မှု ခေတ္တချုထားခြင်းခံရသည့်အခါ၊ ထိုစွပ်စွဲခြင်းနှင့် စပ်လျဉ်း၍ စစ် ဆေးစီရင်ခြင်း မပြီးပြတ်ဘဲရှိနေဆဲတွင်၊ ထိုသူ၏ လစာနှင့် စရိတ်များအနက် သုံးပုံနှစ်ပုံထက်မပိုသောငွေကို မပေးသေးဘဲ ဆိုင်းထားရန်၊ သတ်မှတ် ထားသော အရာရှိက ညွှန်ကြားနိုင်သည်။

စစ်ဆေးစီရင်နေစဉ် လစာနှင့် စရိတ်များ။

၉၆။ ။ပုဒ်မ ၉၃ ၏ အပိုဒ် (င) နှင့် (ဆ) မှ (ဈ) အထိ အပိုဒ်များအရ၊ တဦး တယောက်သောသူ၏ လစာနှင့် စရိတ်များထဲမှ နုတ်ယူသည့် စုစု ပေါင်းငွေသည်၊ ထိုသူအား အမြဲတန်း ထုတ်ပစ်ဒဏ် ချမှတ်သည့် အခါမှတပါး၊ မည်သည့်လတွင်မဆို၊ ထိုလအတွက် လစာနှင့် စရိတ်များ၏ တဝက်မပိုစေရ။

ငွေနုတ်ယူခြင်း အချို့ကို ကန့်သတ်ခြင်း။

**97.** Any sum authorized by this Act to be deducted from the pay and allowances of any person may, without prejudice to any other mode of recovering the same, be deducted from any public money due to him other than a pension.

Deduction from public money due to a person.

**98.** Where the conduct of any person subject to this Act when being taken prisoner by, or while in the hands of, the enemy, is to be inquired into under this Act or any other law, the Chief of Staff or any officer authorized by him may order that any part not more than two-thirds of the pay and allowances of such person shall be withheld pending the result of such inquiry.

Pay and allowances of prisoner of war during inquiry into his conduct.

**99.** Any deduction from pay and allowances authorized by this Act may be remitted in such manner and to such extent, and by such authority, as may from time to time be prescribed.

Remission of deductions.

**100.** In the case of all persons subject to this Act, being prisoners of war, whose pay and allowances have been forfeited under clause (*h*) of section 92 or clause (*a*) of section 93, but in respect of whom a remission has been made under section 99, provision may be made by the prescribed authorities out of such pay and allowances for any dependants of such person, and any such remission shall in that case be deemed to apply only to the balance thereafter remaining of such pay and allowances.

Provision for dependants of prisoner of war from remitted deductions.

**101.** Provision may be made by the prescribed authorities for any dependants of any person subject to this Act who is a prisoner of war or is missing, at not less than half out of his pay and allowances.

Provision for dependants of prisoner of war from his pay and allowances.

တဦး တယောက်သော သူရသင့်သည့် အစုံးရငွေမှ နုတ်ယူခြင်း။

၉၇။ ။သူတဦးဦး၏လစာနှင့် စရိတ်များထဲမှ၊ ဤအက်ဥပဒေအရ နုတ်ယူခွင့်ပြုသော ငွေကို၊ ထိုငွေပြန်လည်ရယူတောင်းခံနိုင်သည့် အခြားနည်း တခုခုကို မထိခိုက်စေဘဲ၊ အငြိမ်းစားလစာထဲမှတပါး၊ ထိုသူရထိုက်သည့် အစိုးရငွေ တခုခုထဲမှ နုတ်ယူနိုင်သည်။

သုံ့ပန်းတဦး၏ အပြုအမူကို စုံစမ်းစစ်ဆေးနေစဉ် ထိုသူ၏ လစာနှင့် စရိတ်များ။

၉၈။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးသည်၊ ရန်သူ၏ဘမ်းဆီးခြင်းကို ခံရစဉ်၊ သို့တည်းမဟုတ် ရန်သူ၏ လက်တွင်းကျရောက်နေစဉ်၊ မိမိ၏ အပြုအမူကို၊ ဤအက်ဥပဒေအရဖြစ်စေ၊ အခြား တရားဥပဒေ တခုခုအရဖြစ်စေ၊ စုံစမ်းစစ်ဆေးရမည့်အခါ၊ ကာကွယ်ရေး ဦးစီးချုပ်ကသော်၎င်း၊ ကာကွယ်ရေးဦးစီးချုပ်က အာဏာလွှဲအပ်သော အရာရှိ တဦးဦးကသော်၎င်း၊ အဆိုပါ စုံစမ်းစစ်ဆေးခြင်း မပြီးပြတ်မီ၊ ထိုသူ၏ လစာနှင့် စရိတ်များ၏ သုံးပုံနှစ်ပုံထက်မပိုသောငွေကို မပေးသေးဘဲ ဆိုင်းထားရန် အမိန့်ချမှတ်နိုင်သည်။

နုတ်ယူငွေများလျှော့ခြင်း။

၉၉။ ။ဤအက်ဥပဒေ၏ ခွင့်ပြုချက်အရ၊ လစာနှင့်စရိတ်များထဲမှ နုတ်ယူခြင်း တခုခုကို၊ အခါအားလျော်စွာ၊ သတ်မှတ်ထားသည့် အာဏာပိုင်က၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ သတ်မှတ်ထားသရွေ့ လျှော့နိုင်သည်။

နုတ်ယူငွေ အနက် လျှော့ငွေထဲမှ သုံ့ပန်းအား မှီခိုနေသူများ အတွက်စရိတ်ထောက်ခြင်း။

၁၀၀။ ။ပုဒ်မ ၉၂၊ အပိုဒ် (ဇ) အရဖြစ်စေ၊ ပုဒ်မ ၉၃၊ အပိုဒ် (က) အရဖြစ်စေ၊ လစာနှင့်စရိတ်များ သိမ်းယူခြင်းခံရသည်ဖြစ်၍၊ ပုဒ်မ ၉၉ အရ လျှော့ခွင့်ရသည်လည်းဖြစ်သော၊ သုံ့ပန်းများ ဖြစ်ကြရသည့်၊ ဤအက်ဥပဒေကို လိုက်နာရသူအားလုံးနှင့် စပ်လျဉ်း၍၊ သတ်မှတ်ထားသော အာဏာပိုင်များသည်၊ ထိုလစာနှင့်စရိတ်များထဲမှ၊ ထိုသူများအပေါ် မှီခိုနေသူများအတွက်၊ သင့်လျော်သော ထောက်ပံ့ကြေးငွေကို ပေးနိုင်စေရမည်။ ထိုပြင် ထိုသို့ထောက်ပံ့ကြေးငွေပေးလျှင်၊ ဆိုခဲ့သည့် လျှော့ခြင်းသည်၊ ထောက်ပံ့ကြေးငွေနုတ်ပြီး ကျန်ရှိနေသော လစာ၊ စရိတ်များနှင့်သာ သက်ဆိုင်သည်ဟု မှတ်ယူရမည်။

သုံ့ပန်းအား မှီခိုနေသူများအတွက် ထိုသုံ့ပန်း၏ လစာနှင့် စရိတ်များထဲမှ စရိတ်ထောက်ခြင်း။

၁၀၁။ ။သုံ့ပန်းတဦးဖြစ်သော၊ သို့တည်းမဟုတ် ပျောက်နေသော၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအပေါ် မှီခိုနေရသူများအတွက်၊ သတ်မှတ်ထားသော အာဏာပိုင်များက၊ ထိုသုံ့ပန်း၏ လစာနှင့် စရိတ်များထဲမှ တဝက်အောက် မလျော့သောငွေကို၊ ထောက်ပံ့ကြေးငွေအဖြစ် ပေးနိုင်စေရမည်။

Period during which a person is deemed to be a prisoner of war.

**102.** For the purposes of sections 100 and 101, a person shall be deemed to continue to be a prisoner of war until the conclusion of any inquiry into his conduct such as is referred to in section 98, and if he is cashiered or dismissed from the service, in consequence of such conduct, until the date of such cashiering or dismissal.

## CHAPTER IX.

### Arrest and Proceedings Before Trial.

Custody of offenders.

**103.** (1) Any person subject to this Act who is charged with an offence may be taken into military custody.

(2) Any such person may be ordered into military custody by any superior officer.

(3) An officer may order into military custody any officer, though he may be of a higher rank, engaged in a quarrel, affray or disorder.

Duty of commanding officer in regard to detentions.

**104.** (1) Every commanding officer shall take that a person under his command when charged with an offence is not detained in custody for more than forty-eight hours after the committal of such person into custody is reported to him, without the charge being investigated, unless investigation within that period seems to him to be impracticable having regard to the public service.

(2) The case of every person detained in custody beyond a period of forty-eight hours, and the reason thereof, shall be reported by the commanding officer to the officer to whom application would be made to convene a district court-martial for the trial of the person charged.

(3) In reckoning the period of forty-eight hours, specified in sub-section (1), Sundays and other public holidays shall be excluded.

(4) Subject to the provisions of this Act, the President may make rules providing for the manner in which and the period for which

၁၀၂။ ။ပုဒ်မ ၁၀၀ နှင့် ၁၀၁ တို့၏ကိစ္စများအလို့ငှါ၊ တဦးတယောက်သောသူအား ပုဒ်မ ၉၇ တွင် ရည်ညွှန်းထားသည့်အတိုင်း၊ ထိုသူ၏ အပြုအမူကို စုံစမ်းစစ်ဆေးခြင်းပြီးဆုံးသည်အထိ၊ သုံ့ပန်းတဦး ဆက်လက်ဖြစ်နေသည်ဟု မှတ်ယူရမည့်ပြင်၊အဆိုပါ အပြုအမူကြောင့် စစ်မှုထမ်းခြင်းမှ ထိုသူအား ရုတ်ချ၍ အမြဲတန်းထုတ်ပစ်လျှင်ဖြစ်စေ၊ အမြဲတန်း ထုတ်ပစ်လျှင် ဖြစ်စေ၊ ထိုသို့ရုတ်ချ၍ အမြဲတန်း ထုတ်ပစ်သည့်၊ သို့တည်းမဟုတ် အမြဲတန်းထုတ်ပစ်သည့် အချိန်အထိ၊ ထိုသူသည်၊ သုံ့ပန်းတဦး ဆက်လက်ဖြစ်နေသည်ဟုလည်း မှတ်ယူရမည်။

တဦး တယောက်သောသူအား သုံ့ပန်းတဦးဖြစ်သည်ဟု မှတ်ယူရမည့်ကာလအပိုင်းအခြား။

## အခန်း ၉။

### ဘမ်းဆီးခြင်းနှင့် စစ်ဆေးစီရင်ခြင်းမပြုမီ မှုခင်းကိစ္စဆောင်ရွက်ခြင်း။

၁၀၃။ ။(၁) ပြစ်မှုတခု ကျူးလွန်သည်ဟုစွပ်စွဲခြင်းခံရသော၊ ဤအက်ဥပဒေကိုလိုက်နာရသူ ကဦးဦးကို၊ စစ်ဘက် အချုပ်နှင့် ထားနိုင်သည်။

ပြစ်မှု ကျူးလွန်သူများကို ချုပ်ထားခြင်း။

(၂) အဆိုပါ သူကဦးဦးကို စစ်ဘက်အချုပ်နှင့် ထားရန် အထက်အရာရှိတဦးဦးက အမိန့်ပေးနိုင်သည်။

(၃) အရာရှိတဦးသည်၊ ခိုက်ရန်ဖြစ်မှု၊ သတ်ပုတ်နှောင့်ယှက်မှု၊ သို့တည်းမဟုတ် ဗရုန်းသုံးကား ဖြစ်မှုတွင် ပါဝင်သော အရာရှိတဦးဦးကို အဆင့်အားဖြင့် မိမိထက်ပို၍ မြင့်သူဖြစ်စေကာမူ၊ စစ်ဘက်အချုပ်နှင့်ထားရန် အမိန့်ပေးနိုင်သည်။

၁၀၄။ ။(၁) တပ်မှူးတိုင်းသည်၊ ပြစ်မှုတခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသော မိမိကွပ်ကဲရသူ တဦးတယောက်ကို အချုပ်နှင့် ထားကြောင်း မိမိအား သတင်းပို့ပြီးသည့်နောက်၊ ပြည်သူ့အကျိုးကို ထောက်ထားရခြင်းကြောင့်၊ လေးဆယ့်ရှစ်နာရီအတွင်း စုံစမ်း စစ်ဆေးခြင်း ပြုလုပ်ရန် မဖြစ်နိုင်ဟု မိမိယူဆသည့်အခါမှတပါး၊ ထိုစွပ်စွဲချက်ကို မစုံစမ်း မစစ်ဆေးဘဲ၊ လေးဆယ့်ရှစ်နာရီထက်ပို၍၊ ထိုသူကို အချုပ်နှင့်မထားရန် ဂရုစိုက်ရမည်။

ချုပ်ထားခြင်းနှင့် စပ်လျဉ်း၍ တပ်မှူး၏ တာဝန် ဝတ္တရား။

(၂) တပ်မှူးသည်၊ လေးဆယ့်ရှစ်နာရီထက် ကျော်လွန်ပြီး ချုပ်ထားခြင်းခံရသူတိုင်း၏ ကိစ္စကိုင်း၊ ထိုသို့ လေးဆယ့်ရှစ်နာရီထက်ပို၍ ချုပ်ထားရခြင်း၏ အကြောင်းပြချက်ကိုင်း၊ စွပ်စွဲခြင်းခံရသူအား စစ်ဆေးစီရင်ရေးအတွက်၊ တိုင်းစစ်တရားရုံးတခု ဖွဲ့စည်းပေးရန် လျှောက်ထားခြင်းခံရမည့် အရာရှိထံ အစီရင်ခံရမည့်။

(၃) ပုဒ်မခွဲ (၁) တွင် သီးခြားဖော်ပြထားသော လေးဆယ့်ရှစ်နာရီကို ရေတွက်ရာ၌၊ တနင်္ဂနွေနေ့များနှင့် အစိုးရ၏ အခြားရုံးပိတ်ရက်များကို ချန်လှပ်ထားရမည်။

(၄) နိုင်ငံတော် သမတသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ ထိုသူ ကျူးလွန်ခဲ့သော ပြစ်မှုတခုနှင့် စပ်လျဉ်း၍၊

any person subject to this Act may be taken into and detained in military custody, pending the trial by any competent authority for any offence committed by him.

Interval between committal and court-martial.

**105.** In every case where any such person as is mentioned in section 103 and as is not on active service remains in such custody for a longer period than eight days, without a court-martial for his trial being ordered to assemble, a special report giving reasons for the delay shall be made by his commanding officer in the manner prescribed, and a similar report shall be forwarded at intervals of every eight days until a court-martial is assembled or such person is released from custody.

Arrest by civil authorities.

**106.** Whenever any person subject to this Act, who is accused of any offence under this Act, is within the jurisdiction of any magistrate or police officer, such magistrate or police officer shall aid in the apprehension and delivery to military custody of such person upon receipt of a written application to that effect signed by his commanding officer.

Capture of deserters.

**107.** (1) Whenever any person subject to this Act deserts, the commanding officer of the corps, department, unit, ship or detachment to which he belongs, shall give written information of the desertion to such civil authorities as, in his opinion, may be able to afford assistance towards the capture of the deserter; and such authorities shall thereupon take steps for the apprehension of the said deserter in like manner as if he were a person for whose apprehension a warrant had been issued by a magistrate, and shall deliver the deserter, when apprehended, into military custody.

(2) Any police officer may arrest without warrant any person reasonably believed to be subject to this Act and to be a deserter or to be travelling without authority, and shall bring him without delay before the nearest magistrate, to be dealt with according to law.

အခွင့်ရ အာဏာပိုင် တဦးဦးက စစ်ဆေးစီရင်ခြင်း မပြီးပြတ်မီ၊ ဘမ်းဆီးခြင်း၊ စစ်ဘက်အချုပ်တွင် ချုပ်ထားခြင်း ဆိုင်ရာ စည်းကမ်း နည်းလမ်းနှင့် ချုပ်ထားနိုင်သည့် ကာလအပိုင်းအခြားကို ပြဋ္ဌာန်းရန် နည်းဥပဒေများပြုနိုင်သည်။

**အချုပ်နှင့် ထားခြင်းနှင့် စစ်တရားရုံး ဖွဲ့စည်းခြင်း စပ်ကြားရှိ အချိန်ကာလ။**

၁၀၅။ ။**ပုဒ်မ** ၁၀၃ တွင်ပေါ်ပြထားသည့်အတိုင်း ချုပ်ထားခြင်း ခံနေရသူ ဖြစ်သည့်ပြင်၊ တန်းပြည့် စစ်မှုထမ်းနေရသူလည်း မဟုတ်သော သူတဦးဦးအား စစ်ဆေး စီရင်ရန်အတွက် စစ်တရားရုံးတရုံး ဖွဲ့စည်းစေရန် အမိန့်မပေးသေးဘဲ ရှစ်ရက်ထက်ပို၍ အချုပ်ခံနေရသည့် အမှုတိုင်းတွင်၊ထိုသူ၏ တပ်မှူးက၊ ကြန့်ကြာရသည့် အကြောင်းများပါရှိသည့် အထူးအစီရင်ခံချက်တခုကို သတ်မှတ်ထားသည့်နည်းလမ်း အတိုင်း ပေးပို့ရမည့်ပြင်၊ စစ်တရားရုံး အဖွဲ့ဝင်များ ရုံးထိုင်ရန် စုဝေးရောက်ရှိသည့်အထိ၊ သို့တည်းမဟုတ် ထိုသူကို အချုပ်မှ လွှတ်သည်အထိ၊ အလားတူ အစီရင်ခံချက် တခုကိုလည်း ရှစ်ရက်တကြိမ် ပေးပို့ရမည်။

**နယ်ဘက်အာဏာပိုင်များက ဘမ်းဆီးခြင်း။**

၁၀၆။ ။မည်သည့်အခါမဆို၊ ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ရဲအရာရှိ တဦးဦး၏ အာဏာပိုင်နက်အတွင်း၊ ဤအက်ဥပဒေအရ ဖြစ်သော ပြစ်မှုတခုခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးရှိနေလျှင်၊ ထိုရာဇဝတ် တရားသူကြီး၊ သို့တည်းမဟုတ် ရဲအရာရှိသည်၊ ထိုသူအား ဘမ်းဆီးရေးနှင့် စစ်ဘက်အချုပ်သို့ လက်ရောက်အပ်ရေးအတွက် ထိုသူ၏ တပ်မှူးလက်မှတ် ရေးထိုးသော တောင်းဆိုစာ တစောင်ကို ရရှိသောအခါ၌၊ ထိုအရေးများတွင် ကူညီရမည်။

**စစ်ပြေးများကိုဘမ်းဆီးခြင်း။**

၁၀၇။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ တပ်မှထွက်ပြေးလျှင်၊ ထိုသူပါဝင်သည့်တပ်အဖွဲ့၊ ဌာန၊ တပ်၊ သင်္ဘော၊ သို့တည်းမဟုတ် မွဲထုတ်တပ်၏ တပ်မှူးက၊ ထိုစစ်ပြေးကို ဘမ်းဆီးရန် အကူအညီပေးနိုင်မည်ဟု ယူဆသည့်နယ်ဘက်အာဏာပိုင်များထံ ထိုတပ်မှ ထွက်ပြေးကြောင်း စာရေး အကြောင်းကြားရမည်။ အဆိုပါ အာဏာပိုင်များသည်၊ ထို အကြောင်းကြားစာ ရသည့်အခါ၊ အဆိုပါ စစ်ပြေးအား ဘမ်းဆီးရန်အတွက် ရာဇဝတ် တရားသူကြီးက ဘမ်းဆီးရန် ဝရမ်းထုတ်ထားသူ တဦးဖြစ်ဘိသကဲ့သို့ အရေးယူရမည့်ပြင်၊ ဘမ်းဆီးရမိသောအခါ၊ ထိုသူကို စစ်ဘက်အချုပ်သို့ လက်ရောက်အပ်ရမည်။

(၂) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဖြစ်သည်ဟု ယုံကြည်[illegible] အကြော[illegible]ရှိပြီး၊ စစ်ပြေးတဦး၊ သို့တည်းမဟုတ် အခွင့်အာဏာ မပါဘဲ ရှိသွားနေသူ တဦးဖြစ်သည်[illegible] လည်း ယုံကြည်ရန် အကြောင်းရှိသော သူတဦးဦးကို၊ ရဲအရာရှိ တဦးဦးက ဝရမ်းမရှိဘဲ ဘမ်းဆီးနိုင်သည့်ပြင်၊ တရားဥပဒေနှင့်အညီ အရေးယူရန် အနီးဆုံး ရာဇဝတ်တရားသူကြီး ရှေ့မှောက်သို့ ကြန့်ကြာမှုမရှိဘဲ၊ ထိုသူကို[illegible]ခေါ်လာရမည်။

**108.** (1) When any person subject to this Act has been absent from his duty without due authority for a period of twenty-one days, a court of inquiry shall, as soon as practicable, be assembled, and such court shall, on oath or affirmation administered in the prescribed manner, inquire respecting the absence of the person, and the deficiency, if any, in the property of the Government entrusted to his care, or in any arms, ammunition, equipment, instruments, clothing or necessaries; and if satisfied of such absence without due authority or other sufficient cause, the court shall declare such absence and the period thereof, and the said deficiency, if any, and the commanding officer of the corps, unit, or ship to which the person belongs shall enter in the court-martial book of the corps, unit, or ship a record of the declaration.

Inquiry into absence without leave.

(2) If the person declared absent does not afterwards surrender or is not apprehended, he shall for the purposes of this Act, be deemed to be a deserter.

**109.** (1) Provost-marshals may be appointed by the Chief of Staff, or by any prescribed officer.

Provost-marshals.

(2) The duties of a provost-marshal are to take charge of persons confined for any offence, to preserve good order and discipline, and to prevent breaches of the same by persons serving in, or attached to, the Defence Services.

(3) A provost-marshal may at any time arrest and detain for trial any person subject to this Act who commits, or is charged with, an offence, and may also carry into effect any punishment to be inflicted in pursuance of the sentence awarded by a court-martial, or by an officer exercising authority under section 82 but shall not inflict any punishment on his own authority:

Provided that no officer shall be so arrested or detained by a provost-marshal who is not an officer otherwise than on the order of another officer.

**ခွင့်မဲ့ ပျက်ကွက်ခြင်းကို စုံစမ်း စစ်ဆေးခြင်း။**

၁၀၈။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ရရှိသင့်သော အခွင့်အာဏာ မရရှိဘဲ၊ နှစ်ဆယ့်တရက်မျှ၊ မိမိ၏ တာဝန်ဝတ်တရား ဆောင်ရွက်ရန် ပျက်ကွက်သည့်အခါ၊ စုံစမ်းစစ်ဆေးရေး ခုံရုံးတခုကို ဆောလျင်နိုင်သမျှဆောလျင်စွာ ဖွဲ့စည်းစေရမည်။ ထိုပြင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ ထိုခုံရုံးက သက်သေများကို ကျမ်းသစ္စာသော်ငှင်း၊ ကတိသစ္စာသော်ငှင်း၊ ပြုစေပြီးနောက်၊ ထိုသူ၏ ခွင့်မဲ့ ပျက်ကွက်မှုနှင့် ထိုသူအား အပ်နှံထားသော အစိုးရပိုင် ပစ္စည်းများ၊ သို့တည်းမဟုတ် လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ပစ္စည်းကိရိယာ တန်ဆာပလာများ၊ အဝတ်အစား၊ သို့တည်းမဟုတ် လိုအပ်သော ပစ္စည်းများ လျော့၍ နေခြင်း တခုခုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရမည်။ ထိုနောက် အဆိုပါ ခွင့်မဲ့ ပျက်ကွက်ခြင်းသည်၊ ရရှိသင့်သော အခွင့်အာဏာမရှိဘဲ၊ သို့တည်းမဟုတ် အခြားလုံလောက်သော အကြောင်းမရှိဘဲ၊ ပျက်ကွက်ခြင်းဖြစ်သည်ဟု ကျေနပ်ပါက၊ ထိုခုံရုံးသည်၊ အဆိုပါ ခွင့်မဲ့ပျက်ကွက်ခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း၏ ကာလအပိုင်းအခြားအပြင်၊ ပစ္စည်း လျော့နေခြင်းရှိလျှင်၊ အဆိုပါပစ္စည်းလျော့နေခြင်းကိုပါ ကြေညာရမည်။ ထိုနောက် ထိုသူပါဝင်သော တပ်အဖွဲ့၊ တပ်၊ သို့တည်းမဟုတ် သင်္ဘောကို ကွပ်ကဲသည့်အရာရှိက၊ ထိုတပ်အဖွဲ့၊ တပ်၊ သို့တည်းမဟုတ် သင်္ဘော၏ စစ်တရားရုံး မှတ်တမ်းစာအုပ်တွင် ထိုကြေညာချက်ကို ရေးသွင်းရမည်။

(၂) ခွင့်မဲ့ပျက်ကွက်သည်ဟု ကြေညာခြင်းခံရသူသည်၊ ယင်းသို့ကြေညာပြီးသည့်နောက် လာ၍ဘမ်းဆီးခြင်း မခံလျှင်၊ သို့တည်းမဟုတ် ထိုသူအား ဘမ်း၍မရလျှင်၊ ဤအက်ဥပဒေ၏ ကိစ္စများအလို့ငှါ၊ စစ်ပြေးတယောက်ဖြစ်သည်ဟု မှတ်ယူရမည်။

**တပ်ထိန်းချုပ်များ။**

၁၀၉။ ။(၁) တပ်ထိန်းချုပ်များကို၊ ကာကွယ်ရေး ဦးစီးချုပ်က သော်ငှင်း၊ သတ်မှတ်ထားသော အရာရှိတဦးဦးကသော်ငှင်း၊ ခန့်အပ်နိုင်သည်။

(၂) တပ်ထိန်းချုပ် တဦး၏ တာဝန်ဝတ်တရားများသည်၊ ပြစ်မှုတခုခုအတွက် အချုပ်နှင့် ထားသူများကို စောင့်ထိန်းရန်ငှင်း၊ စည်းကမ်းနှင့်စနစ်တကျရှိမှုကို ထိန်းသိမ်းရန်ငှင်း၊ တပ်မတော်တွင် ပါဝင်အမှုထမ်းရွက်နေကြသော၊ သို့တည်းမဟုတ် တွဲဘက်ထားသော သူများက အဆိုပါစည်းကမ်းနှင့် စနစ်တကျရှိမှု ဖေါက်ဖျက်ခြင်းကို တားမြစ်ရန်ငှင်း၊ ဖြစ်သည်။

(၃) တပ်ထိန်းချုပ်တဦးသည်၊ ပြစ်မှုတခုကို ကျူးလွန်သော၊ သို့တည်းမဟုတ် ပြစ်မှုတခုနှင့် စွပ်စွဲခြင်းခံရသော၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးကို မည်သည့်အခါမဆို ဘမ်းဆီးပြီးနောက်၊ စစ်ဆေးစီရင်ရန်အတွက် ချုပ်ထားနိုင်သည့်အပြင်၊ စစ်တရားရုံးကသော်ငှင်း၊ ပုဒ်မ ၈၂ အရ အခွင့်အာဏာ သုံးစွဲနိုင်သည့် အရာရှိတဦးကသော်ငှင်း၊ ချမှတ်သည့် ပြစ်ဒဏ်စီရင်ခြင်းနှင့်အညီ ကျခံရမည့် ပြစ်ဒဏ်တခုခု အကျိုးသက်ရောက်အောင် ဆောင်ရွက်နိုင်သည်။ သို့သော်လည်း တပ်ထိန်းချုပ်တဦးသည်၊ မိမိ၏အခွင့်အာဏာကို သုံးစွဲပြီး မည်သည့် ပြစ်ဒဏ်ကိုမျှ မပေးရ။

သို့ရာတွင် အရာရှိ မဟုတ်သူ တပ်ထိန်းချုပ်တဦးသည်၊ အရာရှိတဦးကို အခြားအရာရှိတဦး၏ အမိန့်အရမှတပါး၊ မဘမ်းဆီးရ၊ သို့တည်းမဟုတ် ချုပ်မထားရ။

## CHAPTER X.

### COURTS-MARTIAL.

Kinds of courts-martial.

**110.** For the purposes of this Act there shall be four kinds of courts-martial, that is to say,—

(*a*) general courts-martial;

(*b*) district courts-martial;

(*c*) summary general courts-martial; and

(*d*) summary courts-martial.

Power to convene a general court-martial.

**111.** A general court-martial may be convened by the President or the Chief of Staff or by any officer empowered in this behalf by warrant of the President or the Chief of Staff.

Power to convene a district court-martial.

**112.** A district court-martial may be convened by an officer having power to convene a general court-martial or by any officer empowered in this behalf by warrant of any such officer.

Contents of warrants issued under sections 111 and 112.

**113.** A warrant issued under section 111 or section 112 may contain such restrictions, reservations or conditions as the officer issuing it may think fit.

Power to convene a summary general court-martial.

**114.** The following authorities shall have power to convene a summary general court-martial, namely,—

(*a*) an officer empowered in this behalf by an order of the President or of the Chief of Staff;

(*b*) on active service, the officer commanding the forces in the field, or any officer empowered by him in this behalf;

## အခန်း ၁၀။

### စစ်တရားရုံးများ။

၁၁၀။ ။ဤအက်ဥပဒေ၏ ကိစ္စများအလို့ငှါ၊ အောက်ပါအတိုင်း၊ စစ်တရားရုံး လေးမျိုး ရှိရမည်။

စစ်တရားရုံး အမျိုးအစားများ။

(က) စစ်တရားရုံးချုပ်၊
(ခ) တိုင်းစစ်တရားရုံး၊
(ဂ) အကျဉ်းစစ်တရားရုံးချုပ်နှင့်
(ဃ) တပ်တွင်းစစ်တရားရုံး။

၁၁၁။ ။နိုင်ငံတော် သမတက ဖြစ်စေ၊ ကာကွယ်ရေး ဦးစီးချုပ်ကဖြစ်စေ၊ နိုင်ငံတော် သမတ၊ သို့တည်းမဟုတ် ကာကွယ်ရေး ဦးစီးချုပ်က၊ ဤကိစ္စ အလို့ငှါ၊ အမိန့်စာဖြင့် အာဏာအပ်နှင်းထားသော အရာရှိ တဦးဦးကဖြစ်စေ၊ စစ်တရားရုံးချုပ်တခုကို ဖွဲ့စည်းနိုင်သည်။

စစ်တရားရုံးချုပ် ဖွဲ့စည်းရန် အာဏာ။

၁၁၂။ ။စစ်တရားရုံးချုပ်တခု ဖွဲ့စည်းရန် အာဏာရရှိထားသော အရာရှိတဦးကဖြစ်စေ၊ ထိုအရာရှိတဦးဦးက၊ ဤကိစ္စအလို့ငှါ၊ အမိန့်စာဖြင့် အာဏာ အပ်နှင်းထားသော အရာရှိ တဦးဦးကဖြစ်စေ၊ တိုင်းစစ်တရားရုံး တရုံးကို ဖွဲ့စည်းနိုင်သည်။

တိုင်းစစ်တရားရုံး ဖွဲ့စည်းရန် အာဏာ။

၁၁၃။ ။ပုဒ်မ ၁၁၁၊ သို့တည်းမဟုတ် ပုဒ်မ ၁၁၂ အရ၊ ထုတ်ပေးသော အမိန့်စာတွင် ထိုအမိန့်စာကို ထုတ်ပေးသော အရာရှိက သင့်တော်မည်ဟု ထင်သည့် ကန့်သတ်ချက်များ၊ ခြွင်းချက်များ၊ သို့တည်းမဟုတ် စည်းကမ်းချက်များ ပါဝင်နိုင်သည်။

ပုဒ်မ ၁၁၁ နှင့် ၁၁၂ အရ၊ ထုတ်ပေးသော အမိန့်စာတွင် ပါဝင်သည့် အကြောင်းအရာများ။

၁၁၄။ ။အောက်ပါအာဏာပိုင်များမှာ အကျဉ်းစစ် တရားရုံးချုပ် တခုကို ဖွဲ့စည်းရန် အာဏာရှိရမည်။

အကျဉ်း စစ်တရားရုံးချုပ် ဖွဲ့စည်းရန်အာဏာ။

(က) နိုင်ငံတော် သမတကဖြစ်စေ၊ ကာကွယ်ရေး ဦးစီးချုပ်က ဖြစ်စေ၊ ဤကိစ္စအလို့ငှါ၊ အမိန့်တရပ်ဖြင့် အာဏာအပ်နှင်း ထားသော အရာရှိတဦး၊

(ခ) တန်းပြည့် စစ်မှုထမ်းချိန်တွင်၊ စစ်မြေပြင်၌ တပ်ဖွဲ့များကို ကွပ်ကဲနေသည့် အရာရှိ၊ သို့တည်းမဟုတ် ထိုအရာရှိက ဤကိစ္စအလို့ငှါ၊ အာဏာအပ်နှင်း ထားသည့် အရာရှိတဦး၊

(c) an officer commanding any detached portion of the Defence Services on active service when, in his opinion, it is not practicable, with due regard to discipline and the exigencies of the service, that an offence should be tried by a general court-martial.

Composition of general court-martial.

**115.** A general court-martial shall consist of not less than five officers, each of whom has held a commission for not less than three whole years and of whom not less than four are of a rank not below that of captain of the army or equivalent rank of the other services:

Provided that an officer with less than three years' service may be appointed if he has acted as a Sessions Judge or as an Additional Sessions Judge for at least two years, or has practised as an Advocate for at least ten years.

Composition of district court-martial.

**116.** A district court-martial shall consist of not less than three officers, each of whom has held a commission for not less than two whole years.

Composition of summary general court-martial.

**117.** A summary general court-martial shall consist of not less than three officers.

General composition of courts-martial.

**118.** At every general, district or summary general court-martial, the majority of the members of the court shall be from the service to which the accused belongs.

Summary court-martial.

**119.** (1) A summary court-martial may be held—

(a) by the commanding officer of any corps, unit, department or detachment in the case of the army;

(b) by the commanding officer of any ship, unit, base or sub-base in the case of the navy;

(c) by the commanding officer of a station, squadron, unit or detachment in the case of the air force;

(ဂ) စစ်စည်းကမ်းနှင့် စစ်ဘက်လတ်ဘလော လိုအပ်ခြင်းများကို ထိုက်သင့်သလို ထောက်ထား၍၊ ပြစ်မှုတမှုကို စစ်တရားရုံးချုပ် တခုဖြင့် စစ်ဆေးစီရင်ရန် မဖြစ်နိုင်ဟု ထင်မြင်ယူဆသည့်အခါ၊ တန်းပြည့် စစ်မှုထမ်းချိန်တွင် တပ်မတော်၏ ခွဲထုတ်ထားသော အစိတ်အပိုင်း တခုခုကို ကွပ်ကဲနေသည့် အရာရှိတဦး။

**စစ်တရားရုံးချုပ်တွင် ပါဝင်သူများ။**

၁၁၅။ ။စစ်တရားရုံးချုပ်တခုတွင် ငါးဦးအောက် မနည်းသော အရာရှိများ ပါဝင်ရမည်။ ထိုအရာရှိ အသီးသီးသည်၊ ပြန်တမ်းဝင် အရာရှိအဖြစ်ဖြင့် အနည်းဆုံး သုံးနှစ် အမှုထမ်းရွက်ပြီးသူ ဖြစ်ရမည့်ပြင်၊ ထိုအရာရှိများအနက်၊ အနည်းဆုံး လေးဦးသည်၊ ဗိုလ်ကြီးအဆင့်ရှိသူများ ဖြစ်ရမည်။

သို့ရာတွင် သုံးနှစ်အောက်လျော့သော စစ်မှုထမ်းသက်ရှိသည့် အရာရှိတဦးသည်၊ စက်ရှင်တရားသူကြီး အဖြစ်ဖြင့်၎င်း၊ ရာဘက်စက်ရှင် တရားသူကြီး အဖြစ်ဖြင့်၎င်း၊ အနည်းဆုံး နှစ်နှစ် အမှုထမ်းရွက်ခဲ့ဘူးသူ ဖြစ်လျှင်၊ သို့တည်းမဟုတ် တရားလွှတ်တော် ရှေ့နေတဦး အဖြစ်ဖြင့် အနည်းဆုံးဆယ်နှစ် အမှုလိုက်လဲ ဆောင်ရွက်ခဲ့ဘူးသူဖြစ်လျှင်၊ ထိုသူအား စစ်တရားရုံးချုပ်တွင် ခန့်အပ်နိုင်သည်။

**တိုင်းစစ်တရားရုံးတွင် ပါဝင်သူများ။**

၁၁၆။ ။တိုင်းစစ်တရားရုံးတရုံးတွင် သုံးဦးအောက်မနည်းသောအရာရှိများပါဝင်ရမည်။ ထိုအရာရှိအသီးသီးသည်၊ ပြန်တမ်းဝင် အရာရှိအဖြစ်ဖြင့် အနည်းဆုံး နှစ်နှစ် အမှုထမ်းရွက်ပြီးသူဖြစ်ရမည်။

**အကျဉ်းစစ် တရားရုံးချုပ်တွင် ပါဝင်သူများ။**

၁၁၇။ ။အကျဉ်းစစ်တရားရုံးချုပ်တခုတွင်၊ သုံးဦးအောက်မနည်းသော အရာရှိများ၊ ပါဝင်ရမည်။

**စစ်တရားရုံးများတွင် ပါဝင်သူများ။**

၁၁၈။ ။စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ် အသီးသီးတွင်၊ တရားခံသည် ကြည်းတပ်မှုဖြစ်လျှင်၊ အဖွဲ့ဝင်အများသည် ကြည်းတပ်မှုဖြစ်ရမည်။ တရားခံသည် ရေတပ်မှုဖြစ်လျှင်၊အဖွဲ့ဝင်များသည် ရေတပ်မှုဖြစ်ရမည်။ တရားခံ သည် လေတပ်မှုဖြစ်လျှင်၊ အဖွဲ့ဝင်များသည်လေတပ်မှုဖြစ်ရမည်။

**တပ်တွင်းစစ်တရားရုံး။**

၁၁၉။ ။(၁) တပ်တွင်း စစ်တရားရုံးတရုံးတွင်၊အောက်ပါအရာရှိများရုံးထိုင်နိုင်သည်။

(က) ကြည်းတပ်အတွက်ဖြစ်လျှင် တပ်အဖွဲ့၊ တပ်ဌာန၊ သို့တည်းမဟုတ် ခွဲထုတ်တပ်တခုခု၏ တပ်မှူး။

(ခ) ရေတပ်အတွက်ဖြစ်လျှင် သင်္ဘော၊ တပ်၊ ရေတပ်စခန်း၊ သို့တည်းမဟုတ် ရေတပ်စခန်းခွဲတခုခု၏တပ်မှူး။

(ဂ) လေတပ်အတွက်ဖြစ်လျှင် လေတပ်စခန်း၊ လေတပ်ရင်း၊ တပ်၊ သို့တည်းမဟုတ် ခွဲထုတ်တပ်တခုခု၏တပ်မှူး။

(*d*) by any commanding officer mentioned in clause (*a*), (*b*) or (*c*) under whose command or orders, details subject to this Act are serving on attachment.

(2) At every summary court-martial the officer holding the trial shall alone constitute the court, but the proceedings shall be attended throughout by two other officers who shall not, as such, be sworn or affirmed.

Dissolution of courts-martial.

**120.** (1) If a court-martial, after the commencement of a trial, is reduced in number below the legal minimum, it shall be dissolved:

Provided that nothing contained in this sub-section shall apply to a general court-martial if the convening officer appoints new members to provide the legal minimum and so long as three original members of the court remain throughout the trial; and when any new member has been sworn or affirmed, the trial may proceed after the recorded evidence of each witness previously examined has been read to the court in the presence of the accused, the persons appearing on behalf of the prosecution, and of the defence, and the judge advocate.

(2) If, on account of the illness of the accused before the finding, it is impossible to continue the trial, a court-martial shall be dissolved.

(3) The officer who convened a court-martial may dissolve such court-martial if it appears to him that military exigencies or the necessities of discipline render it impossible or inexpedient to continue the said court-martial.

(4) Where a court-martial is dissolved under this section, the accused may be tried again.

Powers of general and summary general courts-martial.

**121** A general or summary general court-martial shall have power to try any person subject to this Act for any offence punishable therein and to pass any sentence authorized thereby.

(ဃ) တဲ့ဘက်ထား၍ အမှုထမ်းရွက်နေကြသည့်၊ ဤအက်ဥပဒေကို လိုက်နာရသော အကြပ်နှင့် တပ်သားများကို ကွပ်ကဲနေသော၊ သို့တည်းမဟုတ် အမိန့်ပေးနိုင်သော အပိုဒ် (က)၊ (ခ)၊ သို့တည်းမဟုတ် အပိုဒ် (ဂ) တွင် ဖေါ်ပြထားသည့် တပ်မှူးတဦးဦး။

(၂) တပ်တွင်း စစ်တရားရုံးအသီးသီးတွင် စစ်ဆေးစီရင်ခြင်းပြုလုပ်သည့် အရာရှိတဦးတည်းသာ ပါဝင်ရမည်။ သို့သော်လည်း အခြား အရာရှိနှစ်ဦးသည်၊ မှခင်းကိစ္စ ဆောင်ရွက်ချက်များတလျှောက်လုံးတွင် တက်ရောက်ရမည်။ ထိုသို့တက်ရောက်သော အရာရှိနှစ်ဦးအား၊ ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ မပြုစေရ။

**စစ်တရားရုံးများ ဖျက်သိမ်းခြင်း။**

၁၂၀။ ။(၁) စစ်ဆေးစီရင်ခြင်း စတင်ပြီးသည့်နောက်၊ စစ်တရားရုံးတရုံးတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေသည်၊ အနည်းဆုံး တရားဝင်ဦးရေအောက် လျော့သွားလျှင်၊ ထိုစစ်တရားရုံးကို ဖျက်သိမ်းရမည်။ သို့ရာတွင် စစ်တရားရုံးချုပ် ဖွဲ့စည်းသည့် အရာရှိကအနည်းဆုံး တရားဝင်ဦးရေ ပြည့်ရန်အဖွဲ့ဝင်အသစ်များကို ခန့်အပ်သည့်ပြင် စစ်တရားရုံး၏ မူလအဖွဲ့ဝင်သုံးဦးလည်း စစ်ဆေးစီရင်ခြင်းတလျှောက်လုံးတွင် ကျန်ရှိနေသမျှကာလပတ်လုံး ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည် စစ်တရားရုံးချုပ်တခုနှင့် မသက်ဆိုင်စေရ။ ထို့ပြင် အဖွဲ့ဝင်သစ် တဦးဦးသည်၊ ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ ပြုပြီးသောအခါ၊ တရားခံ၊ တရားလိုဘက်မှ လိုက်ပါသူများ၊တရားခံဘက်မှလိုက်ပါသူများနှင့် စစ်ဥပဒေအရာရှိ၏ရှေ့တွင် ယခင်က စစ်ဆေးမေးမြန်းပြီးသည့် သက်သေတဦးစီ၏ ရေးမှတ်ထားပြီး သက်သေခံချက်ကို စစ်တရားရုံးအား ဖတ်ပြပြီးနောက်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ပြုလုပ်နိုင်သည်။

(၂) ဆုံးဖြတ်ချက်မချမှတ်မီ၊ တရားခံဖျားနာသောကြောင့် ဆက်လက် စစ်ဆေးစီရင်ရန် မဖြစ်နိုင်လျှင်၊ စစ်တရားရုံးကိုဖျက်သိမ်းရမည်။

(၃) စစ်တရားရုံး ဖွဲ့စည်းသည့်အရာရှိသည်၊ စစ်ဘက် လတ်တလော လိုအပ်ခြင်းများ၊ သို့တည်းမဟုတ် စစ်စည်းကမ်းအရ လိုအပ်ခြင်းများကြောင့်၊ ထိုစစ်တရားရုံးဆက်လက် ရုံးထိုင်ရန်မဖြစ်နိုင်၊ သို့တည်းမဟုတ် မသင့်လျော်ဟု ထင်မြင်လျှင်၊ အဆိုပါစစ်တရားရုံးကို ဖျက်သိမ်းနိုင်သည်။

(၄) ဤပုဒ်မအရ စစ်တရားရုံးကို ဖျက်သိမ်းသည့်အခါ၊ တရားခံကို ထပ်မံစစ်ဆေးစီရင်နိုင်သည်။

**စစ်တရားရုံးချုပ်နှင့် အကျဉ်းစစ် တရားရုံးချုပ်တို့၏ အာဏာများ။**

၁၂၁။ ။စစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်မှာ ဤအက်ဥပဒေအရ ပြစ်ဒဏ်ချမှတ်ထိုက်သည့် ပြစ်မှုတခုခုအတွက်ဤအက်ဥပဒေကိုလိုက်နာရသူ တဦးဦးအား စစ်ဆေးစီရင်ရန်နှင့် ဤအက်ဥပဒေကခွင့်ပြုသည့်ပြစ်ဒဏ်တခုခု ချမှတ်ရန် အာဏာရှိရမည်။

Powers of district courts-martial.

**122.** A district court-martial shall have power to try any person subject to this Act other than an officer for any offence made punishable therein, and to pass any sentence authorized by this Act other than a sentence of death, transportation or imprisonment for a term exceeding two years:

Provided that a district court-martial shall not sentence a warrant officer to imprisonment.

Powers of summary courts-martial.

**123.** (1) Subject to the provisions of sub-section (2), a summary court-martial may try any offence punishable under this Act.

(2) When there is no grave reason for immediate action and reference can without detriment to discipline be made to the officer empowered to convene a dictrict court-martial or on active service a summary general court-martial for the trial of the alleged offender, a summary court-martial shall not try without such reference any offence punishable under any of the sections 32, 33, 36, 64 (2) and 71, or any offence against the officer holding the court.

(3) A summary court-martial may try any person subject to this Act and under the command of the officer holding the court, except an officer or warrant officer.

(4) A summary court-martial may pass any sentence which may be passed under this Act, except a sentence of death or transportation or of imprisonment for a term exceeding the limit specified in sub-section (5).

(5) The limit referred to in sub-section (4) shall be one year if the officer holding the summary court-martial is not below the rank of major in the case of the army or an equivalent rank in the case of the navy or the air force, and three months if such officer is below that rank.

Prohibition of second trial.

**124.** When any person subject to this Act has been acquitted or convicted of an offence by a court-martial or by a criminal court, or has been dealt with under any of the sections 82, 85, 86 and 87, he shall not be liable to be tried again for the same offence by a court-martial or dealt with under the said section.

**တိုင်းစစ်တရားရုံးများ၏ အာဏာများ။**

၁၂၂။ ။တိုင်းစစ်တရားရုံးမှာ ဤအက်ဥပဒေအရ ပြစ်ဒဏ် ချမှတ်ထိုက်သည့် ပြစ်မှုတခုခုအတွက် အရာရှိမှတပါး၊ ဤအက်ဥပဒေကို လိုက်နာရသော အခြားသူတဦးဦးအား စစ်ဆေးစီရင်ရန်နှင့် သေဒဏ်၊ တကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် နှစ်နှစ်ထက်ပိုသော ထောင်ဒဏ်မှတပါး ဤအက်ဥပဒေက ခွင့်ပြုသည့် အခြားပြစ်ဒဏ်တခုခုကို ချမှတ်ရန် အာဏာရှိရမည်။

သို့ရာတွင် တိုင်းစစ်တရားရုံးတရုံးသည်၊ အရာခံဗိုလ်တဦးအား ထောင်ဒဏ်မချမှတ်ရ။

**တပ်တွင်းစစ်တရားရုံးများ၏ အာဏာများ။**

၁၂၃။ ။(၁) တပ်တွင်း စစ်တရားရုံးသည်၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေအရ ပြစ်ဒဏ် ချမှတ်ထိုက်သော မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးစီရင်နိုင်သည်။

(၂) တပ်တွင်း စစ်တရားရုံးသည်၊ အမြန်အရေးယူရန်အရေးကြီးသော အကြောင်းလည်းမရှိသည့်ပြင်၊ စစ်စည်းကမ်းကို ထိခိုက်နစ်နာမှုလည်း မရှိလျှင်၊ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသောသူအား စစ်ဆေးစီရင်ရန်အတွက် တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းနိုင်သည့်အခွင့်အာဏာရ အရာရှိထံ အမှုကိုတင်ပြနိုင်သည့်အခါ၊ ထိုသို့တင်ပြခြင်းမပြုဘဲ၊ ပုဒ်မ ၃၂၊ ၃၃၊ ၃၆၊ ၆၄ (၂) နှင့် ၇၁ တို့အနက် ပုဒ်မတခုခုအရ ပြစ်ဒဏ်ချမှတ်ထိုက်သည့် ပြစ်မှုတခုခု၊ သို့တည်းမဟုတ် တပ်တွင်း စစ်တရားရုံး၊ ရုံးထိုင်နေသည့် အရာရှိအပေါ် ကျူးလွန်သော ပြစ်မှုတခုခုကို စစ်ဆေးစီရင်ခြင်းမပြုရ။

(၃) တပ်တွင်း စစ်တရားရုံးသည်၊ အရာရှိ၊ သို့တည်းမဟုတ် အရာခံဗိုလ်မှတပါး ထိုတပ်တွင်း စစ်တရားရုံး၊ ရုံးထိုင်နေသည့် အရာရှိ၏ ကွပ်ကဲခြင်းခံနေရသော ဤအက်ဥပဒေကို လိုက်နာရသော အခြားသူတဦးဦးအား စစ်ဆေးစီရင်နိုင်သည်။

(၄) တပ်တွင်း စစ်တရားရုံးသည်၊ သေဒဏ်၊ သို့တည်းမဟုတ် တကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် ပုဒ်မခွဲ(၅) တွင် သီးခြားဖေါ်ပြထားသော ကန့်သတ်ချက်ထက်ပိုသည့် ထောင်ဒဏ်မှတပါး၊ ဤအက်ဥပဒေအရ၊ ချမှတ်နိုင်သည့် အခြားပြစ်ဒဏ်တခုခုကို ချမှတ်နိုင်သည်။

(၅) တပ်တွင်း စစ်တရားရုံး၊ ရုံးထိုင်သည့်အရာရှိသည်၊ ဗိုလ်မှူးအဆင့်အောက်မနိမ့်သော အဆင့်ရှိသူဖြစ်လျှင်၊ ပုဒ်မခွဲ(၄)တွင် ရည်ညွှန်းသည့် ကန့်သတ်ချက်သည် ထောင်ဒဏ်တနှစ်၊ ထို့ပြင် အဆိုပါအရာရှိသည်၊ ဗိုလ်မှူးအဆင့်အောက်နိမ့်သော အဆင့်ရှိသူဖြစ်လျှင်၊ ပုဒ်မခွဲ (၄) တွင် ရည်ညွှန်းသည့် ကန့်သတ်ချက်သည် ထောင်ဒဏ်သုံးလဖြစ်ရမည်။

**ဒုတိယ အကြိမ် စစ်ဆေးစီရင်ခြင်းကို တားမြစ်ပိတ်ပင်ခြင်း။**

၁၂၄။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအား၊ စစ်တရားရုံးကဖြစ်စေ၊ ရာဇဝတ်တရားရုံးကဖြစ်စေ၊ ပြစ်မှုတခုအတွက် တရားသေလွှတ်လိုက်သည့်အခါ၊ သို့တည်းမဟုတ် ပြစ်မှုထင်ရှားစီရင်လိုက်သည့်အခါ၊ သို့တည်းမဟုတ် ပုဒ်မ ၈၂၊ ၈၅၊ ၈၆ နှင့် ၈၇ တို့အနက်၊ ပုဒ်မတခုခုအရ အရေးယူပြီးသည့်အခါ၊ ထိုသူကို ထိုပြစ်မှုအတွက် စစ်တရားရုံးဖြင့် ထပ်မံ၍ စစ်ဆေးစီရင်ခြင်းမပြုရ၊ သို့တည်းမဟုတ် အဆိုပါပုဒ်မများအရ အရေးယူခြင်းမပြုရ။

*Explanation.*—A finding of a general, district or summary general court-martial, if not confirmed, is of no validity; in such a case, therefore, the accused has not been acquitted or convicted.

**Period of limitation for trial.**

**125.** (1) Except as provided by sub-section (2), no trial by court-martial of any person subject to this Act for any offence shall be commenced after the expiration of a period of three years from the date of such offence.

(2) The provisions of sub-section (1) shall not apply to a trial for an offence of desertion or fraudulent enrolment or for any of the offences mentioned in section 36.

(3) In the computation of the period of time mentioned in sub-section (1), any time spent by such person as a prisoner of war, or in enemy territory, or in evading arrest, or in hospital during the period of arrest or suspension from duty, after the commission of the offence, shall be excluded.

(4) No trial for an offence of desertion other than desertion on active service or of fraudulent enrolment shall be commenced if the person in question, not being an officer, has subsequently to the commission of the offence, served continuously in an exemplary manner for not less than three years with any portion of the Defence Services.

**Liability of offender who ceases to be subject to the Act.**

**126.** (1) Where an offence under this Act had been committed by any person subject to this Act, and he has ceased to be so subject, he may be taken into and kept in military custody, and tried and punished for such offence as if he continued to be so subject.

(2) No such person shall be tried for an offence, unless his trial commences within six months after he has ceased to be so subject to this Act:

Provided that nothing contained in this sub-section shall apply to the trial of any such person for an offence of desertion or fraudulent enrolment or for any of the offences mentioned in section 36 or shall

**ရှင်းလင်းချက်။** ။စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို အတည်မပြုသေးသမျှ၊ ထိုဆုံးဖြတ်ချက်သည် ခိုင်လုံခြင်းမရှိ၊ ထိုသို့ ခိုင်လုံခြင်းမရှိသောကြောင့် တရားခံအား တရားသေလွှတ်သည်၊ သို့တည်းမဟုတ် ပြစ်မှုထင်ရှားစီရင်သည်ဟု မဆိုရ။

**စစ်ဆေးစီရင်ခြင်း ဆိုင်ရာ ကာလစည်းကမ်းသတ်။**

၁၂၅။ ။(၁) ပုဒ်မခွဲ(၂)တွင် ပြဋ္ဌာန်းသည့်အတိုင်းမှတပါး၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအား ပြစ်မှုကျူးလွန်သည့်နေ့ရက်မှ သုံးနှစ်ကုန်ဆုံးသည့်အခါ၊ ထိုပြစ်မှုအတွက် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရ။

(၂) ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များသည်၊ စစ်ပြေးမှု၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖျား၍ စစ်မှုထမ်းအဖြစ် စာရင်းသွင်းမှု၊ သို့တည်းမဟုတ် ပုဒ်မ ၃၆ တွင် ဖေါ်ပြထားသည့် ပြစ်မှုများအနက် ပြစ်မှုတခုခုကို စစ်ဆေးစီရင်ခြင်းနှင့် မသက်ဆိုင်စေရ။

(၃) ပုဒ်မခွဲ(၁)တွင် ဖေါ်ပြထားသည့် တာလအပိုင်းအခြားကို တွက်စစ်ရာတွင် ထိုသူ ပြစ်မှုကျူးလွန်ပြီးသည့်နောက် သုံ့ပန်းတယောက်ဖြစ်နေသည့်၊ သို့တည်းမဟုတ် ရန်သူ၏ နယ်မြေတွင် ရောက်ရှိနေသည့်၊ သို့တည်းမဟုတ် ဘမ်းဆီးခြင်းကို ရှောင်တိမ်းနေသည့်၊ သို့တည်း မဟုတ် ဘမ်းဆီးထားခြင်းကိုဖြစ်စေ၊ ရာထူးမှခေတ္တချထားခြင်းကိုဖြစ်စေ၊ ခံနေရစဉ် ဆေးရုံတက်ရသည့်၊ ကာလကို ထည့်သွင်းတွက်စစ်ခြင်းမပြုရ။

(၄) လိမ်လည်လှည့်ဖျား၍ စစ်မှုထမ်းအဖြစ် စာရင်းသွင်းသည့်ပြစ်မှု၊ သို့တည်းမဟုတ် ကာန်းပြည့်စစ်မှုထမ်းချိန်မဟုတ်သည့်အခါတွင် စစ်ပြေးမှုကျူးလွန်သူတဦးသည်၊ အရာရှိမဟုတ်သည့်ပြင်၊ ထိုပြစ်မှုကျူးလွန်ပြီးသည့်နောက်၊ တပ်မတော်၏ အစိတ်အပိုင်းတခုခုတွင်၊ သုံးနှစ်အောက်မနည်း၊ စံနမူနာပြုလောက်အောင်ထည်း ထဆက်တည်းအမှုထမ်းရွက်ခဲ့လျှင်၊ ထိုသူအား၊ ထိုပြစ်မှုအတွက် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရ။

**ပြစ်မှု ကျူးလွန်ပြီးနောက် ဤအက်ဥပဒေကို လိုက်နာရသူအဖြစ်မှ ရပ်စဲသွားသ၏ တာဝန်။**

၁၂၆။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ ဤအက်ဥပဒေပါ ပြစ်မှုတခုကို ကျူးလွန်ပြီးနောက်၊ ဤအက်ဥပဒေကို လိုက်နာရသူအဖြစ်မှ ရပ်စဲပြီးဖြစ်သော်လည်း၊ ထိုသူကို ထိုပြစ်မှုအတွက် စစ်ဘက်အချုပ်နှင့် ထားနိုင်သည့်ပြင်၊ ဤအက်ဥပဒေကို ဆက်လက်လိုက်နာနေရဘိသကဲ့သို့၊ ထိုသူအား စစ်ဆေးစီရင်၍ ပြစ်ဒဏ်ချမှတ်နိုင်သည်။

(၂) ဤအက်ဥပဒေကို လိုက်နာရသူအဖြစ်မှ ရပ်စဲပြီးသည့်နောက် ခြောက်လအတွင်း၊ ထိုသူအား စစ်ဆေးစီရင်ခြင်း စတင်မပြုလုပ်လျှင်၊ ထိုသူအား ပြစ်မှုတခုအတွက် စစ်ဆေးစီရင်ခြင်းမပြုလုပ်ရ။

သို့ရာတွင် ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည်၊ စစ်ပြေးမှုကိုဖြစ်စေ၊ လိမ်လည်လှည့်ဖျား၍ စစ်မှုထမ်းအဖြစ် စာရင်းသွင်းသည့် ပြစ်မှုကိုဖြစ်စေ၊ ပုဒ်မ ၃၆ တွင် ဖေါ်ပြထားသော ပြစ်မှုများအနက်၊ ပြစ်မှုတခုခုကိုဖြစ်စေ၊ ကျူးလွန်သော ထိုသူတဦးအား စစ်ဆေးစီရင်ခြင်းနှင့်

affect the jurisdiction of a criminal court to try any offence triable by such court as well as by a court-martial.

(3) When a person subject to this Act is sentenced by a court-martial to transportation or imprisonment, this Act shall apply to him during the term of his sentence, though he is cashiered or dismissed from the service, or has otherwise ceased to be subject to this Act, and he may be kept in custody, removed, imprisoned and punished as if he continued to be subject to this Act.

(4) When a person subject to this Act is sentenced by a court-martial to death, this Act shall apply to him till the sentence is carried out.

Place of trial.

**127.** Any person subject to this Act who commits any offence under it may be tried and punished for such offence in any place whatever.

Choice between criminal court and court-martial.

**128.** When a criminal court and a court-martial have each jurisdiction in respect of an offence, it shall be in the discretion of the officer empowered to convene a general court-martial for the trial of the accused, or such other officer as may be prescribed, to decide before which court the proceedings shall be instituted, and, if that officer decides that they should be instituted before a court-martial, to direct that the accused person shall be detained in military custody.

Power of criminal court to require delivery of offender.

**129.** (1) When a criminal court having jurisdiction is of opinion that proceedings shall be instituted before itself in respect of any alleged offence, it may, by written notice, require the officer referred to in section 128 at his option, either to deliver over the offender to the nearest magistrate to be proceeded against according to law, or to postpone proceedings pending a reference to the President.

မသက်ဆိုင်စေရ၊ သို့တည်းမဟုတ် ရာဇဝတ်တရားရုံးအပြင်၊ စစ်တရားရုံးကလည်း စစ်ဆေးစီရင်နိုင်သော ပြစ်မှုတခုကို စစ်ဆေးစီရင်ရန် ရာဇဝတ်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။

(၃) ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ စစ်တရားရုံးက တကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်ချမှတ်သောအခါ၊ ထိုသူသည် ရွတ်ချ၍အမြဲတန်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ ကျခံရစေကာမူ၊ သို့တည်းမဟုတ် အခြားတနည်းနည်းဖြင့်၊ ဤအက်ဥပဒေကို လိုက်နာရသူအဖြစ်မှ ရပ်စဲသွားပြီဖြစ်စေကာမူ ထိုသူ တကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်ကျခံရသည့် ကာလအတွင်း ဤအက်ဥပဒေသည်၊ ထိုသူနှင့် သက်ဆိုင်စေရမည့်ပြင်၊ ထိုသူသည်၊ ဤအက်ဥပဒေကို လိုက်နာရသူ ဆက်လက်ဖြစ်နေဘိသကဲ့သို့၊ ထိုသူအားအချုပ်နှင့် ထားနိုင်သည်၊ ရွှေပြောင်းနိုင်သည်၊ ထောင်ချနိုင်သည်၊ ထို့ပြင် ပြစ်ဒဏ်ချမှတ်နိုင်သည်။

(၄) ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ စစ်တရားရုံးက သေဒဏ်ချမှတ်သောအခါ၊ ထိုပြစ်ဒဏ်ကို ဆောင်ရွက်ပြီးသည့်အထိ၊ ဤအက်ဥပဒေသည်၊ ထိုသူနှင့် သက်ဆိုင်စေရမည်။

**စစ်ဆေးစီရင်သည့်နေရာ။**

၁၂၇။ ။ဤအက်ဥပဒေအရ ဖြစ်သော ပြစ်မှုတခုခုကိုကျူးလွန်သည့်၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား၊ မည်သည့်နေရာတွင် မဆို၊ အဆိုပါ ပြစ်မှုအတွက် စစ်ဆေးစီရင်၍ ပြစ်ဒဏ်ချမှတ်နိုင်သည်။

**ရာဇဝတ် တရားရုံးကို ဖြစ်စေ၊ စစ်တရားရုံးကို ဖြစ်စေ၊ ရွေးချယ်ခြင်း။**

၁၂၈။ ။ရာဇဝတ်တရားရုံးနှင့် စစ်တရားရုံးမှာ၊ ပြစ်မှုတခုနှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့် အာဏာအသီးသီးရှိနေသောအခါ၊ ထိုမှုခင်းကိစ္စကို မည်သည့် တရားရုံးက စစ်ဆေးစီရင်ရမည်ဟု၊ တရားခံအား၊ စစ်ဆေးရန် အဘို့၊ စစ်တရားရုံးချုပ် ဖွဲ့စည်းနိုင်သည့် အခွင့်အာဏာရ အရာရှိ၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် အခြားအရာရှိက မိမိ၏သဘောအတိုင်း ဆုံးဖြတ်ပေးနိုင်သည်။ ထို့ပြင် ထိုအရာရှိသည် ထိုမှုခင်းကိစ္စကို၊ စစ်တရားရုံးက စစ်ဆေး စီရင်ရမည်ဟု ဆုံးဖြတ်လျှင်၊ တရားခံအား စစ်ဘက်အချုပ်နှင့်ထားရမည်ဟု၊ မိမိ၏ သဘောအတိုင်းညွှန်ကြားနိုင်သည်။

**ပြစ်မှု ကျူးလွန်သူကိုလက်ရောက် ပေးအပ်ရန် ရာဇဝတ် တရားရုံးက တောင်းဆိုနိုင်သည့် အာဏာ။**

၁၂၉။ ။(၁) စီရင်ပိုင်ခွင့် အာဏာရရှိထားသော ရာဇဝတ်တရားရုံးသည်၊ စွပ်စွဲထားသော ပြစ်မှုတခုခုနှင့် စပ်သျဉ်းသည့် မှုခင်းကိစ္စကို၊ မိမိရုံးတွင်ပင် စွဲဆိုရမည်ဟု ထင်မြင်ယူဆသည့်အခါ၊ ပြစ်မှု ကျူးလွန်သူကို၊ အနီးဆုံး ရာဇဝတ် တရားသူကြီးထံ တရားဥပဒေနှင့်အညီ ဆက်လက် အရေးယူရန် လက်ရောက်ပေးအပ်ခြင်းကို ဖြစ်စေ၊ နိုင်ငံတော် သမ္မတထံ တင်ပြခြင်းကိစ္စမပြီးပြတ်မီ၊ မှုခင်းကိစ္စဆောင်ရွက်ချက်များ ရွှေ့ဆိုင်းထားခြင်းကိုဖြစ်စေ၊ ပုဒ်မ ၁၂၈ တွင် ရည်ညွှန်းထားသည့်အရာရှိအား၊ ၎င်း၏သဘောအတိုင်း ဆောင်ရွက်ရန်၊ ထိုရာဇဝတ် တရားရုံးက နို့တစ်စာဖြင့်တောင်းဆိုနိုင်သည်။

(2) In every such case the said officer shall either deliver over the offender in compliance with the requisition, or shall forthwith refer the question as to the court before which the proceedings are to be instituted for the determination of the President, whose order upon such reference shall be final.

(3) When an accused person subject to this Act is standing trial before a criminal court, or pending a decision by the President as to the form of court by which he is to be tried, the accused may be kept in military custody to be produced before such court as and when required.

**Successive trials by a criminal court and court-martial.**

**130.** (1) Nowithstanding anything contained in any other law for the time being in force a person convicted or acquitted by a court-martial may, with the previous sanction of the President, be tried again by a criminal court for the same offence, or on the same facts.

(2) If a person sentenced by a court-martial under this Act or punished under any of the sections 82, 85, 86 or 87 is afterwards tried and convicted by a criminal court for the same offence, or on the same facts, that court shall, in awarding punishment, have regard to the punishment he may already have undergone for the said offence.

## CHAPTER XI.

### PROCEDURE OF COURTS-MARTIAL.

**Presiding officer.**

**131.** At a general, district or summary general court-martial the senior member shall be the presiding officer.

**Judge-Advocate.**

**132.** Every general court-martial shall, and every district or summary general court-martial may, be attended by a Judge-Advocate, who shall be either an officer belonging to the Department of the Judge-Advocate-General, or if no

(၂) အဆိုပါကိစ္စဘိုင်းတွင်၊ ထိုအရာရှိသည်၊ တောင်းဆိုချက်အရ၊ လိုက်နာဆောင်ရွက်လျက် ပြစ်မှုကျူးလွန်သူကို လက်ရောက်ပေးအပ်ရမည်၊ သို့တည်းမဟုတ် မှုခင်းကိစ္စစွဲဆိုရမည့်ရုံး ရွေးချယ်ရေးပြဿနာကို ဆုံးဖြတ်ရန်၊ နိုင်ငံတော်သမတထံ ချက်ခြင်းတင်ပြရမည်။ ထိုသို့တင်ပြသည့် ကိစ္စနှင့်စပ်လျဉ်း၍၊ နိုင်ငံတော်သမတ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

(၃) ဤအက်ဥပဒေကို လိုက်နာရသည့် တရားခံတဦးသည်၊ ရာဇဝတ်တရားရုံးတွင် စစ်ဆေး စီရင်ခြင်းကိုခံနေရသောအခါ၊ သို့တည်းမဟုတ် ထိုတရားခံအား စစ်ဆေး စီရင်ရမည့်ရုံး အမျိုးအစားနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမတက ဆုံးဖြတ်ချက် မချရသေးမီ၊ ထိုတရားခံကို စစ်ဘက်အချုပ်နှင့် ထားနိုင်သည်။ စစ်ဆေးသည့်တရားရုံးက၊ ထိုတရားခံကိုခေါ်လာရမည်ဟု တောင်းဆိုသည့်အခါ၊ ထိုတရားရုံးရှေ့မှောက်သို့ပို့ရမည်။

**စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီးသော အမှုများကို ရာဇဝတ်တရားရုံးက ထပ်မံစစ်ဆေးစီရင်ခြင်း။**

၁၃၀။ ။(၁) တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်း၊ သို့တည်းမဟုတ် တရားသေလွတ်ခြင်း ခံရသူတဦးအား၊ ထပ်တူဖြစ်သည့်ပြစ်မှု၊ သို့တည်းမဟုတ် ထပ်တူဖြစ်သည့် အကြောင်းခြင်းရာများအတွက်၊ ရာဇဝတ်တရားရုံးက၊ နိုင်ငံတော် သမတ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ထပ်မံစစ်ဆေးစီရင်နိုင်သည်။

(၂) ဤအက်ဥပဒေအရ စစ်တရားရုံးက ပြစ်ဒဏ်စီရင်ချက် ချမှတ်ခြင်းခံရသူ တဦးကိုဖြစ်စေ၊ ပုဒ်မ ၇၂၊ ၇၅၊ ၇၆၊ သို့တည်းမဟုတ် ပုဒ်မ ၇၇ တို့အနက်၊ ပုဒ်မတခုခုအရ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူတဦးကိုဖြစ်စေ၊ ထပ်တူဖြစ်သည့် ပြစ်မှုအတွက်သော်၎င်း၊ ထပ်တူဖြစ်သည့် အကြောင်းခြင်းရာများအတွက်သော်၎င်း၊ ရာဇဝတ်တရားရုံးက စစ်ဆေး၍၊ ပြစ်မှုထင်ရှားစီရင်လျှင်၊ ထိုတရားရုံးသည်၊ ပြစ်ဒဏ် ချမှတ်ရာတွင်၊ အဆိုပါပြစ်မှုအတွက် ထိုသူခံရပြီးဖြစ်သည့် ပြစ်ဒဏ်ကိုထောက်ရှု၍ ချမှတ်ရမည်။

## အခန်း ၁၁။

### စစ်တရားရုံးများလိုက်နာရမည့်ကျင့်ထုံး။

**ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိ။**

၁၃၁။ ။စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်တွင် ပါဝင်သည့် အဖွဲ့ဝင်များအနက်၊ ဝါအရင့်ဆုံး အဖွဲ့ဝင်သည် ထိုစစ်တရားရုံး၏ ဥက္ကဋ္ဌဖြစ်ရမည်။

**စစ်ဥပဒေအရာရှိ။**

၁၃၂။ ။စစ်တရားရုံးချုပ် အသီးသီးတွင်၊ စစ်ဥပဒေအရာရှိတဦး ပါဝင်ရမည့်ပြင်၊ တိုင်းစစ် တရားရုံးအသီးသီး၊ သို့တည်း မဟုတ်အကျဉ်းစစ်တရားရုံးချုပ်အသီးသီးတွင်လည်း စစ်ဥပဒေအရာရှိတဦးပါဝင်နိုင်သည်။ ထိုစစ်ဥပဒေအရာရှိသည်၊ စစ်ဥပဒေချုပ်ဌာနမှ အရာရှိတဦးသော်၎င်း၊ အဆိုပါ အရာရှိတဦးကို မရ

such officer is available, any fit person approved of by the Judge-Advocate-General or any of his deputies.

Challenges.

**133.** (1) At all trials by general, district or summary general court-martial, as soon as the court is assembled, the names of the presiding officer and members shall be read over to the accused, who shall thereupon be asked whether he objects to being tried by any officer sitting on the court; and this procedure shall be followed in respect of any new member appointed under sub-section (1) of section 120 as soon as a general court-martial is assembled after such appointment.

(2) If the accused objects to any such officer, his objection, and also the reply thereto of the officer objected to shall be heard and recorded, and the remaining officers of the court shall, in the absence of the challenged officer, decide on the objection.

(3) If the objection is allowed by one-half or more of the votes of the officer entitled to vote, the objection shall be allowed, and the member objected to shall retire, and his vacancy may be filled in the prescribed manner by another officer without prejudice to the same right of the accused to object.

(4) When no challenge is made, or when challenge has been made and disallowed, or the place of every officer successfully challenged has been filled by another officer to whom no objection is made or allowed, the court shall proceed with the trial.

Oaths of member, judge-advocate and witness.

**134.** (1) An oath or affirmation in the prescribed manner shall be administered to every member of every court-martial and to the judge-advocate before the commencement of the trial save as provided in sections 120 and 133.

(2) Every person giving evidence before a court-martial shall be examined after being duly sworn or affirmed in the prescribed form.

(3) The provisions of sub-section (2) shall not apply where the witness is a child under twelve years of age and the court-martial is

နိုင်လျှင်၊ စစ်ဥပဒေချုပ်ကဖြစ်စေ၊ ဒုတိယ စစ်ဥပဒေချုပ် တဦးဦးကဖြစ်စေ၊ သဘောတူသည့် သင့်တော်သူ တဦးဦးသော်၎င်း၊ ဖြစ်ရမည်။

ကန့်ကွက်ခြင်း။

၁၃၃။ ။(၁) စစ်တရားရုံးချုပ်၊ တိုင်းစစ်ဘရားရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်ဖြင့် စစ်ဆေးစီရင်သည့် အခါတိုင်း၊ စစ်တရားရုံး၊ ရုံးထိုင်လျှင်ထိုင်ခြင်း၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိနှင့် အဖွဲ့ဝင်များ၏ အမည်များကို တရားခံအား ဘတ်ပြရမည်။ ထိုသို့ ဘတ်ပြပြီးသောအခါ၊ ထိုစစ်တရားရုံးတွင် ပါဝင်ရုံးထိုင်နေသော အရာရှိတဦးဦး၏ စစ်ဆေးစီရင်ချက်ကို ကန့်ကွက်လို၊ မလို တရားခံအား မေးမြန်းရမည်။ ထို့ပြင် ပုဒ်မ ၁၂၀ ၏ ပုဒ်မခွဲ (၁) အရ၊ အဖွဲ့ဝင်အသစ် တဦးဦးခန့်အပ်လျှင်၊ ထိုသို့ခန့်အပ်ပြီးနောက် စစ်ဘရားရုံးချုပ် ရုံးထိုင်လျှင်ထိုင်ခြင်း ထိုအဖွဲ့ဝင် အသစ်တဦးနှင့် စပ်လျဉ်း၍လည်း ဤနည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၂) အဆိုပါအဖွဲ့ဝင် အရာရှိ တဦးဦးအား တရားခံက ကန့်ကွက်လျှင်၊ တရားခံ၏ ကန့်ကွက်ချက်နှင့် ကန့်ကွက်ခံရသော အရာရှိ၏ ချေပချက်တို့ကို ကြားနာ၍၊ ရေးမှတ်ရမည်။ ထို့ပြင် ကန့်ကွက်ခံရသော အရာရှိ၏ မျက်ကွယ်တွင်၊ ကျန်ရှိနေသောအဖွဲ့ဝင် အရာရှိများက ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရမည်။

(၃) မဲပေးပိုင်ခွင့်ရှိသော အဖွဲ့ဝင်အရာရှိများ၏ ဦးရေတဝက်ကဖြစ်စေ၊ တဝက်ထက်ပိုသော အဖွဲ့ဝင်အရာရှိများကဖြစ်စေ၊ ကန့်ကွက်ချက်ကို ထောက်ခံမဲပေးလျှင်၊ ကန့်ကွက်ချက်ကို လက်ခံရမည်။ ထိုအခါ၊ ကန့်ကွက်ခံရသော အဖွဲ့ဝင်သည် နုတ်ထွက်ရမည်။ ထို့နောက် တရားခံ၏ ကန့်ကွက်နိုင်သည့် အခွင့်အရေးကို မထိခိုက်စေဘဲ၊ လစ်လပ်သည့်နေရာတွင် အခြားအရာရှိ တဦးအား၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ခန့်အပ်နိုင်သည်။

(၄) ကန့်ကွက်ခြင်း မပြုလုပ်သည့်အခါတွင်ဖြစ်စေ၊ ကန့်ကွက်ခြင်း ပြုလုပ်ပြီး ကန့်ကွက်ခြင်းကို ပယ်လိုက်သည့်အခါတွင်ဖြစ်စေ၊ ကန့်ကွက်ချက်ကို လက်ခံသဖြင့်၊ နုတ်ထွက်သွားသော အရာရှိတဦး၏ နေရာတွင်၊ အခြားအရာရှိတဦးကို ခန့်အပ်ပြီး၊ ထိုအရာရှိအား ကန့်ကွက်ခြင်း မပြုလုပ်သည့်အခါ၊ သို့တည်းမဟုတ် ပြုလုပ်သည့်ကန့်ကွက်ချက်ကို လက်မခံသည့်အခါတွင် ဖြစ်စေ၊ စစ်တရားရုံးသည်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

အဖွဲ့ဝင်၊ စစ်ဥပဒေအရာရှိနှင့် သက်သေတို့ ကျမ်းသစ္စာပြုခြင်း။

၁၃၄။ ။(၁) ပုဒ်မ ၁၂၀ နှင့် ပုဒ်မ ၁၃၃ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတပါး၊ စစ်တရားရုံး တရုံး၏ အဖွဲ့ဝင် အသီးသီးနှင့် စစ်ဥပဒေအရာရှိသည်၊ စစ်ဆေးစီရင်ခြင်းကို မစမီ၊ ကျမ်းသစ္စာကိုဖြစ်စေ၊ ကတိသစ္စာကို ဖြစ်စေ၊ ပြုရမည်။

(၂) စစ်တရားရုံးတွင် သက်သေခံသူ အသီးသီးအား၊ သတ်မှတ်ထားသည့်အတိုင်း ကျမ်းသစ္စာကိုဖြစ်စေ၊ ကတိသစ္စာကိုဖြစ်စေ၊ နည်းလမ်းတကျ ပြုစေပြီးမှ စစ်မေးရမည်။

(၃) သက်သေသည်၊ အသက် တဆယ့်နှစ်နှစ်အောက် ကလေး တယောက်ဖြစ်သည့်ပြင်၊ အမှန်ထွက်ဆိုရမည့် တာဝန် ဝတ်တရားကို နားလည်စေကာမူ၊ ကျမ်းသစ္စာ၏ သဘောကို

of opinion that though the witness understands the duty of speaking the truth, he does not understand the nature of an oath or affirmation.

Voting by members.

**135.** (1) Subject to the provisions of sub-sections (2) and (3), every decision of a court-martial shall be passed by an absolute majority of votes; and where there is an equality of votes on either the finding or the sentence, the decision shall be in favour of the accused.

(2) No sentence of death shall be passed by a general court-martial without the concurrence of at least two-thirds of the members of the court.

(3) No sentence of death shall be passed by a summary general court-martial without the concurrence of all the members.

(4) In matters, other than a challenge or the finding or sentence, the presiding officer shall have a casting vote.

General rule as to evidence.

**136.** The evidence Act shall, subject to the provisions of this Act, apply to all proceedings before a court-martial.

Evidence of accused.

**137.** Every person accused of an offence shall be a competent witness on his own behalf in any trial of the said offence, whether the person so accused is accused solely or jointly with any other person or persons, and his evidence may be used against any person or persons tried jointly with him:

Provided as follows:—

(*a*) the accused shall not be examined as a witness except at his own desire;

(*b*) before giving evidence the accused shall be warned by the Court that he is not bound to give evidence, and that if he does so his evidence may be used against any person or persons tried jointly with him;

(*c*) the failure of the accused to give evidence shall not be made the subject of any comment by the prosecution and no

သော်ရင်း၊ ကတိသစ္စာ၏ သဘောကိုသော်ရင်း၊ နားမလည်ပဲဟု စစ်တရား[illegible]ဆ သောအခါ၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမပြုရ။

**အဖွဲ့ဝင်များကမဲပေးခြင်း။**

၁၃၅။ ။(၁) ပုဒ်မခွဲ (၂) နှင့် (၃) တို့၏ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ စစ်တရားရုံးသည်၊ ဆုံးဖြတ်ချက် တခုကို တက်ထက်ပိုသည့် မဲများအရ ချမှတ်ရမည်။ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ မဲအရေအတွက်တူညီနေသည့်အခါ၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်သည်၊ တရားခံကို သက်သာခွင့်ပေးသည့် ဆုံးဖြတ်ချက်ဖြစ်စေရမည်။

(၂) စစ်တရားရုံးချုပ်သည်၊ အဖွဲ့ဝင်အနည်းဆုံး သုံးပုံ နှစ်ပုံ၏ သဘောတူညီချက်ကို မရရှိဘဲ၊ သေဒဏ်မချမှတ်ရ။

(၃) အကျဉ်းစစ်တရားရုံးချုပ်သည်၊ အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ကို မရရှိဘဲ၊ သေဒဏ်မချမှတ်ရ။

(၄) ကန့်ကွက်ချက်၊ သို့တည်းမဟုတ် ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်နှင့် စပ်လျဉ်းသည့် ကိစ္စမှအပ၊ အခြားကိစ္စများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အရာရှိ၌၊ အနိုင်မဲပေးပိုင်ခွင့်ရှိရမည်။

**သက်သေခံနှင့် စပ်လျဉ်းသည့် ယေဘုယျနည်းဥပဒေ။**

၁၃၆။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ သက်သေခံ အက်ဥပဒေ (**The Evidence Act**) သည်၊ စစ်တရားရုံးတရုံးတွင် စစ်ဆေးစီရင်သည့် မှုခင်းကိစ္စ အားလုံးနှင့် သက်ဆိုင်စေရမည်။

**တရားခံ၏သက်သေခံချက်။**

၁၃၇။ ။ပြစ်မှုတခုဖြင့် စွဲဆိုခြင်း ခံရသူသည်၊ တဦးတည်း စွဲဆိုခြင်းခံရသည်ဖြစ်စေ၊ အခြားသူတဦးနှင့်၊ သို့တည်းမဟုတ် အခြားသူများနှင့် ပူးတွဲ၍ စွဲဆိုခြင်းခံရသည်ဖြစ်စေ၊ ထိုပြစ်မှုဆိုင်ရာ စစ်ဆေးစီရင်မှုတွင် မိမိအတွက် ကိုယ်တိုင် သက်သေခံရန် အရည်အချင်းရှိသူဖြစ်ရမည်။ ထိုသူ၏ သက်သေခံချက်ကို၊ ထိုသူနှင့် ပူးတွဲ၍ စစ်ဆေးစီရင်ခြင်းခံရသူ တဦးအပေါ်တွင်ဖြစ်စေ၊ အများအပေါ်တွင်ဖြစ်စေ၊ အသုံးပြုနိုင်သည်။

သို့ရာတွင်—

(က) တရားခံက မိမိသဘောအတိုင်း သက်သေခံလိုသောအခါမှတပါး၊ အခြား အခါများတွင် တရားခံကို သက်သေအဖြစ် စစ်မေးခြင်း မပြုရ။

(ခ) တရားခံက သက်သေမခံမီ၊ စစ်တရားရုံးသည်၊ တရားခံ၌ သက်သေခံရန် တာဝန် ဟူ၍ မရှိဟုရင်း၊ တရားခံက သက်သေခံလျှင်၊ တရားခံနှင့် ပူးတွဲ၍ စစ်ဆေး စီရင်ခြင်းခံရသူတဦးအပေါ်တွင်ဖြစ်စေ၊ အများအပေါ်တွင်ဖြစ်စေ၊ တရားခံ၏ သက်သေခံချက်ကို အသုံးပြုနိုင်သည်ဟုရင်း၊ တရားခံအား သတိပေးရမည်။

(ဂ) တရားခံက သက်သေမခံ၊ ပျက်ကွက်ခြင်းကြောင့် ထိုသို့ ပျက်ကွက်ခြင်းကို အကြောင်းပြုလျက်၊ တရားလိုဘက်က အာဘော်ကိုမပြောရ၊ အဆိုပါပျက်

court-martial shall draw any adverse inference therefrom.

The right conferred by this section, to be examined as a witness on oath shall be in lieu of his right to make a statement which is not on oath. He may exercise either of the rights vested in him.

Judicial notice.

**138.** A court-martial may take judicial notice of any matter within the general military knowledge of the members.

Summoning witnesses.

**139.** (1) The convening officer, the presiding officer of a court-martial, the judge-advocate or the commanding officer of the accused person may, by summons under his hand, require the attendance, at a time and place to be mentioned in the summons, of any person either to give evidence or to produce any document or other thing.

(2) In the case of a person amenable to military authority, the summons shall be sent to his commanding officer, and such officer shall serve it upon him accordingly.

(3) In the case of any other witness, the summons shall be sent to the magistrate within whose jurisdiction he may be or reside, and such magistrate shall give effect to the summons as if the witness were required in the court of such magistrate.

(4) When a witness is required to produce any particular document or other thing in his possession or power, the summons shall describe it with reasonable precision.

Documents exempted from production.

**140.** (1) Nothing in section 139 shall be deemed to affect the operation of sections 123 and 124 of the Evidence Act, or to apply to any letter, post-card, telegram or other document in the custody of the postal or telegraph authorities.

ကွက်ခြင်းကိုအကြောင်းပြုလျက် တရားခံအား နစ်နာစေမည့် ယူဆ ချက်ကို မည်သည့် စစ်တရားရုံးကမျှ မယူဆရ။

ဤအက်ဥပဒေအရ၊ တရားခံ ရရှိသည့် မိမိအတွက် ကိုယ်ပိုင် သက်သေခံနိုင်ခွင့်သည်၊ ကျမ်းသစ္စာမပြုဘဲ ထွက်ဆိုချက် ပြုနိုင်ခွင့်အစားဖြစ်ရမည်။ ထိုအခွင့်အရေး နစ်ရပ်အနက်၊ မိမိကြိုက်နှစ်သက်ရာ အခွင့်အရေးကို သုံးစွဲနိုင်သည်။

**တရားစီရင်ရာတွင် ကိစ္စအချို့ကို သက်သေခံချက်မယူဘဲလက်ခံခြင်း။**

၁၃၇။ ။စစ်တရားရုံးသည်၊ တရားစီရင်ရာတွင် မည်သည့် အကြောင်းကိစ္စနှင့် မဆို စပ်လျဉ်း၍အဖွဲ့ဝင်များ၏ စစ်ဘက် ဗဟုသုတကို သက်သေခံချက် မယူဘဲ လက်ခံနိုင်သည်။

**သက်သေများအား သမ္မာန်စာချအပ်ခြင်း။**

၁၃၈။ ။(၁) စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိ၊ စစ်တရားရုံး၏ဥက္ကဋ္ဌ၊ စစ်ဥပဒေအရာရှိ၊ သို့တည်းမဟုတ် တရားခံ၏တပ်မှူးသည်၊ မိမိ လက်မှတ်ရေးထိုးသော သမ္မာန်စာဖြင့် သူတဦးဦးအား၊ သက်သေခံရန်ဖြစ်စေ၊ စာတမ်းအမှတ်အသားတခုခုကိုသော်၎င်း၊ အခြား အရာတခုခုကို သော်၎င်း၊ တင်ပြရန်ဖြစ်စေ၊ သမ္မာန်စာတွင်ဖော်ပြထားသည့် နေ့ရက်နှင့် အချိန်တွင်ဖော်ပြ ထားသည့်နေရာသို့ လာရောက်ရန်ဆင့်ခေါ်နိုင်သည်။

(၂) စစ်ဘက် အမိန့်အာဏာကို လိုက်နာရသူ တဦးအတွက် ဖြစ်ပါက ထိုသူ၏ တပ်မှူး ထံသို့ သမ္မာန်စာကိုပို့ရမည်။ ထိုတပ်မှူးက ထိုသူအပေါ် သမ္မာန်စာချအပ်ရမည်။

(၃) အခြားသက်သေ တဦးဦးအတွက် ဖြစ်ပါက ထိုသက်သေရှိနိုင်သော၊ သို့တည်း မဟုတ် နေထိုင်သော ဒေသအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသည့် ရာဇဝတ်တရားသူကြီးထံ သမ္မာန်စာ ပို့ရမည်။ ထို့ပြင် အဆိုပါ ရာဇဝတ်တရားသူကြီးသည်၊ ထိုသက်သေအပေါ် မိမိ၏ တရားရုံးတွင် အလိုရှိသည့်သက်သေဖြစ်ဘိသကဲ့သို့ သမ္မာန်စာချအပ်ရမည်။

(၄) သက်သေတဦး၏ လက်ရှိဖြစ်သော၊ သို့တည်းမဟုတ် စီမံခန့်ခွဲနိုင်ခွင့်ရှိသော သီးခြား စာတမ်းအမှတ်အသားတခုခုကိုသော်၎င်း၊ အခြားအရာတခုခုကိုသော်၎င်း၊ ထိုသက်သေအား တင်ပြခိုင်းစေသောအခါ၊ သမ္မာန်စာတွင် ထိုစာတမ်းအမှတ်အသား၊ သို့တည်းမဟုတ် အရာတခုခု ကို တိကျမှန်ကန်နိုင်သမျှ မှန်ကန်အောင်ဖော်ပြရမည်။

**တင်ပြခြင်းမှ ကင်းလွတ်ခွင့်ရသည့် စာတမ်း အမှတ်အသားများ။**

၁၄၀။ ။(၁) ပုဒ်မ ၁၃၉ ပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ သက်သေခံ အက်ဥပဒေရှိ ပုဒ်မ ၁၂၃ နှင့် ပုဒ်မ ၁၂၄ တို့၏ အကျိုးသက်ရောက်ခြင်းကို မထိခိုက်ဟု၊ သို့တည်းမဟုတ် စာတိုက်နှင့် ကြေးနန်းဆိုင်ရာ အာဏာပိုင်များက ထိန်းသိမ်းထားရသော ချောစာနှင့်ဖြစ်စေ၊ စာပို့ကဒ်နှင့်ဖြစ်စေ၊ ကြေးနန်းစာနှင့်ဖြစ်စေ၊ အခြားစာတမ်း အမှတ်အသားနှင့်ဖြစ်စေ မသက်ဆိုင်ဟု မှတ်ယူရမည်။

(2) If any document in such custody is, in the opinion of any District Magistrate, Courts of Session or High Court, wanted for the purpose of any court-martial, such Magistrate or Court may require the postal or telegraph authorities, as the case may be, to deliver such document to such person as such Magistrate or Court may direct.

(3) If any such document is, in the opinion of any other magistrate or of any commissioner of police or district superintendent of police, wanted for any such purpose, he may require the postal or telegraph authorities, as the case may be, to cause search to be made for and to detain such document pending the orders of any such District Magistrate, Courts of Session or High Court.

Commissions for examination of witnesses.

**141.** (1) Whenever, in the course of a trial by court-martial, it appears to the court that the examination of a witness is necessary for the ends of justice, and that the attendance of such witness cannot be procured without an amount of delay, expense or inconvenience which, in the circumstances of the case, would be unreasonable, such court may address the Judge-Advocate-General in order that a commission to take the evidence of such witness may be issued.

(2) The Judge-Advocate-General may then, if he thinks necessary, issue a commission to any District Magistrate or magistrate of the first class, or any officer mentioned in sub-section (4), within the local limits of whose jurisdiction such witness resides, to take evidence of such witness.

(3) The magistrate or officer to whom the commission is issued, or, if he is the District Magistrate, he or such magistrate of the first class as he appoints in this behalf, shall proceed to the place where the witness is or shall summon the witness before him and shall take down his evidence in the same manner, and may for this purpose exercise the same powers, as in trials of warrant-cases under the Code of Criminal Procedure.

(၂) ထိုသို့ ထိန်းသိမ်းထားသော စာတမ်းအမှတ်အသား တခုခုကို စစ်တရားရုံး၏ ကိစ္စအတွက်အလိုရှိသည်ဟု ခရိုင်ရာဇဝတ် တရားသူကြီး၊ စက်ရှင်တရားရုံး၊ သို့တည်းမဟုတ် တရားလွှတ်တော်က ထင်မြင်ယူဆလျှင်၊ ထိုရာဇဝတ်တရားသူကြီးက ဖြစ်စေ၊ စက်ရှင်တရားရုံးကဖြစ်စေ၊ တရားလွှတ်တော်ကဖြစ်စေ၊ ညွှန်ကြားသူထံသို့ ထိုစာ တမ်းအမှတ်အသားကို လက်ရောက်ပေးအပ်ရန်၊ ထိုရာဇဝတ် တရားသူကြီး၊ သို့တည်းမဟုတ် စက်ရှင်တရားရုံး၊ သို့တည်းမဟုတ် တရားလွှတ်တော်၊ သက်ဆိုင်ရာရာက စာတိုက်ဆိုင်ရာ အာဏာပိုင်များကို သော်၎င်း၊ ကြေးနန်းဆိုင်ရာ အာဏာပိုင်များကိုသော်၎င်း၊ ဆင့်ဆိုနိုင်သည်။

(၃) အဆိုပါ စာတမ်းအမှတ်အသားတခုခုကို ထိုကိစ္စတခုခုအတွက် အလိုရှိသည်ဟု အခြားရာဇဝတ် တရားသူကြီး တဦးဦးကသော်၎င်း၊ ရဲမင်းကြီးတဦးဦးကသော်၎င်း၊ ခရိုင်ရဲဝန် တဦးဦးကသော်၎င်း၊ ထင်မြင်ယူဆလျှင်၊ ထိုခရိုင် ရာဇဝတ်တရားသူကြီး၊ စက်ရှင် တရားရုံး၊ သို့တည်းမဟုတ် တရားလွှတ်တော်က အမိန့်မချမှတ်မီ၊ အဆိုပါ စာတမ်းအမှတ်အသားကိုရှာဖွေစေပြီးနောက် သိမ်းဆည်းထားရန် ထိုရာဇဝတ် တရားသူကြီး၊ သို့တည်းမဟုတ် ရဲမင်းကြီး၊ သို့တည်းမဟုတ် ခရိုင်ရဲဝန်၊ သက်ဆိုင်ရာရာက စာတိုက်ဆိုင်ရာ အာဏာပိုင်များကို ဖြစ်စေ၊ ကြေးနန်းဆိုင်ရာ အာဏာပိုင်များကိုဖြစ်စေ ဆင့်ဆိုနိုင်သည်။

**သက်သေများကို စစ်ဆေးမေးမြန်းရန် အတွက် ကော်မရှင်များ။**

၁၄၁။ ။(၁) စစ်တရားရုံးဖြင့် စစ်ဆေးစီရင်နေစဉ် တရားမျှတမှု ရရှိရေးအတွက် သက်သေကို စစ်မေးရန် လိုအပ်သည်ဟု ထိုစစ်တရားရုံးက ထင်မြင်ယူဆသည့်ပြင်၊ အမှု၏ အခြေအနေအရ မသင့်တော်သော နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ၊ စရိတ်စက ကုန်ကျခြင်းမရှိဘဲ၊ သို့တည်းမဟုတ် ကသိကအောက် ဖြစ်ခြင်းမရှိဘဲ၊ ထိုစစ်တရားရုံးရှေ့သို့ ထိုသက်သေတက်ရောက်ခြင်းကို မရရှိနိုင်ဟုလည်း ထူဆသောအခါ၊ထိုစစ်တရားရုံးသည်၊ ထိုသက်သေ၏ သက်သေခံချက်ကို ရယူရန် ကော်မရှင်ထုတ်ပေးစေခြင်းငှါ၊ စစ်ဥပဒေချုပ်အား တိုက်ရိုက်အကြောင်းကြားနိုင်သည်။

(၂) ထိုအခါ၊ စစ်ဥပဒေချုပ်သည်၊ လိုအပ်သည်ဟု မိမိယူဆလျှင်၊ ထိုသက်သေနေထိုင်သော ဒေသန္တရနယ်နိမိတ်အတွင်း စီရင်ပိုင်ခွင့် အာဏာရှိသော ခရိုင်ရာဇဝတ် တရားသူကြီး၊ ပဌမတန်း ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၄) တွင်ဖော်ပြထားသည့် အရာရှိ တဦးဦးထံသို့ ထိုသက်သေ၏ သက်သေခံချက်ကို ရယူရန်ကော်မရှင် ထုတ်ပေးနိုင်သည်။

(၃) ကော်မရှင် ထုတ်ပေးခြင်းခံရသော ရာဇဝတ်တရားသူကြီးသည်၊ သို့တည်းမဟုတ် အရာရှိ၊ သို့တည်းမဟုတ် ထိုရာဇဝတ်တရားသူကြီးမှာ၊ ခရိုင်ရာဇဝတ်တရားသူကြီးဖြစ်လျှင်၊ ထိုခရိုင်ရာဇဝတ် တရားသူကြီးသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ ထိုခရိုင်ရာဇဝတ်တရားသူကြီးက ခန့်အပ်သော ပဌမတန်း ရာဇဝတ်တရားသူကြီးသည်၊ ထိုသက်သေရှိရာ နေရာသို့ သွားရောက်၍ဖြစ်စေ၊ ထိုသက်သေကို မိမိရှေ့သို့ သမ္မာန်စာဖြင့် ဆင့်ခေါ်၍ဖြစ်စေ၊ သက်သေခံချက်ကိုရေးမှတ်ယူရမည့်ပြင်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ဝရမ်းမှုများ စစ်ဆေးစီရင်ရာတွင် သက်သေခံချက်ကို ရယူသည့်နည်းလမ်းအတိုင်း ထိုသူ၏သက်သေခံချက်ကို ရယူမည်ဖြစ်၍၊ ထိုသို့စစ်ဆေးစီရင်ရာတွင် သုံးစွဲသည့် အာဏာများကို ဤကိစ္စအလို့ငှါ သုံးစွဲနိုင်သည်။

(4) When the witness resides out of the Union of Burma, the commission may be issued to any Consular Officer or other official of the Union of Burma competent to administer an oath or affirmation in the place where such witness resides.

(5) In this section and in section 142, the expression "Judge-Advocate-General" includes a Deputy Judge-Advocate-General.

Examination of a witness on commission.

**142.** (1) The prosecutor and the accused person in any case in which a commission is issued under section 141 may respectively forward any interrogatories in writing which the court may think relevant to the issue, and the magistrate or officer executing the commission shall examine the witness upon such interrogatories.

(2) The prosecutor and the accused person may appear before such magistrate or officer by counsel or, except in the case of an accused person in custody, in person, and may examine, cross-examine and re-examine, as the case may be, the said witness.

(3) After a commission issued under section 141 has been duly executed, it shall be returned, together with the deposition of the witness examined thereunder, to the Judge-Advocate-General.

(4) On receipt of a commission and deposition returned under sub-section (3), the Judge-Advocate-General shall forward the same to the court at whose instance the commission was issued or, if such court has been dissolved, to any other court convened for the trial of the accused person; and the commission, the return thereto and the deposition shall be open to inspection by the prosecutor and the accused person, and may, subject to all just exceptions, be read in evidence in the case by either the prosecutor or the accused, and shall form part of the proceedings of the court.

(5) In every case in which a commission is issued under section 141, the trial may be adjourned for a specified time reasonably sufficient for the execution and return of the commission.

(၄) သက်သေသည်၊ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပတွင်နေထိုင်သောအခါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကောင်စစ်ဝန်တဦးဦးထံသို့ဖြစ်စေ၊ ထိုသက်သေ နေထိုင်သည့် နေရာတွင် ကျမ်းသစ္စာကိုသော်၎င်း၊ ကတိသစ္စာကိုသော်၎င်း၊ ပြုခိုင်းရန် အခွင့်အာဏာရှိသော ပြည်ထောင်စု မြန်မာနိုင်ငံ၏ အခြားအရာရှိတဦးဦးထံသို့ဖြစ်စေ၊ ထိုကော်မရှင်ကို ထုတ်ပေးနိုင်သည်။

(၅) ဤပုဒ်မနှင့် ပုဒ်မ ၁၄၂ ရှိ "စစ်ဥပဒေချုပ်"ဆိုသည့် စကားရပ်တွင် ဒုတိယစစ်ဥပဒေချုပ်ပါဝင်သည်။

**ကော်မရှင် အရ သက်သေတဦးအား စစ်ဆေးမေးမြန်းခြင်း။**

၁၄၂။ ။(၁) ပုဒ်မ ၁၄၁ အရ ကော်မရှင်ထုတ်ပေးရသော အမှုတခုခုတွင် တရားလိုဘက် အမှုလိုက်အရာရှိနှင့် တရားခံ အသီးသီးတို့သည်၊ အမှုနှင့်သက်ဆိုင်သည်ဟု စစ်တရားရုံးက ထင်မြင်သော မေးမြန်းချက်စာတမ်းများကို ရေးသားပေးပို့နိုင်သည်။ ထို့နောက် ကော်မရှင်အရ ဆောင်ရွက်ရမည့် ရာဇဝတ်တရားသူကြီးက ဖြစ်စေ၊ အရာရှိကဖြစ်စေ၊ ထိုမေးမြန်းချက် စာတမ်းများအရ၊ သက်သေကို စစ်မေးရမည်။

(၂) ထိုတရားလိုဘက် အမှုလိုက်အရာရှိနှင့် ထိုတရားခံသည်၊ ထိုရာဇဝတ် တရားသူကြီးရှေ့သို့၊ သို့တည်းမဟုတ် ထိုအရာရှိရှေ့သို့ မိမိတို့ကိုယ်စား ရှေ့နေများအား သွားရောက်စေနိုင်သည်၊ သို့တည်းမဟုတ် တရားခံသည်၊ အချုပ်နှင့် နေရသည့်အခါမှတပါး၊ ထိုရာဇဝတ် တရားသူကြီးရှေ့သို့၊ သို့တည်းမဟုတ် ထိုအရာရှိရှေ့သို့၊ ကိုယ်တိုင်လာရောက်နိုင်သည်။ ထို့ပြင် အဆိုပါ သက်သေအား စစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်း၊ ထပ်မံစစ်မေးခြင်းတို့ကို အကြောင်းအားလျော်စွာ ပြုလုပ်နိုင်သည်။

(၃) ပုဒ်မ ၁၄၁ အရ ထုတ်သောကော်မရှင်ကို နည်းလမ်းတကျ ဆောင်ရွက်ပြီးသည့်နောက်၊ ထိုကော်မရှင်အရ စစ်မေးပြီးသည့် သက်သေ၏ အစစ်ခံချက်နှင့်အတူ ထိုကော်မရှင်ကို၊ စစ်ဥပဒေချုပ်ထံသို့ ပြန်ပို့ရမည်။

(၄) ပုဒ်မခွဲ (၃) အရ ပြန်ပို့သည့်ကော်မရှင်နှင့် သက်သေအစစ်ခံချက်ကို ရသည့်အခါ၊ စစ်ဥပဒေချုပ်သည်၊ ထိုကော်မရှင်နှင့် သက်သေအစစ်ခံချက်ကို၊ ကော်မရှင်ထုတ်ပေးရန် တောင်းဆိုသည့် စစ်တရားရုံးသို့ဖြစ်စေ၊ ထိုစစ်တရားရုံး ဖျက်သိမ်းပြီးဖြစ်လျှင်၊ ထိုတရားခံအား စစ်ဆေးစီရင်ရန် ဖွဲ့စည်းသည့် အခြားစစ်တရားရုံးသို့ဖြစ်စေ၊ ပို့ရမည်။ ထို့ပြင် တရားလိုဘက် အမှုလိုက်အရာရှိနှင့် တရားခံအား ထိုကော်မရှင်၊ ထိုကော်မရှင်အတွက် အစီရင်ခံစာနှင့် ထိုသက်သေအစစ်ခံချက်တို့ကိုကြည့်ရှုစစ်ဆေးနိုင်ခွင့်ပေးရမည့်ပြင်၊ တရားမျှတသောကန့်ကွက်ချက်များကို ထောက်ထားလျက်၊ ထိုအမှုတွင် တရားလိုဘက် အမှုလိုက် အရာရှိကဖြစ်စေ၊ တရားခံကဖြစ်စေ၊ သက်သေခံအဖြစ် ဘတ်ပြနိုင်၍၊ ထိုကော်မရှင်အတွက် အစီရင်ခံစာနှင့် ထိုသက်သေအစစ်ခံချက်တို့သည်၊ ထိုအမှုတွဲ၏ အစိတ်အပိုင်းဖြစ်စေရမည်။

(၅) ပုဒ်မ ၁၄၁ အရ ကော်မရှင်ထုတ်ပေးရသည့် အမှုတိုင်းတွင်၊ ထိုကော်မရှင်အတိုင်း ဆောင်ရွက်ရန်နှင့် ထိုကော်မရှင်ကို ပြန်ပို့ရန်အတွက် သင့်တော် လုံလောက်အောင် သီးခြားဖော်ပြသည့် အချိန်ထိ၊ စစ်ဆေးစီရင်ခြင်းကို ရွှေ့ဆိုင်းထားနိုင်သည်။

**143.** (1) A person charged before a court-martial with desertion may be found guilty of attempting to desert or of being absent without leave.

Conviction of offence not charged.

(2) A person charged before a court-martial with attempting to desert may be found guilty of being absent without leave.

(3) A person charged before a court-martial with using criminal force may be found guilty of assault.

(4) A person charged before a court-martial with using threatening language may be found guilty of using insubordinate language.

(5) A person charged before a court-martial with any one of the offences specified in clauses *(a)*, *(b)*, *(c)* and *(d)* of section 51 may be found guilty of any other of these offences with which he might have been charged.

(6) A person charged before a court-martial with an offence punishable under section 71 may be found guilty of any other offence of which he might have been found guilty if the provisions of the Code of Criminal Procedure were applicable.

(7) A person charged before a court-martial with any offence under this Act may, on failure of proof of an offence having been committed in circumstances involving a more severe punishment, be found guilty of the same offence as having been committed in circumstances involving a less severe punishment.

(8) A person charged before a court-martial with any offence under this Act may be found guilty of having attempted or abetted the commission of that offence, although the attempt or abetment is not separately charged.

**144.** In any proceeding under this Act, any application, certificate, warrant, reply or other document purporting to be signed by an officer in the service of the Government of the Union or of a State, shall, on production, be presumed to have been duly signed by the person

Presumption as to signatures.

**စွပ်စွဲခြင်းမရှိသည့် ပြစ်မှုအရ ပြစ်မှု ထင်ရှားစီရင်ခြင်း။**

၁၄၃။ ။(၁) စစ်တရားရုံးတွင်၊ စစ်ပြေးမှုဖြင့် စွပ်စွဲခြင်းခံရသူတဦးသည်၊ စစ်ပြေးမှု ကျူးလွန်ရန် အားထုတ်မှု၊ သို့တည်းမဟုတ် ခွင့်မဲ့ပျက်ကွက်မှုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၂) စစ်တရားရုံးတွင်၊ စစ်ပြေးမှုကျူးလွန်ရန် အားထုတ်မှုဖြင့် စွပ်စွဲခြင်းခံရသူတဦးသည်၊ ခွင့်မဲ့ပျက်ကွက်မှုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၃) စစ်တရားရုံးတွင်၊ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုဖြင့် စွပ်စွဲခြင်းခံရသူတဦးသည်၊ လက်ရောက်မှုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၄) စစ်တရားရုံးတွင်၊ ခြိမ်းခြောက်သောစကားပြောဆိုမှုဖြင့် စွပ်စွဲခံရသူတဦးသည်၊ စည်းကမ်းဖောက်ဖျက်သော စကားပြောဆိုမှုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၅) ပုဒ်မ ၅၁ ၏ အပိုဒ် (က)၊(ခ)၊(ဂ)နှင့်(ဃ)တွင် သီးခြားဖေါ်ပြထားသော ပြစ်မှုများအနက်၊ ပြစ်မှုတခုဖြင့် စစ်တရားရုံးတွင် စွပ်စွဲခြင်းခံရသူတဦးသည်၊ သီးခြားဖေါ်ပြထားသည့် ထိုပြစ်မှုများအနက်၊ ထိုသူအား စွပ်စွဲနိုင်သော အခြားပြစ်မှုတခုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၆) ပုဒ်မ ၇၁ အရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတခုဖြင့်၊ စစ်တရားရုံးတွင် စွပ်စွဲခြင်းခံရသူတဦးသည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ပါက၊ ထိုသူအပြစ်ရှိကြောင်း ဆုံးဖြတ်နိုင်မည့် အခြားပြစ်မှုတခုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၇) ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခုဖြင့်၊ စစ်တရားရုံးတွင် စွပ်စွဲခြင်းခံရသူတဦးသည်၊ ပို၍ကြီးလေးသည့်ပြစ်ဒဏ်ထိုက်သင့်နိုင်သောအခြေအနေတွင်ကျူးလွန်ခဲ့ကြောင်း သက်သေထင်ရှားမပြနိုင်သည့်အခါ၊ ပေါ့လျော့သည့်ပြစ်ဒဏ်ထိုက်သင့်နိုင်သော အခြေအနေတွင် ထိုပြစ်မှုကျူးလွန်ခဲ့သည့်အတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၈) ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခုဖြင့်၊ စစ်တရားရုံးတွင် စွပ်စွဲခြင်းခံရသူတဦးသည်၊ ထိုပြစ်မှုကျူးလွန်ရန် အားထုတ်မှုဖြင့်ဖြစ်စေ၊ ထိုပြစ်မှုကျူးလွန်ရန် အားပေးကူညီမှုဖြင့်ဖြစ်စေ၊ ခွဲခြား၍ စွပ်စွဲခြင်းမခံရသော်လည်း၊ ထိုအားထုတ်မှု၊ သို့တည်းမဟုတ် ထိုအားပေးကူညီမှုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

**ထိုးမြဲလက်မှတ်များကို အမှန်ကဲ့သို့မှတ်ယူခြင်း။**

၁၄၄။ ။ဤအက်ဥပဒေအရ မှုခင်းကိစ္စဆောင်ရွက်ခြင်း တခုခုတွင်၊ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏၊ သို့တည်းမဟုတ် ပြည်နယ်တနယ်အစိုးရ၏ လက်အောက်တွင် အမှုထမ်းနေသော အရာရှိတဦးက လက်မှတ်ရေးထိုးသည်ဟု သဘောသက်ရောက်သော လျှောက်လွှာ၊ သက်သေခံလက်မှတ်၊ ဝရမ်း၊ ပြန်ကြားစာ၊သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားတခုခုကို တင်ပြရာတွင်၊ ဆန့်ကျင်ကွဲလွဲကြောင်း သက်သေထင်ရှားမပြနိုင်သမျှကာလပတ်လုံး၊ ထိုးမြဲလက်မှတ်ဟု သဘောသက်ရောက်သောလက်မှတ်ဖြင့် လက်မှတ်ထိုးရမည့်သူက၊ နည်းလမ်းအကျထိုးထားသည့် ထိုးမြဲလက်မှတ်အမှန်ကဲ့သို့ရင်း၊ ထိုးမြဲလက်မှတ်ဟု သဘောသက်ရောက်

by whom and in the character in which it purports to have been signed, until the contrary is shown.

Enrolment paper.

**145.** (1) Any enrolment paper purporting to be signed by an enrolling officer shall, in proceedings under this Act, be evidence of the person enrolled having given the answers to questions which he is therein represented as having given.

(2) The enrolment of such person may be proved by the production of the original or a copy of his enrolment paper purporting to be certified to be a true copy by the officer having the custody of the enrolment paper.

Presumption as to certain documents.

**146.** (1) A letter, return or other document respecting the service of any person in, or the cashiering, dismissal or discharge of any person from, any portion of the Defence Services, or respecting the circumstance of any person not having served in, or belonged to, any portion of the Defence Services, if purporting to be signed by or on behalf of the President or the Chief of Staff, or by any prescribed officer, shall be evidence of the facts stated in such letter, return or other document.

(2) An Army, Navy or Air Force List or Gazette purporting to be published by authority shall be evidence of the status and rank of the officers therein mentioned, and of any appointment held by them and of the corps, ship, unit, arm, department or branch of the services to which they belong.

(3) Where a record is made in any regimental book in pursuance of this Act or of any rules made thereunder or otherwise in pursuance of military duty, and purports to be signed by the commanding officer

သော လက်မှတ်ဖြင့် လက်မှတ်ထိုးရမည့်သူက ရာထူးအရ နည်းလမ်းတကျထိုးထားသည့် ထိုးမြဲလက်မှတ်အမှန်ကဲ့သို့ရင်း၊ မှတ်ယူရမည်။

**စစ်မှုထမ်းအဖြစ်စာရင်းသွင်းလွှာ။**

၁၄၅။ ။(၁) ဤအက်ဥပဒေအရ မှုခင်းကိစ္စဆောင်ရွက်ခြင်း တခုခုတွင်၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးအရာရှိတဦးက လက်မှတ်ရေးထိုးထားသည်ဟု သဘောသက်ရောက်သောစစ်မှုထမ်းအဖြစ် စာရင်းသွင်းလွှာသည်၊ ထိုစာရင်းသွင်းလွှာပါမေးခွန်းများကိုစစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းခံရသူက ဖြေဆိုသည့်အတိုင်း ဖေါ်ပြထားကြောင်း သက်သေခံချက် ဖြစ်စေရမည်။

(၂) ထိုသူ၏ စစ်မှုထမ်းအဖြစ် စာရင်းသွင်းလွှာမူရင်းကိုဖြစ်စေ၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းလွှာကို ထိန်းသိမ်းရသော အရာရှိက မိတ္တူမှန်ဟု သက်သေခံလက်မှတ် ရေးထိုးထားသည့် သဘောသက်ရောက်သော၊ ထိုသူ၏ စစ်မှုထမ်းအဖြစ် စာရင်းသွင်းလွှာ မိတ္တူတခုကိုဖြစ်စေ၊ တင်ပြခြင်းဖြင့် ထိုသူ စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းကို သက်သေထင်ရှား ပြနိုင်သည်။

**စာတမ်း အမှတ်အသား အချို့ကို အမှန်ကဲ့သို့ မှတ်ယူခြင်း။**

၁၄၆။ ။(၁) နိုင်ငံတော် သမတကဖြစ်စေ၊ ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ နိုင်ငံတော် သမတ၏ ကိုယ်စားဖြစ်စေ၊ ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်စားဖြစ်စေ၊ သတ်မှတ်ထားသော အရာရှိတဦးဦးကဖြစ်စေ၊ လက်မှတ်ရေးထိုးထားသည်ဟု သဘောသက်ရောက်သော၊ တပ်မတော်၏ အစိတ်အပိုင်း တခုခုတွင်သူတဦးဦး စစ်မှုထမ်းရွက်ခဲ့ကြောင်းနှင့်စပ်လျဉ်းသည့်၊ သို့တည်းမဟုတ် တပ်မတော်၏ အစိတ်အပိုင်းတခုခုမှ သူတဦးဦးအား ရှုတ်ချ၍ အမြဲတန်းထုတ်ပစ်ခြင်းနှင့်ဖြစ်စေ၊ အမြဲတန်းထုတ်ပစ်ခြင်းနှင့်ဖြစ်စေ၊ ထွက်ခွင့်ပေးခြင်းနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့်၊ သို့တည်းမဟုတ် တပ်မတော်၏ အစိတ်အပိုင်းတခုခုတွင် သူတဦးဦးစစ်မှုမထမ်းရွက်ခဲ့ကြောင်းနှင့်ဖြစ်စေ၊ တပ်မတော်၏ အစိတ်အပိုင်းတခုခုတွင် သူတဦးဦးမပါဝင်ခဲ့ကြောင်းနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့်စာ၊ ပြန်တမ်း၊ သို့တည်းမဟုတ်အခြားစာတမ်းအမှတ်အသားသည်၊ ထိုစာ၊ ပြန်တမ်း၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားပေါ်တွင် ဖေါ်ပြထားသည့် အကြောင်းခြင်းရာများ၏ သက်သေခံဖြစ်စေရမည်။

(၂) အမိန့်အရထုတ်ပြန်သည်ဟု သဘောသက်ရောက်သော ကြည်းတပ်၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ် ဆိုင်ရာစာရင်း၊ သို့တည်းမဟုတ် ပြန်စာမ်းတခုသည်၊ ၎င်းတွင် ဖေါ်ပြထားသည့် အရာရှိများ၏ အဆင့်အတန်း၊ အဆင့်၊ ထိုအရာရှိများ ရရှိထားသည့် ရာထူး၊ ထိုအရာရှိများ ပါဝင်သည့်တပ်အဖွဲ့၊ သင်္ဘော၊ တပ်၊ စစ်လက်ရုံး၊ သို့တည်းမဟုတ် ဌာနနှင့်၎င်း၊ ကြည်းတပ်၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်နှင့်၎င်း၊ စပ်လျဉ်းသည့် သက်သေခံဖြစ်စေရမည်။

(၃) ဤအက်ဥပဒေနှင့်အညီဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့် အညီဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ စစ်ဘက်တာဝန်ဝတ်တရားအရ လိုက်နာဆောင်ရွက်ရသည်နှင့်အညီဖြစ်စေ၊ တပ်ရင်းမှတ်တမ်းစာအုပ်တွင် အကြောင်းအရာ တခုကို ရေးမှတ်ထား

or by the officers whose duty it is make such record, such record shall be evidence of the facts therein stated.

(4) A copy of any record of any regimental book purporting to be certified to be a true copy by the officer having custody of such book shall be evidence of such record.

(5) Where any person subject to this Act is being tried on a charge of desertion or of absence without leave, and such person has surrendered himself into the custody of any officer or other person subject to this Act, or any portion of the Defence Services, or has been apprehended by such officer or person, a certificate purporting to be signed by such officer, or by the commanding officer of that portion of the Defence Services, or by the commanding officer of the corps, department, detachment, unit or ship to which such person belongs, as the case may be, and stating the fact, date and place of such surrender or apprehension, and the manner in which he was dressed, shall be evidence of the matters so stated.

(6) Where any person subject to this Act is being tried on a charge of desertion or of absence without leave, and such person has surrendered himself into the custody of, or has been apprehended by, a police officer not below the rank of an officer in charge of a police station, a certificate purporting to be signed by such police officer and stating the fact, date and place of such surrender or apprehension and the manner in which he was dressed, shall be evidence of the matters so stated.

(7) Any document purporting to be a report under the hand of any Chemical Examiner or Assistant Chemical Examiner to Government upon any matter or thing duly submitted to him for examination or analysis and report may be used as evidence in any proceeding under this Act.

သည့်ပြင်၊ ထိုရေးမှတ်ချက်ကို တပ်မှူးကဖြစ်စေ၊ ထိုသို့ရေးမှတ်ရန် တာဝန်ရှိသည့် အရာရှိကဖြစ်စေ၊ လက်မှတ်ရေးထိုးသည်ဟု သဘောသက်ရောက်သော ထိုရေးမှတ်ချက်သည်၊ ၎င်းတွင် ဖော်ပြထားသည့် အကြောင်းခြင်းရာများ၏ သက်သေခံဖြစ်စေရမည်။

(၄) တပ်ရင်းမှတ်တမ်း စာအုပ်တခုခုကို ထိန်းသိမ်းရသောအရာရှိက၊ ထိုစာအုပ်တခုခု၏ မိတ္တူမှန်ဟု သက်သေခံလက်မှတ် ရေးထိုးထားသည့်သဘော သက်ရောက်သော မှတ်တမ်းတင်ချက်တခုခု၏ မိတ္တူသည်၊ ထိုမှတ်တမ်းတင်ချက်၏ သက်သေခံဖြစ်စေရမည်။

(၅) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအား စစ်ပြေးမှုအတွက်၊ သို့တည်းမဟုတ် ခွင့်မဲ့ ပျက်ကွက်မှုအတွက် စစ်ဆေးစီရင်ရာတွင်၊ ထိုပြင်ထိုသူက အရာရှိ တဦးဦးထံသော်၎င်း၊ ဤအက်ဥပဒေကို လိုက်နာရသည့် အခြားသူ တဦးဦးထံသော်၎င်း၊ ထပ်မတော်၏ အစိတ်အပိုင်း တခုခုသို့သော်၎င်း၊ လာ၍ဘမ်းဆီးခြင်းခံရာတွင်၊ သို့တည်းမဟုတ် ထိုအရာရှိကသော်၎င်း၊ ဤအက်ဥပဒေကို လိုက်နာရသည့် ထိုအခြားသူကသော်၎င်း၊ ထိုသူအားဘမ်းဆီးထားရာတွင်၊ ထိုအရာရှိ၊ သို့တည်းမဟုတ် ထိုသူလာ၍ဘမ်းဆီးခြင်းခံရသည့် တပ်မတော်အစိတ်အပိုင်း တခု၏ တပ်မှူး၊ သို့တည်းမဟုတ် သို့သူပါရှိသည့် တပ်အဖွဲ့၊ ဌာန၊ ခွဲထုတ်တပ်၊ တပ်၊ သို့တည်းမဟုတ် သင်္ဘောကို ကွပ်ကဲသည့်အရာရှိ၊ သက်ဆိုင်ရာရာက လက်မှတ် ရေးထိုးထားသည်ဟု သဘောသက်ရောက်သည့်ပြင်၊ ထိုသို့လာ၍ ဘမ်းဆီးခြင်းခံသည့်၊ သို့တည်းမဟုတ် ဘမ်းဆီးထားသည့် အကြောင်းခြင်းရာ၊ နေ့ရက်၊ နေရာနှင့် ထိုသူဝတ်ဆင်ထားပုံတို့ကိုဖော်ပြသည့် သက်သေခံ လက်မှတ်သည်၊ ထိုသို့ဖော်ပြထားသည့် အကြောင်းအရာများ၏သက်သေခံဖြစ်စေရမည်။

(၆) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအား စစ်ပြေးမှုအတွက်၊ သို့တည်းမဟုတ် ခွင့်မဲ့ပျက်ကွက်မှုအတွက် စစ်ဆေးစီရင်ရာတွင်၊ ထိုပြင် ထိုသူက ရဲဌာနတခုကို အုပ်ချုပ်သည့် ရဲအရာရှိ အဆင့်အောက် မနိမ့်သည့် ရဲအရာရှိတဦးထံလာ၍ ဘမ်းဆီးခြင်း ခံရာတွင်ဖြစ်စေ၊ ထိုရဲအရာရှိက ဘမ်းဆီးထားရာတွင်ဖြစ်စေ၊ ထိုရဲအရာရှိက လက်မှတ်ရေးထိုးထားသည်ဟု သဘောသက်ရောက်သည့်ပြင်၊ ထိုသို့လာ၍ ဘမ်းဆီးခြင်းခံသည့်၊ သို့တည်းမဟုတ် ဘမ်းဆီးထားသည့် အကြောင်းခြင်းရာ၊ နေ့ရက်၊ နေရာနှင့် ထိုသူ ဝတ်ဆင်ထားပုံတို့ကို ဖော်ပြသည့် သက်သေခံလက်မှတ်သည်၊ ထိုသို့ဖော်ပြထားသည့် အကြောင်းအရာများ၏ သက်သေခံဖြစ်စေရမည်။

(၇) စမ်းသပ်ကြည့်ရှုရန်၊ သို့တည်းမဟုတ် ဓါတ်ခွဲ၍ အစီရင်ခံရန်၊ အစိုးရ ဓါတုဗေဒ ထံသို့ဖြစ်စေ၊ အစိုးရလက်ထောက် ဓါတုဗေဒဝန်ထံသို့ဖြစ်စေ၊ နည်းလမ်းတကျ တင်ပို့သော ဝတ္ထုပစ္စည်းအပေါ်တွင်သော်၎င်း၊ အရာတခုခုအပေါ်တွင်သော်၎င်း၊ အဆိုပါသူတဦးဦးက ရေးသားလက်မှတ်ထိုးသော အစီရင်ခံစာသဘောသက်ရောက်သည့် စာတမ်းအမှတ်အသားကို ဤအက်ဥပဒေအရ ဆောင်ရွက်သော မှုခင်းကိစ္စတွင် သက်သေခံအဖြစ် အသုံးပြုနိုင်သည်။

Reference by accused to Government officer.

**147.** (1) If at any trial for desertion or absence without leave, overstaying leave or not rejoining when warned for service, the person tried states in his defence any sufficient or reasonable excuse for his unauthorized absence, and refers in support thereof to any officer in the service of the Government of the Union or of a State, or if it appears that any such officer is likely to prove or disprove the said statement in the defence, the court shall address such officer and adjourn the proceedings until his reply is received.

(2) The written reply of any officer so referred to shall, if signed by him, be received in evidence and have the same effect as if made on oath before the court.

(3) If the court is dissolved before the receipt of such reply, or if the court omits to comply with the provisions of this section, the convening officer may, at his discretion, annul the proceedings and order a fresh trial.

Evidence of previous convictions and general character.

**148.** (1) When any person subject to this Act has been convicted by a court-martial of any offence, such court-martial may inquire into, and receive and record evidence of any previous convictions of such person, either by a court-martial or by a criminal court, or any previous award of punishment under any of the sections 82, 85, 86 and 87, and may further inquire into and record the general character of such person and such other matters as may be prescribed.

(2) Evidence received under this section may be either oral, or in the shape of entries in, or certified extracts from, court-martial books or other official records; and it shall not be necessary to give notice before trial to the person tried that evidence as to his previous convictions or character will be received.

(3) At a summary court-martial the officer holding the trial may, if he thinks fit, record any previous convictions against the offender,

**တရားခံက အစိုးရအရာရှိကို ကိုးကားခြင်း။**

၁၄၇။ ။(၁) စစ်ပြေးမှုအတွက်၊ သို့တည်းမဟုတ် ခွင့်မဲ့ပျက်ကွက်မှုအတွက်ဖြစ်စေ၊ ပေးသည့် ခွင့်ရက်ထက်ပို၍ နေမှုအတွက်ဖြစ်စေ၊ စစ်မှုထမ်းရန် သတိပေးသောအခါ ပြန်၍မလာမှုအတွက်ဖြစ်စေ၊ စစ်ဆေးစီရင်မှု တခုခုတွင်၊ စစ်ဆေးစီရင်ခြင်းခံရသူက မိမိ၏ခုခံချေပချက်တွင် အခွင့်မရရှိသော မိမိ၏ ပျက်ကွက်မှုအတွက် လုံလောက်သည့်၊ သို့တည်းမဟုတ် ယုတ္တိရှိသည့် အကြောင်းကိုပြ၍ ထိုအကြောင်းပြချက်ကို ခိုင်လုံစေရန် ပြည်ထောင်စုနိုင်ငံအစိုးရ၏၊ သို့တည်းမဟုတ် ပြည်နယ်ဘနယ်အစိုးရ၏ အရာရှိတဦးဦးအား ကိုးကားလျှင်၊ သို့တည်းမဟုတ ထိုသို့ကိုးကားခြင်းခံရသည့်အရာရှိက၊ ထိုတရားခံ၏ အဆိုပါ အကြောင်းပြချက်မှန်၊ မမှန် သက်သေခံ တန်ရာသည့် အကြောင်းပေါ်ပေါက်လျှင်၊ ထိုစစ်တရားရုံးသည်၊ ထိုအရာရှိထံ အကြောင်းကြားရမည့်ပြင်၊ ထိုအရာရှိ၏ပြန်ကြားစာကို လက်ခံရရှိသည့်အချိန်ထိလည်း ထိုမှုခင်းကိစ္စကို ရွှေ့ဆိုင်းထားရမည်။

(၂) ထိုသို့ ကိုးကားခြင်းခံရသည့် အရာရှိ၏ပြန်ကြားစာသည်၊ ထိုအရာရှိက လက်မှတ်ရေးထိုးထားလျှင် သက်သေခံအဖြစ်နှင့် လက်ခံရမည့်ပြင်၊ စစ်တရားရုံးတွင် ကျမ်းသစ္စာပြုပြီး ထွက်ဆိုသည့်သက်သေခံချက် ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

(၃) အဆိုပါ ပြန်ကြားစာကို မရရှိမီ၊ ထိုစစ်တရားရုံးကို ဖျက်သိမ်းလျှင်၊ သို့တည်းမဟုတ် ဤပုဒ်မပါ ဖြင့်ဆွာန်းချက်များကို လိုက်နာရန် ထိုစစ်တရားရုံးက ပျက်ကွက်လျှင်၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက၊ မိမိ၏ သဘောအတိုင်း၊ ထိုမှုခင်းဆောင်ရွက်ချက်များကို ပယ်ဖျက်၍ စစ်ဆေးစီရင်ခြင်း အသစ်တရပ်ကို ပြုလုပ်ရန် အမိန့်ပေးနိုင်သည်။

*ယခင် ပြစ်မှုထင်ရှားစီရင်ခံရခြင်းများနှင့် အကျင့် စာရိတ္တသက်သေခံ။*

၁၄၈။ ။(၁) စစ်တရားရုံးသည်၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား ပြစ်မှုတခုခုအတွက် ပြစ်မှုထင်ရှား စီရင်သည့်အခါ၊ ထိုသူအား စစ်တရားရုံး တရုံးကဖြစ်စေ၊ ရာဇဝတ်တရားရုံး တရုံးကဖြစ်စေ၊ ယခင်ပြစ်မှုထင်ရှား စီရင်ခံရခြင်းများကို၊ သို့တည်းမဟုတ် ပုဒ်မ ဂ၂၊ ဂ၅၊ ဂ၆ နှင့် ဂ၇ တို့အနက်၊ ပုဒ်မတခုခုအရ ယခင်ပြစ်ဒဏ်ချမှတ်ခြင်း တခုခုကို ထိုစစ်တရားရုံးက စုံစမ်းနိုင်သည့်ပြင်၊ ၎င်းတို့နှင့်စပ်လျဉ်းသည့် သက်သေခံများကို ရယူ၍ ရေးမှတ်နိုင်သည်။ ထို့ပြင် ဆက်လက်၍ ထိုသူ၏အကျင့်စာရိတ္တနှင့် သတ်မှတ်ထားသည့် အခြားအကြောင်းအရာများကို စုံစမ်း၍ ရေးမှတ်နိုင်သည်။

(၂) ဤပုဒ်မအရ လက်ခံရရှိသည့် သက်သေခံသည်၊ နှုတ်သက်သေခံ၊ သို့တည်းမဟုတ် စစ်တရားရုံးစာအုပ်များတွင်ဖြစ်စေ၊ အစိုးရ၏အခြားမှတ်တမ်းများတွင် ဖြစ်စေ၊ ရေးသွင်းချက်များ၊ သို့တည်းမဟုတ် စစ်တရားရုံးစာအုပ်များမှဖြစ်စေ၊ အစိုးရ၏အခြားမှတ်တမ်းများမှ ဖြစ်စေ၊ တာဝန်ခံကောက်နုတ်ချက်များဖြစ်နိုင်သည်။ ထို့ပြင် တရားခံအား ၎င်း၏ ယခင်ပြစ်မှုထင်ရှား စီရင်ခံရခြင်းများနှင့်ဖြစ်စေ၊ အကျင့်စာရိတ္တနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့် သက်သေခံကို ရယူမည်ဟု စစ်ဆေးစီရင်ခြင်းမပြုမီ အကြောင်းကြားထားရန် မလိုချေ။

(၃) တပ်တွင်း စစ်တရားရုံးတွင် စစ်ဆေးစီရင်ခြင်းကို ပြုလုပ်နေသည့် အရာရှိသည်၊ သင့်တော်သည်ဟု မိမိထင်မြင်လျှင်၊ ပြစ်မှုကျူးလွန်သူ ခံခဲ့ရသော ယခင် ပြစ်မှုထင်ရှား

his general character, and such other matters as may be prescribed, as of his own knowledge, instead of requiring them to be proved under the foregoing provisions of this section.

Lunacy of accused.

**149.** (1) Whenever, in the course of a trial by a court-martial, it appears to the court that the accused person is by reason of unsoundness of mind incapable of making his defence, or that he committed the act alleged but was by reason of unsoundness of mind incapable of knowing the nature of the act or knowing that it was wrong or contrary to law, the court shall record a finding accordingly.

(2) The presiding officer of the court, or, in the case of a summary court-martial, the officer holding the trial, shall forthwith report the case to the confirming officer, or to the authority empowered to deal with its finding under section 166, as the case may be.

(3) The confirming officer to whom the case is reported under sub-section (2) may, if he does not confirm the finding, take steps to have the accused person tried by the same or another court-martial for the offence with which he was originally charged.

(4) The authority to whom the finding of a summary court-martial is reported under sub-section (2), and a confirming officer confirming a finding in any case so reported to him shall order the accused person to be kept in custody in the prescribed manner and shall report the case for the orders of the President.

(5) On receipt of a report under sub-section (4) the President may order the accused person to be detained in a lunatic asylum or other suitable place of safe custody.

Subsequent fitness of lunatic accused for trial.

**150.** Where any accused person, having been found by reason of unsoundness of mind to be incapable of making his defence, is in custody or under detention under section 149, the officer commanding a formation not less than a brigade in the case of the army, a formation prescribed as equivalent to not less than a

စီရင်ခြင်းများ၊ ထိုသူ၏ အကျင့်စာရိတ္တ၊ ထို့ပြင် သက်မှတ်ထားသည့် အခြားအကြောင်းအရာများကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ သက်သေထင်ရှား ပြစေမည့်အစား၊ မိမိကိုယ်တိုင် သိရှိသည့် ထိုသူ၏ အကြောင်းအရာ ဟူသမျှကို ရေးမှတ်နိုင်သည်။

**တရားခံရူးသွပ်ခြင်း။**

၁၄၉။ ။(၁) စစ်တရားရုံးဖြင့် စစ်ဆေး စီရင်နေစဉ် တရားခံသည်၊ စိတ်ပေါ့သွပ်သူဖြစ်သောကြောင့် ခုခံ ချေပနိုင်စွမ်းမရှိဟု၊ သို့တည်းမဟုတ် ထို တရားခံ ကျူးလွန်သည်ဟု စွပ်စွဲသော ပြုလုပ်မှုကို ထိုတရားခံ ကျူးလွန်သော်လည်း စိတ်ပေါ့သွပ်နေသည့် အကြောင်းကြောင့် မိမိ၏ပြုလုပ်မှုသည်၊ မည်သို့ သဘောရှိသည်ကိုသော်၎င်း၊ မတော်မမှန်သည်ကိုသော်၎င်း၊ တရားဥပဒေနှင့် ဆန့်ကျင်သည်ကိုသော်၎င်း၊ မသိနိုင်ဟု စစ်တရားရုံးက ထင်မြင်ယူဆသောအခါ၊ ထိုသို့ ထင်မြင်ယူဆသည့် အတိုင်း၊ ဆုံးဖြတ်ချက်တရပ်ကို စစ်တရားရုံးက ရေးမှတ်ရမည်။

(၂) စစ်တရားရုံး၏ ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံး ဖြစ်ပါက၊ စစ်ဆေးစီရင်ခြင်းကို ပြုလုပ်နေသည့် အရာရှိသည်၊ ထိုကိစ္စကို အတည်ပြုအရာရှိ၊ သို့တည်းမဟုတ် ပုဒ်မ ၁၆၆ အရ စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်ရန် အခွင့်အာဏာ အပ်နှင်းထားသည့် အာဏာပိုင်၊ သက်ဆိုင်ရာသို့ ချက်ခြင်းအကြောင်းကြားရမည်။

(၃) ပုဒ်မခွဲ (၂) အရ ထိုကိစ္စကိုအကြောင်းကြားခြင်းခံရသည့် အတည်ပြု အရာရှိသည်၊ ဆုံးဖြတ်ချက်ကို အတည်မပြုလျှင်၊ အဆိုပါ စစ်တရားရုံးဖြင့်ဖြစ်စေ၊ အခြားစစ်တရားရုံးဖြင့် ဖြစ်စေ၊ ထိုတရားခံအား မူလက စွပ်စွဲထားသည့် ပြစ်မှုအတွက် စစ်ဆေးစီရင်စေရန် ဆောင်ရွက်နိုင်သည်။

(၄) ပုဒ်မခွဲ (၂) အရ တပ်တွင်း စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို အကြောင်းကြားခြင်း ခံရသည့် အာဏာပိုင်သည်၎င်း၊ ထိုသို့ အကြောင်းကြားသည့် အမှုတခုခုတွင် ဆုံးဖြတ်ချက်တခုကို အတည်ပြုသည့် အတည်ပြု အရာရှိတဦးသည်၎င်း၊ သတ်မှတ်ထားသည့် နည်းလမ်း အတိုင်း တရားခံကို ချုပ်ထားရန် အမိန့်ပေးရမည့်ပြင်၊ နိုင်ငံတော်သမတ၏ အမိန့်ရယူရန် အလို့ငှါ၊ ထိုအမှုအကြောင်းကို အစီရင်ခံရမည်။

(၅) ပုဒ်မခွဲ (၄) အရ အစီရင်ခံချက်တရပ်ကို ရရှိသောအခါ၊ နိုင်ငံတော် သမတသည်၊ တရားခံအား စိတ္တဇဆေးရုံတွင်ဖြစ်စေ၊ လုံခြုံစွာ ချုပ်ထားနိုင်မည့် အခြားသင့်တော်သည့် နေရာတွင်ဖြစ်စေ၊ ချုပ်ထားရန် အမိန့်ချမှတ်နိုင်သည်။

**ရူးသွပ်သော တရားခံ ပြန်၍ ကျန်းမာလာသဖြင့် စစ်ဆေးစီရင်ခြင်း။**

၁၅၀။ ။စိတ်ပေါ့သွပ်သည့်အကြောင်းကြောင့် ခုခံချေပနိုင်စွမ်းမရှိဟု ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသည့် တရားခံတဦးအား၊ ပုဒ်မ ၁၄၉ အရ ချုပ်ထားသည့် ကိစ္စတွင်၊ ထိုတရားခံအား ချုပ်ထားသည့် နယ်မြေကို ကွပ်ကဲရ၍၊ ကြည်းတပ်အတွက် ဖြစ်ပါက၊ တပ်မဟာအောက် မငယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ် အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့

brigade (army) in the case of the navy or air force, within the area of whose command the accused is in custody or is detained, or any other officer prescribed in this behalf, may—

(*a*) if such person is in custody under sub-section (4) of section 149, on the report of a medical officer that he is capable of making his defence, or

(*b*) if such person is detained in a jail under sub-section (5) of section 149, on a certificate of the Inspector-General of Prisons, and if such person is detained in a lunatic asylum under the said sub-section on a certificate of any two or more of the visitors of such asylum that he is capable of making his defence,

take steps to have such person tried by the same or another court-martial for the offence with which he was originally charged or, if the offence is a civil offence, by a criminal court.

Transmission to the President of orders under section 150.

**151.** A copy of every order made by an officer under section 150 for the trial of the accused shall forthwith be sent to the President.

Release of lunatic accused.

**152.** Where any person is in custody under sub-section (4) of section 149 or under detention under sub-section (5) of that section—

(*a*) if such person is in custody under the said sub-section (4), on the report of a medical officer, or

(*b*) if such person is detained under the said sub-section (5), on a certificate from any of the authorities mentioned in clause (*b*) of section 150, that in the judgment of such officer or authority such person may be released without danger of his doing injury to himself or to any other person,

the President may order that such person be released or detained in custody, or transferred to a public lunatic asylum if he has not already been sent to such an asylum.

အစည်းအောက် မငယ်သော အဖွဲ့အစည်းကို၊ ကျွပ်ကဲရသည်လည်း ဖြစ်သော အရာရှိသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ သတ်မှတ်ထားသည့် အခြားအရာရှိတဦးသည်—

(က) ထိုတရားခံကို ပုဒ်မ ၁၄၉၊ ပုဒ်မခွဲ (၄) အရ ချုပ်ထားလျှင်၊ ထိုတရားခံ၌ ခုခံချေပနိုင်စွမ်းရှိပြီဟု ဆေးဘက်အရာရှိက အစီရင်ခံသောအခါ၊ သို့တည်း မဟုတ်

(ခ) ထိုတရားခံကို ပုဒ်မ ၁၄၉၊ ပုဒ်မခွဲ (၅) အရ ထောင်တွင် အချုပ်ထားလျှင်၊ အကျဉ်းထောင်မင်းကြီးထံမှ၊ ထို့ပြင်ထိုတရားခံကို၊ အဆိုပါပုဒ်မခွဲအရ စိတ္တဇ ဆေးရုံတွင်ချုပ်ထားလျှင်၊ ထိုစိတ္တဇဆေးရုံကြည့်ရှုရသော လူကြီးများအနက်၊ လူကြီးနှစ်ဦး၊သို့တည်းမဟုတ်နှစ်ဦးထက်ပိုသော လူကြီးများထံမှ၊ ထိုတရားခံ၌ ခုခံချေပနိုင်စွမ်းရှိပြီဟု သက်သေခံ လက်မှတ် ရရှိသောအခါ၊

တရားခံအား မူလက စွပ်စွဲထားသည့် ပြစ်မှုအတွက် ဆိုခဲ့သည့် စစ်တရားရုံးဖြင့်ဖြစ်စေ၊ အခြား စစ်တရားရုံးဖြင့်ဖြစ်စေ၊ စစ်ဆေးစီရင်ရန်၊ သို့တည်းမဟုတ် ပြစ်မှုသည် နယ်ဘက်ပြစ်မှုဖြစ်လျှင်၊ ရာဇဝတ် တရားရုံးဖြင့်ဖြစ်စေ၊ စစ်ဆေးစီရင်ရန် ဆောင်ရွက်နိုင်သည်။

**နိုင်ငံတော်သမတထံ ပုဒ်မ ၁၅၀ အရ အမိန့်ကို ပေးပို့ခြင်း။**

၁၅၁။ ။ပုဒ်မ ၁၅၀ အရ၊ တရားခံကို စစ်ဆေးရန်၊ အရာရှိတဦးဦးကထုတ်သည့်အမိန့်စာ တိုင်း၏ မိတ္တူကို၊ နိုင်ငံတော်သမတထံ ချက်ခြင်းပေးပို့ရမည်။

**ရူးသွပ်သည့် တရားခံအား လွှတ်ခြင်း။**

၁၅၂။ ။ပုဒ်မ ၁၄၉ ၏ ပုဒ်မခွဲ (၄) အရဖြစ်စေ၊ ပုဒ်မခွဲ (၅) အရဖြစ်စေ၊ တရားခံ တဦးအား ချုပ်ထားသည့်ကိစ္စတွင် နိုင်ငံတော်သမတသည်—

(က) ထိုတရားခံကို အဆိုပါပုဒ်မခွဲ (၄) အရချုပ်ထားလျှင်၊ ဆေးဘက်ဆိုင်ရာအရာရှိ က အစီရင်ခံသောအခါ၊ သို့တည်းမဟုတ်

(ခ) ထိုတရားခံကို အဆိုပါ ပုဒ်မခွဲ(၅)အရ ချုပ်ထားလျှင်၊ ပုဒ်မ ၁၅၀ ၏ အပိုဒ် (ခ) တွင် ဖော်ပြထားသည့် အကျဉ်းထောင်မင်းကြီး၏၊ သို့တည်းမဟုတ် စိတ္တဇဆေးရုံကြည့်ရှုရသော လူကြီးများ၏ထင်မြင်ယူဆချက်အရ၊ ထိုတရားခံ သည်၊ မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတဦးဦးကိုဖြစ်စေ၊ နစ်နာစေမှု ပြုမည်ဟု စိုးရိမ်ဘွယ်ရာ မရှိသဖြင့် ထိုတရားခံအား လွှတ်နိုင်ကြောင်း၊ ထိုမင်းကြီးထံမှ ဖြစ်စေ၊ ထိုလူကြီးများထံမှဖြစ်စေ၊ သက်သေခံ လက်မှတ်ရရှိသောအခါ၊

ထိုတရားခံအားလွှတ်ရမည်၊ သို့တည်းမဟုတ် အချုပ်နှင့် ထားရမည်၊ သို့တည်းမဟုတ် ထိုသူကို စိတ္တဇဆေးရုံးသို့မပို့ရသေးလျှင်၊ စိတ္တဇ ဆေးရုံသို့ ပို့ရမည်ဟု အမိန့်ချမှတ်နိုင်သည်။

**153.** Where any relative or friend of any person who is in custody under sub-section (4) of section 149 or under detention under sub-section (5) of that section desires that he should be delivered to his care and custody, the President may, upon application by such relative or friend and on his giving security to the satisfaction of the President that the person delivered shall be properly taken care of and prevented from doing injury to himself or any other person, and be produced for the inspection of such officer, and at such times and places, as the President may direct, order such person to be delivered to such relative or friend.

Delivery of lunatic accused to relatives.

**154.** When any property regarding which any offence appears to have been committed, or which appears to have been used for the commission of any offence, is produced before a court-martial during a trial, the court may make such order as it thinks fit for the proper custody of such property pending the conclusion of the trial, and if the property is subject to speedy or natural decay may, after recording such evidence as it thinks necessary, order it to be sold or otherwise disposed of.

Order for custody and disposal of property pending trial.

**155.** (1) After the conclusion of a trial before any court-martial, the court or the officer confirming the finding or sentence of such court-martial, or any authority superior to such officer or to the officer convening the court, or, in the case of a court-martial whose finding or sentence does not require confirmation, the officer commanding a formation not less than a brigade in the case of the army, a formation prescribed as equivalent to not less than a brigade (army) in the case of the navy or the air force, within which the trial was held, or any prescribed officer, may make such order as it or he thinks fit for the disposal by destruction, confiscation, delivery to any person claiming to be entitled to possession

Order for disposal of property regarding which offence is committed.

**ရှုံးသွပ်သည့် တရားခံကို ဆွေမျိုးများ အား လက် ရောက်ပေးအပ်ခြင်း။**

၁၅၃။ ။ပုဒ်မ ၁၄၉ ၏ ပုဒ်မခွဲ (၄)၊ သို့တည်းမဟုတ်ပုဒ်မခွဲ (၅) အရ ချုပ်ထားခြင်း ခံရသူ၏ ဆွေမျိုးကဖြစ်စေ၊ မိတ်ဆွေကဖြစ်စေ၊ ထိုသူကို စောင့်ရှောက်အုပ်ထိန်းထားရန်၊ မိမိအား ပေးအပ်စေလို၍ ထိုသို့ ပေးအပ်စေလိုကြောင်း လျှောက်ထားလျှင်၊ ထိုသူကိုကောင်းမွန်စွာ စောင့်ရှောက်ပါမည်ဟုရင်း၊ သူ့ကိုယ်ကိုဖြစ်စေ၊ အခြားသူတဦး တယောက်ကိုဖြစ်စေ၊ နစ်နာစေမှုမပြုအောင် တားဆီးပေးပါမည်ဟုရင်း၊ နိုင်ငံတော် သမတ ညွှန်ကြားသော အရာရှိထံ၊ ထိုသူကို၊ ညွှန်ကြားသောအချိန် နှင့် နေရာများတွင်၊ ထိုအရာရှိက စစ်ဆေးရန် အလို့ငှါ ပို့ပေးပါမည်ဟုရင်း၊ နိုင်ငံတော် သမတကြေနပ်အောင် ခံဝန်ချုပ်၊ ချုပ်ဆိုသောအခါ၊ ထိုသူကို အဆိုပါဆွေမျိုးထံသို့ ဖြစ်စေ၊ အဆိုပါမိတ်ဆွေထံသို့ဖြင့်စေ၊ ပေးအပ်စေဟု နိုင်ငံတော် သမတက အမိန့်ချမှတ်နိုင်သည်။

**စစ်ဆေးစီရင်ခြင်း မပြီး ပြတ်သေးသော အမှုများတွင် ပစ္စည်းကို ထိန်းသိမ်းရေး အ ထွက်၊ သို့တည်းမဟုတ် စီမံ ခန့်ခွဲရေးအတွက် အမိန့်။**

၁၅၄။ ။ကျူးလွန်ခဲ့ပုံပေါ်သည့်ပြစ်မှုနှင့် စပ်လျဉ်းသော၊ သို့တည်းမဟုတ် ပြစ်မှု ကျူးလွန်ခြင်း အတွက် အသုံးပြုခဲ့ပုံပေါ်သော ပစ္စည်းကို၊ အမှု စစ်ဆေးစီရင်နေစဉ်အတွင်း၊ စစ်တရားရုံး ရှေ့သို့ တင်ပြသောအခါ၊ထိုစစ်တရားရုံးသည်၊ ထိုစစ်ဆေးစီရင်မှုမပြီးပြတ်သေးမီအတွင်းတွင်၊ထိုပစ္စည်းကို ကောင်းမွန်စွာထိန်းသိမ်းရန်၊ မိမိသင့်တော်မည်ဟု ထင်မြင်သော အမိန့်ကို ချမှတ်နိုင်သည်။ ထိုပစ္စည်းသည်၊ အလျင်အမြန်သော်ရင်း၊ ဓမ္မတာအတိုင်းသော်ရင်း၊ ပျက်စီးလွယ်သည့် ပစ္စည်းဖြစ်လျှင်၊ ထိုစစ်တရားရုံးသည်၊ လိုအပ်သည်ဟု ထင်မြင်သော သက်သေခံကို ရေးမှတ်ပြီးနောက်၊ ထိုပစ္စည်းကို ရောင်းချရန်ဖြစ်စေ၊ အခြားနည်းဖြင့်စီမံခန့်ခွဲရန်ဖြစ်စေ၊ အမိန့်ချမှတ်နိုင်သည်။

**ကျူးလွန်ပြီး ပြစ်မှုနှင့်စပ် လျဉ်းသော ပစ္စည်းကို စီမံခန့် ခွဲရန် အမိန့်။**

၁၅၅။ ။(၁) စစ်တရားရုံးတွင် စစ်ဆေးစီရင်ခြင်း ပြီးဆုံးသည့်အခါ၊ ထိုစစ်တရားရုံး၊ သို့တည်းမဟုတ် ထိုစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကိုဖြင်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ၊ အတည်ပြုသည့်အရာရှိ၊ သို့တည်းမဟုတ် ထိုအရာရှိ၏ အထက်အာဏာပိုင်၊ သို့တည်းမဟုတ် ထိုစစ်တရားရုံးကို ဖွဲ့စည်းသည့်အရာရှိ၏ အထက်အာဏာပိုင်၊ သို့တည်းမဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ၊ အတည်ပြုရန်မလိုသည့် စစ်တရားရုံးအတွက်ဆိုသော်၊ ကြည်းတပ်အတွက် ဖြစ်ပါက၊ တပ်မဟာအတွင်း စစ်ဆေးစီရင်သော အမှုတွင်၊ တပ်မဟာအောက် မငယ်သောအဖွဲ့ အစည်းကို ကွပ်ကဲသည့် အရာရှိ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက် ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သော အဖွဲ့အစည်းအတွင်း စစ်ဆေးစီရင်သောအမှုတွင်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသောအရာရှိ၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အခြားအရာရှိက၊ စစ်တရားရုံးတွင် တင်ပြထားသည့်၊ သို့တည်းမဟုတ် စစ်တရားရုံးက ထိန်းသိမ်းထားသည့်၊ သို့တည်းမဟုတ် ကျူးလွန်ခဲ့ပုံပေါ်သည့်ပြစ်မှုနှင့် စပ်လျဉ်းသော၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်ခြင်းအတွက် အသုံးပြုခဲ့သော ပစ္စည်းကိုဖြစ်စေ၊

thereof, or otherwise, of any property or document produced before the court or in its custody, or regarding which any offence appears to have been committed or which has been used for the commission of any offence.

(2) Where any order has been made under sub-section (1) in respect of property regarding which an offence appears to have been committed, a copy of such order signed and certified by the authority making the same may, whether the trial was held within the Union of Burma or not, be sent to a magistrate within whose jurisdiction such property for the time being is situated, and such magistrate shall thereupon cause the order to be carried into effect as if it were an order passed by him under the provisions of the Code of Criminal Procedure.

*Explanation.*—In this section the term "property" includes, in the case of property regarding which an offence appears to have been committed, not only such property as has been originally in the possession or under the control of any person, but also any property into or for which the same may have been converted or exchanged, and anything acquired by such conversion or exchange whether immediately or otherwise.

**Powers of court-martial in relation to Proceedings under this Act.**

**156.** Any trial by a court-martial under the provisions of this Act shall be deemed to be a judicial proceeding within the meaning of sections 193 and 228 of the Penal Code, and the court-martial shall be deemed to be a court within the meaning of sections 480 and 482 of the Code of Criminal Procedure.

## CHAPTER XII.

### CONFIRMATION AND REVISION.

**Finding and sentence not valid, unless confirmed.**

**157.** No finding or sentence of a general, district or summary general court-martial shall be valid except so far as it may be confirmed as provided by this Act.

စာတမ်းအမှတ်အသားကိုဖြစ်စေ၊ ဖျက်ဆီးခြင်းဖြင့်သော်၎င်း၊ ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းဖြင့်သော်၎င်း၊ လက်ရှိထားခွင့်ရှိသည်ဟု တောင်းဆိုသူအား ပေးအပ်ခြင်းဖြင့်သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ စီမံခန့်ခွဲရန် သင့်တော်သည်ဟု ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်သည်။

(၂) ကျူးလွန်ခဲ့ပုံပေါ်သည့် ပြစ်မှုနှင့်စပ်လျဉ်းသည့် ပစ္စည်းနှင့် သက်ဆိုင်သော အမိန့်တခုခုကို ပုဒ်မခွဲ (၁) အရ ချမှတ်သည့်အခါ၊ စစ်ဆေးစီရင်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းထွင် ပြုလုပ်ခဲ့သည်ဖြစ်စေ၊ ပြည်ပတွင်ပြုလုပ်ခဲ့သည်ဖြစ်စေ၊ ထိုပစ္စည်း အခါအားလျော်စွာ တည်ရှိရာ နယ်နိမိတ်အတွင်း စီရင်ပိုင်ခွင့် အာဏာရှိသည့် ရာဇဝတ် တရားသူကြီးတဦးထံ၊ အဆိုပါအမိန့်ကို ချမှတ်သည့်အာဏာပိုင်က၊ ထိုအမိန့်၏တာဝန်ခံ မိတ္တူတစောင်ကို လက်မှတ်ရေးထိုးပြီး ပို့နိုင်သည်။ ထိုရာဇဝတ် တရားသူကြီးသည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ ထိုအမိန့်ကို မိမိကချမှတ်သည့် အမိန့်ဖြစ်ဘိသကဲ့သို့ ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

**ရှင်းလင်းချက်။** ။ဤပုဒ်မတွင် "ပစ္စည်း" ဆိုသည့်စကားရပ်၌ ကျူးလွန်ခဲ့ပုံ ပေါ်သော ပြစ်မှုနှင့်စပ်သျဉ်းသည့် ပစ္စည်းဖြစ်လျှင်၊ တဦးတယောက်သောသူ မူလလက်ရှိဖြစ်သော သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်သော ပစ္စည်းသာမက၊ ထိုပစ္စည်းမှ ပြောင်းလဲလိုက်သည့်၊ သို့တည်းမဟုတ် ထိုပစ္စည်းနှင့် လဲလှယ်လိုက်သည့် ပစ္စည်းပါဝင်သည့်ပြင်၊ ထိုသို့ပြောင်းလဲခြင်းဖြင့်ဖြစ်စေ၊ လဲလှယ်ခြင်းဖြင့်ဖြစ်စေ၊ ချက်ခြင်းသော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ ရရှိသောပစ္စည်းလည်း ပါဝင်သည်။

**ဤအက်ဥပဒေအရ မှုခင်းကိစ္စ ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်းသည့် စစ်တရားရုံး၏ အာဏာများ။**

၁၅၆။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို၊ ရာဇသတ်ကြီးပုဒ်မ ၁၉၃ နှင့် ၂၂၈ တို့၏ အဓိပ္ပါယ်အရ တရားစီရင်သော မှုခင်းကိစ္စတခုဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုစစ်တရားရုံးကိုလည်း ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ အဓိပ္ပါယ်အရ တရားရုံးဟု မှတ်ယူရမည်။

## အခန်း ၁၂။

### အတည်ပြုခြင်းနှင့် ဖြန်လည်ပြင်ဆင်ခြင်း။

**ဆုံးဖြတ်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ချက်တို့သည် အတည်မပြုမခြင်းမခိုင်လုံ။**

၁၅၇။ ။စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်တခု၏ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်သည်၊ ဤအက်ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အတိုင်း အတည်မပြုမခြင်း မခိုင်လုံ။

**158.** The findings and sentences of general courts-martial may be confirmed by the President or by the Chief of Staff, or by any officer empowered in this behalf by warrant of the President or of the Chief of Staff.

Power to confirm finding and sentence of general court-martial.

**159.** The findings and sentences of district courts-martial may be confirmed by any officer having power to convene a general court-martial, or by any officer empowered in this behalf by warrant of such officer.

Power to confirm finding and sentence of district court-martial.

**160.** A warrant issued under section 158 or section 159 may contain such restrictions, reservations or conditions as the authority issuing it may think fit.

Limitation of powers of confirming authority.

**161.** The findings and sentences of summary general courts-martial may be confirmed by the convening officer or if he so directs, by an authority superior to him.

Power to confirm finding and sentence of summary general court-martial.

**162.** (1) Subject to such restrictions, reservations or conditions as may be contained in any warrant issued under section 158 or section 159 and to the provision of sub-section (2), a confirming authority may, when confirming the sentence of a court-martial, mitigate or remit the punishment thereby awarded, or commute that punishment for any punishment or punishments lower in the scale laid down in section 73.

Power of confirming authority to mitigate, remit or commute sentences.

(2) A sentence of transportation shall not be commuted for a sentence of imprisonment for a term exceeding the term of transportation awarded by the court.

**စစ်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကို အတည်ပြုရန် အာဏာ။**

၁၅၈။ ။နိုင်ငံတော်သမတက၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်က၊ သို့တည်းမဟုတ် နိုင်ငံတော်သမတကဖြစ်စေ၊ ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ ဤကိစ္စအလို့ငှါ အမိန့်စာဖြင့် အာဏာအပ်နှင်းထားသည့် အရာရှိတဦးဦးက၊ စစ်တရားရုံးချုပ်များ၏ ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို အတည်ပြုနိုင်သည်။

**တိုင်းစစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကို အတည်ပြုရန် အာဏာ။**

၁၅၉။ ။စစ်တရားရုံးချုပ်တခုကိုဖွဲ့စည်းရန်အာဏာရ အရာရှိတဦးဦးက၊ သို့တည်းမဟုတ် ထိုအရာရှိက ဤကိစ္စအလို့ငှါ အမိန့်စာဖြင့် အာဏာ အပ်နှင်းထားသည့် အရာရှိတဦးဦးက တိုင်း စစ်တရားရုံးများ၏ ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို အတည်ပြုနိုင်သည်။

**အတည်ပြု အာဏာပိုင်၏ အာဏာ များကို ကန့်သတ်ခြင်း။**

၁၆၀။ ။ပုဒ်မ ၁၅၈၊ သို့တည်းမဟုတ် ပုဒ်မ ၁၅၉ အရ ထုတ်သည့်အမိန့်စာတွင် ထိုအမိန့်စာကိုထုတ်သည့် အာဏာပိုင်က သင့်တော်မည်ထင်သည့် ကန့်သတ်ချက်များ၊ ခြွင်းချက်များ၊ သို့တည်းမဟုတ် စည်းကမ်းချက်များ ပါဝင်နိုင်သည်။

**အကျဉ်း စစ်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကို အတည်ပြုရန် အာဏာ။**

၁၆၁။ ။အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းသည့် အရာရှိက၊ အကျဉ်းစစ်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ် ချမှတ်ချက်များကို အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် ထိုအရာရှိက မိမိအစား အာဏာပိုင်တဦးက အတည်ပြုလိမ့်မည်ဟု ဖော်ပြလျှင်၊ ထိုအသက် အာဏာပိုင်က အတည်ပြုနိုင်သည်။

**ပြစ်ဒဏ် ချမှတ်ချက်များကို လျှော့ပေါ့ရန်၊ လွတ်ငြိမ်းသက်သာ ခွင့်ပြုရန်၊ သို့တည်းမဟုတ် လျှော့ပေါ့ပြောင်းလဲရန် အတည်ပြုအာဏာပိုင်၏ အာဏာ။**

၁၆၂။ ။(၁) ပုဒ်မ ၁၅၈၊ သို့တည်းမဟုတ် ပုဒ်မ ၁၅၉ အရ ထုတ်သည့် အမိန့်စာတွင် ပါဝင်သည့် ကန့်သတ်ချက်များ၊ ခြွင်းချက်များ၊ သို့တည်းမဟုတ် စည်းကမ်းချက်များအပြင်၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ၊ အတည်ပြု အာဏာပိုင်သည်၊ စစ်တရားရုံး၏ ပြစ်ဒဏ် ချမှတ်ချက်ကို အတည်ပြုသောအခါ၊ ထိုစစ်တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်ကို လျှော့နိုင်သည်၊ သို့တည်းမဟုတ် လွတ်ငြိမ်းသက်သာခွင့် ပြုနိုင်သည်၊ သို့တည်းမဟုတ် ပုဒ်မ ၇၃ တွင် ဖော်ပြထားသည့် အချိုးအစားရှိ ပိုရှိန်မှုသော ပြစ်ဒဏ်တခုခုနှင့်ဖြစ်စေ၊ ပြစ်ဒဏ်များနှင့်ဖြစ်စေ၊ ထိုပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲနိုင်သည်။

(၂) စစ်တရားရုံးက ချမှတ်သည့် တကျွန်းပို့ဒဏ်ကို၊ ၎င်း၏ကာလထက်ပိုသည့် ကာလ အတွက် ထောင်ဒဏ်နှင့် လျှော့ပေါ့ပြောင်းလဲခြင်း မပြုလုပ်ရ။

**163.** When any person subject to this Act is tried and sentenced by a court-martial while on board a ship, the finding and sentence so far as not confirmed and executed on board the ship, may be confirmed and executed in like manner as if such person had been tried at the port of disembarkation.

Confirming of findings and sentences on board a ship.

**164.** (1) Any finding or sentence of a court-martial which requires confirmation may be once revised by order of the confirming authority and on such revision, the court, if so directed by the confirming authority, may take additional evidence.

Revision of finding or sentence.

(2) The court, on revision, shall consist of the same officers as were present when the original decision was passed, unless any of those officers are unavoidably absent.

(3) In case of such unavoidable absence the cause thereof shall be duly certified in the proceedings, and the court shall proceed with the revision, provided that, if a general court-martial, it still consists of five officers, or, if a summary general or district court-martial, of three officers.

**165.** (1) Save as otherwise expressly provided in sub-section (2), the finding and sentence of a summary court-martial, shall not require to be confirmed, but may be carried out forthwith.

Finding and sentence of a summary court-martial.

(2) If the officer holding trial is of less than five years' commissioned service, he shall not, except on active service, carry into effect any sentence until it has received the approval of an officer commanding a formation not less than a brigade in the case of the army, a formation prescribed as equivalent to not less than a brigade (army) in the case of the navy or the air force, or any other prescribed officer.

**သဘော်ာပေါ်တွင် ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို အတည်ပြုခြင်း။**

၁၆၃။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ သင်္ဘောတစင်းပေါ်တွင်ရှိနေစဉ် စစ်တရားရုံးဖြင့်စစ်ဆေးစီရင်၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်အခါ၊ ထိုဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို၊ ထိုသင်္ဘောပေါ်တွင် အတည်ပြုခြင်း၊ ဆောင်ရွက်ခြင်း မပြုရသေးပါက၊ ထိုသူအား ထိုသင်္ဘောဆိုက်သည့် ဆိပ်ကမ်းမြို့တွင် စစ်ဆေးစီရင်ဘိသကဲ့သို့ အတည်ပြု၍၊ ထိုသို့အတည်ပြုသည့်အတိုင်း ဆောင်ရွက်ရမည်။

**ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်ကို ပြန်လည်ပြင်ဆင်ခြင်း။**

၁၆၄။ ။(၁) အတည်ပြုချက် လိုသေးသည့် စစ်တရားရုံး၏ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်ကို၊ အတည်ပြု အာဏာပိုင်၏ အမိန့်ဖြင့် ပြန်လည်ပြင်ဆင်ခြင်း တကြိမ်ပြုလုပ်နိုင်သည့်ပြင်၊ ထိုသို့ ပြန်လည် ပြင်ဆင်ရာတွင် အတည်ပြု အာဏာပိုင်က ညွှန်ကြားလျှင်၊ ထိုစစ်တရားရုံးသည်၊ ညွှန်ကြားသည့်အတိုင်း နောက်ထပ် သက်သေခံချက် ယူနိုင်သည်။

(၂) မူလ ဆုံးဖြတ်ချက် ချမှတ်စဉ်က ရှိကြသည့် အရာရှိများအနက်၊ တဦးဦး မလွှဲမရှောင်သာ၍ ပျက်ကွက်သည်မှအပ၊ ပြန်လည်ပြင်ဆင်ခြင်း ပြုလုပ်ရာ၌၊ ထိုစစ်တရားရုံးတွင် ထိုအရာရှိများ ပါဝင်ရမည်။

(၃) ထိုသို့ မလွှဲမရှောင်သာသည့် ပျက်ကွက်ခြင်းမျိုးတွင်၊ ထိုသို့ ပျက်ကွက်ရခြင်း၏ အကြောင်းပြချက်ကို၊ အမှုတွဲ၌ နည်းလမ်းတကျ ရေးသား လက်မှတ်ထိုးပြီးနောက်၊ ထိုစစ်တရားရုံးသည်၊ ပြန်လည် ပြင်ဆင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။ သို့ရာတွင် စစ်တရားရုံးချုပ်တခု ဖြစ်နေလျှင်၊ ထိုရုံးတွင် အရာရှိငါးဦး ပါဝင်လျက်ပင် ရှိနေရမည်၊ သို့တည်းမဟုတ် အကျဉ်း စစ်တရားရုံးချုပ်တခုသော်၎င်း၊ တိုင်းစစ်ဘရားရုံးသော်၎င်း၊ ဖြစ်နေလျှင်၊ ထိုရုံးတွင် အရာရှိ သုံးဦးပါဝင်လျက်ပင် ရှိနေရမည်။

**တပ်တွင်း စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်။**

၁၆၅။ ။(၁) ပုဒ်မခွဲ (၂) တွင် အဘိအလင်း အခြားနည်း ပြဋ္ဌာန်းထားသည်မှတပါး၊ တပ်တွင်း စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုရန် မလိုသည့်ပြင်၊ ထိုဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကို ချက်ခြင်းဆောင်ရွက်နိုင်သည်။

(၂) စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့် အရာရှိသည်၊ ပြန်တမ်းဝင် အရာရှိအဖြစ် စစ်မှုထမ်းသက် ငါးနှစ်အောက် လျော့သူဖြစ်လျှင်၊ တန်းပြည့် စစ်မှုထမ်းချိန်မှတပါး၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက် မငယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သော အဖွဲ့အစည်း ကို ကွပ်ကဲသည့် အရာရှိ၏၊ သို့တည်းမဟုတ် အခြားသတ်မှတ်ထားသည့် အရာရှိ၏ သဘောတူညီချက်ကို မရမခြင်း၊ ထိုအရာရှိသည်၊ ပြစ်ဒဏ်ချမှတ်ချက်ကို ပြီးမြောက်အောင် မဆောင်ရွက်ရ။

Transmission of proceedings of summary court-martial.

**166.** The proceedings of every summary court-martial shall without delay be forwarded to the officer commanding a formation not less than a brigade in the case of the army or a formation prescribed as equivalent to not less than a brigade (army) in the case of the navy or air force, within which the trial was held, or to the prescribed officer, and such officer, or the Chief of Staff, or any officer empowered in this behalf by the Chief of Staff, may, for reasons based on the merits of the case, but not on any merely technical grounds, set aside the proceedings or reduce the sentence to any other sentence which the court might have passed.

Alteration of finding or sentence in certain cases.

**167.** (1) Where a finding of guilty by a court-martial, which has been confirmed, or which does not require confirmation, is found for any reason to be invalid or cannot be supported by the evidence, the authority which would have had power under section 182 to commute the punishment awarded by the sentence, if the finding had been valid, may substitute a new finding and pass a sentence for the offence specified or involved in such finding:

Provided that no such substitution shall be made unless such finding could have been validly made by the court-martial on the charge and unless it appears that the court-martial must have been satisfied of the facts establishing the said offence.

(2) Where a sentence passed by a court-martial which has been confirmed, or which does not require confirmation, not being a sentence passed in pursuance of a new finding substituted under sub-section (1), is found for any reason to be invalid, the authority referred to in sub-section (1), may pass a valid sentence.

(3) The punishment awarded by a sentence passed under sub-section (1) or sub-section (2) shall not be higher in the scale of punishments than, or in excess of, the punishment awarded by, the sentence for which a new sentence is substituted under this section.

(4) Any finding substituted, or any sentence passed, under this section shall, for the purposes of this Act and the rules made

**တပ်တွင်း စစ်တရားရုံး၏ အမှုတွဲများကို ပေးပို့ခြင်း။**

၁၆၆။ ။ကြည်းတပ်အတွက်ဆိုလျှင်၊ တပ်မဟာအတွင်းစစ်ဆေးစီရင်သောအမှုဖြစ်ပါက၊ တပ်မဟာအောက် မငယ်သော အဖွဲ့အစည်းကု ကွပ်ကသည့် အရာရှိထံ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဆိုလျှင်၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟုသတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သော အဖွဲ့အစည်းအတွင်း စစ်ဆေး စီရင်သော အမှုဖြစ်ပါက၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသော အရာရှိထံ၊ သူတည်းမဟုတ် သတ်မှတ်ထားသော အရာရှိထံ၊ တပ်တွင်း စစ်တရားရုံးအသီးသီး၏ အမှုတွဲကု ကြန့်ကြာခြင်းမရှိဘဲ ပို့ရမည်။ ထူပြင် ထိုအရာရှိက၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်က၊ ဤကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသည့် အရာရှိက၊ အမှု၏ အရည်အသွေးကို မထိခိုက်သည့် အကြောင်းများ သက်သက်ကို အခြေမပြုဘဲ၊ အမှု၏ အရည်အသွေးကိုသာအခြေပြု၍၊ မှုခင်းကိစ္စဆောင်ရွက်ချက်များကို ပယ်ဖျက်နိုင်သည်၊ သို့တည်းမဟုတ် ထိုစစ်တရားရုံးက ချမှတ်နိုင်မည့် အခြားပြစ်ဒဏ်တခုခုသို့ ထိုပြစ်ဒဏ်ကို လျှော့ချနိုင်သည်။

**အချို့ အမှုများတွင် ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်ကို ပြောင်းလဲခြင်း။**

၁၆၇။ ။(၁) အတည်ပြုပြီးသော၊သို့တည်းမဟုတ်အတည်ပြုရန်မလိုသောစစ်တရားရုံး၏ အပြစ်ရှိသည်ဆိုသည့် ဆုံးဖြတ်ချက်တရပ်မှာ၊ အကြောင်းတခုခုကြောင့် မခိုင်လုံဟု တွေ့ရှိသည့်အခါ၊ သို့တည်းမဟုတ် သက်သေခံအထောက်အထားမရှိသည့်အခါ၊ ထိုဆုံးဖြတ်ချက် ခိုင်လုံသည်ဖြစ်ခဲ့လျှင် ထိုက်သင့်စေသည့် ပြစ်ဒဏ်ကို ပုဒ်မ ၁၇၂ အရ၊ လျှော့ပေါ့ပြောင်းလဲရန် အာဏာရှိမည့် အာဏာပိုင်က ထိုဆုံးဖြတ်ချက်အစား ဆုံးဖြတ်ချက်အသစ်တခုကို ချမှတ်နိုင်သည့်ပြင်၊ ထိုဆုံးဖြတ်ချက် အသစ်တွင် သီးခြားဖော်ပြသည့် ပြစ်မှုအတွက်သော်၎င်း၊ ထိုဆုံးဖြတ်ချက်အသစ်တွင် ပေါ်လွင်သည့် ပြစ်မှုအတွက်သော်၎င်း၊ ပြစ်ဒဏ်ချမှတ်နိုင်သည်။

သို့ရာတွင် စွဲချက်အရ ထိုစစ်တရားရုံးက ခိုင်လုံစွာ ချမှတ်နိုင်မည့် ဆုံးဖြတ်ချက်မျိုးမဟုတ်သည့်ပြင်၊ အဆိုပါပြစ်မှုကို ထင်ရှားစေသည့် အကြောင်းခြင်းရာများရှိကြောင်း ထိုစစ်တရားရုံးက ကြေနပ်နိုင်ဘွယ်ရှိပုံလည်း မပေါ်လျှင်၊ ယင်းသို့ အစားထိုးခြင်းကို မပြုလုပ်ရ။

(၂) ပုဒ်မခွဲ (၁) အရ အစားထိုးသည့် ဆုံးဖြတ်ချက်အသစ်နှင့် အညီ ချမှတ်သည့် ပြစ်ဒဏ်မဟုတ်ဘဲ၊ အတည်ပြုပြီးဖြစ်သော၊ သို့တည်းမဟုတ် အတည်ပြုရန်မလိုသော စစ်တရားရုံးက ချမှတ်သည့်ပြစ်ဒဏ်မှာ အကြောင်းတခုခုကြောင့် မခိုင်လုံဟု တွေ့ရှိသည့်အခါ၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့်အာဏာပိုင်သည်၊ ခိုင်လုံသည့်ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

(၃) ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂) အရ ချမှတ်သည့် ပြစ်ဒဏ်သည်၊ ဤပုဒ်မအရ ပြစ်ဒဏ်ချမှတ်ချက် အသစ်တခုဖြင့် အစားထိုးခြင်း ခံရသော ပြစ်ဒဏ်ထက် မပိုစေရ၊ သို့တည်းမဟုတ် ပြစ်ဒဏ်များအချိုးအစားတွင် ထိုအစားထိုးခြင်းခံရသော ပြစ်ဒဏ်ထက် မမြင့်စေရ။

(၄) ဤပုဒ်မအရ အစားထိုးသည့် ဆုံးဖြတ်ချက်တခုခု၊ သို့တည်းမဟုတ် ချမှတ်သည့် ပြစ်ဒဏ် တခုခုသည်၊ ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများ၏

thereunder, have effect as if it were a finding or sentence of a court-martial.

Remedy against order, finding or sentence of court-martial.

**168.** (1) Any person subject to this Act who considers himself aggrieved by any order passed by any court-martial may present a petition to the officer or authority empowered to confirm any finding or sentence of such court-martial, and the confirming authority may take such steps as may be considered necessary to satisfy itself as to the correctness, legality or propriety of the order passed or as to the regularity or any proceeding to which the order relates.

(2) Any person subject to this Act who considers himself aggrieved by a finding or sentence of any court-martial, may present a petition to the confirming officer or, in the case of a summary court-martial, the reviewing authority through the usual channels; and the President, the Chief of Staff or the next superior officer in command to the officer who confirmed the proceedings, or in the case of a summary court-martial, the officer who reviewed the proceedings under section 166, may pass such order thereon as he thinks fit.

Annulment of proceedings.

**169.** The President, the Chief of Staff or any prescribed officer may annul the proceedings or set aside the conviction of any court-martial on the ground that they are illegal or unjust.

## CHAPTER XIII.

### EXECUTION OF SENTENCES.

Form of sentence of death.

**170.** In awarding a sentence of death a court-martial shall, in its discretion, direct that the offender shall suffer death by being hanged by the neck until he be dead, or shall suffer death by being shot to death.

ကိစ္စများအလို့ငှာ၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက် ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

**စစ်တရားရုံး၏ အမိန့်၊ ဆုံးဖြတ်ချက်၊ သို့တည်း မဟုတ် ပြစ်ဒဏ် ချမှတ်ချက်နှင့် စပ်လျဉ်း၍ကာကွယ်ခွင့်၊ရယူခွင့်။**

၁၆၇။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ မိမိအား စစ်တရားရုံး ချမှတ်သော အမိန့်က နစ်နာစေသည်ဟုယူဆလျှင်၊ ထိုစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ၊ အတည်ပြုရန် အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိ၊ သို့တည်းမဟုတ် အာဏာပိုင်ထံ လျှောက်လွှာတင်နိုင်သည့်ပြင်၊ ချမှတ်သည့် ထိုအမိန့် မှန် မမှန်တရားဥပဒေနှင့် ညီ မညီ၊ သင့်လျော်အပ်စပ်ခြင်း ရှိ မရှိနှင့် စပ်လျဉ်း၍၊ သို့တည်းမဟုတ် ထိုအမိန့်နှင့် စပ်ဆိုင်သည့် မှုခင်းကိစ္စ ဆောင်ရွက်ခြင်းတွင် နည်းလမ်း ကျ မကျနှင့် စပ်လျဉ်း၍ ကြေနပ်အောင်၊ လိုအပ်သည်တို့ကို ထို အတည်ပြု အာဏာပိုင်က ဆောင်ရွက်နိုင်သည်။

(၂) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ မိမိအားစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကဖြစ်စေ၊ နစ်နာစေသည်ဟု ယူဆလျှင်၊ အတည်ပြု အရာရှိထံသော်၎င်း၊ တပ်တွင်းစစ်တရားရုံး တရုံးအတွက် ဖြစ်ပါက ပြန်လည်သုံးသပ်ရေး အာဏာပိုင်ထံသော်၎င်း၊ လိုက်နာရမည့် လမ်းစဉ်အတိုင်း လျှောက်လွှာတင်နိုင်သည့်ပြင်၊ နိုင်ငံတော်သမတသည်၊ သို့တည်းမဟုတ် ကာကွယ်ရေး ဦးစီးချုပ်သည်၊ သို့တည်းမဟုတ် မှုခင်းကိစ္စကို အတည်ပြုသည့် အရာရှိထက် ကွပ်ကဲမှုတွင် တဆင့်မြင့်သော အရာရှိသည်၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးအတွက် ဖြစ်ပါက ပုဒ်မ ၁၆၆ အရ၊ ထိုမှုခင်းကိစ္စကို ပြန်လည်သုံးသပ်သည့် အရာရှိသည်၊ ထိုမှုခင်းကိစ္စတွင် မိမိသင့်တော်မည် ထင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

**မှုခင်းကိစ္စဆောင်ရွက်ခြင်း များကိုပယ်ဖျက်ခြင်း။**

၁၆၉။ ။နိုင်ငံတော်သမတ၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် အရာရှိသည်၊ တရားဥပဒေနှင့် မညီ ဆိုသည့် အကြောင်းပြချက်ဖြင့် ဖြစ်စေ၊ တရားမျှတမှု မရှိ ဆိုသည့် အကြောင်းပြချက်ဖြင့် ဖြစ်စေ၊ မှုခင်းကိစ္စဆောင်ရွက်ခြင်းများကို ပယ်ဖျက်နိုင်သည်၊ သို့တည်းမဟုတ် စစ်တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းကို ပယ်ဖျက်နိုင်သည်။

## အခဏ်း ၁၃။

## ပြစ်ဒဏ်ချမှတ်ချက်များကို ဆောင်ရွက်ခြင်း။

**သေဒဏ် ချမှတ်နည်း။**

၁၇၀။ ။စစ်တရားရုံးတရုံးသည်၊ သေဒဏ်ချမှတ်သည့်အခါ၊ ပြစ်မှု ကျူးလွန်သူအား၊ လည်ပင်းကြိုးတပ်၍မသေမခြင်းကြိုးဆွဲချ သတ်ရမည်ဟု၊သို့တည်းမဟုတ် သေနတ်ဖြင့် မသေမခြင်း ပစ်သတ်ရမည်ဟု၊ ထိုစစ်တရားရုံး၏ သဘောအတိုင်း ညွှန်ကြားရမည်။

**171.** Whenever any person is sentenced by a court-martial under this Act to transportation or imprisonment, the term of his sentence shall, whether it has been revised or not, be reckoned to commence on the day on which the original proceedings were signed by the presiding officer or, in the case of a summary court-martial, by the court.

Commencement of sentence of transportation or imprisonment.

**172.** Whenever any sentence of transportation is passed under this Act or whether any sentence of death is commuted to transportation, the commanding officer of the person under sentence or such other officer as may be prescribed shall forward a warrant in the prescribed form to the officer in charge of the civil prison in which such person is to be confined and shall arrange for his despatch to such prison with the warrant.

Execution of sentence of transportation.

**173.** (1) Whenever any sentence of imprisonment is passed under this Act by a court-martial or whenever any sentence of death or transportation is commuted to imprisonment, the confirming officer or in the case of a summary court-martial the officer holding the court or such other officer as may be prescribed, shall, save as otherwise provided in sub-sections (3) and (4), direct either that the sentence shall be carried out by confinement in a military prison or that it shall be carried out by confinement in a civil prison.

Execution of sentence of transportation

(2) When a direction has been made under sub-section (1) the commanding officer of the person under sentence or such other officer as may be prescribed shall forward a warrant in the prescribed form to the officer in charge of the prison in which such person is to be confined and shall arrange for his despatch to such prison with the warrant.

(3) In the case of a sentence of imprisonment not exceeding three months and passed under this Act by a court-martial, the appropriate officer under sub-section (1) may direct that the sentence shall be carried out by confinement in military custody instead of in a civil or military prison.

(4) On active service, a sentence of imprisonment may be carried out by confinement in such place as the officer commanding the forces in the field may from time to time appoint.

**တကျွန်းပို့ဒဏ်၊ သို့တည်း မဟုတ် ထောင်ဒဏ် စတင်ခြင်း။**

၁၇၁။ ။ဤအက်ဥပဒေ အရ၊ သူတဦးအား စစ်တရားရုံးက တကျွန်းပို့ ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ချမှတ်သောအခါ ထိုပြစ်ဒဏ် ချမှတ်ချက်ကို ပြန်လည်ပြင်ဆင်သည်ဖြစ်စေ၊ ပြန်လည် မပြင်ဆင်သည် ဖြစ်စေ၊ ထိုတကျွန်းပို့ဒဏ် သို့တည်းမဟုတ် ထောင်ဒဏ်သည်၊ စစ်တရားရုံး ဥက္ကဋ္ဌက သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးတရုံးအတွက် ဖြစ်ပါက၊ ထိုစစ်တရားရုံးက၊ မူရင်းအမှုတွဲတွင် လက်မှတ်ရေးထိုးသည့် နေ့ရက်မှ စတင်သည်ဟု ရေတွက်ရမည်။

**တကျွန်းပို့ဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ခြင်း။**

၁၇၂။ ။ဤအက်ဥပဒေအရ၊ တကျွန်းပို့ဒဏ်ကို ချမှတ်သည့်အခါ၊ သို့တည်းမဟုတ် သေဒဏ်ကို တကျွန်းပို့ဒဏ်သို့ လျှော့ပေါ့ ပြောင်းလဲသည့်အခါ၊ ပြစ်ဒဏ် ချမှတ်ခြင်းခံရသူ၏ တပ်မှူးက၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် အခြားအရာရှိက၊ ထိုသူကို ချုပ်ထားရမည် ဖြစ်သော နယ်ဘက် အကျဉ်းထောင် အုပ်ချုပ်သည့်အရာရှိထံ သတ်မှတ်ထားသည့် ပုံစံအတိုင်း ဝရမ်း တစောင် ပေးပို့ရမည့်ပြင်၊ ထိုသူကို ဝရမ်းနှင့်အတူတကွ ထိုနယ်ဘက် အကျဉ်းထောင်သို့ ပို့ရန် စီစဉ်ရမည်။

**ထောင်ဒဏ် ချမှတ်ချက်ကို ဆောင်ရွက်ခြင်း။**

၁၇၃။ ။(၁) ဤအက်ဥပဒေအရ စစ်တရားရုံးက ထောင်ဒဏ်ချမှတ်သည့်အခါ၊ သို့တည်းမဟုတ် သေဒဏ်ကိုဖြစ်စေ၊တကျွန်းပို့ဒဏ်ကိုဖြစ်စေ၊ ထောင်ဒဏ်သို့လျှော့ပေါ့ ပြောင်းလဲ ချမှတ်သည့်အခါ၊ ပုဒ်မခွဲ (၃) နှင့် (၄) တွင် အခြားနည်း ပြဋ္ဌာန်းထားသည်မှတပါး၊ စစ်ဘက် အကျဉ်းထောင်တွင် ချုပ်ထားခြင်းဖြင့်ဖြစ်စေ၊ နယ်ဘက်အကျဉ်းထောင်တွင် ချုပ်ထားခြင်း ဖြင့်ဖြစ်စေ၊ ထိုထောင်ဒဏ်ချမှတ်ချက်ကို ကျခံစေရမည်ဟု အတည်ပြုအရာရှိက၊ သို့တည်းမဟုတ် တပ်တွင်း စစ်တရားရုံးအတွက်ဖြစ်ပါက ထိုစစ်တရားရုံး၊ ရုံးထိုင်သည့် အရာရှိက၊ သို့တည်း မဟုတ် သတ်မှတ်ထားသည့် အခြားအရာရှိက ညွှန်ကြားရမည်။

(၂) ပုဒ်မခွဲ (၁) အရ ညွှန်ကြားချက် ပေးပြီးသည့်အခါ၊ ပြစ်ဒဏ် ချမှတ်ခြင်းခံရသူကို ကွပ်ကဲသည့်အရာရှိ၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် အခြားအရာရှိက၊ ထိုသူကို ချုပ်ထားရမည်ဖြစ်သော အကျဉ်းထောင် အုပ်ချုပ်သည့် အရာရှိထံ သတ်မှတ်ထားသည့် ပုံစံအတိုင်း ဝရမ်းတစောင် ပေးပို့ရမည့်ပြင်၊ ထိုသူကို၊ ဝရမ်းနှင့်အတူတကွ၊ ထိုအကျဉ်းထောင်သို့ပို့ရန် စီစဉ်ရမည်။

(၃) စစ်တရားရုံးက ဤအက်ဥပဒေအရ၊ ချမှတ်သည့် သုံးလထက်မပိုသော ထောင်ဒဏ် အတွက်ဖြစ်ပါက၊ နယ်ဘက်အကျဉ်းထောင်၊ သို့တည်းမဟုတ် စစ်ဘက်အကျဉ်းထောင် အစား၊ စစ်ဘက်အချုပ်တွင် ချုပ်ထားခြင်းဖြင့်၊ ထိုထောင်ဒဏ် ချမှတ်ချက်ကို ကျခံစေရမည်ဟု ပုဒ်မခွဲ (၁) တွင် ဖော်ပြသည့် သက်ဆိုင်ရာအရာရှိက ညွှန်ကြားနိုင်သည်။

(၄) တန်းပြည့် စစ်မှုထမ်းချိန်တွင် စစ်မြေပြင်ရှိ တပ်ဖွဲ့များကို ကွပ်ကဲသည့် အရာရှိက၊ အခါအားလျော်စွာ သီးခြားဖော်ပြသည့် နေရာ၌ ချုပ်ထားခြင်းဖြင့်၊ ချမှတ်သော ထောင် ဒဏ်ကို ကျခံစေနိုင်သည်။

**174.** Where a sentence of transportation or imprisonment is directed to be undergone in a civil prison the offender may be kept in a military prison or in military custody or in any other fit place, till such time as it is possible to send him to a civil prison.

Temporary custody of offender.

**175.** Whenever, in the opinion of an officer commanding a formation not less than a brigade in the case of the army, a formation prescribed as equivalent to not less than a brigade (army) in the case of the navy or air force, or any prescribed officer, any sentence or portion of a sentence of imprisonment cannot for special reasons, conveniently be carried out in a military prison or in military custody in accordance with the provisions of section 173, such officer may direct that such sentence or portion of sentence shall be carried out by confinement in any civil prison or other fit place.

Execution of sentence of imprisonment in special cases.

**176.** In every case in which a sentence of transportation is passed under this Act, the offender, until he is transported, shall be dealt with in the same manner as if sentenced to rigorous imprisonment, and shall be deemed to have been undergoing his sentence of transportation during the term of his imprisonment.

Offenders sentenced to transportation-How dealt with until transported.

**177.** A person under sentence of transportation or imprisonment may during his conveyance from place to place be subjected to such restraint as is necessary for his safe conduct and removal.

Conveyance of prisoner from place to place.

**178.** Whenever an order is duly made under this Act setting aside or varying any sentence, order or warrant under which any person is confined in a civil or military prison, a warrant in accordance with such order shall be forwarded by the officer making the order

Communication of certain orders to prison Officers.

ပြစ်မှု ကျူးလွန်သူကို ယာယီ ချုပ်ထားခြင်း။

၁၇၄။ ။တကျွန်းဒဏ်ကို၊ သို့တည်းမဟုတ် ထောင်ဒဏ်ကို၊ နယ်ဘက်အကျဉ်းထောင်တွင် ကျခံစေရမည်ဟုညွှန်ကြားသည့်အခါ၊ နယ်ဘက် အကျဉ်းထောင်သို့ မပို့နိုင်သေးမီ၊ စစ်ဘက်အကျဉ်းထောင်တွင်ဖြစ်စေ၊ စစ်ဘက်အချုပ်တွင်ဖြစ်စေ၊ သင့်တော်သည့် အခြားနေရာတွင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူကို ထားနိုင်သည်။

အထူး ကိစ္စ များတွင် ထောင်ဒဏ် ချမှတ် ချက်ကို ဆောင်ရွက်ခြင်း။

၁၇၅။ ။ထောင်ဒဏ်ကိုဖြစ်စေ၊ ထောင်ဒဏ်၏ တစိတ်တဒေသကိုဖြစ်စေ၊ ပုဒ်မ ၁၇၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ စစ်ဘက် အကျဉ်းထောင်တွင်သော်၎င်း၊ စစ်ဘက်အချုပ်တွင်သော်၎င်း အကြောင်းထူးများကြောင့်၊ လွယ်ကူစွာ ကျခံစေနိုင်မည်မဟုတ်ဟု ကြည်းတပ်အတွက် ဖြစ်ပါက တပ်မထာအောက် မငယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟုသတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကို ကွက်ကဲသောအရာရှိ၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အခြားအရာရှိက ထင်မြင်ယူဆသောအခါ၊ နယ်ဘက် အကျဉ်းထောင်တွင်ဖြစ်စေ၊ သင့်တော်သည့် အခြားနေရာတွင်ဖြစ်စေ၊ ချုပ်ထားခြင်းအားဖြင့်၊ ထိုထောင်ဒဏ်ကိုသော်၎င်း၊ ထိုထောင်ဒဏ်၏ တစိတ်တဒေသကိုသော်၎င်း၊ ကျခံစေရမည်ဟု ထိုအရာရှိက၊ ညွှန်ကြားနိုင်သည်။

တကျွန်းပို့ဒဏ် ချမှတ်ခြင်းခံရသည့် ပြစ်မှုကျူးလွန်သူများနှင့် ပတ်သက်၍ ကျွန်းသို့ မပို့သေးမီ ဆောင်ရွက်နည်း။

၁၇၆။ ။ဤအက်ဥပဒေအရ တကျွန်းပို့ဒဏ် ချမှတ်သည့် အမှုတိုင်းတွင် ပြစ်မှုကျူးလွန်သူကို၊ ကျွန်းသို့မပို့ရသေးမီ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်ခြင်း ခံရဘိသကဲ့သို့၊ ထိုသူအား၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျခံစေရမည်။ ထို့ပြင် အဆိုပါ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျခံနေရသည့် ကာလကိုလည်း တကျွန်းပို့ဒဏ် ခံနေရသည့် ကာလကဲ့သို့မှတ်ယူရမည်။

အကျဉ်းသားကို တနေရာမှ တနေရာသို့ယူဆောင်ခြင်း။

၁၇၇။ ။တကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ချမှတ်ခြင်း ခံရသူကို၊ တနေရာမှ တနေရာသို့ ယူဆောင်သွားနေစဉ်၊ ထိုသူအား လုံခြုံစွာယူဆောင်ခြင်းနှင့် ရွှေ့ပြောင်းရေးအတွက် လိုအပ်သည့် ချုပ်ချယ်မှုမျိုး ပြုနိုင်သည်။

အချို့ အမိန့်များနှင့် စပ်လျဉ်း၍ အကျဉ်းထောင် အရာရှိများထံ အကြောင်းကြားခြင်း။

၁၇၈။ ။တဦးတယောက်သောသူအား၊ နယ်ဘက် အကျဉ်းထောင်၊ သို့တည်းမဟုတ် စစ်ဘက် အကျဉ်းထောင်တွင် ကျခံစေသည့် ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ ဝရမ်းကိုဖြစ်စေ၊ ပယ်ဖျက်သည့်၊ သို့တည်းမဟုတ် ပြောင်းလဲသည့်အမိန့်ကို၊ ဤအက်ဥပဒေအရ နည်းလမ်းတကျ ထုတ်သည့်အခါ၊ ထိုအမိန့်ထုတ်သည့် အရာရှိကသော်၎င်း၊ ထိုအရာရှိ၏ ဦးစီးအရာရှိကသော်၎င်း၊ သတ်မှတ်ထား

or his staff officer or such other person as may be prescribed to the officer in charge of the prison in which such person is confined.

Execution of sentence of fine.

**179.** When a sentence of fine is imposed by a court-martial under section 71 whether the trial was held within the Union of Burma or not, a copy of such sentence, signed and certified by the confirming officer, or where no confirmation is required, by the officer holding the trial may be sent to any magistrate in the Union of Burma, and such magistrate shall thereupon cause the fine to be recovered in accordance with the provisions of the Code of Criminal Procedure for the levy of fines as if it were a sentence of fine imposed by such magistrate.

Establishment of military prisons.

**180.** The President may set apart any building or part of a building or any place in the Union of Burma, as a military prison for the confinement of persons sentenced to imprisonment under this Act.

Informality or error in the order or warrant.

**181.** Whenever any person is sentenced to transportation or imprisonment under this Act, and is undergoing the sentence in any place or manner in which he might be confined under a lawful order or warrant in pursuance of this Act, the confinement of such person shall not be deemed to be illegal only by reason of any informality or error in or as respects the order, warrant or other document, or the authority by which, or in pursuance whereof such person was brought into or is confined in any such place, and any such order, warrant or document may be amended accordingly.

သော အခြားအရာရှိကသော်၎င်း၊ ထုတ်သည့်အမိန့်နှင့်အညီ ဝရမ်းတစောင်ကို၊ ထိုသူအား ချုပ်ထားသည့် အကျဉ်းထောင် အုပ်ချုပ်သော အရာရှိထံ၌ ပို့ရမည်။

**ငွေဒဏ် ချမှတ်ချက်ကို ဆောင်ရွက်ခြင်း။**

၁၇၉။ ။စစ်တရားရုံးက၊ ပုဒ်မ ၇၁ အရ ငွေဒဏ်ချမှတ်သောအခါ၊ စစ်ဆေးစီရင်ခြင်းကို၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းတွင် ပြုလုပ်ခဲ့သည်ဖြစ်စေ၊ ပြင်ပတွင် ပြုလုပ်ခဲ့သည်ဖြစ်စေ၊ အတည်ပြုအရာရှိက၊ သို့တည်းမဟုတ် အတည်ပြုရန် မလိုသည့်အခါ၊ စစ်ဆေး စီရင်ခြင်းကို ပြုလုပ်သည့် အရာရှိက လက်မှတ်ရေးထိုးသော ထိုပြစ်ဒဏ် ချမှတ်ချက်၏ တာဝန်ခံမိတ္တူတစောင်ကို ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းရှိ ရာဇဝတ်တရားသူကြီး တဦးထံ ပို့နိုင်သည့်ပြင်၊ ထိုပြစ်ဒဏ်ချမှတ်ချက်၏ တာဝန်ခံမိတ္တူကို ရရှိသည့်အခါ၊ ထိုရာဇဝတ် တရားသူကြီးသည်၊ ထိုငွေဒဏ်မှာ၊ မိမိချမှတ်သော ငွေဒဏ်ဖြစ်ဘိသကဲ့သို့၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ဒဏ်ငွေ ကောက်ခံခြင်းနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များနှင့်အညီ၊ ထိုဒဏ်ငွေကို ကောက်ခံစေရမည်။

**စစ်ဘက် အကျဉ်းထောင် များထားရှိခြင်း။**

၁၈၀။ ။နိုင်ငံတော်သမတသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းရှိ အဆောက်အအုံ တခုခုကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းတခုခုကိုဖြစ်စေ၊ နေရာတခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ထောင်ဒဏ် ချမှတ်ခြင်း ခံရသူများ ချုပ်ထားရန်အတွက်၊ စစ်ဘက်အကျဉ်းထောင်အဖြစ် သီးသန့်ထားရှိနိုင်သည်။

**အမိန့်၊ သို့တည်း မဟုတ် ဝရမ်းတွင် စည်းကမ်း မကျခြင်း၊ မှားယွင်းခြင်း။**

၁၈၁။ ။ဤအက်ဥပဒေအရ၊ တဦးတယောက်သောသူအား၊ တကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်ချမှတ်သည့်ပြင်၊ ဤအက်ဥပဒေနှင့် အညီ ထုတ်သည့်အမိန့်အရဖြစ်စေ၊ ဝရမ်းအရဖြစ်စေ၊ ထိုသူအား ချုပ်ထားရမည့် နေရာတွင်၊ သို့တည်းမဟုတ် ထိုသူအား ချုပ်ထားရမည့် နည်းလမ်းအတိုင်း ထိုသူပြစ်ဒဏ်ခံနေရသည့်အခါ၊ အမိန့်၊ ဝရမ်း၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားဖြင့် ပေးအပ်သည့် အာဏာအရ ဖြစ်စေ၊ အမိန့်၊ ဝရမ်း၊ သို့တည်းမဟုတ် အခြားစာတမ်း အမှတ်အသားဖြင့် ပေးအပ်သည့် အာဏာအရ ဆောင်ရွက်ရာ၌ဖြစ်စေ၊ ထိုသူအား ထိုနေရာတခုခုသို့ ယူဆောင်စေခဲ့ခြင်းသည်၊ သို့တည်းမဟုတ် ထိုနေရာတခုခုတွင် ချုပ်ထားစေခဲ့ခြင်းသည်၊ အဆိုပါအမိန့်၊ ဝရမ်း၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသား စည်းကမ်းမကျသည့် အကြောင်းကြောင့်သာဖြစ်စေ၊ အဆိုပါ အမိန့်၊ ဝရမ်း၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားတွင် မှားယွင်းချက်ပါရှိသည့်အကြောင်းကြောင့်သာဖြစ်စေ၊ တရားဥပဒေနှင့် မညီဟု မမှတ်ယူရ။ ထို့ပြင် အဆိုပါအမိန့်၊ ဝရမ်း၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားကို လိုအပ်သည့်အတိုင်း ပြင်ဆင်နိုင်သည်။

# CHAPTER XIV.

## PARDONS, REMISSIONS AND SUSPENSIONS.

Pardon and remission.

**182.** When any person subject to this Act has been convicted by a court-martial of any offence, the President or the Chief of Staff or, in the case of a sentence which he could have confirmed or which did not require confirmation, the officer commanding a formation not less than the brigade in the case of the army, a formation prescribed as equivalent to not less than a brigade (army) in the case of the navy or air force, in which such person at the time of conviction was serving, or the prescribed officer may,—

(*a*) either with or without conditions which the person sentenced accepts, pardon the person or remit the whole or any part of the punishment awarded; or

(*b*) mitigate the punishment awarded; or

(*c*) commute such punishment for any less punishment or punishments mentioned in this Act:

Provided that a sentence of transportation shall not be commuted for a sentence of imprisonment for a term exceeding the term of transportation awarded by the court; or

(*d*) either with or without conditions which the person sentenced accepts, release the person on parole.

## အခန်း ၁၄။

### ပြစ်ဒဏ်လွတ်ငြိမ်း ချမ်းသာခွင့်များ၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များနှင့် ပြစ်ဒဏ်ဆိုင်းငံ့ထားခြင်းများ။

**ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်။**

၁၀၂။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ ပြစ်မှုတခုခုအတွက် စစ်ဘာရုံးက ပြစ်မှုထင်ရှားစီရင် ခြင်းခံရသည့်အခါ၊ နိုင်ငံတော် သမ္မတက ဖြစ်စေ၊ တာကွယ်ရေး ဦးစီးချုပ်ကဖြစ်စေ၊ ထိုသူသည် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့်အချိန်၌၊ ကြည်းတပ်အတွက် ဖြစ်ပါက တပ်မဟာအောက်မငယ်သော အဖွဲ့အစည်းတခုတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသောအရာရှိ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သော အဖွဲ့အစည်းတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသောအရာရှိ အတည်ပြုနိုင်သည့် ပြစ်ဒဏ်ချမှတ်ချက်၊ သို့တည်းမဟုတ် အတည်ပြုရန် မလိုသည့် ပြစ်ဒဏ်ချမှတ်ချက်အတွက်ဆိုလျှင်၊ ထိုအရာရှိကဖြစ်စေ၊ သတ်မှတ်ထားသော အရာရှိကဖြစ်စေ——

(က) ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူက လက်ခံသော စည်းကမ်းချက်များ နှင့်ဖြစ်စေ၊ ထိုစည်းကမ်းချက်များ မပါရှိဘဲဖြစ်စေ၊ ထိုသူအား ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်သည်၊ သို့တည်းမဟုတ် ချမှတ်သည့်ပြစ်ဒဏ် တခုလုံးကိုဖြစ်စေ၊ ထိုပြစ်ဒဏ်၏ တစိတ်တဒေသကိုဖြစ်စေ၊ လွတ်ငြိမ်းသက်သာခွင့် ပေးနိုင်သည်၊ သို့တည်းမဟုတ်

(ခ) ချမှတ်သော ပြစ်ဒဏ်ကို ပေါ့လျော့စေနိုင်သည်၊ သို့တည်းမဟုတ်

(ဂ) ချမှတ်သောပြစ်ဒဏ်ကို၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်တခုခုနှင့်၊ သို့တည်းမဟုတ် လျော့သော ပြစ်ဒဏ်များနှင့် လျော့ပေါ့ ပြောင်းလဲနိုင်သည်။
သို့ရာတွင် စစ်ဘာရုံးက ချမှတ်သည့် တကျွန်းပို့ဒဏ်ကို၊ ၎င်း၏ကာလထက် ပိုသည့် ကာလအတွက် ထောင်ဒဏ်နှင့် လျော့ပေါ့ပြောင်းလဲခြင်း မပြုလုပ်ရ၊ သို့တည်းမဟုတ်

(ဃ) ပြစ်ဒဏ်ချမှတ်ခြင်းခံရသူက လက်ခံသော စည်းကမ်းချက်များနှင့် ဖြစ်စေ၊ ထိုစည်းကမ်းချက်များ မပါရှိဘဲဖြစ်စေ၊ ထိုသူအား ကတိထားစေ၍ လွှတ်နိုင်သည်။

**183.** (1) If any condition on which a person has been pardoned or released on parole or a punishment has been remitted is, in the opinion of the authority which granted the pardon, release or remission, not fulfilled, such authority may cancel the pardon, release or remission, and thereupon the sentence of the court shall be carried into effect as if such pardon, release or remission had not been granted.

Cancellation of conditional pardon, release on parole or remission.

(2) A person whose sentence of transportation or imprisonment is carried into effect under the provisions of sub-section (1) shall undergo only the unexpired portion of his sentence.

**184.** When under the provisions of section 79 a warrant officer or a non-commissioned officer is deemed to be reduced to the ranks, such reduction shall, for the purpose of section 182, be treated as punishment awarded by a sentence of a court-martial.

Reduction of warrant officer or non-commissioned officer.

**185.** (1) Where a person subject to this Act is sentenced by a court-martial to transportation or imprisonment, the President, the Chief of Staff or any officer empowered to convene a general or a summary general court-martial may suspend the sentence whether or not the offender has already been committed to prison or to military custody.

Suspension of sentence of transportation or imprisonment.

(2) The authority or officer specified in sub-section (1) may in the case of an offender whose sentence has been ordered to be so suspended direct that, until the orders of such authority or officer have been obtained the offender shall not be committed to prison or to military custody.

စည်းကမ်းချက်ဖြင့် ပြစ်ဒဏ် လွတ်ငြိမ်း ချမ်းသာခွင့် ကတိထားစေ၍ စည်းကမ်းချက်ခြင်း လွတ်ခြင်း၊ သို့တည်းမဟုတ် စည်းကမ်း ချက်ဖြင့် ပြစ်ဒဏ် လွတ်ငြိမ်း သက်သာခွင့်ကို ဖျက်သိမ်းခြင်း။

၁၇၃။ ။(၁) တဦးတယောက်သောသူအား ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၊ သို့တည်းမဟုတ် ကတိထားစေ၍ လွတ်ခြင်း၊ သို့တည်းမဟုတ် ပြစ်ဒဏ်ကို လွတ်ငြိမ်းသက်သာခွင့် ပေးခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်တခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည်ဟု၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးသည့်၊ ကတိထားစေ၍ လွတ်သည့်၊ သို့တည်းမဟုတ် လွတ်ငြိမ်းသက်သာခွင့်ပေးသည့် အာဏာပိုင်က ထင်မြင်ယူဆလျှင်၊ ထိုအာဏာပိုင်သည်၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၊ ကတိထားစေ၍ လွှတ်ခြင်း၊ သို့တည်းမဟုတ် လွတ်ငြိမ်း သက်သာခွင့် ပေးခြင်းကို ဖျက်သိမ်းနိုင်သည်။ ထိုပြင် ထိုသို့ ဖျက်သိမ်းသည့်အခါ၊ ထိုသူအား လွတ်ငြိမ်းချမ်းသာခွင့်၊ ကတိထားစေ၍ လွတ်ခွင့်၊ သို့တည်း မဟုတ် လွတ်ငြိမ်းသက်သာခွင့်ကို မပေးဘိသကဲ့သို့၊ ထိုစစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို ကျခံစေရမည်။

(၂) တကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ကျခံရသူတဦးဖြစ်လျှင်၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များအရ စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို ကျခံစေသည့်အခါ၊ ထိုတကျွန်း ပို့ဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်၏ ကျန်ရှိနေသေးသည့် အစိတ်အပိုင်းကိုသာ ကျခံစေရ မည်။

အရာခံဗိုလ်၊ သို့တည်းမဟုတ် အကြပ်ကိုလျှော့ချခြင်း။

၁၇၄။ ။ပုဒ်မ ၇၉ ပါ ပြဋ္ဌာန်းချက်များအရ၊ အရာခံဗိုလ်တဦးကို၊ သို့တည်းမဟုတ် အကြပ်တဦးကို တပ်သားအဆင့်သို့ လျှော့ချလိုက်သည်ဟု မှတ်ယူရသည့်အခါ၊ ပုဒ်မ ၁၇၂ ၏ကိစ္စအလို့ငှါ ယင်းသို့ လျှော့ချခြင်းကို၊ စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်အရ ကျခံစေသည့် ပြစ်ဒဏ်ကဲ့သို့ မှတ်ယူရမည်။

တကျွန်းပို့ဒဏ်၊ သို့တည်း မဟုတ် ထောင်ဒဏ်ကို ဆိုင်း ငံ့ထားခြင်း။

၁၇၅။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ စစ်တရားရုံးတရုံးက တကျွန်း ပို့ဒဏ်ကိုသော်၎င်း၊ ထောင်ဒဏ်ကိုသော်၎င်း၊ ချမှတ်သည့်အခါ၊ ထိုပြစ်မှုကျူးလွန်သူကို အကျဉ်းထောင်၊ သို့တည်းမဟုတ် စစ်ဘက် အချုပ်သို့ပို့ပြီးသည်ဖြစ်စေ၊ မပို့ရသေးသည် ဖြစ်စေ၊ နိုင်ငံတော်သမတက၊ သို့တည်းမဟုတ် ကာကွယ်ရေး ဦးစီးချုပ်က၊ သို့တည်းမဟုတ် စစ်တရားရုံးချုပ်ကိုဖြစ်စေ၊ အကျဉ်းစစ်တရားရုံးချုပ်ကိုဖြစ်စေ၊ ဖွဲ့စည်းရန် အာဏာ အပ်နှင်းထားသည့် အရာရှိက ပြစ်ဒဏ်ချမှတ်ချက်ကို ဆိုင်းငံ့ထားနိုင်သည်။

(၂) ထိုသို့ ပြစ်ဒဏ်ချမှတ်ချက်ကို ဆိုင်းငံ့ထားရန် အမိန့်ချမှတ်ခြင်းခံရသည့် ပြစ်မှု ကျူးလွန်သူတဦးအတွက် ဖြစ်ပါက၊ ပုဒ်မခွဲ (၁) တွင် သီးခြားဖော်ပြထားသည့် အာဏာပိုင် သည်၊ သို့တည်းမဟုတ် အရာရှိသည်၊ မိမိ၏ အမိန့်များကို မရမခြင်း ထိုပြစ်မှုကျူးလွန်သူကို အကျဉ်းထောင်သို့ဖြစ်စေ၊ စစ်ဘက်အချုပ်သို့ဖြစ်စေ မပို့ရဟု ညွှန်ကြားနိုင်သည်။

(3) The powers conferred by sub-sections (1) and (2) may be exercised in the case of any such sentence which has been confirmed, reduced or commuted.

Orders pending suspension.

**186.** (1) Where the sentence referred to in section 185 is imposed by a court-martial other than a summary court-martial, the confirming officer may, when confirming the sentence, direct that the offender be not committed to prison or to military custody until the orders of the authority or officer specified in section 185 have been obtained.

(2) Where a sentence of imprisonment is imposed by a summary court-martial, the officer holding the trial or the officer authorized to approve of the sentence under sub-section (2) of section 165 may make the direction referred to in sub-section (1).

Release on suspension.

**187.** Where a sentence is suspended under section 185, the offender shall forthwith be released from custody.

Computation of period of suspension.

**188.** Any period during which the sentence is under suspension shall be reckoned as part of the term of such sentence.

Order after suspension.

**189.** The authority or officer specified in section 185 may, at any time while a sentence is suspended, order—

(*a*) that the offender be committed to undergo the unexpired portion of the sentence, or

(*b*) that the sentence be remitted.

(၃) အတည်ပြုပြီးသော၊ လျှော့ချပြီးသော၊ သို့တည်းမဟုတ် လျှော့ပေါ့ပြောင်းလဲပြီးသော၊ ထိုပြစ်ဒဏ်ချမှတ်ချက်မျိုးနှင့် စပ်လျဉ်းသည့် ကိစ္စတွင်၊ ပုဒ်မခွဲ (၁) နှင့် (၂) ဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲနိုင်သည်။

၁၇၆။ ။(၁) ပုဒ်မ ၁၇၅ တွင်ရည်ညွှန်းသည့် ပြစ်ဒဏ်ချမှတ်ချက်ကိုတပ်တွင်းစစ်တရားရုံးမှဘပါး၊ အခြားစစ်တရားရုံးက ချမှတ်သည့်ကိစ္စတွင်၊ အတည်ပြုအရာရှိသည်၊ ထိုပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုသောအခါ၊ အဆိုပါပုဒ်မတွင် သီးခြားဖော်ပြထားသည့် အာဏာပိုင်၊ သို့တည်းမဟုတ် အရာရှိ၏ အမိန့်များကို မရမခြင်း ထိုပြစ်မှု ကျူးလွန်သူကို အကျဉ်းထောင်သို့ဖြစ်စေ၊ စစ်ဘက် အချုပ်သို့ဖြစ်စေ၊ မပို့ရဟု ညွှန်ကြားနိုင်သည်။

**ပြစ်ဒဏ် ဆိုင်းငံ့ထား ခြင်း မပြုလုပ်ရ သေးမီ ချမှတ်သည့် အမိန့်များ။**

(၂) တပ်တွင်း စစ်တရားရုံးက ထောင်ဒဏ် ချမှတ်သည့်ကိစ္စတွင်၊ စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့် အရာရှိကသော်၎င်း၊ ပုဒ်မ ၁၆၅ ၏ပုဒ်မခွဲ (၂) အရ ပြစ်ဒဏ်ချမှတ်ချက်ကို သဘောတူညီရန် အာဏာအပ်နှင်းခြင်း ခံရသော အရာရှိကသော်၎င်း၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းသည့် ညွှန်ကြားချက်ကို ထုတ်နိုင်သည်။

၁၇၇။ ။ပုဒ်မ ၁၇၅ အရ၊ ပြစ်ဒဏ်ချမှတ်ချက်ကို ဆိုင်းငံ့ထားသောအခါ၊ပြစ်မှုကျူးလွန်သူကို အချုပ်မှ ချက်ခြင်းလွှတ်ရမည်။

**ပြစ်ဒဏ် ချမှတ် ချက်ဆိုင်းငံ့ ထားသော အခါ လွှတ်ခြင်း။**

၁၇၈။ ။ပြစ်ဒဏ်ဆိုင်းငံ့ထားသည့် ကာလအပိုင်းအခြားကို ထိုပြစ်ဒဏ် ချမှတ်ချက်ပါ ကာလ၏ တစိတ်တဒေသအဖြစ် ရေတွက်ရမည်။

**ပြစ်ဒဏ် ဆိုင်းငံ့ထားခြင်း၏ ကာလ အပိုင်း အခြားတွက် စစ်နည်း။**

၁၇၉။ ။ပုဒ်မ ၁၇၅ တွင် သီးခြားဖော်ပြထားသော အာဏာပိုင်ကသော်၎င်း၊ အရာရှိကသော်၎င်း၊ ပြစ်ဒဏ်ချမှတ်ချက်၊ ဆိုင်းငံ့ထားစဉ်၊ မည်သည့်အချိန်တွင်မဆို—

**ပြစ်ဒဏ်ဆိုင်းငံ့ ထားပြီးသည့် နောက်ထုတ်သည့်အမိန့်။**

(က) ပြစ်မှုကျူးလွန်သူအား၊ ပြစ်ဒဏ်၏ ကျန်ရှိနေသေးသည့် အစိတ်အပိုင်းကို ကျခံရန် ပို့ရမည်ဟု အမိန့်ထုတ်နိုင်သည်၊ သို့တည်းမဟုတ်

(ခ) ပြစ်ဒဏ် လွှတ်ငြိမ်းသက်သာခွင့် ပေးသည်ဟု အမိန့်ထုတ်နိုင်သည်။

**190.** (1) Where a sentence has been suspended, the case may at any time, and shall at intervals of not more than four months, be reconsidered by the authority or officer specified in section 185, or by any general or other officer not below the rank of a field officer duly authorized by the authority or officer specified in section 185.

Reconsideration of case after suspension.

(2) Where on such reconsideration by the officer so authorized it appears to him that the conduct of the offender since his conviction has been such as to justify a remission of the sentence, he shall refer the matter to the authority or officer specified in section 185.

**191.** Where an offender, while a sentence on him is suspended under this Act, is sentenced for any other offence, then—

Fresh sentence after suspension.

(*a*) if the further sentence is also suspended under this Act, the two sentences shall run concurrently;

(*b*) if the further sentence is for a period of three months or more and is not suspended under this Act, the offender shall also be committed to prison or military custody for the unexpired portion of the previous sentence, but both sentences shall run concurrently; and

(*c*) if the further sentence is for a period of less than three months and is not suspended under this Act, the offender shall be so committed on that sentence only, and the previous sentence shall, subject to any order which may be passed under section 189 or section 190, continue to be suspended.

**192.** The powers conferred by sections 185 and 189 shall be in addition to and not in derogation of the power of mitigation, remission and commutation.

Scope of power of suspension.

**ပြစ်ဒဏ် ဆိုင်းငံ့ ထားပြီးသည့်နောက် အမှုကို ပြန်လည် စဉ်းစားခြင်း။**

၁၉၀။ ။(၁) ပြစ်ဒဏ်ချမှတ်ချက် ဆိုင်းငံ့ထားရာတွင် ပုဒ်မ ၁၈၅ ပါ သီးခြားဖော်ပြထားသော အာဏာပိုင်ကဖြစ်စေ၊ အရာရှိကဖြစ်စေ၊ သို့တည်းမဟုတ် ပုဒ်မ ၁၈၅ ပါ သီးခြားဖော်ပြထားသည့် အာဏာပိုင်ကသော်ငင်း၊ အရာရှိကသော်ငင်း၊ နည်းလမ်းတကျ အာဏာပေးအပ်ထားသည့် ဗိုလ်ချုပ်တဦးဦးကဖြစ်စေ၊ ဗိုလ်မှူးအဆင့်အောက်မနိမ့်သော အခြားအရာရှိတဦးဦးကဖြစ်စေ၊ မည်သည့်အချိန်မဆို အမှုကို ပြန်လည်စဉ်းစားနိုင်သည့်ပြင်၊ လေးလထက်မပိုသည့် ကြားကာလများတွင် အမှုကို ပြန်လည် စဉ်းစားရမည်။

(၂) အဆိုပါ အာဏာပေးခြင်း ခံရသည့်အရာရှိက၊ ထိုသို့ ပြန်လည် စဉ်းစားရာထွင်၊ ပြစ်မှုထင်ရှား စီရင်ပြီးသည့်အချိန်မှစ၍ ပြစ်မှုကျူးလွန်သူ၏ အပြုအမူသည်၊ ပြစ်ဒဏ်ချမှတ်ချက်ကို လွတ်ငြိမ်းသက်သာခွင့် ပြုထိုက်လောက်အောင် ကောင်းမွန်လာသည်ဟု ယူဆလျှင်၊ ထိုအရာရှိက၊ ပုဒ်မ ၁၈၅ တွင် သီးခြားဖော်ပြထားသည့် အာဏာပိုင်၊ သို့တည်းမဟုတ် အရာရှိအား ထိုအကြောင်းကို တင်ပြရမည်။

**ပြစ်ဒဏ် ဆိုင်းငံ့ ထားပြီးသည့်နောက်၊ ချမှတ်သည့် ပြစ်ဒဏ်အသစ်။**

၁၉၁။ ။ပြစ်မှုကျူးလွန်သူ တဦးအပေါ် ချမှတ်ခဲ့သည့် ပြစ်ဒဏ်တခုကို၊ ဤအက်ဥပဒေအရ ဆိုင်းငံ့ထားစဉ်၊ အခြားပြစ်မှု တခုခုအတွက်၊ ထိုသူပြစ်ဒဏ်ချမှတ်ခြင်း ခံရသည့်အခါ—

(က) ထပ်မံချမှတ်သည့်ပြစ်ဒဏ်ကိုပါ၊ ဤအက်ဥပဒေအရဆိုင်းငံ့ထားလျှင်၊ ပြစ်ဒဏ်နှစ်ရပ်လုံးကို တပြိုင်တည်း ကျခံစေရမည်။

(ခ) ထပ်မံချမှတ်သည့် ပြစ်ဒဏ်သည်၊ ကာလအပိုင်းအခြားအားဖြင့် သုံးလ၊ သို့တည်းမဟုတ် သုံးလထက်ပိုသည့်ပြင်၊ ဤအက်ဥပဒေအရလည်း ဆိုင်းငံ့၍မထားလျှင်၊ ပြစ်မှုကျူးလွန်သူအား၊ အကျဉ်းထောင်သို့ ဖြစ်စေ၊ စစ်ဘက်အချုပ်သို့ဖြစ်စေ၊ ယခင်ကျန်ရှိနေသေးသည့် ပြစ်ဒဏ် အစိတ်အပိုင်းအတွက်ပါ ပို့ရမည်။ သို့သော်လည်း ပြစ်ဒဏ်နှစ်ရပ်လုံးကို၊ တပြိုင်တည်း ကျခံစေရမည်။ ထို့ပြင်

(ဂ) ထပ်မံချမှတ်သည့် ပြစ်ဒဏ်သည်၊ ကာလအပိုင်းအခြားအားဖြင့် သုံးလအောက်လျော့သည့်ပြင်၊ ဤအက်ဥပဒေအရလည်း ဆိုင်းငံ့၍ မထားလျှင်၊ ပြစ်မှုကျူးလွန်သူကို ထိုပြစ်ဒဏ်အတွက်သာလျှင် အကျဉ်းထောင်သို့ဖြစ်စေ၊ စစ်ဘက်အချုပ်သို့ဖြစ်စေ ပို့ရမည်။ ထို့ပြင် ယခင်ပြစ်ဒဏ် ချမှတ်ချက်ကို၊ ပုဒ်မ ၁၈၉ အရဖြစ်စေ၊ ပုဒ်မ ၁၉၀ အရဖြစ်စေ၊ ချမှတ်နိုင်သည့် အမိန့်တခုခုနှင့် မဆန့်ကျင်စေဘဲ၊ ဆက်လက်ဆိုင်းငံ့ထားရမည်။

**ပြစ်ဒဏ် ဆိုင်းငံ့ ထားခြင်း၏ အာဏာသက်ရောက်ခြင်း။**

၁၉၂။ ။ပုဒ်မ ၁၈၅ နှင့် ၁၈၉ အရ အပ်နှင်းထားသည့် အာဏာများသည်၊ ပြစ်ဒဏ်လျော့သော၊ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ပြုသော၊ ပြစ်ဒဏ်လျော့ပေါ့ပြောင်းလဲသောအာဏာများကို ဖြည့်စွက်ခြင်းများသာ ဖြစ်စေရမည်၊ ယုတ်လျော့စေခြင်းများ မဖြစ်စေရ။

**193.** (1) Where in addition to any other sentence the punishment of dismissal or cashiering has been awarded by a court-martial, and such other sentence is suspended under section 185, then, such dismissal or cashiering shall not take effect until so ordered by the authority or officer specified in section 185.

Effect of suspension and remission on dismissal or cashiering.

(2) If such other sentence is remitted under section 189, the punishment of dismissal or cashiering shall also be remitted.

## CHAPTER XV.

### Special Provisions in Relation to Ships.

**194.** Every master or other officer in command of any merchant or other vessel under the convoy of any ship of the Union Government in commission shall obey the commanding officer thereof in all matters relating to the navigation or security of the convoy; and shall take such precautions for avoiding the enemy as may be directed by such commanding officer, and if he fails to obey such directions, such commanding officer may compel obedience by force of arms without being liable for any loss of life or property that may result from his using such force.

Master of merchant vessel to obey orders of convoying officer.

**195.** All other persons ordered to be received or being passengers on board any of the ships of the Union Government ships in commission shall be deemed to be persons subject to this Act, under such regulations as the President may from time to time direct.

Other persons embarked as passengers.

**အမြဲတန်း ထုတ် ပစ်ခြင်း၊ သို့တည်း မဟုတ် ရွှတ်ချ၍ အမြဲတန်း ထုတ်ပစ်ခြင်းတွင် ပြစ်ဒဏ် ဆိုင်းငံ့ ထားခြင်းနှင့် ပြစ်ဒဏ် လွှတ်ငြိမ်း သက်သာ ခွင့်ပြုခြင်းတို့ အာဏာည်ဖြစ်ခြင်း။**

၁၉၃။ ။(၁) **စစ်တရားရုံး**က၊ အခြားပြစ်ဒဏ်တခုခုအပြင်၊ အမြဲတန်းထုတ်ပစ်ဒဏ်ကိုပါ ဖြစ်စေ၊ ရွှတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်ကိုပါဖြစ်စေ၊ ချမှတ်ပြီး၊ ပုဒ်မ ၁၇၅ အရ ထိုအခြားပြစ်ဒဏ်ကို ဆိုင်းငံ့ထားပါက၊ ထိုအမြဲတန်းထုတ်ပစ်ဒဏ်သည်၊ သို့တည်းမဟုတ် ရွှတ်ချ၍အမြဲတန်းထုတ်ပစ်ဒဏ်သည်၊ အဆိုပါ ပုဒ်မတွင် သီးခြားဖော်ပြထားသည့် အာဏာပိုင်ကသော်၎င်း၊ အရာရှိကသော်၎င်း၊ အတည်ဖြစ်စေဟု အမိန့်မချမခြင်း၊ အာဏာည်မဖြစ်စေရ။

(၂) ပုဒ်မ ၁၇၉ အရ ထိုအခြားပြစ်ဒဏ်ကို လွှတ်ငြိမ်းသက်သာခွင့်ပြုလျှင်၊ အမြဲတန်းထုတ်ပစ်ဒဏ်၊သို့တည်းမဟုတ် ရွှတ်ချ၍အမြဲတန်းထုတ်ပစ်ဒဏ်ကိုပါ လွှတ်ငြိမ်းသက်သာခွင့်ပြုရမည်။

## အခဏ်း ၁၅။

### သင်္ဘောများနှင့်စပ်လျဉ်းသည့်အထူးပြဋ္ဌာန်းချက်များ။

**ကုန်သည် ရေယာဉ်၏ ရေယာဉ်မှူးသည် ခြံရံ စောင့်ကြပ်သည့် အရာရှိ၏ အမိန့်များကို နာခံရန်။**

၁၉၄။ ။တာဝန် ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံ အစိုးရသင်္ဘော (**Ship of the Union Government in commission**) တစင်း၏ ခြံရံစောင့်ကြပ်မှုကို ခံယူသော ကုန်သည်ရေယာဉ်တစင်းကိုဖြစ်စေ၊ အခြားရေယာဉ်တစင်းကိုဖြစ်စေ၊ ကွပ်ကဲသော ရေယာဉ်မှူး၊ သို့တည်းမဟုတ် အခြားအရာရှိတိုင်းသည်၊ ခြံရံစောင့်ကြပ်ထားသည့် ရေယာဉ်စု၏ သွားလာမှု၊ သို့တည်းမဟုတ် လုံခြုံမှုနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးတွင်၊ ခြံရံစောင့်ကြပ်သော တာဝန် ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံ အစိုးရသင်္ဘောကို ကွပ်ကဲသော အရာရှိ၏ အမိန့်များကို နာခံရမည့်ပြင်၊ ထိုကွပ်ကဲသည့် အရာရှိက ညွှန်ကြားသည့်အတိုင်း၊ ရန်သူကိုရှောင်ရှားရေးအတွက် ကြိုတင်စီမံမှုများကို ပြုလုပ်ရမည်။ ထို့ပြင် အဆိုပါ ညွှန်ကြားချက်များကို၊ ထိုသူလိုက်နာရန် ပျက်ကွက်လျှင်၊ ထိုကွပ်ကဲသည့်အရာရှိသည်၊ လက်နက်ဖြင့် အတင်းအကြပ် လိုက်နာစေနိုင်သည်။ အဆိုပါ အရာရှိက ထိုသို့လက်နက်အသုံးပြုရခြင်းမှ ပေါ်ပေါက်နိုင်သည့် အသက်ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပစ္စည်းဆုံးရှုံးခြင်း တခုခုအတွက်၊ ထိုအရာရှိအပေါ် တာဝန်မရှိစေရ။

**ခရီးသည်များအဖြစ် လိုက်ပါသည့် အခြားသူများ။**

၁၉၅။ ။တာဝန် ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံ အစိုးရ၏ မည်သည့်သင်္ဘောပေါ်တွင်မဆို၊ အမိန့်အရ လက်ခံထားသော၊ သို့တည်းမဟုတ် ခရီးသည်များဖြစ်ကြသော အခြားသူအားလုံးသည်၊ နိုင်ငံတော်သမတက၊ စည်းမျဉ်းဥပဒေများအရ၊ အခါအားလျော်စွာ၊ ညွှန်ကြားသည့် အတိုင်း၊ ဤအက်ဥပဒေကို လိုက်နာရသူများ ဖြစ်သည်ဟု မှတ်ယူရမည်။

**196.** With respect to vessels in naval service in time of war, whether belonging to the Union Government or not, which are not wholly manned by naval ratings, but being either armed or under the command of an officer in naval service, the following provisions shall take effect if in any case the President thinks fit so to direct, and where such direction is given the same shall be specified in the ship's articles:—

**Provisions respecting discipline in ships in naval service in time of war.**

(*a*) Every person borne on the books of any such vessels shall be subject to this Act.

(*b*) Any offence committed by any such person shall be tried and punished by a court-martial as the like offence might be tried and punished if committed by any person subject to this Act.

(*c*) Every such offender who is to be tried by court-martial shall be placed under all necessary restraint until he can be tried by court-martial.

(*d*) The officer commanding every such vessel shall have the same power in respect of all other persons borne on the books thereof or for the time being on board the same, as the officer commanding one of the ships of the Union Government in commission has for the time being in respect of the officers and crew thereof or other persons on board the same:

Provided that in the absence of the officer commanding such vessels, the officer commanding the ship or vessel or station in which such person may for the time being be held in custody shall have such power as aforesaid.

(*e*) The Chief of Staff and the officer commanding the naval command shall have the same powers over the officers and crew of every such vessels as they have for the time being over the officers and crew of any of the ships of the Union Government in commission.

**စစ်ဖြစ်သောအခါ၊ ရေတပ်တွင်၊ အသုံးပြုသည့် သင်္ဘောများတွင် စည်းကမ်းနှင့် စပ်လျဉ်းသော ပြဋ္ဌာန်း ချက်များ။**

၁၉၆။ ။ပြည်ထောင်စုနိုင်ငံ အစိုးရပိုင်သည်ဖြစ်စေ၊ မပိုင်သည်ဖြစ်စေ၊ ရေတပ်သားစင်းလုံးပြည့် မပါရှိသော်လည်း၊ လက်နက်တပ်ဆင်ထားသော၊ သို့တည်းမဟုတ် ရေတပ်တွင် အမှုထမ်းသည့် အရာရှိက ကွပ်ကဲသော၊ စစ်ဖြစ်သောအခါ ရေတပ်တွင် အသုံးပြုသည့် ရေယာဉ်များနှင့် စပ်လျဉ်း၍၊ နိုင်ငံတော် သမတက ညွှန်ကြားသင့်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း ညွှန်ကြားလျှင်၊ အောက်ပါ ပြဋ္ဌာန်းချက်များသည် အတည်ဖြစ်စေရမည့်ပြင်၊ အဆိုပါ ညွှန်ကြားချက်ကို ထုတ်သောအခါ၊ ထိုညွှန်ကြားချက်ကို၊ ထိုသင်္ဘော၏ စည်းမျဉ်းများတွင် သီးခြားဖော်ပြထားရမည်။

(က) အဆိုပါ ရေယာဉ်တစင်း၏ သင်္ဘောသားစာရင်းတွင် ပါရှိသူတိုင်းသည်၊ ဤအက်ဥပဒေကို လိုက်နာရမည်။

(ခ) ထိုသူတဦးဦးက ကျူးလွန်သည့်ပြစ်မှုကို၊ ဤအက်ဥပဒေကို လိုက်နာရသူ ပဉ်းဦးက အလားတူပြစ်မှုကို ကျူးလွန်လျှင်၊ စစ်ဆေးစီရင်၍ ပြစ်ဒဏ်ချမှတ်သည့်နည်းတူ၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်၍ ပြစ်ဒဏ်ချမှတ်ရမည်။

(ဂ) စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ရမည်ဖြစ်သော အဆိုပါပြစ်မှုကျူးလွန်သူတိုင်းကို၊ စစ်တရားရုံးဖြင့် မစစ်ဆေးနိုင်သေးမီ၊ လိုအပ်သောချုပ်ချယ်မှုများဖြင့် ထားရှိရမည်။

(ဃ) တာဝန် ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံအစိုးရ၏ မည်သည့်သင်္ဘောကို မဆို၊ ကွပ်ကဲသည့်အရာရှိသည်၊ ထိုသင်္ဘောပေါ်ရှိ အရာရှိများ၊ သင်္ဘောသားများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထိုသင်္ဘောပေါ်ရှိ အခြားသူများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အခိုက်အတန့်အားဖြင့် အာဏာများ ရရှိသကဲ့သို့၊ ထိုရေယာဉ်တိုင်းထို ကွပ်ကဲသည့် အရာရှိသည်လည်း၊ ထိုရေယာဉ်၏ သင်္ဘောသား စာရင်းတွင် ပါရှိသည့်၊ သို့တည်းမဟုတ် ထိုရေယာဉ်ပေါ်တွင်၊ အခိုက်အတန့်အားဖြင့်ရှိကြသည့် အခြားသူများ အားလုံးနှင့် စပ်လျဉ်း၍ ထပ်တူအာဏာများရရှိရမည်။

သို့ရာတွင် ထိုရေယာဉ်များကို ကွပ်ကဲသည့် အရာရှိ မရှိသည့်အခါ၊အခိုက်အတန့်အားဖြင့် အဆိုပါသူအား အချုပ်နှင့် ထားနိုင်ရာဖြစ်သည့် သင်္ဘောကိုဖြစ်စေ၊ ရေယာဉ်ကိုဖြစ်စေ၊ စခန်းကိုဖြစ်စေ၊ ကွပ်ကဲသည့် အရာရှိသည်၊ အထက်တွင် ဆိုခဲ့သည့်အာဏာကို ရရှိရမည်။

(င) ကာကွယ်ရေး ဦးစီးချုပ်နှင့် ရေတပ်တိုင်းမှူးသည်၊ ပြည်ထောင်စုနိုင်ငံ အစိုးရ အသုံးပြုနေသော သင်္ဘောတစင်း၏ အရာရှိများနှင့် သင်္ဘောသားများအပေါ် အခိုက်အတန့်အားဖြင့် အာဏာများရှိသကဲ့သို့၊ ထိုရေယာဉ်တိုင်း၏ အရာရှိများနှင့် ရေတပ်သားများအပေါ်တွင် ထပ်တူအာဏာများ ရမှိရမည်။

**197.** (1) When any one of the ships of the Union Government in commission is wrecked, lost, destroyed, or taken by the enemy, such ships shall, for the purposes of this Act, be deemed to remain in commission until the crew shall be regularly removed into some other ships of war of the Union Government, or until a court of enquiry shall have been held, pursuant to the custom of the navy in such cases, to inquire into the cause of the wreck, loss, destruction, or capture of the said ship.

**Provisions in consequence of wreck, loss, destruction or capture of ships.**

(2) When no specific charge is made against any officer or seaman or other person in the fleet for or in respect or in consequence of such wreck, loss, destruction, or capture, it shall be lawful to try all the officers and crew, or all the surviving officers and crew of any such ship together, before one and the same court, and to call upon all or any of them when upon their trial to give evidence on oath or affirmation before the court touching any of the matters then under inquiry, but no officer or seaman or other person shall be obliged to give any evidence which may tend to criminate himself.

(3) When deemed necessary by the President or any officer authorized to order courts-martial separate courts-martial shall be held for the trial of some one or more of such officers and crew for or in respect or in consequence of the wreck, loss, destruction, or capture of any such ship.

သဘော်များ ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီး ခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီး ခံရခြင်းနှင့် စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များ။

၁၉၇။ ။(၁) တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံ အစိုးရ၏ မည်သည့် သဘော်မဆို ပျက်သည့်အခါ၊ ဆုံးရှုံးသည့်အခါ၊ ဖျက်ဆီးခြင်း ခံရသည့်အခါ၊ သို့တည်းမဟုတ် ရန်သူ၏ ဘမ်းဆီးခြင်းကို ခံရသည့်အခါ၊ ပြည်ထောင်စုနိုင်ငံအစိုးရ၏ အခြားစစ်သဘော်အချို့သို့ ထို သဘော်သားများကို နည်းလမ်းတကျ ရွှေ့ပြောင်းမပေးရသေးမီ၊ သို့တည်းမဟုတ် ထိုကိစ္စများတွင် ရေတပ် မလေ့ ထုံးစံနှင့်အညီ အဆိုပါ သဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီးခံရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် ခုံရုံး၊ ရုံးမထိုင်နိုင်သေးမီ၊ ဤအက်ဥပဒေ၏ ကိစ္စများအလို့ငှါ၊ အဆိုပါသဘော်များကို ပြည်ထောင်စု နိုင်ငံ အစိုးရက အသုံးပြုနေသေးသည်ဟု မှတ်ယူရမည်။

(၂) အဆိုပါ သဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီး ခံရခြင်းအတွက်သော်၎င်း၊ အဆိုပါ သဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်း မဟုတ် ဘမ်းဆီးခံရခြင်းနှင့် စပ်လျဉ်း၍သော်၎င်း၊ အဆိုပါ သဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီးခြင်းခံရခြင်းကြောင့်သော်၎င်း၊ ထိုရေတပ်မတော် ၏ အရာရှိ တဦးဦးကို ဖြစ်စေ၊ သဘော်သား တဦးဦးကိုဖြစ်စေ၊ အခြားသူ တဦးဦးကိုဖြစ်စေ၊ သီးခြားစွပ်စွဲခြင်းမပြုသည့်အခါ၊ အဆိုပါ သဘော်၏ အရာရှိများနှင့် သဘော်သား အားလုံးကို၊ သို့တည်းမဟုတ် မသေဘဲ ကျန်ရှိနေသည့် အရာရှိများနှင့် သဘော်သားအားလုံးကို စစ် တရားရုံး တရုံးတည်းဖြင့် အတူတကွ စစ်ဆေးစီရင်နိုင်သည့်ပြင်၊ ထိုသူအားလုံးကိုသော်၎င်း၊ ထိုသူတို့အနက် တဦးဦးကိုသော်၎င်း၊ စုံစမ်း စစ်ဆေးသဲ အကြောင်း အရာများ အနက် အကြောင်းအရာ တခုခုနှင့် စပ်လျဉ်း၍လည်း၊ ထိုစစ်တရားရုံးတွင် ကျမ်းသစ္စာဖြစ်စေ၊ ကတိ သစ္စာဖြစ်စေ၊ ပြုပြီး သက်သေခံစေနိုင်သည်။ သို့သော်လည်း အရာရှိ၊ သဘော်သား၊ သို့တည်း မဟုတ် အခြားသူမှာ မိမိအပေါ် ပြစ်မှုထင်ရှားစေသည့် သဘော သက်ရောက် နိုင်သော သက်သေခံချက်ပေးရန် တာဝန်မရှိစေရ။

(၃) နိုင်ငံတော် သမတက၊ သို့တည်းမဟုတ် စစ်တရားရုံးများ ဖွဲ့စည်းရန် အာဏာ အပ် ထားခြင်းခံရသည့် အရာရှိတဦးဦးက လိုအပ်သည်ဟု မှတ်ယူသည့်အခါ၊ အဆိုပါ သဘော်ပျက် ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီး ခံရခြင်းအတွက် ဖြစ်စေ၊ အဆိုပါ သဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီးခံရခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဆိုပါသဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီးခံရခြင်းကြောင့်ဖြစ်စေ၊ အဆိုပါ အရာရှိများနှင့် သဘော်သားများအနက် တယောက်၊ သို့တည်းမဟုတ် တယောက်ထက်ပိုသော သူများကို စစ်ဆေး စီရင်ခြင်းအတွက် သီးခြား စစ်တရားရုံးများ ရုံးထိုင်စေရမည်။

(4) For any offence committed by any officer or seaman after the wreck, loss, destruction, or capture of any such ship, a separate court-martial shall be held for the trial of such offender.

(5) If the ship of any officer ordered to command any two or more ships of the Union Government in commission is wrecked, lost, or otherwise destroyed, such officer shall continue in the command of any ship or ships which at the time of his ship being wrecked, lost, or destroyed was or were under his command, and it shall be lawful for such officer to order the surviving officers and crew of the wrecked, lost, or destroyed ships to join any other ship under his command, or to distribute them among the other ships under his command, if more than one, and such officer shall, until he meets with some other officer senior to himself, have the same power and authority in all respects as if his ship had not been wrecked, lost, or destroyed.

## CHAPTER XVI.

### Property of Deceased Persons, Deserters and Lunatics.

Property of deceased persons and deserters other than officers.

**198.** (1) On the death or desertion of any person subject to this Act, not being an officer, the commanding officer of the corps, department, detachment, ship or unit to which the deceased or deserter belonged, shall, as soon as may be and subject to any rules that may be made in this behalf—

(a) secure all the movable property belonging to the deceased or deserter that is in camp or quarters, and cause an inventory thereof to be made.

(b) draw the pay and allowances due to such person.

(c) make due provision for the payment of regimental and other debts in camp or quarters, if any, of such person.

(၄) အဆိုပါ သဘော်ပျက်စီးပြီးနောက်၊ ဆုံးရှုံးပြီးနောက်၊ ဖျက်ဆီးခံရပြီးနောက်၊ သို့တည်းမဟုတ် ဘမ်းဆီးခံရပြီးနောက်၊ အရာရှိတဦးဦးက ဖြစ်စေ၊ ရေတပ်သား တဦးဦးက ဖြစ်စေ၊ ကျူးလွန်သည့် ပြစ်မှုတခုခုအတွက် ထိုပြစ်မှုကျူးလွန်သူကို စစ်ဆေးစီရင်ရန် သီးခြား စစ်တရားရုံးတရုံး ဖွဲ့စည်းထိုင်စေရမည်။

(၅) တာဝန် ထမ်းဆောင်နေသည့် ပြည်ထောင်စု နိုင်ငံ အစိုးရ သဘော်များအနက်၊ သဘော်နှစ်စင်းကိုဖြစ်စေ၊ နှစ်စင်းထက်ပိုသော သဘော်များကိုဖြစ်စေ၊ ကွပ်ကဲရန် အမိန့် ရရှိသည့် အရာရှိတဦးဦး၏ သဘော်ပျက်လျှင်၊ ဆုံးရှုံးလျှင်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ဖျက်ဆီးခံရလျှင်၊ ထိုအရာရှိသည်၊ မိမိ၏ သဘော်ပျက်ချိန်၌ဖြစ်စေ၊ ဆုံးရှုံးချိန်၌ဖြစ်စေ၊ ဖျက်ဆီးခံရချိန်၌ဖြစ်စေ၊ မိမိ၏ ကွပ်ကဲမှု အောက်တွင်ရှိသော အခြားသဘော်တစင်းကို သော်၎င်း၊ အများကိုသော်၎င်း၊ ဆက်လက်ကွပ်ကဲလျက် ရှိရမည့်ပြင်၊ ယင်းသို့ ပျက်သည့်၊ ဆုံးရှုံးသည့်၊ သို့တည်းမဟုတ် ဖျက်ဆီးခံရသည့် သဘော်များမှ မသေဘဲ ကျန်ရှိနေကြသော အရာရှိများနှင့် သဘော်သားများအား၊ မိမိ၏ ကွပ်ကဲမှုအောက်ရှိ အခြားသဘော်တစင်းတွင် လိုက်ပါကြရမည်ဟု အမိန့်ပေးနိုင်သည်။ သို့တည်းမဟုတ် မိမိ၏ ကွပ်ကဲမှုအောက်တွင် သဘော် တစင်းထက် ပိုနေလျှင်၊ ထိုသဘော်များသို့ ထိုသူများကို ခွဲဝေပို့နိုင်သည်။ ထို့ပြင်၊ ထိုအရာရှိ သည်၊ မိမိထက် အဆင့်မြင့်သည့် အခြားအရာရှိ တဦးဦးနှင့် မတွေ့မခြင်း မိမိ၏ သဘော်မှာ မပျက်စီး၊ မဆုံးရှုံး၊ သို့တည်းမဟုတ် ဖျက်ဆီးမခံရဘဲသကဲ့သို့ ကိစ္စ အရပ်ရပ်နှင့် စပ်လျဉ်း၍ ထပ်တူအာဏာနှင့် အခွင့်အာဏာကို ရရှိရမည်။

## အခန်း ၁၆။

### သေဆုံးသူများ၊ စစ်ပြေးများနှင့် ရူးသွပ်သူများ၏ပစ္စည်း။

သေဆုံးသော၊ သို့တည်း မဟုတ်တပ်မှထွက်ပြေးသောအ ရာရှိမဟုတ်သူများ၏ပစ္စည်း။

၁၉၇။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသော အရာရှိမဟုတ်သူ တဦးဦးသေဆုံးသော အခါ၊ သို့တည်းမဟုတ် တပ်မှ ထွက်ပြေးသောအခါ၊ သေဆုံးသူ၊ သို့တည်းမဟုတ် စစ်ပြေးပါဝင်သည့် တပ်အဖွဲ့၏ဌာန၊ ခွဲထုတ်တပ်၊ သဘော်၊ သို့တည်းမဟုတ် တပ်၏ တပ်မှူးသည်၊ ဤကိစ္စအလို့ငှါ ပြုထားသည့်နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ဆောလျင် နိုင်သမျှ ဆောလျင်စွာ——

(က) သေဆုံးသူ၊ သို့တည်းမဟုတ် စစ်ပြေးပိုင်ဆိုင်သည့်၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာ နေရာ၌ဖြစ်စေ၊ ရှိသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအားလုံးကို ရယူထားရမည့် ပြင်၊ ထိုပစ္စည်းများ၏ စာရင်းတခုကိုလည်း ပြုလုပ်စေရမည်။

(ခ) ထိုသူရထိုက်သော လစာနှင့် စရိတ်ကို ထုတ်ယူရမည်။

(ဂ) ထိုသူ၏၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာ နေရာ၌ဖြစ်စေ၊ တပ်ကြွေးမြီများနှင့် အခြား ကြွေးမြီများ ရှိခဲ့လျှင်၊ ထိုကြွေးမြီများကို ပေးဆပ်ရန်အတွက် ထိုက်သင့် သော ငွေထားရှိရမည်။

(2) In the case of a deceased person, the commanding officer,—

(*a*) if in any case not otherwise provided for by rules made under this Act it appears to him to be necessary to make provision for the payment of regimental and other debts in camp or quarters, the funeral expenses of the deceased and the expenses, if any, incurred by the commanding officer in respect of the estate of the deceased, shall and

(*b*) in any other case, may,

collect all moneys left by the deceased in any banking company (including any post office savings bank, co-operative bank or society or any other institution receiving deposits in money however named) and for that purpose may require the agent, manager or other proper officer of such banking company, society or other institution to pay the moneys to the commanding officer forthwith, notwithstanding anything in the rules of the banking company, society or other institution, and such agent, manager or other officer shall be bound to comply with the requisition.

(3) Where any money has been paid by a banking company, society or other institution in compliance with a requisition made under sub-section (2) no person shall have any claim against the banking company, society or other institution in respect of such money.

(4) Where the representative of a deceased has given security to the satisfaction of the commanding officer for the payment of the regimental and other debts in camp or quarters, if any, and of the funeral expenses of the deceased in cases where no provision for the payment of such expenses has been made otherwise and of the expenses, if any, incurred by the commanding officer in respect of the estate of the deceased, the commanding officer shall deliver over the property received by him under sub-sections (1) and (2) to that representative, whereupon his responsibility for the administration of the estate of the deceased shall cease.

(၂) သေဆုံးသူတဦးနှင့် သက်ဆိုင်သည့်ကိစ္စ ဖြစ်လျှင်၊ တပ်မှူးသည်——

(က) ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိလျှင်၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာ နေရာဖြစ်စေ၊ ရှိသည့်တပ်ကြေးမြီများနှင့် အခြားကြေးမြီများကို ပေးဆပ်ရန်သာမက၊ သေဆုံးသူ၏ မသာစရိတ်စကများအပြင်၊ သေဆုံးသူ၏ ပစ္စည်းဥစ္စာနှင့်စပ်သျဉ်း၍ တပ်မှူးက ကုန်ကျရသည့်စရိတ်စကများ ရှိခဲ့လျှင်၊ ထိုစရိတ်စကများကိုပါ ပေးရန်လိုအပ်သည်ဟု မိမိ ထင်မြင်ယူဆပါက၊ ဘဏ်တွင် (စာတိုက်၊ငွေစုဘဏ်တခု၊ သို့တည်းမဟုတ် သမငါယမဘဏ် တခု၊ သို့တည်းမဟုတ် အဖွဲ့တခု၊ သို့တည်းမဟုတ် မည်သည့်အမည်ဖြင့်မဆို ခေါ်ထားစေကာမူ၊ အပ်ငွေများ လက်ခံသည့် အခြား အဖွဲ့အစည်းတခုခုပါဝင်သည်)၊ သေဆုံးသူထားခဲ့သည့် ငွေအားလုံးကို တောင်းယူရမည်။ ထို့ပြင်

(ခ) အခြားကိစ္စ တခုခုအတွက်သည်း ထိုငွေများအားလုံးကို တောင်းယူနိုင်သည်။

ထို့ပြင် အထက်ဘွင် ဆိုခဲ့သည့် ကိစ္စများအတွက်၊ ထိုဘဏ်၊ အဖွဲ့၊ သို့တည်းမဟုတ် အခြားအဖွဲ့အစည်း၏ နည်းဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ၊ ထိုငွေများကိုတပ်မှူးအား ချက်ခြင်းပေးရန် ထိုဘဏ်၊ အဖွဲ့၊ သို့တည်းမဟုတ် အခြားအဖွဲ့အစည်း၏ကိုယ်စားလှယ်၊ မန်နေဂျာ၊ သို့တည်းမဟုတ် အခြားဆိုင်ရာ အရာရှိအား တောင်းဆိုနိုင်သည်။ ထိုသို့ တောင်းဆိုသည့်အခါ၊ ထိုကိုယ်စားလှယ်၊ မန်နေဂျာ၊ သို့တည်းမဟုတ် အခြားဆိုင်ရာအရာရှိသည်၊ ထိုသို့တောင်းဆိုသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲ (၂) အရ တောင်းဆိုသည့်အတိုင်း လိုက်နာဆောင်ရွက်၍၊ ထိုဘဏ်၊ အဖွဲ့၊ သို့တည်းမဟုတ် အခြားအဖွဲ့အစည်းက ငွေကိုထုတ်ပေးပြီးသောအခါ၊ ထိုဘဏ်၊ အဖွဲ့၊ သို့တည်းမဟုတ် အခြားအဖွဲ့အစည်းအား ထိုငွေနှင့်စပ်သျဉ်း၍ မည်သူ့မှာမျှ တောင်းဆိုပိုင်ခွင့်မရှိစေရ။

(၄) သေဆုံးသူမှာ၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ တပ်ကြေးမြီများနှင့် အခြားကြေးမြီများရှိခဲ့လျှင်၊ ထိုကြေးမြီများကို ပေးဆပ်ရန်၊ ထို့ပြင် သေဆုံးသူ၏ မသာစရိတ်စကများပေးရန် အခြားနည်းစီမံရာထားခြင်းမရှိလျှင်၊ ထိုစရိတ်စကများကို ပေးရန်၊ ထို့ပြင် သေဆုံးသူ၏ပစ္စည်းဥစ္စာနှင့် စပ်လျဉ်း၍ တပ်မှူးက ကုန်ကျရသည့် စရိတ်စကများ ရှိခဲ့လျှင်၊ ထိုစရိတ်စကများကိုပေးရန်၊ သေဆုံးသူ၏ကိုယ်စား ဆောင်ရွက်သူက တပ်မှူးကြေနပ်လောက်အောင် ခံဝန်ပေးသောအခါ၊ တပ်မှူးသည်၊ ပုဒ်မခွဲ (၁) နှင့် (၂) အရ လက်ခံရရှိသောပစ္စည်းကို၊ ထိုကိုယ်စား ဆောင်ရွက်သူအားလက်ရောက်ပေးအပ်ရမည်။ ထိုသို့ လက်ရောက်ပေးအပ်လိုက်သောအခါ၊ သေဆုံးသူ၏ပစ္စည်းဥစ္စာကို စီမံခန့်ခွဲရေးအတွက် တပ်မှူး၏တာဝန်သည် ရပ်စဲရမည်။

(5) In the case of a deceased whose estate has not been dealt with under sub-section (4), or under section 205, and in the case of a deserter, the commanding officer—

(i) if in his opinion it is necessary so to do for the purpose of securing the payment of the regimental and other debts in camp or quarters of the deceased or deserter, the funeral expenses of the deceased, if any, and the expenses, if any, incurred by the commanding officer in respect of the estate of the deceased or deserter, shall and

(ii) in any other case, may, cause the movable property of the deceased or deserter, as the case may be, to be sold or converted into money.

(6) The commanding officer shall, out of the moneys received, collected or realized under sub-sections (1), (2) and (5), pay the regimental and other debts in camp or quarters, if any, of the deceased or deserter, as the case may be, the expenses, if any, incurred by the commanding officer in respect of the estate of the deceased or deserter, and in the case of a deceased his funeral expenses in cases where no provision for the payment of such expenses has been made otherwise.

(7) The surplus, if any, after payment of the debts and expenses specified in sub-section (6), shall—

(*a*) in the case of a deceased, be paid to his representative, if any, or in the event of no claim to such surplus being established within twelve months after the death, to the prescribed person; and

(*b*) in the case of a deserter, be forthwith paid to the prescribed person, and shall, on the expiry of three years from the date of desertion, be forfeited to the Government, unless the deserter shall have surrendered or been apprehended in the meantime:

Provided that the prescribed person may, if the deserter has not surrendered or been apprehended in the meantime, pay the whole

(၅) ပုဒ်မခွဲ (၄) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၅ အရ၊ ပစ္စည်းဥစ္စာကိုစီမံခန့်ခွဲခြင်း မခံရသည့် သေဆုံးသူတဦး၏ ကိစ္စတွင်ရင်း၊ စစ်ပြေးတဦး၏ ကိစ္စတွင်ရင်း၊ တပ်မှူးသည်—

(က) သေဆုံးသူ၏၊ သို့တည်းမဟုတ် စစ်ပြေး၏ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ ဖြစ်စေ၊ ရှိသည့် တပ်ကြေးမြီများနှင့် အခြားကြေးမြီများ၊ သေဆုံးသူ၏ မသာစရိတ်စကများရှိခဲ့လျှင်၊ ထိုမသာစရိတ်စကများ၊ ထို့ပြင် သေဆုံးသူ သို့တည်းမဟုတ် စစ်ပြေး၏ ပစ္စည်းဥစ္စာနှင့် စပ်လျဉ်း၍ တပ်မှူးက ကုန်ကျ ရသည့်စရိတ်စကများ ရှိခဲ့လျှင်၊ ထိုစရိတ်စကများ မပျက်မကွက် ပေးဆပ် နိုင်စေခြင်းငှာ၊ သေဆုံးသူ၊ သို့တည်းမဟုတ် စစ်ပြေး၊ သက်ဆိုင်ရာရာ၏ ရွှေ့ ပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းရန်သော်ရင်း၊ ငွေအဖြစ်သို့ ပြောင်းလဲရန် ရင်း၊ လိုအပ်သည်ဟု မိမိထင်မြင်ယူဆလျှင်၊ ထိုရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းစေရမည်၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲ စေရမည်။ ထို့ပြင်

(ခ) အခြားကိစ္စတခုခုအတွက်သည်း၊ ထိုရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ရောင်း စေနိုင်သည်၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲစေနိုင်သည်။

(၆) ပုဒ်မခွဲ (၁)၊ (၂) နှင့် (၅) အရ လက်ခံရရှိသည့်၊ တောင်းယူရရှိသည့်၊ သို့တည်း မဟုတ် တုခွဲ၍ရယူသည့်ငွေများထဲမှ၊ သေဆုံးသူ၊ သို့တည်းမဟုတ် စစ်ပြေး၊ သက်ဆိုင်ရာရာ၏၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ တပ်ကြေးမြီများနှင့် အခြားကြေးမြီများရှိခဲ့လျှင်၊ ထိုကြေးမြီများကို သေဆုံးသူ၊သို့တည်းမဟုတ် စစ်ပြေး၏ပစ္စည်းဥစ္စာနှင့် စပ်လျဉ်း၍ တပ်မှူးက ကုန်ကျရသည့် စရိတ်စကများ ရှိခဲ့လျှင်၊ ထိုစရိတ်စကများကို၊ ထို့ပြင်၊ သေဆုံးသူတဦး၏ ကိစ္စတွင်၊ သူ၏မသာ စရိတ်စကများပေးရန်၊ အခြားနည်း စီမံရာထားခြင်း မရှိလျှင်၊ အဆိုပါ မသာစရိတ်စကများကို တပ်မှူးက ပေးရမည်။

(၇) ပုဒ်မခွဲ (၆) တွင် သီးခြားဖော်ပြထားသည့် ကြွေးမြီများနှင့် စရိတ်စကများကို ပေးပြီးသည့်နောက် ငွေပိုရှိခဲ့လျှင်၊ ထိုပိုငွေကို—

(က) သေဆုံးသူတဦး၏ ကိစ္စတွင်၊ သေဆုံးသူ၏ကိုယ်စားဆောင်ရွက် သူရှိခဲ့လျှင်၊ ထိုကိုယ်စား ဆောင်ရွက်သူအား၊ သို့တည်းမဟုတ် သေဆုံးပြီးနောက် တဆယ့် နှစ်လအတွင်း ထိုပိုငွေ ရထိုက်ကြောင်း ခိုင်လုံသော အထောက်အထား ပြ၍မတောင်းဆိုလျှင်၊ သတ်မှတ်ထားသူအား ပေးရမည်၊ ထို့ပြင်

(ခ) စစ်ပြေးတဦး၏ ကိစ္စတွင်၊ သတ်မှတ်ထားသူအား ချက်ခြင်းပေးရမည်။ ထို့ပြင် ထိုသူတပ်မှ ထွက်ပြေးသည့် နေ့ရက်မှအစပြု၍၊ သုံးနှစ်မကုန်ဆုံးမီ၊ ထိုစစ်ပြေး လာ၍ ဘမ်းဆီးခြင်းမခံလျှင်၊ သို့တည်းမဟုတ် ထိုစစ်ပြေးအား ဘမ်းဆီး ရမိခြင်းမရှိလျှင်၊ ထိုသုံးနှစ်ကုန်ဆုံးသောအခါ၊ ထိုပိုငွေကို အစိုးရဘဏ္ဍာတော် အဖြစ်သိမ်းယူရမည်။

သို့ရာတွင် ထိုသုံးနှစ်မကုန်ဆုံးမီ၊ ထိုစစ်ပြေးလာ၍ ဘမ်းဆီးခြင်းမခံလျှင်၊ သို့တည်းမဟုတ် ထိုစစ်ပြေးအား ဘမ်းဆီးရမိခြင်းမရှိလျှင်၊ သတ်မှတ်ထားသူသည်၊ အပိုဒ် (ခ) အရ မိမိ

or any part of the surplus received by him under clause (*b*) to the wife or children or any other dependant of the deserter at any time during the said period of three years.

Property of officers who die or desert.

**199.** The provisions of section 198 shall, subject to the following modifications, also apply to the disposal of the property of any officer who dies or deserts:

(*a*) The functions of the commanding officer under section 198 shall be performed by a Committee of Adjustment constituted in this behalf in the prescribed manner;

(*b*) The surplus, if any, after payment of the debts and expenses specified in sub-section (6) of section 198, shall in the case of a deceased officer, be paid to the prescribed person.

Decision of questions as to regimental and other debts in camp or quarters.

**200.** If in any case a doubt or difference arises as to what are the regimental and other debts in camp or quarters of a deceased officer or deserter or as to the amount payable in respect thereof, the decision of the prescribed person shall be final and shall be binding on all persons for all purposes.

Representative powers of commanding officer or Committee.

**201.** For the purpose of the exercise of his or its duties under section 198 or section 199, the commanding officer or the Committee, as the case may be, shall, to the exclusion of all other persons and authorities whomsoever or whatsoever, have the same rights and powers as if he or it had taken out representation to the estate of the deceased, and any receipt given by the commanding officer or the Committee, as the case may be, shall have effect accordingly.

လက်ခံရရှိသော ပိုင်ငွေအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ထိုစစ်ပြေး၏ မယားအားသော်၎င်း၊ သားသမီးများအားသော်၎င်း၊ အခြားမှီခိုသူ တဦးဦးအား သော်၎င်း၊ တိုသုံးနှစ်ကာလ အပိုင်းအခြားအတွင်း၊ မည်သည့်အချိန်အခါ၌မဆို ပေးနိုင်သည်။

**သေဆုံးသော၊ သို့တည်းမဟုတ် တပ်မှ ထွက်ပြေးသော အရာရှိများ၏ပစ္စည်း။**

၁၉၉။ ။ပုဒ်မ ၁၉၈ ပါ ပြဋ္ဌာန်းချက်များသည်၊ အောက်ပါ ပြောင်းလဲပြင်ဆင်ခြင်းများနှင့် မဆန့်ကျင်စေဘဲ သေဆုံးသော၊ သို့တည်းမဟုတ် တပ်မှ ထွက်ပြေးသော အရာရှိ တဦးဦး၏ ပစ္စည်းကို စီမံခန့်ခွဲရေးနှင့်လည်း သက်ဆိုင်စေရမည်။

(က) ပုဒ်မ ၁၉၈ အရ၊ တပ်မှူးကဆောင်ရွက်ရမည့် အလုပ်ဝတ်တရားများကို၊ ဤကိစ္စအလို့ငှါ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဖွဲ့စည်းသည့် စီမံခန့်ခွဲရေးကော်မီတီက ဆောင်ရွက်ရမည်။

(ခ) သေဆုံးသောအရာရှိတဦး၏ကိစ္စတွင်၊ ပုဒ်မ ၁၉၈ ၏ ပုဒ်မခွဲ (၆) ၌သီးခြားဖော်ပြထားသော ကြွေးမြီများနှင့် စရိတ်စကများကိုပေးပြီးသည့်နောက် ငွေပိုရှိခဲ့လျှင်၊ ထိုပိုငွေကို သတ်မှတ်ထားသူအား ပေးရမည်။

**စစ်စခန်း၌ ဖြစ်စေ၊ နေထိုင်ရာ နေရာ၌ဖြစ်စေ၊ ရှိသည့် တပ် ကြွေးမြီများ၊ အခြား ကြွေးမြီများနှင့် စပ်လျဉ်းသည့် ပြဿနာများ ဆုံးဖြတ်ခြင်း။**

၂၀၀။ ။သေဆုံးသောအရာရှိတဦး၏၊ သို့တည်းမဟုတ် စစ်ပြေးတဦး၏၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့်တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများသည်၊ မည်သည်တို့ဖြစ်ကြသည်ဆိုသည့် အချက်နှင့်စပ်လျဉ်း၍၊ သို့တည်းမဟုတ် ထိုပေးဆပ်ရမည့် ကြွေးမြီမည်မျှမည်မျှရှိသည်ဆိုသည့် အချက်နှင့်စပ်လျဉ်း၍ သံသယသော်၎င်း၊ ကွဲလွဲမှုသော်၎င်း ရှိလျှင်၊ သတ်မှတ်ထားသောသူ၏ ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ်ဖြစ်စေရမည့်ပြင်၊ ကိစ္စအရပ်ရပ်အတွက် အားလုံးသောသူများအပေါ် အတည်ဖြစ်စေရမည်။

**တပ်မှူး၊ သို့တည်း မဟုတ် ကော်မီတီက ကိုယ်စားဆောင်ရွက်နိုင်သည့် အာဏာများ။**

၂၀၁။ ။တပ်မှူး၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မီတီ၊ သက်ဆိုင်ရာရာက၊ ပုဒ်မ ၁၉၈ အရဖြစ်စေ၊ ပုဒ်မ ၁၉၉ အရဖြစ်စေ၊ မိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာတွင်၊ အခြားအာဏာပိုင် အားလုံးနှင့် အခြားသူအားလုံးက မည်သို့မျှ စွက်ဖက်ခွင့်မရှိစေဘဲ၊ သေဆုံးသူနှင့် သက်ဆိုင်သည့် ကိုယ်စားဆောင်ရွက်နိုင်ခွင့် လက်မှတ်ကို တပ်မှူး၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေး ကော်မီတီက ရယူထားဘိသကဲ့သို့ ထပ်တူအခွင့်အရေးနှင့် အာဏာများကို ရရှိရမည့်ပြင်၊ ထိုတပ်မှူး၊ သို့တည်းမဟုတ် ထိုကော်မီတီ၊ သက်ဆိုင်ရာရာကပေးသောပြေစာသည်လည်း၊ ထိုအခွင့်အရေးနှင့် အာဏာများအရ ပေးသောပြေစာကဲ့သို့ အကျိုးသက်ရောက်စေရမည်။

**202.** (1) Notwithstanding anything contained in the Administrator-General's Act, the Administrator-General shall not interpose in any manner in relation to any property of a deceased which has been dealt with under the provisions of section 198 or section 199, except in so far as he is expressly required or permitted to do so by or under the provisions of this Act.

Power of the President to hand over estate of deceased person to the Administrator-General.

(2) The President may, at any time and in such circumstances as he thinks fit, direct that the estate of a deceased shall be handed over by the commanding officer or the Committee, as the case may be, to the Administrator-General for administration, and thereupon the commanding officer or the Committee, as the case may be, shall make over the estate to the Administrator-General.

(3) Where under this section any estate is handed over to the Administrator-General, the Administrator-General shall administer such estate in accordance with the provisions of the Administrator-General's Act:

Provided that the regimental and other debts in camp or quarters of the deceased, if any, shall be paid by the Administrator-General in priority to any other debts due by the deceased.

(4) The Administrator-General shall pay the surplus, if any, remaining in his hands after discharging all debts and charges, to the heirs of the deceased, and, if no heir is traceable, shall make over the surplus in the prescribed manner to the prescribed person.

(5) The Administrator-General shall not charge in respect of his duties under this section any fee exceeding three per cent of the gross amount coming to or remaining in his hands after payment of the regimental and other debts in camp or quarters.

**203.** On receipt of the surplus referred to in sub-section (7) of section 198 or clause (*b*) of section 199 or sub-section (4) of section 202, the prescribed person shall—

Disposal of surplus by prescribed persons.

(*a*) if he knows of a representative of the deceased, pay the surplus to that representative;

၂၀၂။ ။(၁) အမွေထိန်းမင်းကြီးအက်ဥပဒေ(The Administrator-General's Act)တွင် မည်သို့ပင်ပါရှိစေကာမူ၊ အမွေထိန်းမင်းကြီးသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များက၊ သို့တည်းမဟုတ် ထိုပြဋ္ဌာန်းချက်များအရ မိမိအား အထီအလင်းဆောင်ရွက်စေသည့်အတိုင်း၊ သို့တည်းမဟုတ် ဆောင်ရွက်ခွင့်ပြုသည့်အတိုင်း ဆောင်ရွက်ရန်ရှိသည်မှတပါး၊ ပုဒ်မ ၁၉၈၊ သို့တည်းမဟုတ် ပုဒ်မ ၁၉၉ ပါ ပြဋ္ဌာန်းချက်များအရ စီမံခန့်ခွဲထားသော သေဆုံးသူတဦး၏ ပစ္စည်းတခုခုနှင့်စပ်လျဉ်း၍၊ တနည်းနည်းဖြင့် ကြားဝင်ဆောင်ရွက်ခြင်းမပြုရ။

သေဆုံးသူ၏ ပစ္စည်း ဥစ္စာကို အမွေထိန်း မင်းကြီးထံ လွှဲအပ်ရန် နိုင်ငံတော် သမတ၏ အာဏာ။

(၂) နိုင်ငံတော်သမတသည်၊ မည်သည့်အခါမဆို၊ အခြေအနေအရ သင့်တော်မည်ထင်လျှင် တပ်မှူး၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မီတီအား၊ သေဆုံးသူတဦး၏ ပစ္စည်းဥစ္စာကို စီမံခန့်ခွဲရေးအတွက် အမွေထိန်းမင်းကြီးထံ လွှဲအပ်ရမည်ဟု ညွှန်ကြားနိုင်သည်။ ထိုပြင် ထိုသို့ ညွှန်ကြားသည့်အခါ၊ ထိုတပ်မှူး၊ သို့တည်းမဟုတ် ထိုကော်မီတီသည်၊ အဆိုပါ ပစ္စည်းဥစ္စာကို အမွေထိန်းမင်းကြီးထံ လွှဲအပ်ရမည်။

(၃) ဤပုဒ်မအရ ပစ္စည်းဥစ္စာကို အမွေထိန်းမင်းကြီးထံ လွှဲအပ်သောအခါ၊ အမွေထိန်းမင်းကြီးသည်၊ အမွေထိန်းမင်းကြီး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိုပစ္စည်းဥစ္စာကို စီမံခန့်ခွဲရမည်။

သို့ရာတွင် သေဆုံးသူ၏ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ တပ်ကြေးမြီများနှင့် အခြားကြေးမြီများရှိခဲ့လျှင်၊ ထိုကြေးမြီများကို၊ ထိုသူပေးဆပ်ရမည့် အခြားကြေးမြီတခုခုထက် ဦးစားပေး၍ ပေးဆပ်ရမည်။

(၄) အမွေထိန်းမင်းကြီးသည်၊ ကြေးမြီများနှင့် စရိတ်များကိုပေးပြီးသည့်နောက်၊ မိမိလက်ငယ် ငွေပိုကျန်နေလျှင်၊ ထိုပိုငွေကို၊ သေဆုံးသူ၏ အမွေစားအမွေခံများအား ပေးရမည်။ ထိုပြင် အမွေစားအမွေခံကို ရှာဖွေ၍မရလျှင်၊ သတ်မှတ်ထားသောသူထံ၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ထိုပိုငွေကို ပေးအပ်ရမည်။

(၅) အမွေထိန်းမင်းကြီးသည်၊ မိမိ၏လက်ဝယ်ရောက်ရှိသည့် စုစုပေါင်းငွေ၏၊ သို့တည်းမဟုတ် စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့်တပ်ကြေးမြီများနှင့် အခြားကြေးမြီများပေးဆပ်ပြီးသည့်နောက်၊ မိမိ၏လက်ဝယ် ကျန်ရှိသည့်ငွေ၏ သုံးရာခိုင်နှုန်းထက်ပို၍၊ မိမိ၏ တာဝန်ဝတ်တရားများနှင့် စပ်လျဉ်းပြီး အခကြေးငွေမယူရ။

၂၀၃။ ။သတ်မှတ်ထားသောသူသည်၊ ပုဒ်မ ၁၉၈ ၏ပုဒ်မခွဲ (၁) တွင်သော်၎င်း၊ ပုဒ်မ ၁၉၉ ၏အပိုဒ် (ခ) တွင်သော်၎င်း၊ ပုဒ်မ ၂၀၂ ၏ ပုဒ်မခွဲ (၄) တွင်သော်၎င်း၊ ရည်ညွှန်းထားသည့် ပိုငွေကို လက်ခံရရှိသောအခါ—

သတ်မှတ်ထားသောသူများက ပိုငွေကိုစီမံခန့်ခွဲခြင်း။

(က) သေဆုံးသူနှင့်စပ်လျဉ်း၍ ကိုယ်စားဆောင်ရွက်သူရှိကြောင်း မိမိသိရှိလျှင်၊ ထိုပိုငွေကို ထိုကိုယ်စား ဆောင်ရွက်သူအား ပေးရမည်။

(*b*) if he does not know of any such representative and the surplus has not been disposed of under section 205, publish every year a notice in the prescribed form and manner for six consecutive years and if no claim to the surplus is made by a representative of the deceased within six months after the publication of the last of such notices, the prescribed person shall deposit the surplus together with any income or accumulation of income accrued therefrom to the credit of the Government:

Provided that such deposit shall not bar the claim of any person to such surplus or any part thereof, if he is otherwise entitled to it.

Disposal of effects, not money.

**204.** Where any part of the estate of a deceased person consists of effects, securities or other property not converted into money, the provisions of sub-section (7) of section 198, clause (*b*) of section 199 and clause (*b*) of section 203, with respect to the payment of the surplus shall, save as may be prescribed, extend to the delivery, transmission or transfer of such effects, securities or property, and the prescribed person shall have the same power of converting the same into money as a representative of the deceased.

Disposal of certain property without production of probate, etc.

**205.** Property deliverable and money payable to the representative of a deceased under section 198 or section 199 or section 203 may, if the total amount or value thereof does not exceed five thousand kyats and if the prescribed person thinks fit, be delivered or paid to any person appearing to him to be entitled to receive it or to administer the estate of the deceased without requiring such person to produce any probate, letters of

(ခ) ထိုကိုယ်စား ဆောင်ရွက်သူရှိကြောင်း မိမိ မသိသည့်ပြင်၊ ပုဒ်မ ၂၀၅ အရ ပိုငွေကို စီမံခန့်ခွဲမှု မပြုရသေးလျှင်လည်း၊ နို့တစ်စာတစောင်ကို၊ သတ်မှတ်ထားသည့် ပုံစံဖြင့်၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ ခြောက်နှစ်ဆက်၍နှစ်စဉ်နှစ်တိုင်းထုတ်ပြန်ကြေညာရမည်။ ထိုပြင်အဆိုပါနို့တစ်စာများအနက်၊ နောက်ဆုံးနို့တစ်စာထုတ်ပြန်ကြေညာပြီးသည့်နောက် ခြောက်လအတွင်း၊ ထိုသေဆုံးသူနှင့်စပ်လျဉ်းသည့် ကိုယ်စားဆောင်ရွက်သူတဦးဦးက၊ ထိုပိုငွေကိုတောင်းဆိုခြင်းမပြုလျှင်၊ သတ်မှတ်ထားသောသူသည်၊ ထိုပိုငွေကို ထိုငွေမှဖြစ်ထွန်းသည့် အမြတ်အစွန်းနှင့်ဖြစ်စေ၊ ထိုအမြတ်အစွန်းမှ တိုးပွါးလာသည့် အမြတ်အစွန်းများနှင့်ဖြစ်စေ၊ အဘာ့တာ့ အစိုးရ၏ ရငွေအဖြစ်အပ်နှံရမည်။

သို့ရာတွင် တဦးတယောက်သောသူမှာ ထိုပိုငွေကို အခြားနည်းဖြင့်ရထိုက်ခွင့်ရှိလျှင် ယင်းသို့ အစိုးရ ရငွေအဖြစ်အပ်နှံခြင်းသည်၊ ထိုပိုငွေကိုဖြစ်စေ၊ ထိုပိုငွေ၏ တစိတ်တဒေသကိုဖြစ်စေ၊ ထိုသူတောင်းဆိုပိုင်ခွင့်ကို တားမြစ်ခြင်းမဖြစ်စေရ။

**ငွေမဟုတ်သည့် ပစ္စည်း အရပ်ရပ်ကို စီမံခန့်ခွဲခြင်း။**

၂၀၄။ ။သေဆုံးသူတဦး၏ ပစ္စည်းဥစ္စာ တစိတ်တဒေသတွင် ငွေအဖြစ်သို့ မပြောင်းလဲရသေးသည့် ပစ္စည်းအရပ်ရပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ သို့တည်းမဟုတ် အခြားပစ္စည်းပါဝင်သည့်အခါ၊ ထိုပစ္စည်းအရပ်ရပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ သို့တည်းမဟုတ် အခြားပစ္စည်းများကို လက်ရောက်ပေးအပ်ခြင်း၊ ပို့ပေးခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းခြင်းအတွက်၊ သတ်မှတ်ထားခြင်းမရှိလျှင်၊ ပိုငွေပေးခြင်းနှင့် စပ်သျဉ်း၍၊ ပုဒ်မ ၁၉၈ ၏ ပုဒ်မခွဲ (၇)၊ ပုဒ်မ ၁၉၉ ၏ အပိုဒ်(ခ)နှင့် ပုဒ်မ ၂၀၃ ၏ အပိုဒ်(ခ)ပါ ပြဋ္ဌာန်းချက်များသည်၊ ၎င်းတို့နှင့်လည်း သက်ဆိုင်စေရမည်။ ထို့ပြင် သတ်မှတ်ထားသောသူသည်၊ သေဆုံးသူနှင့်စပ်လျဉ်းသည့် ကိုယ်စားဆောင်ရွက်သူတဦးကဲ့သို့၊ ထိုပစ္စည်းအရပ်ရပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ သို့တည်းမဟုတ် အခြားပစ္စည်းကို ငွေအဖြစ်သို့ ပြောင်းလဲခြင်းအတွက် ထာဝတူ အာဏာချုပ်ရမည်။

**သေတမ်းစာ အတည် ပြုလက်မှတ် အစရှိသည် တို့ကို မတင်ပြဘဲ ပစ္စည်း တခုခုကို စီမံခန့်ခွဲခြင်း။**

၂၀၅။ ။သေဆုံးသူနှင့်စပ်လျဉ်းသည့် ကိုယ်စားဆောင်ရွက်သူအား၊ ပုဒ်မ ၁၉၈ အရဖြစ်စေ၊ ပုဒ်မ ၁၉၉ အရဖြစ်စေ၊ ပုဒ်မ ၂၀၃ အရဖြစ်စေ၊ လက်ရောက် ပေးအပ်ရမည့်ပစ္စည်းနှင့် ပေးရမည့်ငွေကို၊ ထိုပစ္စည်း၏ တန်ဘိုးသည့်ငွေ၊ ထိုငွေအရေအတွက်သည့်ငွေ၊ ကျပ်ငါးထောင်ထက်မပိုလျှင်၊ ထို့ပြင် သတ်မှတ်ထားသောသူက သင့်တော်သည်ဟု ယူဆလျှင်၊ သတ်မှတ်ထားသောသူသည်၊ ထိုပစ္စည်းကိုဖြစ်စေ၊ ထိုငွေကိုဖြစ်စေ၊ လက်ခံရယူပိုင်ခွင့်ရှိသည်ဟု မိမိထင်မြင်သော သူတဦးဦးအား၊ သို့တည်းမဟုတ် သေဆုံးသူ၏ပစ္စည်းဥစ္စာကို စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု မိမိထင်မြင်သော သူတဦးဦးအား၊ သေတမ်းစာအတည်ပြုလက်မှတ်ကိုဖြစ်စေ၊ အမွေထိန်းလက်မှတ်ကို

administration, succession certificate or other such conclusive evidence of title.

Discharge of commanding officer, Committee, prescribed person and the President.

**206.** Any payment or application of money or application, delivery, sale or other disposition of any property made, or purported to be made, by the commanding officer, the Committee or the prescribed person in good faith in pursuance of section 198, section 199, section 203, section 204 or section 205 shall be valid and shall be a full discharge to the commanding officer, the Committee or the prescribed person, as the case may be, and to the President from all further liability in respect of that money or property; but nothing herein contained shall affect the right of any executor or administrator or other representative, or of any creditor of the deceased against any person to whom such payment or delivery has been made.

Property in the hands of commanding officer, Committee or prescribed person not to be assets where commanding officer, Committee or prescribed person is stationed.

**207.** Any property coming into the hands of the commanding officer or the Committee or the prescribed person under section 198, section 199 or sub-section (4) of section 202 shall not, by reason thereof, be deemed to be assets or effects at the place in which that commanding officer or the Committee or the prescribed person is stationed, and it shall not be necessary by reason thereof that representation be taken out in respect of that property for that place.

Saving of rights of representative.

**208.** After the commanding officer, or the Committee has paid to the prescribed person the surplus of the property of any deceased under sub-section (7) of section 198 or clause (*b*) of section 199, any representative of the deceased or the Administrator-General, shall, as regards any property of the deceased not collected by the commanding officer or the Committee as the case may be, and not forming part of the

ဖြစ်စေ၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကိုဖြစ်စေ၊ ထိုသို့ပိုင်ဆိုင်ခွင့်ရှိကြောင်း အခြားအပြီးသတ်သက်သေအထောက်အထားကိုဖြစ်စေ၊ မတင်ပြစေဘဲလက်ရောက်ပေးအပ်နိုင်သည်၊ သို့တည်းမဟုတ် ပေးနိုင်သည်။

**တပ်မှူး၊ ကော်မီတီ၊ သတ်မှတ်ထားသော သူ၊ ထို့ပြင် နိုင်ငံတော် သမတ တွင် တာဝန် ကင်းလွတ်ခြင်း။**

၂၀၆။ ။ပုဒ်မ ၁၉၈၊ ပုဒ်မ ၁၉၉၊ ပုဒ်မ ၂၀၃၊ ပုဒ်မ ၂၀၄၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၅ နှင့်အညီ တပ်မှူးကဖြစ်စေ၊ စီမံခန့်ခွဲရေးကော်မီတီကဖြစ်စေ၊ သတ်မှတ်ထားသောသူကဖြစ်စေ၊ သဘောရိုးဖြင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်သည့်သဘော သက်ရောက်စေသော ငွေပေးခြင်း၊ သို့တည်းမဟုတ် ငွေသုံးစွဲခြင်းသည်၊ သို့တည်းမဟုတ် ပစ္စည်းတခုခုကို သုံးစွဲခြင်းသည်၊ လက်ရောက်ပေးအပ်ခြင်းသည်၊ ရောင်းခြင်းသည်၊ သို့တည်းမဟုတ် အခြားစီမံခန့်ခွဲခြင်းသည်၊ ခိုင်လုံရမည့်ပြင်၊ ထိုငွေနှင့်ဖြစ်စေ၊ ပစ္စည်းနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ တပ်မှူး၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မီတီ၊ သို့တည်းမဟုတ် သတ်မှတ်ထားသောသူ၊ သို့တည်းမဟုတ် နိုင်ငံတော်သမတ၊ သက်ဆိုင်ရာရာသည်၊ ဆက်လက်တာဝန်ရှိခြင်းမှ ကင်းလွတ်စေရမည်။ သို့သော်လည်း ဤပုဒ်မတွင် ပါရှိသော မည်သည့်အချက်ကမျှ၊ ထိုသို့ငွေပေးခြင်း၊ သို့တည်းမဟုတ် လက်ရောက်ပေးအပ်ခြင်းခံရသူတဦးဦးအား၊ သေဘာမ်းစာအတည်ပြုသူကဖြစ်စေ၊ အမွေထိန်းကဖြစ်စေ၊ အခြားကိုယ်စားဆောင်ရွက်သူကဖြစ်စေ၊ သေဆုံးသူ၏မြီရှင်ကဖြစ်စေ၊ တောင်းဆိုနိုင်သည့် အခွင့်အရေးကို မထိခိုက်စေရ။

**တပ်မှူး၊ ကော်မီတီ၊ သို့တည်းမဟုတ် သတ်မှတ်ထားသောသူ၏ လက်ဝယ် တွင်ရှိသည့် ပစ္စည်းသည်၊ ထိုတပ်မှူး၊ ကော်မီတီ၊ သို့တည်း မဟုတ် သတ်မှတ် ထားသော သူ၏ တာဝန် ထမ်းဆောင်ရာ ဖြစ်သည့် နေရာအရပ်တွင် သေသူ ကျန်ရှိသည့် ပစ္စည်း ဥစ္စာများ မဖြစ်စေရ။**

၂၀၇။ ။ပုဒ်မ ၁၉၈ အရသော်၎င်း၊ ပုဒ်မ ၁၉၉ အရသော၎င်း၊ ပုဒ်မ ၂၀၂ ၏ ပုဒ်မခွဲ (၄)အရသော်၎င်း၊ တပ်မှူး၊ စီမံခန့်ခွဲရေးကော်မီတီ၊ သို့တည်းမဟုတ် သတ်မှတ်ထားသောသူ၏လက်ဝယ်သို့ ရောက်လာသော ပစ္စည်းသည်၊ထိုသို့လက်ဝယ်ရောက်လာသည့် အကြောင်းကြောင့် ထိုတပ်မှူး၊ ထိုကော်မီတီ၊ သို့တည်းမဟုတ်ထိုသတ်မှတ်ထားသောသူ တာဝန်ထမ်းဆောင်ရာဖြစ်သည့် နေရာအရပ်တွင် သေသူကျန်ရှိသည့် ပစ္စည်းဥစ္စာများဖြစ်သည်ဟု မမှတ်ယူရ။ ထို့ပြင် ထိုသို့လက်ဝယ်ရောက်လာသည့် အကြောင်းကြောင့်၊ ထိုနေရာအရပ်အတွက်၊ ထိုပစ္စည်းဥစ္စာများနှင့် စပ်လျဉ်း၍ ကိုယ်စားဆောင်ရွက်ခွင့် လက်မှတ်ကိုလည်း ထုတ်မယူစေရ။

**ကိုယ်စား ဆောင်ရွက် သူ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ခြွင်းချက်။**

၂၀၈။ ။တပ်မှူး၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မီတီသည်၊ ပုဒ်မ ၁၉၈ ၏ ပုဒ်မခွဲ (၇)အရဖြစ်စေ၊ ပုဒ်မ ၁၉၉ ၏ အပိုဒ် (၁) အရဖြစ်စေ၊ သတ်မှတ်ထားသောသူထံ၊ သေဆုံးသူ၏ပစ္စည်းအနက် ပိုနေသော ပစ္စည်းကို အပ်ပြီးသည့်နောက်၊ သေဆုံးသူနှင့်စပ်လျဉ်းသည့်ကိုယ်စားဆောင်ရွက်သူ၊ သို့တည်းမဟုတ် အမွေထိန်းမင်းကြီးသည်၊ ထိုတပ်မှူးကသော်၎င်း၊ ထိုကော်မီတီကသော်၎င်း၊ စုဆောင်းထိန်းသိမ်း မထားသည့်ပြင်၊ အထက်ဆိုခဲ့သည့် ပိုနေသောပစ္စည်းတစိတ်တဒေသအဖြစ်နှင့်လည်းမပါဝင်သည့် သေဆုံးသူ၏

aforesaid surplus, have the same rights and duties as if sections 198 and 199 had not been enacted.

Application of sections 198 to 208 to persons of unsound mind or to persons reported missing on active service.

**209.** The provisions of sections 198 to 208 shall, so far as they can be made applicable, also apply in the case of a person subject to this Act, who, notwithstanding anything contained in the Lunacy Act, is ascertained in the prescribed manner to be of unsound mind, or who, while on active service, is officially reported missing, as if he had died on the day on which his unsoundness of mind is so ascertained or, as the case may be, on the day on which he is officially reported missing:

Provided that in the case of a person so reported missing, no action shall be taken under sub-sections (2) to (6) of section 198 or section 199 or section 202 until such time as he is officially presumed to be dead.

Appointment of Standing Committee of Adjustment in certain cases.

**210.** When an officer dies or deserts or is ascertained in the prescribed manner to be of unsound mind or while on active service is officially reported missing, the references in the foregoing provisions of this Chapter to the Committee shall be construed as references to the Standing Committee of Adjustment, if any, constituted in this behalf in the prescribed manner and such Standing Committee shall alone be entitled to perform all the functions of the Committee under this Chapter.

## CHAPTER XVII.

### APPEALS.

Constitution of Court-Martial Appeal Court.

**211.** (1) There shall be a Court-Martial Appeal Court whereof the judges shall be—

(*a*) Such of the Judges of the High Court as the Chief Justice of the Union may from time to time nominate for the purpose;

ပစ္စည်းနှင့် စပ်လျဉ်း၍၊ ပုဒ်မ ၁၉၇ နှင့် ၁၉၉ တို့ကို ပြဋ္ဌာန်းခြင်းမပြုဘိသကဲ့သို့၊ စီမံခန့်ခွဲရန် အခွင့်အရေးများနှင့် တာဝန်ဝတ်ဘရားများ ရရှိစေရမည်။

ပုဒ်မ ၁၉၇ မှ ပုဒ်မ ၂၀၇ ထိဖြစ်သော ပုဒ်မများသည်၊ ရူးသွပ်သူများ၊ သို့တည်းမဟုတ် တန်းပြည့် စစ်မှု ထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟုအကြောင်းကြားခြင်း ခံရသူများ နှင့် သက်ဆိုင်ခြင်း။

၂၀၉။ ။ရူးသွပ်ခြင်းအက်ဥပဒေ (The Lunacy Act)တွင် မည်သို့ပင်ပါရှိစေကာမူ သဘ်မှတ်ထားသည့်နည်းလမ်းအတိုင်းအမှန်ရူးသွပ်သည်ဟု စုံစမ်းသိရှိရသော၊ဤအက်ဥပဒေကို လိုက်နာရသူတဦး၏ကိစ္စတွင်၊ ထိုသူ ရူးသွပ်ခြင်းမှန်ကန်ကြောင်း စုံစမ်းသိရှိရသည့်နေ့ရက်၌၊ ထိုသူ သေဆုံးဘိသကဲ့သို့၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟု အကြောင်းကြားခြင်းခံရသော၊ ဤအက် ဥပဒေကို လိုက်နာရသူ တဦး၏ကိစ္စတွင်၊ ထိုသို့အကြောင်းကြားခြင်းခံရသည့်နေ့ရက်၌၊ ထိုသူသေဆုံးဘိသကဲ့သို့၊ ပုဒ်မ ၁၉၇ မှ ပုဒ်မ ၂၀၇ ထိဖြစ်သော ပုဒ်မများပါ ပြဋ္ဌာန်းချက်များသည်၊ အဆိုပါသူများနှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။

သို့ရာတွင် ပျောက်ဆုံးနေပြီဟု အကြောင်းကြားခြင်းခံရသူ၏ကိစ္စတွင်၊ ထိုသူသေဆုံးပြီဟု ဆိုင်ရာအာဏာပိုင်က မှတ်ယူခြင်းမပြုသေးသမျှ၊ ပုဒ်မ ၁၉၇ ၏ ပုဒ်မခွဲ(၂)မှ (၆)ထိဖြစ်သော ပုဒ်မခွဲများအရဖြစ်စေ၊ ပုဒ်မ ၁၉၉ အရဖြစ်စေ၊ ပုဒ်မ ၂၀၂ အရဖြစ်စေ၊ အရေးမယူရ။

အချို့ ကိစ္စများတွင် အမြဲတန်း စီမံခန့်ခွဲရေး ကော်မီတီ ခန့်အပ်ခြင်း။

၂၁၀။ ။အရာရှိတဦး သေဆုံးသည့်အခါ၊ သို့တည်းမဟုတ် တပ်မှ ထွက်ပြေးသည့်အခါ၊ သို့တည်းမဟုဘ် အမှန်ရူးသွပ်သည်ဟု သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စုံစမ်းသိရှိရသည့်အခါ၊ သို့တည်းမဟုတ် တန်းပြည့် စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟု အကြောင်းကြားခြင်း ခံရသည့်အခါ၊ ဤအခန်းရှိ အထက်ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များတွင် စီမံခန့်ခွဲရေးကော်မီတီကို ရည်ညွှန်းသောအခါ၊ ဤကိစ္စအလို့ငှါ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ခန့်အပ်သော အမြဲတမ်း စီမံခန့်ခွဲရေး ကော်မီတီရှိခဲ့လျှင်၊ ထိုအမြဲတမ်း စီမံခန့်ခွဲရေး ကော်မီတီကို ရည်ညွှန်းဘိသကဲ့သို့ အဓိပ္ပါယ်ကောက်ယူရမည်။ ထို့ပြင် ထိုအမြဲတမ်း စီမံခန့်ခွဲရေးကော်မီတီကသာ ဤအခန်းပါ စီမံခန့်ခွဲရေးကော်မီတီ၏ အလုပ်ဝတ်တရားများကို ဆောင်ရွက်ခွင့်ရရှိရမည်။

## အခန်း ၁၇။

### အယူခံခြင်းများ။

၂၁၁။ ။(၁) စစ်ဘက်အယူခံ တရားရုံးတရုံးရှိရမည်။ ထိုစစ်ဘက်အယူခံ တရားရုံး၏ တရားသူကြီးများသည်၊ အောက်ပါအတိုင်း ဖြစ်ရမည်။

စစ်ဘက် အယူခံ တရားရုံးဖွဲ့စည်းခြင်း။

(က) နိုင်ငံတော်တရားဝန်ကြီးချုပ်က၊ ဤကိစ္စအလို့ငှါ၊ တရားလွှတ်တော် တရားဝန်ကြီးများထဲမှ အခါအားလျော်စွာ ရွေးချယ်သော၊ တရားလွှတ်တော် တရားဝန်ကြီးများ၊

(*b*) such of the officers not below the rank of Lieutenant-Colonel of the Defence Services as the Chief Justice of the Union may from time to time nominate for the purpose; and

(*c*) such other persons, being persons of legal experience and not in the Government Service, as the Chief Justice of the Union may appoint.

(2) There may be paid to the persons appointed under clause (*c*) of sub-section (1) to be judges of the Courts-Martial Appeal Court such remuneration and such travelling and subsistence allowances, as the President may determine.

(3) There shall be a Registrar of the Courts-Martial Appeal Court to be appointed by the Chief Justice of the Union, with the approval of the President, and the Chief Justice of the Union may appoint such other officers and staff of the Courts-Martial Appeal Court as he may, with the approval of the President as to numbers, determine.

**Supplementary provisions relating to the Courts-Martial Appeal Court.**

**212.** (1) For the purpose of hearing and determining appeals under this Chapter, or any matter preliminary or incidental to an appeal, the Courts-Martial Appeal Court shall be summoned in accordance with the directions given by the Chief Justice of the Union, and shall be deemed to be duly constituted if it consists of—

(*a*) an uneven number of judges, not being less than three; and

(*b*) (subject as hereinafter provided in this Chapter) at least one judge from the number of judges mentioned in clause (*a*) and one judge from the number of judges mentioned in clause (*b*) of sub-section (1) of section 211.

(2) The Courts-Martial Appeal Court shall sit in such place as the Chief Justice of the Union shall direct, whether within or outside the Union of Burma.

(3) The determination of any question before the Courts-Martial Appeal Court shall be according to the opinion of the majority of the judges of the Court hearing the case.

(4) The Courts-Martial Appeal Court shall be a superior Court of record and shall, for the purposes of and subject to the provisions

(ခ) နိုင်ငံတော် တရားဝန်ကြီးချုပ်က၊ ဤကိစ္စအလို့ငှါ၊ တပ်မတော်ရှိ ဒုတိယဗိုလ်မှူးကြီး အဆင့်အောက်မနိမ့်သော အရာရှိများထဲမှ အခါအားလျော်စွာ ရွေးချယ်သောအရာရှိများ၊ ထို့ပြင်

(ဂ) အစိုးရ အမှုထမ်းမဟုတ်သည့် ဥပဒေကျွမ်းကျင်သူများထဲမှ နိုင်ငံတော် တရားဝန်ကြီးချုပ်ကခန့်အပ်သူများ။

(၂) ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဂ) အရ၊ စစ်ဘက်အယူခံတရားရုံး၏ တရားသူကြီးများအဖြစ် ခန့်အပ်ခြင်းခံရသူများအား၊ နိုင်ငံတော်သမတက ဆုံးဖြတ်သည့် အခကြေးငွေ၊ ခရီးစရိတ်နှင့် စားစရိတ်ပေးနိုင်သည်။

(၃) နိုင်ငံတော် သမတ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော် တရားဝန်ကြီးချုပ်က ခန့်အပ်သော စစ်ဘက်အယူခံ တရားရုံး၏ အတွင်းဝန်တဦးရှိရမည်။ ထို့ပြင် နိုင်ငံတော် တရားဝန်ကြီးချုပ်သည်၊ စစ်ဘက်အယူခံ တရားရုံး၏ အခြားအရာရှိများနှင့် အမှုထမ်းများကို မိမိဆုံးဖြတ်သည့်အတိုင်း နိုင်ငံတော်သမတက သဘောတူညီသော အရေအတွက်ထက် မပိုစေဘဲ ခန့်အပ်နိုင်သည်။

**စစ်ဘက် အယူခံ တရားရုံးနှင့် သက်ဆိုင်သော ဖြည့်စွက်ပြဋ္ဌာန်းချက်များ။**

၂၁၂။ ။(၁) ဤအခဏ်းအရ အယူခံမှုများကိုဖြစ်စေ၊ အယူခံမှု၏ အစအဦးကိစ္စတခုခုကိုဖြစ်စေ၊ အယူခံမှုမှ ဖြစ်ပေါ်လာသော ကိစ္စတခုခုကိုဖြစ်စေ၊ ကြားနာစစ်ဆေး ဆုံးဖြတ်ရန်အလို့ငှါ နိုင်ငံတော် တရားဝန်ကြီးချုပ်က ထုတ်သည့်ညွှန်ကြားချက်များနှင့်အညီ စစ်ဘက်အယူခံ တရားရုံးကို ဆင့်ခေါ်ရမည်။ ထို့ပြင် ထိုစစ်ဘက် အယူခံတရားရုံးတွင် အောက်ပါအတိုင်း တရားသူကြီးများပါဝင်လျှင်၊ ထိုစစ်ဘက် အယူခံတရားရုံးသည်၊ နည်းလမ်းတကျ ဖွဲ့စည်းပြီးဖြစ်သော စစ်ဘက်အယူခံတရားရုံးဖြစ်သည်ဟု မှတ်ယူရမည်။

(က) သုံးဦးအောက် မလျော့သော၊ စုံမဟုတ်သည့် အရေအတွက်ရှိသော တရားသူကြီးများ၊ ထို့ပြင်

(ခ) (ဤအခဏ်း၌ နောက်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ) ပုဒ်မ ၂၁၁၊ ပုဒ်မခွဲ (၁) ၏အပိုဒ် (က)တွင် ဖေါ်ပြထားသည့် တရားသူကြီးများအနက် အနည်းဆုံး တရားသူကြီးတဦးနှင့် အပိုဒ် (ခ)တွင် ဖေါ်ပြထားသည့် တရားသူကြီးများအနက် အနည်းဆုံးတဦး။

(၂) စစ်ဘက်အယူခံ တရားရုံးသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းမှာဖြစ်စေ၊ ပြင်ပမှာဖြစ်စေ၊ နိုင်ငံတော် တရားဝန်ကြီးချုပ်က ညွှန်ကြားသည့်နေရာတွင် ရုံးထိုင်ရမည်။

(၃) စစ်ဘက်အယူခံ တရားရုံးတွင် ပြဿနာတရပ်ရပ်ကို ဆုံးဖြတ်ခြင်းသည်၊ အမှုကို ကြားနာစစ်ဆေးသည့် တရားသူကြီးများအနက်၊ များရာတရားသူကြီးများ၏ ထင်မြင်ယူဆချက်အတိုင်းဖြစ်စေရမည်။

(၄) စစ်ဘက် အယူခံတရားရုံးသည်၊ အယက်မေ့ကွန်း ရုံးတရုံးဖြစ်ရမည်။ ထို့ပြင် စစ်ဘက်အယူခံတရားရုံး၌အမှုတခုခုတွင် တရားမျှတမှုရှိအောင်ဆောင်ရွက်ရန်အတွက် ဆုံးဖြတ်

under this Chapter, have full power to determine, in accordance with the provisions of this Chapter, any question necessary to be determined for the purpose of doing justice in any case before the Courts-Martial Appeal Court.

(5) Any directions which may be given under this section by the Chief Justice of the Union shall, in the event of a vacancy in his office or if by reason of absence or for any other reason he is unable to perform the duties of his office, be given by the next senior Judge of the Supreme Court.

Right of appeal from Court-martial.

**213.** (1) Subject to the following provisions of this Chapter, a person convicted by a court-martial may appeal to the Courts-Martial Appeal Court against his conviction.

(2) Except in the case of a conviction involving sentence of death, the right conferred by sub-section (1) on a person convicted by a court-martial shall not be exercisable—

(*a*) unless, within such period as may be prescribed, he presents to the appropriate authority a petition in pursuance of sub-section (2) of section 168 praying that his conviction be set aside; and

(*b*) until either the prescribed period beginning with the day on which the petition is presented expires, or he is notified by that authority of the order passed on the petition and dissatisfied therewith, whichever event first occurs.

(3) Rules of Courts-Martial Appeal Court may provide that, in such circumstances as may be specified in the rules, any such petition as is mentioned in sub-section (2) which is presented to such person as may be specified in the rules, shall be treated, for the purposes of that sub-section, as having been presented to the appropriate authority.

အပ်သည့် ပြဿနာဘရပ်ဘရပ်ကို ဤအခန်း၏ကဏ္ဍများအလိုငှါ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း ဆုံးဖြတ်ရန် အာဏာကုန်ရှိစေရမည်။

(၅) နိုင်ငံတော် တရားဝန်ကြီးချုပ်၏ ရာထူးလစ်လပ်လျှင်ဖြစ်စေ၊ နိုင်ငံတော်တရားဝန်ကြီးချုပ် အလုပ်ခွင်၌ မရှိခြင်းကြောင့်၊ သို့တည်းမဟုတ် အခြား အကြောင်းတခုခုကြောင့် နိုင်ငံတော် တရားဝန်ကြီးချုပ်သည် မိမိ၏ ရာထူးဆိုင်ရာ တာဝန်ဝတ်တရားများကို မဆောင်ရွက်နိုင်လျှင်ဖြစ်စေ၊ ဤပုဒ်မအရ နိုင်ငံတော် တရားဝန်ကြီးချုပ်က ထုတ်နိုင်သော ညွှန်ကြားချက်များကို နိုင်ငံတော် တရားဝန်ကြီးချုပ်နောက် ဝါအရင့်ဆုံးဖြစ်သော တရားလွှတ်တော်ချုပ် တရားဝန်ကြီးက ထုတ်ရမည်။

**စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကိုအယူခံနိုင်ခွင့်။**

၂၁၃။ ။(၁) စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည်၊ မိမိအား ပြစ်မှုထင်ရှား စီရင်ခြင်းကို ဤအခန်းရှိ အောက်ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ စစ်ဘက် အယူခံတရားရုံးဘွင် အယူခံနိုင်သည်။

(၂) သေဒဏ်ပါဝင်သည့် ပြစ်မှုထင်ရှားစီရင်ခြင်းမှတပါး၊ စစ်တရားရုံးတရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား၊ ပုဒ်မခွဲ (၁)ဖြင့် ပေးအပ်ထားသော အခွင့်အရေးကို—

(က) ထိုသူက ဆိုင်ရာ အာဏာပိုင်ထံ မိမိအား ပြစ်မှုထင်ရှား စီရင်ခြင်း ပယ်ဖျက်ပေးရန် လျှောက်လွှာကို သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်း ပုဒ်မ ၁၆၈ ၏ ပုဒ်မခွဲ (၂) နှင့်အညီမတင်လျှင် သုံးစွဲခြင်းမပြုရ၊ ထိုမြင်

(ခ) ထိုလျှောက်လွှာတင်သည့် နေ့ရက်မှ အစပြုသော သတ်မှတ်ထားသည့် ကာလအပိုင်းအခြား မကုန်မီခြင်း၊ သို့တည်းမဟုတ် ထိုလျှောက်လွှာနှင့် စပ်လျဉ်း၍ မိမိမကျေနပ်သည့် အမိန့် ချမှတ်ကြောင်းကို ထိုအာဏာပိုင်က မိမိအား အကြောင်း မကြားမခြင်း၊ ထိုကာလအပိုင်းအခြား ကုန်ဆုံးခြင်းနှင့် ထိုသို့အကြောင်းကြားခြင်းအနက်၊ ထိုကာလ အပိုင်းအခြား ကုန်ဆုံးခြင်းမှာ ထိုသို့အကြောင်းကြားခြင်းထက် ဦးစွာဖြစ်လျှင်၊ ထိုကာလ အပိုင်းအခြားမကုန်မခြင်း သုံးစွဲခြင်းမပြုရ။ အကယ်၍ ထိုသို့ အကြောင်းကြားခြင်းမှာ ထိုကာလ အပိုင်းအခြား ကုန်ဆုံးခြင်းထက် ဦးစွာဖြစ်လျှင်၊ ထိုသို့အကြောင်းမကြားမခြင်း သုံးစွဲခြင်းမပြုရ။

(၃) စစ်ဘက် အယူခံတရားရုံး၏ နည်းဥပဒေများ၌ သီးခြားဖေါ်ပြထားသော အခြေအနေများတွင် ထိုနည်းဥပဒေများ၌ သီးခြားဖေါ်ပြထားသောသူထံ တင်သွင်းသည့် ပုဒ်မခွဲ (၂) တွင် ဖေါ်ပြထားသော လျှောက်လွှာသည်၊ ထိုပုဒ်မခွဲ၏ ကဏ္ဍများ အလို့ငှါ၊ ဆိုင်ရာအာဏာပိုင်ထံ တင်ပြီးသည့် လျှောက်လွှာဖြစ်ဘိသကဲ့သို့ ယူဆရမည်ဟု ထိုနည်းဥပဒေများက ပြဋ္ဌာန်းနိုင်သည်။

**214.** (1) The memorandum of appeal to the Courts-Martial Appeal Court shall be lodged with the Registrar within the prescribed period.

Presentation of memorandum of appeal.

(2) Rules of Courts-Martial Appeal Court may provide that, in such circumstances as may be specified in the rules, any such memorandum of appeal as aforesaid which is lodged with such person (other than the Registrar) as is specified in the rules shall be treated, for the purposes of sub-section (1), as having been lodged with the Registrar.

(3) Where a memorandum of appeal to the Courts-Martial Appeal Court is lodged with a person other than the Registrar in accordance with the Rules of Courts-Martial Appeal Court having effect by virtue of sub-section (2), it shall be the duty of that person to forward such memorandum of appeal to the Registrar with as much expedition as practicable.

**215.** (1) Subject to the provisions of section 216, on an appeal under this Chapter the Courts-Martial Appeal Court shall allow the appeal if they think that the finding of the court-martial cannot be supported having regard to the evidence or involves a wrong decision of a question of law or that, on any ground, there was a miscarriage of justice, and in any other case shall dismiss the appeal:

Determination of appeals in ordinary cases.

Provided that the Courts-Martial Appeal Court may, notwithstanding that they are of the opinion that the point raised in the appeal might be decided in favour of the appellant, dismiss the appeal if they consider that no substantial miscarriage of justice has actually occurred.

(2) If the Courts-Martial Appeal Court allow an appeal under this Chapter they shall set aside the conviction.

**216.** (1) If it appears to the Courts-Martial Appeal Court that an appellant, though not properly convicted on some charge preferred against him before the court-martial by which he was tried, was properly convicted on some other charge so preferred, then, if the sentence passed by the court-martial on the appellant was not warranted by this Act for the offence of which he was convicted on the other charge, the Courts-Martial Appeal Court shall pass on the appellant, in substitution for the sentence passed

Powers of the Courts-Martial Appeal Court.

**အယူခံလွှာတင်သွင်းခြင်း။**

၂၁၄။ ။(၁) စစ်ဘက် အယူခံတရားရုံးသို့ တင်ရန် အယူခံလွှာကို အတွင်းဝန်ထံ သတ်မှတ်ထားသော ကာလ အပိုင်းအခြားအတွင်း တင်သွင်းရမည်။

(၂) စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများ၌ သီးခြားဖော်ပြထားသော အခြေအနေများတွင် ထိုနည်းဥပဒေများ၌ သီးခြားဖော်ပြထားသောသူ (အတွင်းဝန်မဟုတ်သူ) ထံတင်သွင်းသည့်ပုဒ်မခွဲ (၁)တွင်ဖော်ပြထားသော အယူခံလွှာသည်၊ ထိုပုဒ်မခွဲ၏ကိစ္စများအလို့ငှါ၊ အတွင်းဝန်ထံ တင်သွင်းပြီးသည့် အယူခံလွှာ ဖြစ်ဘိသကဲ့သို့ ယူဆရမည်ဟု ထိုနည်းဥပဒေများက ပြဋ္ဌာန်းနိုင်သည်။

(၃) ပုဒ်မခွဲ(၂)ကို အကြောင်းပြု၍ အကျိုးသက်ရောက်သည့် စစ်ဘက်အယူခံ တရားရုံး၏ နည်းဥပဒေများနှင့်အညီ၊ အတွင်းဝန်မဟုတ်သော အခြားသူ တဦးထံ အယူခံလွှာ တင်သွင်းသော အခါ ထိုအခြားသူသည်၊ ထိုအယူခံလွှာကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ အတွင်းဝန်ထံသို့ ပို့ရမည်မှာ ထိုအခြားသူ၏ တာဝန်ဝတ္တရားဖြစ်ရမည်။

**သာမန်အမှုများတွင် အယူခံမှုများကိုဆုံးဖြတ်ခြင်း။**

၂၁၅။ ။(၁) ပုဒ်မ ၂၁၆ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအခန်းအရ အယူခံမှုနှင့် စပ်လျဉ်း၍ စစ်တရားရုံး၏ ဆုံးဖြတ်ချက်သည်၊ သက်သေခံ အထောက်အထားမရှိသဖြင့်မဖြစ်နိုင်ဟု၊ သို့တည်းမဟုတ် ထိုဆုံးဖြတ်ချက်တွင် ဥပဒေကြောင်းဆိုင်ရာ ပြဿနာတရပ်ကို မှားယွင်းစွာ ဆုံးဖြတ်ထားခြင်း ပါဝင်သည်ဟု၊ သို့တည်း မဟုတ် ထိုဆုံးဖြတ်ချက်သည်၊အကြောင်းတခုခုကြောင့် တရားစီရင်မှုလွဲမှားသည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆလျှင်၊ ထိုတရားရုံးသည်၊ အယူခံမှုကို ခွင့်ပြုရမည်။ အဆိုပါ အကြောင်းတခုခု မရှိလျှင်၊ အယူခံမှုကိုပယ်ရမည်။

သို့ရာတွင် စစ်ဘက်အယူခံတရားရုံးသည်၊ အယူခမှုတွင် ထုတ်ဖော်ပြသည့် အချက်ကို အယူခံ တရားလို၏ အကျိုးအတွက် ဆုံးဖြတ်ပေးနိုင်သည်ဟု၊ မိမိထင်မြင် ယူဆ စေကာမူ၊ အရေးယူလောက်သည့် တရားစီရင်မှု လွဲမှားခြင်း အမှန်စင်စစ် မပေါ်ရှိဟု ယူဆလျှင်၊ အယူခံမှုကို ပယ်နိုင်သည်။

(၂) စစ်ဘက် အယူခံတရားရုံးသည်၊ ဤအခန်းအရ အယူခံမှုကို ခွင့်ပြုလျှင် ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရမည်။

**စစ်ဘက် အယူခံ တရားရုံး၏ အာဏာများ။**

၂၁၆။ ။(၁) အယူခံတရားလိုတဦးအား စစ်ဆေးစီရင်သည့် စစ်တရားရုံးက၊ ထိုသူကိုစွဲဆိုသည့် စွဲချက်အချို့အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းသည် နည်းလမ်းတကျ မရှိသော်လည်း၊ စွဲဆိုသည့် အခြားစွဲချက်အချို့အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းသည် နည်းလမ်းတကျရှိသည်ဟု စစ်ဘက် အယူခံတရားရုံးက ထင်မြင်ယူဆလျှင်၊ ထို့နောက် အခြားစွဲချက်အတွက်၊ ထိုအယူခံတရားလိုအား ပြစ်မှုထင်ရှားစီရင်ခြင်း ခံရစေသည့် ပြစ်မှုနှင့် စပ်လျဉ်း၍၊ ထိုသူ့အပေါ် စစ်တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်သည်၊ ဤအက်ဥပဒေက ခွင့်ပြုသော ပြစ်ဒဏ်မဟုတ်လျှင် စစ်ဘက်အယူခံတရားရုံးသည်၊ ထိုသူအပေါ် စစ်တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်အစား၊

on him by the court-martial, such sentence so warranted as they think proper.

(2) Where an appellant has been convicted of an offence and the court-martial by which he was tried could lawfully have found him guilty of some other offence, and it appears to the Courts-Martial Appeal Court that the court-martial must have been satisfied of facts which proved him guilty of that other offence, the Court may, instead of allowing or dismissing the appeal, substitute for the finding of the court-martial a finding of guilty of the other offence and pass on the appellant, in substitution for the sentence passed on him by the court-martial, such sentence as they think proper, being a sentence warranted by this Act for that other offence but not being a sentence of greater severity.

(3) Where—

(*a*) an appellant has been convicted of an offence under circumstances involving the higher of two degrees of punishment, and it appears to the Courts-Martial Appeal Court that the court-martial by which he was tried ought to have found him guilty of the offence as being committed under circumstances involving the lower degree of punishment; or

(*b*) an appellant has been convicted of an offence and it appears to the Courts-Martial Appeal Court that the court-martial by which he was tried ought to have found him guilty of the offence subject to exceptions or variations;

the Courts-Martial Appeal Court may instead of allowing or dismissing the appeal, substitute for the finding of the court-martial a finding of guilty of the offence as being committed under circumstances involving the lower degree of punishment or, as the case may be, guilty of the offence subject to exceptions or variations and pass on the appellant, in substitution for the sentence passed on him by the court-martial, such sentence as they think proper, being a sentence warranted by this Act for the offence specified or involved in the substituted finding, but not being a sentence of greater severity.

ဤအက်ဥပဒေက ခွင့်ပြုသည့်ပြင်၊ အယူခံ တရားရုံးက သင့်မြတ် လျော်ကန်သည်ဟုလည်း ယူဆသော ပြစ်ဒဏ်ကို ထိုသူအပေါ် ချမှတ်ရမည်။

(၂) အယူခံတရားလိုတဦးသည်၊ ပြစ်မှုတခုအတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီး၊ ထိုသူအား စစ်ဆေးစီရင်သည့် စစ်တရားရုံးက၊ အခြားပြစ်မှုအတွက် အပြစ်ရှိသည်ဟု တရားဥပဒေနှင့်အညီ ဆုံးဖြတ်နိုင်မည့်အခါ၊ ထို့ပြင် ထိုသူအား ထိုအခြား ပြစ်မှုအတွက် အပြစ်ရှိကြောင်း ထင်ရှားစေသည့် အကြောင်းခြင်းရာများ ရှိကြောင်းကို စစ်တရားရုံးက ကြေနပ်ပြီးဖြစ်သည်ဟု စစ်ဘက်အယူခံ တရားရုံးက ထင်မြင်ယူဆသောအခါ၊ စစ်ဘက်အယူခံ တရားရုံးသည်၊ အယူခံမှုကို ခွင့်ပြုမည့်အစား၊ သို့တည်းမဟုတ် ပယ်မည့်အစား၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို အခြားပြစ်မှုအတွက် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်နှင့် အစားထိုးနိုင်သည်။ ထို့ပြင် စစ်တရားရုံးက ထိုသူ့အပေါ် ချမှတ်သည့် ပြစ်ဒဏ်အစား၊ စစ်ဘက် အယူခံ တရားရုံးက သင့်တော် လျော်ကန်သည်ဟု ထင်သည့်အတိုင်း၊ ထိုအခြား ပြစ်မှုအတွက်၊ ဤအက်ဥပဒေက ခွင့်ပြုသည့် ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။ သို့သော်လည်း အစားထိုးချမှတ်သည့် ပြစ်ဒဏ်သည်၊ စစ်တရားရုံးက ချမှတ်ခဲ့သည့် ပြစ်ဒဏ်ထက်ပို၍ မကြီးလေးစေရ။

(၃) (က) ကြီးလေးသော ပြစ်ဒဏ်နှင့် ပေါ့သည့်ပြစ်ဒဏ် နှစ်မျိုးအနက်၊ ကြီးလေးသော ပြစ်ဒဏ်နှင့် အကျုံးဝင်သည့် အခြေအနေတွင် ကျူးလွန်သော ပြစ်မှုတခုအတွက်၊ အယူခံ တရားလိုတဦးသည်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့်အခါ၊ ပေါ့သည့်ပြစ်ဒဏ်နှင့် အကျုံးဝင်သော အခြေအနေတွင် ထိုပြစ်မှုကို ကျူးလွန်ဘိသကဲ့သို့ ထိုသူမှာ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်း ထိုသူအား စစ်ဆေးစီရင်သည့် စစ်တရားရုံးက ဆုံးဖြတ်သင့်သည်ဟု စစ်ဘက် အယူခံ တရားရုံးက ထင်မြင်ယူဆလျှင်၊ သို့တည်းမဟုတ်

(ခ) အယူခံတရားလိုတဦးသည်၊ ပြစ်မှုတခုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခါ၊ ထိုသူအားစစ်ဆေးစီရင်သည့် စစ်တရားရုံးက၊ ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များပြုလုပ်၍၊ ထိုသူသည်၊ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်းဆုံးဖြတ်သင့်သည်ဟု စစ်ဘက်အယူခံ တရားရုံးက ထင်မြင်

ယူဆလျှင်၊ စစ်ဘက်အယူခံတရားရုံးသည်၊ အယူခံခြင်းကိုခွင့်ပြုမည့်အစား၊ သို့တည်းမဟုတ် ပယ်မည့်အစား၊ စစ်တရားရုံး၏ဆုံးဖြတ်ချက်ကို၊ ပေါ့သောပြစ်ဒဏ်နှင့် အကျုံးဝင်သည့် အခြေအနေများတွင် ထိုပြစ်မှုကို ကျူးလွန်ဘိသကဲ့သို့ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ခြွင်းချက်များကိုဖြစ်စေ၊ ပြောင်းလဲချက်များကိုဖြစ်စေ၊ ပြုလုပ်၍၊ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်းဆုံးဖြတ်ချက်၊ သက်ဆိုင်ရာရာနှင့် အစားထိုးနိုင်သည့်ပြင်၊ စစ်တရားရုံးက၊ ထိုသူအပေါ် ချမှတ်သည့်ပြစ်ဒဏ်ကို၊ သီးခြားဖော်ပြထားသော ပြစ်မှုအတွက်ဖြစ်စေ၊ အစားထိုးထားသည့် ဆုံးဖြတ်ချက်တွင် ပါဝင်သော ပြစ်မှုအတွက်ဖြစ်စေ၊ ဤအက်ဥပဒေက ခွင့်ပြုသည်လည်းဖြစ်၍၊ ပို၍မကြီးသည်လည်းဖြစ်သော၊ စစ်ဘက်အယူခံတရားရုံးက သင့်တော်လျော်ကန်သည်ဟုလည်း ယူဆသည့်ပြစ်ဒဏ်တရပ်ကို၊ အယူခံတရားလိုအပေါ် အစားထိုးချမှတ်နိုင်သည်။

(4) If, on appeal, it appears to the Courts-martial Appeal Court that, although the appellant was guilty of the act or omission charged against him, he was insane at the time the act was done or the omission made so as not to be responsible according to law for his actions, the Courts-Martial Appeal Court may set aside the sentence passed at the trial and order the appellant to be kept in custody in like manner as on a special finding of insanity by the court-martial by which the appellant was convicted.

(5) The term of any sentence passed by the Courts-Martial Appeal Court under any of the foregoing provisions of this section shall, unless the Courts-Martial Appeal Court otherwise direct, begin to run from the time from which it would have begun to run if it had been passed in the proceedings from which the appeal is brought, and a sentence passed by the Courts-Martial Appeal Court as aforesaid shall be deemed to be a sentence passed by the court-martial.

Decision of the Courts-Martial Appeal Court to be final subject to appeal to Supreme Court.

**217.** If, in the case of an appeal under the provisions of this chapter the Attorney-General, upon an application in that behalf made to him within a period of fourteen days from the date when the decision of the Courts-Martial Appeal Court was given, grants a certificate that the decision of the Court involves a point of law of exceptional public importance and that it is desirable in the public interest that a further appeal should be brought, an appeal to the Supreme Court from the decision of the Courts-Martial Appeal Court shall lie at the instance of the person to whom the certificate is granted; but subject to the foregoing provisions of this section the determination by the Courts-Martial Appeal Court of any appeal or other matter which they have power to determine shall, notwithstanding anything contained in section 6 of the Union Judiciary Act, 1948, be final, and no appeal shall lie from the Courts-Martial Appeal Court to any other court.

Where the Courts-Martial Appeal Court have allowed an appeal and, immediately after the decision of the Courts-Martial Appeal Court has been given, notice is given to the Courts-Martial Appeal Court of the intention to apply to the Attorney-General for such a certificate as aforesaid, the Courts-Martial Appeal Court may make an order providing for the detention of the accused or directing that he shall not be released until either the Attorney-General has refused

(၄) အယူခံသည့်အခါ၊ အယူခံတရားလိုသည်၊ စွပ်စွဲသည့်ပြုလုပ်မှု၊ သို့တည်းမဟုတ် ပျက်ကွက်မှုအတွက် အပြစ်ရှိသော်လည်း၊ ထိုပြုလုပ်မှု၊ သို့တည်းမဟုတ် ပျက်ကွက်မှု ကျူးလွန်သည့်အချိန်၌၊ ထိုသူသည် ရူးသွပ်နေသည်ဖြစ်၍၊ ၎င်း၏ပြုမှုမှုအတွက် တရားဥပဒေအရ တာဝန်မရှိဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်ဆေးစီရင်သည့်အခါက ချမှတ်သည့်ပြစ်ဒဏ်ကို စစ်ဘက်အယူခံ တရားရုံးက ပယ်ဖျက်နိုင်သည့်ပြင်၊ အယူခံတရားလိုအား ပြစ်မှုထင်ရှားစီရင်သည့် စစ်တရားရုံးက၊ ရူးသွပ်သည်ဟု အထူးဆုံးဖြတ်ချက်တရပ် ချမှတ်သည်တွင် အမိန့်ပေးသည့်နည်းတူ၊ အယူခံတရားလိုကို၊ အချုပ်နှင့်ထားရန် အမိန့်ပေးနိုင်သည်။

(၅) ဤပုဒ်မ၏အထက်တွင် ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များအနက်၊ ပြဋ္ဌာန်းချက်တခုခုအရ၊ စစ်ဘက်အယူခံတရားရုံးက ချမှတ်သည့်ပြစ်ဒဏ်တခုခုသည်၊ စစ်ဘက်အယူခံ တရားရုံးက အခြားနည်း ညွှန်ကြားခြင်းမပြုလျှင်၊ အယူခံဝင်သည့် မူလအမှုတွဲတွင်၊ ထိုပြစ်ဒဏ်ကို ချမှတ်ခဲ့သော်၊ ထိုပြစ်ဒဏ်အစပြုမည့် အချိန်မှအစပြုရမည်။ ထို့ပြင် စစ်ဘက်အယူခံ တရားရုံးက အထက်တွင် ဆိုခဲ့သည့်အတိုင်း ချမှတ်သည့်ပြစ်ဒဏ်သည်၊ ထိုစစ်တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၁၇။ ။ဤအခန်း၏ ပြဋ္ဌာန်းချက်များအရ အယူခံဝင်မှုတွင်၊ စစ်ဘက်အယူခံ တရားရုံးက ဆုံးဖြတ်ချက်ချသော နေ့ရက်မှအစပြု၍ တဆယ့်လေးရက်အတွင်း၊ နိုင်ငံတော်ရှေ့နေချုပ်ထံ၊ ထိုကိစ္စအလို့ငှါ လျှောက်လွှာတင်သွင်းလျှင်၊ နိုင်ငံတော်ရှေ့နေချုပ်က စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်တွင် အများပြည်သူနှင့် ပတ်သက်သည့် အထူးအရေးကြီးသော ဥပဒေကြောင်းဆိုင်ရာ အချက်တခုပါဝင်နေသည့်ပြင် အများပြည်သူအကျိုးအတွက် ထပ်မံအယူခံ ဝင်သင့်ကြောင်း ထောက်ခံချက်လက်မှတ်ကို လျှောက်ထားသူအား ပေးလျှင်၊ ထိုထောက်ခံချက်လက်မှတ်ရရှိသူ၌၊ စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို တရားလွှတ်တော်ချုပ်တွင် အယူခံဝင်ခွင့်ရှိသည်။ သို့သော်လည်း ဤပုဒ်မပါ အထက်ဖေါ်ပြခဲ့သော ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ စစ်ဘက်အယူခံတရားရုံးက အယူခံဝင်မှုကို ဆုံးဖြတ်ခြင်းသည်၊ သို့တည်းမဟုတ် စစ်ဘက်အယူခံတရားရုံးက ဆုံးဖြတ်ရန် အာဏာရှိသော အခြားကိစ္စကို ဆုံးဖြတ်ခြင်းသည်၊ ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုနိုင်ငံ တရားစီရင်ရေး အက်ဥပဒေ၏ ပုဒ်မ ၆ တွင်မည်သို့ပင်ပါရှိစေကာမူ၊ အပြီးအပြတ်ဖြစ်စေရမည်။ ထို့ပြင် စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို၊ အခြားမည်သည့်တရားရုံးတွင်မျှ၊ အယူခံဝင်ခွင့်မရှိစေရ။

တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခြင်းကို ထောက်ထား၍ စစ်ဘက်အယူခံ တရားရုံး၏ ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ်ဖြစ်စေရမည်။

စစ်ဘက်အယူခံတရားရုံးက၊ အယူခံဝင်မှုကို ခွင့်ပြုပြီးနောက်၊ စစ်ဘက်အယူခံတရားရုံး၏ ခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ကို ချမှတ်ပြီးလျှင်ပြီးခြင်း၊ နိုင်ငံတော်ရှေ့နေချုပ်ထံ အထက်တွင် ဆိုခဲ့သည့် ထောက်ခံချက်လက်မှတ်အတွက်၊ လျှောက်ထားရန်ကြံရွယ်ကြောင်းကို စစ်ဘက်အယူခံတရားရုံးအား အကြောင်းကြားသောအခါ၊ နိုင်ငံတော်ရှေ့နေချုပ်က၊ ထောက်ခံချက်လက်မှတ်ပေးခန် ငြင်းပယ်သည့်တိုင်အောင်၊ သို့တည်းမဟုတ် တရားလွှတ်တော်ချုပ်က အယူခံဝင်မှုတွင် ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်တိုင်အောင်၊ သို့တည်းမဟုတ် အယူခံဝင်ခြင်းကို လက်

to grant the certificate or a decision on the appeal has been given by the Supreme Court or the appeal has been abandoned, as the case may be.

Supplementary powers of the Courts-Martial Appeal Court.

**218.** (1) For the purpose of this Chapter the Courts-Martial Appeal Court may, if they think it necessary or expedient in the interest of justice—

(a) order the production of any document, exhibit or other thing connected with the proceedings the production of which appears to them necessary for the determination of the case;

(b) order the taking of such steps as are requisite to obtain from any member of the court-martial by which the appellant was tried or the person who officiated as Judge-Advocate at the trial a report giving his opinion upon the case or upon a point arising therein or containing a statement as to any facts whereof the ascertainment appears to the Courts-Martial Appeal Court to be material for the purpose of the determination of the case:

(c) order any witnesses who would have been compellable witnesses at the trial to attend and be examined before the Courts-Martial Appeal Court, whether they were or were not called at the trial, or order the examination of any such witnesses to be conducted in the prescribed manner before any judge of the Courts-Martial Appeal Courts or before any other person appointed by the Courts-Martial Appeal Court for that purpose, and allow the depositions so taken as evidence before the Courts-Martial Appeal Court.

(d) receive the evidence, if tendered, of any witnesses (including the appellant) who is a competent but not compellable witness;

လျှော့လိုက်သည့်တိုင်အောင်၊ တရားခံအား၊ ချုပ်ထားခွင့်သော်၎င်း၊ တရားခံအား အချုပ်မှ မလွှတ်ရန် ညွှန်ကြားချက်သော်၎င်း၊ ပါရှိသည့်အမိန့်ကို၊ စစ်ဘက်အယူခံတရားရုံးက ထုတ်နိုင်သည်။

**စစ်ဘက် အယူခံတရားရုံး၏ ဖြည့်စွက်အာဏာများ။**

၂၁၈။ ။(၁) ဤအခန်းပါ ကိစ္စများအလို့ငှါ၊ တရားမျှတမှုရှိစေရန်၊ လိုအပ်သည်၊ သို့တည်းမဟုတ် လျော်ကန်သင့်မြတ်သည်ဟု စစ်ဘက် အယူခံတရားရုံးက ထင်မြင်ယူဆလျှင်၊ ထိုစစ်ဘက်အယူခံ တရားရုံးသည်—

(က) အမှုဆုံးဖြတ်ရေးအတွက် တင်ပြရန်လိုအပ်သည်ဟု ယူဆပါက၊ မှုခင်းကိစ္စ၊ ဆောင်ရွက်ချက်များနှင့် စပ်ဆိုင်သော စာတမ်းအမှတ်အသားကိုဖြစ်စေ၊ သက်သေခံပစ္စည်းကိုဖြစ်စေ၊ အခြားအရာကိုဖြစ်စေ၊ တင်ပြရန် အမိန့်ပေးနိုင်သည်။

(ခ) အမှုနှင့်ဖြစ်စေ၊ ထိုအမှုတွင်ပေါ်ပေါက်သည့် အချက်အလက်တခုနှင့် ဖြစ်စေ၊ စပ်လျဉ်း၍၊ စစ်ဆေးစီရင်သော စစ်တရားရုံး၏ အဖွဲ့ဝင် တဦးဦး၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ရာတွင် စစ်ဥပဒေအရာရှိ အဖြစ်ဖြင့် ဆောင်ရွက်သူ၏ ထင်မြင်ယူဆချက်ကို ဖေါ်ပြထားသော၊ သို့တည်းမဟုတ် အမှု၏ အကြောင်းခြင်းရာတခုခု အကြောင်း ရေးသား ပါရှိသော အစီရင်ခံစာ တစောင်ကို အမှုစီရင်ဆုံးဖြတ်ရန်အတွက်၊ အမှန်သိရှိနိုင်ရန် အလို့ငှါ၊ စုံစမ်းရန် လိုအပ်သည်ဟု စစ်ဘက်အယူခံ တရားရုံးက ထင်မြင်ယူဆပါက၊ အယူခံ တရားလိုအား စစ်ဆေး စီရင်သော စစ်တရားရုံး၏ အဖွဲ့ဝင် တဦးဦးထံမှသော်၎င်း၊ စစ်ဆေးစီရင်ရာတွင် စစ်ဥပဒေ အရာရှိ အဖြစ်ဖြင့် ဆောင်ရွက်သူထံမှ သော်၎င်း၊ ရယူရေးအတွက် လိုအပ်သလို အရေးယူဆောင်ရွက်ရန် အမိန့်ပေးနိုင်သည်။

(ဂ) စစ်ဆေးစီရင်ရာတွင်ဆင့်ခေါ်ခြင်းခံခဲ့ရသည်ဖြစ်စေ၊ ဆင့်ခေါ်ခြင်းမခံခဲ့ရသည် ဖြစ်စေ၊ စစ်ဆေးရာတွင်မပျက်မကွက် လာရောက်အစစ်ခံရန် အတင်းအကျပ် ဆင့်ခေါ်ခြင်းခံရမည့်မည့်သည့် သက်သေကိုမဆို စစ်ဘက်အယူခံတရားရုံးသို့ လာရောက်ရန်နှင့်စစ်မေးခြင်းခံရန် အမိန့်ပေးနိုင်သည်၊ သို့တည်းမဟုတ် ထို သက်သေများအားစစ်မေးခြင်းကို စစ်ဘက်အယူခံတရားရုံး၏တရားသူကြီး တဦးဦးရှေ့တွင်သော်၎င်း၊စစ်ဘက်အယူခံတရားရုံးက ထိုကိစ္စအလို့ငှါ၊ခန့်အပ်သော အခြားသူ တဦးဦး ရှေ့တွင်သော်၎င်း၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပြုလုပ်ဆောင်ရွက်ရန် အမိန့်ပေးနိုင်သည်။ ထို့ပြင် ထိုသို့ ရယူသည့် အစစ်ခံချက်များကို စစ်ဘက်အယူခံ တရားရုံးတွင် သက်သေခံအဖြစ်ဖြင့် ခွင့်ပြုနိုင်သည်။

(ဃ) မပျက်မကွက် လာရောက်အစစ်ခံရန် အတင်းအကျပ် မဆင့် ခေါ်နိုင်သော်လည်း သက်သေခံရန်အရည်အချင်းရှိသည့် သက်သေများ (အယူခံတရားလို ပါဝင်သည်)၏ သက်သေခံချက်ကိုတင်ပြလျှင်၊ ထိုသက်သေခံချက်ကို လက်ခံနိုင်သည်။

(*e*) where any question arising on the appeal involves prolonged examination of documents or accounts, or any scientific or local investigation which cannot in the opinion of the Courts-Martial Appeal Court conveniently be conducted before such Court, order the reference of the question in the prescribed manner for inquiry and report to a special commissioner appointed by such Court, and act upon the report of such commissioner so far as they think fit to adopt it; and

(*f*) appoint any person with special expert knowledge to act as assessor to the Courts-Martial Appeal Court in any case where it appears to such Court that such special knowledge is required for the proper determination of the case;

and may issue warrants necessary for enforcing the orders or sentence of such Court:

Provided that the Courts-Martial Appeal Court shall not make an order under clause (*b*) of this sub-section for the purpose of obtaining a report from a member of a court-martial other than the presiding officer thereof unless they also make such an order for the purpose of obtaining a report from the presiding officer or are satisfied that the obtaining of a report from him is impracticable or would involve undue delay.

(2) Travelling and subsistence allowances, as may be prescribed by the Rules of Courts-Martial Appeal Court, may be paid to—

(*a*) a witness attending before the Courts-Martial Appeal Court in obedience to an order under clause (*c*) of sub-section (1) or examined in pursuance of such an order before any such person as is mentioned in that clause;

(*b*) a special commissioner to whom a question is referred under clause (*e*) of that sub-section for inquiry and report; and

(*c*) a person appointed under clause (*f*) of that sub-section to act as assessor to the Courts-Martial Appeal Court.

(3) Remuneration, as may be prescribed by the Rules of Courts-Martial Appeal Court, may be paid to such person as is mentioned in clauses (*b*) and (*c*) of sub-section (2).

(င) အယူခံမှု၌ပေါ် ပေါက်သော ပြဿနာတခုခုတွင် စာတမ်း အမှတ်အသားများကို ဖြစ်စေ၊ ငွေစာရင်းများကိုဖြစ်စေ၊ အချိန်ကြာမြင့်စွာ စစ်ဆေးခြင်း၊ သို့တည်း မဟုတ် သိပ္ပံပညာအရစစ်ဆေးခြင်း၊ သို့တည်းမဟုတ် နေရာဌာနများ ကြည့်ရှု စစ်ဆေးခြင်းပါဝင်ရာတွင်၊ စစ်ဘက်အယူခံတရားရုံး၌ အကြောင်း ညီညွတ်စွာ ဆောင်ရွက်နိုင်မည် မဟုတ်ဟု ထင်မြင်ယူဆပါက၊ ထိုပြဿနာကို စုံစမ်း စစ် ဆေး၍ အစီရင်ခံရန် ထိုစစ်ဘက်အယူခံတရားရုံးက ခန့်အပ်သောအမှုအရေး လွှဲအပ်ခံရသူအထူးအရာရှိ တဦးထံ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ လွှဲအပ်ရန် အမိန့်ပေးနိုင်သည်။ ထို့ပြင် စစ်ဘက် အယူခံ တရားရုံးသည် ထိုအမှုအရေးလွှဲအပ်ခံရသူ အထူးအရာရှိ၏ အစီရင်ခံစာထဲမှ မိမိတို့ လက်ခံနိုင် မည်ဟု ထင်မြင်ယူဆသည့် အချက်များကို လက်ခံ၍ အရေးယူဆောင်ရွက် နိုင် သည်။ ထို့ပြင်

(စ) နည်းလမ်းတကျ အမှုစီရင်ဆုံးဖြတ်နိုင်ရန်အတွက်၊ အထူးကျွမ်းကျင်နားလည်မှု လိုသည်ဟု စစ်ဘက်အယူခံတရားရုံးက၊ ထင်မြင်ယူဆပါက၊ စစ်ဘက်အယူခံ တရားရုံး၏ အဆက်ဆာလူကြီးအဖြစ်ဖြင့် ဆောင်ရွက်ရန် မည်သည့် အထူး ကျွမ်းကျင်နားလည်သူကိုမဆို ခန့်အပ်နိုင်သည်။

ထို့ပြင် ထိုစစ်ဘက်အယူခံတရားရုံး၏ အမိန့်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များ အာဏာ တည်စေရန် လိုအပ်သောဝရမ်းများကို ထုတ်နိုင်သည်။

သို့ရာတွင် စစ်တရားရုံးဥက္ကဋ္ဌထံမှ အစီရင်ခံစာကို ရယူရန်ကိစ္စအလို့ငှါ၊ စစ်ဘက်အယူခံ တရားရုံးက အမိန့်မပေးလျှင်၊ သို့တည်းမဟုတ် ထိုစစ်တရားရုံးဥက္ကဋ္ဌထံမှ အစီရင်ခံစာရယူရန် မဖြစ်နိုင်ဟုသော်၎င်း၊ မလျော်သောကြန့်ကြာမှုရှိမည်ဟုသော်၎င်း၊ စစ်ဘက်အယူခံတရားရုံးက ကြေနပ်သည်မဟုတ်လျှင်၊ ဤပုဒ်မခွဲ၏ အပိုဒ် (ခ) အရ၊ စစ်ဘက်အယူခံတရားရုံးသည်၊ စစ် တရားရုံး၏ဥက္ကဋ္ဌထံမှအပ၊ အဖွဲ့ဝင်တဦးထံမှအစီရင်ခံစာရယူရန်ကိစ္စအလို့ငှါ၊ အမိန့်မထုတ်ရ။

(၂) စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများက သတ်မှတ်သည့်အတိုင်း၊ ခရီး စရိတ်နှင့် စားစရိတ်ကို အောက်ပါတို့အား ပေးနိုင်သည်။

(က) ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဂ) အရ ထုတ်သော အမိန့်ကို လိုက်နာလျက် စစ်ဘက် အယူခံတရားရုံးသို့ လာရောက်သော၊ သို့တည်းမဟုတ် ထိုအပိုဒ်တွင် ဖေါ်ပြ ထားသူတဦးဦးထံတွင်၊ ထိုအမိန့်နှင့်အညီ စစ်မေးခြင်းခံရသော သက်သေတဦး၊

(ခ) ပြဿနာတရပ်ကို စုံစမ်းစစ်ဆေး၍ အစီရင်ခံရန်အလို့ငှါ၊ ထိုပုဒ်မခွဲ၏ အပိုဒ် (င) အရ၊ လွှဲအပ်ခံရသောအမှုအရေးလွှဲအပ်ခံရသူ အထူးအရာရှိ၊ ထို့ပြင်

(ဂ) စစ်ဘက်အယူခံတရားရုံးတွင် အဆက်ဆာလူကြီးအဖြစ်ဖြင့် ဆောင်ရွက်ရန် ထို ပုဒ်မခွဲ၏ အပိုဒ် (စ) အရ၊ ခန့်အပ်ခြင်းခံရသူ။

(၃) စစ်ဘက်အယူခံ တရားရုံး၏ နည်းဥပဒေများက သတ်မှတ်ထားသည့်အတိုင်း အခ ကြေးငွေကို ပုဒ်မခွဲ (၂) ၏ အပိုဒ် (ခ) နှင့် (ဂ) တွင်ဖေါ်ပြထားသောသူများကို ပေးနိုင်သည်။

**219.** An appellant may, if he so desires, instead of presenting his case orally, present it in writing.

**Right of appellant to present his case in writing.**

**220.** An appellant on his appeal to the Courts-Martial Appeal Court against a conviction by a court-martial involving sentence of death shall be provided with free legal aid in accordance with the practice in force in criminal courts for such purposes.

**Legal aid to appellants.**

**221.** An appellant shall not be entitled to be present in person at the hearing of an appeal under the provisions of this Chapter to the Courts-Martial Appeal Court or at any proceedings preliminary or incidental to such an appeal except where the Rules of Courts-Martial Appeal Court provide that he shall have the right to be present in person or the Courts-Martial Appeal Court give him leave to be present, and accordingly any power of the Courts-Martial Appeal Court under this chapter to pass a sentence may be exercised notwithstanding the absence of the appellant.

**Proceedings to be heard in absence of appellants.**

**222.** (1) The Union Government shall have the right to be represented in any appeal before the Courts-Martial Appeal Court.

**Right to be represented in appeals.**

(2) The appellant shall also have the right to be represented by an Advocate of the High Court.

**223.** (1) Where a conviction of a court-martial involves sentence of death—

**Suspension of death sentences.**

(*a*) the sentence shall not in any case be executed until the expiration of the period prescribed under this Chapter as the period within which a petition under sub-section (2) of section 213 against the conviction must be lodged; and

(*b*) if such a petition is duly lodged, the sentence shall not be executed until either the petition is finally refused or is withdrawn or the appeal is determined or abandoned;

**မိမိ၏အမှုကို ရေးသား၍ တင်ရန် အယူခံ တရားလို၏ အခွင့်အရေး။**

၂၁၉။ ။အယူခံတရားလိုသည်၊ မိမိအမှု၏ အဖြစ်အပျက် အကြောင်းအရာများကို၊ နှုတ်ဖြင့်တင်ပြပြောဆိုမည့်အစား၊ ထိုအဖြစ်အပျက်အကြောင်းအရာများကို စာဖြင့်ရေးသားတင်ပြလိုလျှင် တင်ပြနိုင်သည်။

**အယူခံ တရားလိုများ အား ဥပဒေကြောင်းကူညီမှု။**

၂၂၀။ ။အယူခံတရားလိုတဦးသည်၊ မိမိအပေါ် စစ်တရားရုံးက ချမှတ်သော သေဒဏ် ပါဝင်သည့် ပြစ်မှုထင်ရှားစီရင်ခြင်းကို စစ်ဘက်အယူခံ တရားရုံးတွင် အယူခံဝင်သောအခါ၊ အဆိုပါကိစ္စများအတွက် ရာဇဝတ် တရားရုံးများတွင် တည်ဆဲ ကျင့်ထုံးစည်းကမ်း နည်းလမ်းနှင့်အညီ၊ ထိုအယူခံတရားလိုတဦးအား အခမဲ့ ဥပဒေကြောင်းကူညီမှု ပေးရမည်။

**အယူခံတရားလိုများ မရှိဘဲ မှုခင်းကိစ္စများကို ကြားနာစစ်ဆေးခြင်း။**

၂၂၁။ ။ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ စစ်ဘက်အယူခံတရားရုံးတွင် အယူခံမှုကို ကြားနာစစ်ဆေးရာတွင်သော်၎င်း၊ ထိုအယူခံမှု၏ အစအဦးဖြစ်သော၊ သို့တည်းမဟုတ် ထိုအယူခံမှုမှ ပေါ်ပေါက်သော မှုခင်းကိစ္စ ဆောင်ရွက်ချက်များတွင် သော်၎င်း၊ စစ်ဘက်အယူခံ တရားရုံး၏ နည်းဥပဒေများကအယူခံတရားလို၌ ရုံးသို့လာရောက်ခွင့်ရှိစေရမည်ဟု ပြဋ္ဌာန်းထားသောအခါမှတပါး၊ သို့တည်းမဟုတ် စစ်ဘက်အယူခံ တရားရုံးက အယူခံတရားလိုအား ရုံးသို့လာရောက်ခွင့် ပေးသောအခါမှတပါး၊ အယူခံတရားလိုသည်၊ ရုံးသို့ ကိုယ်တိုင်လာရောက်ခွင့် မရရှိစေရ၊ ထို့ပြင် ထိုသို့ရုံးသို့ လာရောက်ခွင့် မပေးသည်နှင့်အညီ အယူခံတရားလို ရုံးသို့လာရောက်ခြင်း မရှိစေကာမူ၊ ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ စစ်ဘက်အယူခံတရားရုံးသည် ပြစ်ဒဏ်ချမှတ်နိုင်သည့် အာဏာကို သုံးစွဲနိုင်သည်။

**အယူခံမှု များတွင် ပါဝင် ဆောင်ရွက်ခွင့်။**

၂၂၂။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၌၊ စစ်ဘက်အယူခံ တရားရုံးရှိ မည်သည့်အယူခံမှုတွင်မဆို၊ ကိုယ်စားလှယ်ဖြင့် ချေပဆောင်ရွက်ခွင့် ရှိရမည်။

(၂) အယူခံတရားလို၌လည်း အဆိုပါ အယူခံမှုတွင် တရားလွှတ်တော် ရှေ့နေဖြင့် ဆောင်ရွက်ခွင့်ရှိရမည်။

**သေဒဏ်ချမှတ်ချက်များ ဆိုင်းငံ့ထားခြင်း။**

၂၂၃။ ။(၁) စစ်တရားရုံးတရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းတွင် သေဒဏ် ပါဝင်သော အခါ——

(က) ပုဒ်မ ၂၁၃ ၏ပုဒ်မခွဲ (၂) အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန် လျှောက်လွှာတင်သွင်းရမည်၊ ဤအခန်းတွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားမကုန်မခြင်း၊ မည်သည့်ပြစ်ဒဏ်ချမှတ်ချက်ကိုမျှ မဆောင်ရွက်ရ။

(ခ) ထိုလျှောက်လွှာကို နည်းလမ်းတကျ တင်သွင်းလျှင်၊ ထိုလျှောက်လွှာကို အပြီးအပြတ် မပယ်မီဖြစ်စေ၊ မရုပ်သိမ်းမီဖြစ်စေ၊ အယူခံမှုကို မဆုံးဖြတ်မီဖြစ်စေ၊ လက်မလျှော့မီဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကို မဆောင်ရွက်ရ။

Provided that, where a sentence of death passed on a person on active service by a court-martial is confirmed, and the authority who confirms the sentence certifies that it is essential in the interest of discipline and for the purpose of securing the safety of the force with which that person is present that the sentence should be carried out forthwith, the foregoing provisions of this sub-section shall not apply to the sentence.

(2) Any appeal to the Courts-Martial Appeal Court against a conviction by a court-martial involving sentence of death, shall be heard and determined with as much expedition as practicable.

**Restitution of stolen property, etc.**

**224.** (1) The operation of any order made under section 155 (which relates to the restitution of property) on a conviction by a court-martial shall (unless the authority making the order direct to the contrary in any case in which, in the opinion of that authority, the title to the property is not in dispute) be suspended—

(*a*) in any case, until the expiration of the period prescribed under this chapter as the period within which a petition under sub-section (2) of section 213 against the conviction must be lodged; and

(*b*) if such a petition is duly lodged, until either the petition is finally refused or withdrawn or the appeal is determined or abandoned;

and where the operation of any such order as aforesaid is suspended under this sub-section, it shall not take effect if the conviction is set aside on appeal.

(2) The Courts-Martial Appeal Court may by order annul or vary any such order as aforesaid although the conviction is not set aside and the order, if annulled, shall not take effect and, if varied, shall take effect as varied.

(3) Provision may be made by the Rules of Courts-Martial Appeal Court for securing the safe custody of any property to which any such order as aforesaid relates during the period the operation of the order is suspended under this section.

သို့ရာတွင် တန်းပြည့်စစ်မှုထမ်းချိန်၌၊ စစ်တရားရုံးက၊ တဦးတယောက်သောသူအား ချမှတ်သည့် သေဒဏ်ကို အတည်ပြုသောအခါ၊ ထို့ပြင် ထိုသေဒဏ်ချမှတ်ချက်ကို အတည်ပြုသည့် အာဏာပိုင်က၊ စစ်စည်းကမ်း၏ အကျိုးအတွက်နှင့် ထိုသူပါရှိသည့် တပ်ဖွဲ့၏ လုံခြုံမှု ရရှိရေးအတွက် ထိုသေဒဏ် ချမှတ်ချက်ကို ချက်ခြင်းဆောင်ရွက်သင့်ကြောင်း သက်သေခံ လက်မှတ်ပေးသောအခါ၊ ဤပုဒ်မခွဲရှိ အထက်တွင်ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များသည်၊ ထိုသေဒဏ်ချမှတ်ချက်နှင့် မသက်ဆိုင်စေရ။

(၂) စစ်တရားရုံးက ချမှတ်သည့် သေဒဏ်ပါဝင်သော ပြစ်မှုထင်ရှား စီရင်ခြင်းကို၊ စစ်ဘက်အယူခံတရားရုံး၌ အယူခံဝင်ရာတွင်၊ စစ်ဘက်အယူခံ တရားရုံးသည်၊ ထိုအယူခံမှုကို၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ကြားနာစစ်ဆေး၍ စီရင်ဆုံးဖြတ်ရမည်။

ခိုးရာပါ ပစ္စည်း အစရှိသည်ကို ပြန်အပ်ခြင်း။

၂၂၄။ ။(၁) စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သည့်အခါ၊ ပုဒ်မ ၁၅၅ အရထုတ်သည့် (ပစ္စည်းကို ပြန်အပ်ခြင်းနှင့် သက်ဆိုင်သော) အမိန့်အရ ဆောင်ရွက်ခြင်းကို (ထိုပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားဘွယ်မရှိဟု၊ ထိုအမိန့်ကို ထုတ်သော အာဏာပိုင်က ထင်မြင်ယူဆသောအမှုတွင်၊ ထိုအာဏာပိုင်က ဆန့်ကျင့်၍ ညွှန်ကြားခြင်းမပြုလျှင်)—

(က) အမှုတခုခုတွင်၊ ပုဒ်မ ၂၁၃ ၏ ပုဒ်မခွဲ (၂) အရ၊ ပြစ်မှုထင်ရှား စီရင်ခြင်း ပယ်ဖျက်ရန် လျှောက်လွှာတင်သွင်းရမည့်၊ ဤအခဏ်းတွင် သတ်မှတ်ထားသော ကာလအပိုင်းအခြား မကုန်ဆုံးမခြင်း၊ ထို့ပြင်

(ခ) ထိုလျှောက်လွှာကို နည်းလမ်းတကျ တင်သွင်းလျှင်၊ ထိုလျှောက်လွှာကို အပြီးအပြတ် မပယ်မီဖြစ်စေ၊ မရုပ်သိမ်းမီဖြစ်စေ၊ အယူခံမှုကို မဆုံးဖြတ်မီဖြစ်စေ၊ လက်မလျှော့မီဖြစ်စေ၊

ဆိုင်းငံ့ထားရမည်။ ထို့ပြင် ဤပုဒ်မခွဲအရ၊ အထက်တွင်ဆိုခဲ့သည့် ထိုအမိန့်အတိုင်း ဆောင်ရွက်ခြင်း ဆိုင်းငံ့ထားသောအခါ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို၊ အယူခံဝင်ရာတွင် ပယ်ဖျက်လျှင် ထိုအမိန့်သည် အတည်မဖြစ်စေရ။

(၂) စစ်ဘက် အယူခံတရားရုံးသည်၊ ပြစ်မှုထင်ရှား စီရင်ခြင်းကို ပယ်ဖျက်ခြင်းမပြုသော်လည်း၊ ထိုအမိန့်ကို၊ အမိန့်ဖြင့်ပယ်ဖျက်နိုင်သည်၊ သို့တည်းမဟုတ် ပြောင်းလဲနိုင်သည်၊ ပယ်ဖျက်လျှင်၊ ထိုအမိန့်သည် အတည်မဖြစ်စေရ။ ပြောင်းလဲလျှင်၊ ပြောင်းလဲသည့်အတိုင်း အတည်ဖြစ်စေရမည်။

(၃) ဤပုဒ်မအရ၊ ထိုအမိန့်နှင့်အညီ ဆောင်ရွက်ခြင်း ဆိုင်းငံ့ထားသော ကာလအပိုင်းအခြားအတွက်၊ အထက်တွင်ဆိုခဲ့သည့်အတိုင်း၊ ထိုအမိန့်နှင့် သက်ဆိုင်သော ပစ္စည်းတခုခုကို လုံခြုံစွာ ထိန်းသိမ်းထားရေးအတွက်၊ စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

**225.** Where a conviction of a person by court-martial for an offence has been set aside under the provisions of this Chapter, he shall not be liable to be tried again for that offence by a court-martial or by any other Criminal court.

Person not to be tried again where conviction is set aside.

**226.** In the case of every appeal under the provisions of this Chapter to the Courts-Martial Appeal Court against a conviction by a court-martial, the Registrar shall be furnished, in accordance with the Rules of the Courts-Martial Appeal Court, the proceedings with respect to—

Furnishing on appeal, of documents relating to trial.

(*a*) the revision of the finding or sentence of the court-martial in pursuance of sub-section (1) of section 164, the proceedings with respect to the confirmation of the finding and sentence of the court-martial and any petition of the person convicted, by the Judge-Advocate-General; or

(*b*) the review of the proceedings of the court-martial in pursuance of section 166 and any petition of the person convicted, by the Commanding Officer of the Records Office, Defence Services, or any other prescribed officer.

**227.** The Registrar shall take all necessary steps for obtaining the determination of an appeal under the provisions of this Chapter, and shall obtain and lay before the Courts-Martial Appeal Court in proper form all documents, exhibits and other things relating to the proceedings in the court-martial before which the appellant was tried which appear necessary for the proper determination of the appeal.

Duties of Registrar with respect to appeals, etc.

**228.** If, in the case of the conviction of a person by a court-martial—

Special references to the Courts-Martial Appeal Court.

(*a*) it appears to the Judge-Advocate-General that the finding of the court-martial involves a point of law of exceptional importance which in his opinion should be determined by the Courts-Martial Appeal Court; or

**ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်သောအခါ၊ သူတဦးအား ထပ်မံ စစ်ဆေး စီရင်ခြင်းမပြုရ။**

၂၂၅။ ။ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ၊ တဦးတယောက်သောသူအား၊ ပြစ်မှုတခုအတွက်၊ စစ်တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းကို ပယ်ဖျက်သည့်အခါ၊ ထိုသူသည်၊ ထိုပြစ်မှုအတွက်၊ စစ်တရားရုံးဖြင့်ဖြစ်စေ၊ ရာဇဝတ် တရားရုံးဖြင့်ဖြစ်စေ၊ ထပ်မံစစ်ဆေးစီရင်ခြင်း မခံထိုက်စေရ။

**အယူခံဝင်ရာတွင်၊ စစ်ဆေးစီရင်ခြင်းနှင့် သက်ဆိုင်သော စာတမ်းအမှတ် အသားများကို ပေးအပ်ခြင်း။**

၂၂၆။ ။စစ်တရားရုံးက ချမှတ်သော ပြစ်မှုထင်ရှားစီရင်ခြင်းကို၊ စစ်ဘက်အယူခံ တရားရုံးတွင် ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ အယူခံဝင်သည့်အမှုတိုင်း၌၊ စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများနှင့်အညီ—

(က) စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကို ဖြစ်စေ၊ ပုဒ်မ ၁၆၄ ၏ ပုဒ်မခွဲ (၁) နှင့်အညီ ပြန်လည်ပြင်ဆင်ခြင်း၊ ထို့ပြင် စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှက်ချက် အတည်ပြုခြင်းနှင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ၏ လျှောက်လွှာနှင့် စပ်လျဉ်းသည့် မှုခင်းကိစ္စဆောင်ရွက်ခြင်းဆိုင်ရာ အမှုတွဲများကို စစ်ဥပဒေချုပ်က အတွင်းဝန်ထံ သို့တည်းမဟုတ်

(ခ) ပုဒ်မ ၁၆၆ နှင့်အညီ စစ်တရားရုံးတရုံးက ပြန်လည်သုံးသပ်သည့်အမှုတွဲကို၊ ထို့ပြင်ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူ၏ လျှောက်လွှာနှင့်စပ်လျဉ်းသည့် မှုခင်းကိစ္စဆောင်ရွက်ခြင်းဆိုင်ရာ အမှုတွဲကို၊ တပ်မတော်မှတ်တမ်းရုံး၏ တပ်မှူးက သော်၎င်း၊ သတ်မှတ်ထားသော အခြားအရာရှိကသော်၎င်း၊ အတွင်းဝန်ထံ ပေးအပ်ရမည်။

**အယူခံခြင်းများ အစ ရှိသည်တို့နှင့် စပ်လျဉ်း၍အတွင်းဝန်၏ တာဝန် ဝတ်တရားများ။**

၂၂၇။ ။ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ၊ အယူခံမှုနှင့် စပ်လျဉ်း၍၊ ဆုံးဖြတ်ချက် ရရှိစေခြင်းအလို့ငှါ၊ အတွင်းဝန်သည်၊ လိုအပ်သော ဆောင်ရွက်ချက်များ ပြုလုပ်ရမည့်ပြင်၊ အယူခံ တရားလိုက စစ်ဆေးစီရင်သည့် စစ်တရားရုံးတွင် မှုခင်းကိစ္စ ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သော ထိုအယူခံမှုကို မှန်ကန်စွာဆုံးဖြတ်ရန် အတွက်လည်း၊ လိုအပ်သည်ဟု ထင်မြင်သည့် စာတမ်းအမှတ်အသားများ၊ သက်သေခံ ပစ္စည်းများနှင့် အခြား ပစ္စည်းအားလုံးကို ရယူ၍၊ စစ်ဘက် အယူခံတရားရုံးတွင်၊ နည်းလမ်းတကျ တင်ပြရမည်။

**စစ်ဘက် အယူခံ တရားရုံးသို့ အထူး လွှဲအပ်တင်ပြခြင်းများ။**

၂၂၈။ ။စစ်တရားရုံးထံ၊တဦးတယောက်သောသူအားပြစ်မှုထင်ရှားစီရင်သောအခါ—

(က) စစ်ဘက်အယူခံတရားရုံးက ဆုံးဖြတ်သင့်သည်ဟု၊ စစ်ဥပဒေချုပ်က ထင်မြင်ယူဆသော၊ အထူးအရေးကြီးသည့် ဥပဒေကြောင်းဆိုင်ရာ အချက်တချက်သည်၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်တွင် ပါဝင်နေသည်ဟု စစ်ဥပဒေချုပ်က ထင်မြင်ယူဆလျှင်၊ သို့တည်းမဟုတ်

(*b*) it appears to the appropriate authority mentioned in sub-section (2) of section 168, upon consideration of matters appearing to him not to have been brought to the notice of the court-martial at the trial, to be expedient that the finding of the court-martial should be considered or re-considered by the Courts-Martial Appeal Court;

the Judge-Advocate-General or such appropriate authority, as the case may be, may, in the prescribed manner, refer the finding to the Courts-Martial Appeal Court, and a reference under this section shall, for the purposes of the foregoing provisions under this chapter be treated as an appeal by the person convicted against his conviction.

**Exercise of certain powers of the Courts-Martial Appeal Court by a judge thereof.**

**229.** The powers of the Courts-Martial Appeal Court under the provisions of this Chapter to allow an appellant to be present in person at any proceedings under the provisions of this Chapter, may be exercised by a Judge of the Courts-Martial Appeal Court in the same manner as they may be exercised by the Courts-Martial Appeal Court and subject to the same provisions; but the power to refuse such an application may be exercised only by the Courts-Martial Appeal Court as duly constituted for the hearing and determination of appeals under this Chapter.

**Rules of Courts-Martial Appeal Court.**

**230.** Rules of Courts-Martial Appeal Court may provide for regulating the procedure and practice to be followed in the Courts-Martial Appeal Court.

**Interpretation of substituted finding and sentence.**

**231.** For the purposes of this chapter, any finding or sentence substituted by virtue of powers conferred in that behalf by this Act, for a finding of, or a sentence passed by, a court-martial shall be deemed to be a finding of, or sentence passed by, that court-martial, and any conviction obtaining by virtue of a finding substituted as aforesaid shall be deemed to be a conviction by the court-martial.

(ခ) စစ်ဆေးစီရင်ရာတွင် စစ်တရားရုံးက သိရှိခဲ့ပုံမပေါ်ဟု ပုဒ်မ ၁၆၇ ၏ ပုဒ်မခွဲ (၂) ၌ ဖော်ပြထားသည့် သက်ဆိုင်ရာ အာဏာပိုင်က ထင်မြင်ယူဆသော အကြောင်းကိစ္စများကို ထည့်သွင်းစဉ်းစားသည့်အခါ၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို စစ်ဘက် အယူခံ တရားရုံးက စဉ်းစားသင့်သည်၊ သို့တည်းမဟုတ် ပြန်လည် စဉ်းစားသင့်သည်ဟု၊ အဆိုပါ ပုဒ်မခွဲတွင် ဖော်ပြထားသော သက်ဆိုင်ရာ အာဏာပိုင်က ထင်မြင်ယူဆလျှင်၊

စစ်ဥပဒေချုပ်၊ သို့တည်းမဟုတ် သက်ဆိုင်ရာအာဏာပိုင်၊ ဆိုင်သင့်ရာရာသည်၊ ဆုံးဖြတ်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ စစ်ဘက်အယူခံတရားရုံးသို့ လွှဲအပ်တင်ပြနိုင်သည်။ ထို့ပြင် ဤအခန်းရှိ အထက်တွင် ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များ၏ ကိစ္စများအလို့ငှါ၊ ဤပုဒ်မအရ လွှဲအပ်တင်ပြခြင်းသည်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူက၊ ၎င်းအား ပြစ်မှုထင်ရှား စီရင်ခြင်းကို အယူခံဝင်ခြင်းဖြစ်သည်ဟု ယူဆရမည်။

စစ်ဘက် အယူခံတရားရုံး၏ အချို့ အာဏာများကို စစ်ဘက် အယူခံတရားရုံး၏ တရားသူကြီးတဦးကသုံးစွဲခြင်း။

၂၂၉။ ။ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ မှုခင်းကိစ္စဆောင်ရွက်ချက်များတွင် အယူခံတရားလိုအား၊ ရုံးသို့ ကိုယ်တိုင် လာရောက်ခွင့်ပြုရန်၊ စစ်ဘက်အယူခံတရားရုံး၏ ဤအခန်းရှိ အာဏာများကို၊ စစ်ဘက်အယူခံတရားရုံးက သုံးစွဲနိုင်သည့် ထပ်တူနည်းလမ်းအတိုင်း၊ စစ်ဘက်အယူခံတရားရုံး၏ တရားသူကြီးတဦးကလည်း၊ ထပ်တူ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် သုံးစွဲနိုင်သည်၊ သို့သော်လည်း ထိုသို့ရုံးသို့ ကိုယ်တိုင်လာရောက်ခွင့်ရရန် လျှောက်လွှာပယ်သည့်အာဏာကို၊ ဤအခန်းအရ အယူခံမှုများ ကြားနာစစ်ဆေးခြင်းနှင့် စီရင်ဆုံးဖြတ်ခြင်းအတွက်၊ နည်းလမ်းတကျ ဖွဲ့စည်းထားသည့် စစ်ဘက်အယူခံတရားရုံးကသာလျှင် သုံးစွဲနိုင်သည်။

စစ်ဘက်အယူခံ တရားရုံး၏ နည်းဥပဒေများ။

၂၃၀။ ။စစ်ဘက်အယူခံတရားရုံးက လိုက်နာရမည့် ကျင့်ထုံးနှင့် စည်းကမ်းနည်းလမ်းများကို စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

အစားထိုးသည့် ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ် ချမှတ်ချက်တို့ကို အဓိပ္ပါယ် ကောက်ယူခြင်း။

၂၃၁။ ။ဤအခန်း၏ ကိစ္စများအလို့ငှါ၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်အတွက်ဖြစ်စေ၊ စစ်တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်အတွက်ဖြစ်စေ၊ ဤအက်ဥပဒေက၊ ထိုကိစ္စအလို့ငှါ ပေးအပ်ထားသော အာဏာများကို အကြောင်းပြု၍ အစားထိုးသည့် ဆုံးဖြတ်ချက်သည်၊ သို့တည်းမဟုတ် အစားထိုးသည့် ပြစ်ဒဏ်ချမှတ်ချက်သည်၊ ထိုစစ်တရားရုံး၏ ဆုံးဖြတ်ချက်ဖြစ်သည်ဟု သော်၎င်း၊ ထိုစစ်တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်ဖြစ်သည်ဟုသော်၎င်း၊ မှတ်ယူရမည့်ပြင်၊ အထက်တွင်ဆိုခဲ့သည့်အတိုင်း အစားထိုးသော ဆုံးဖြတ်ချက်တရပ်ကို အကြောင်းပြု၍ ရရှိသည့်ပြစ်မှုထင်ရှားစီရင်ခြင်းသည်၊ ထိုစစ်တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

## CHAPTER XVIII.

### RULES.

**232.** (1) The President may make rules for the purpose of carrying into effect the provisions of this Act.

Powers to make rules.

(2) Without prejudice to the generality of the power conferred by sub-section (1) the rules made thereunder may provide for—

(*a*) the dismissal, removal, retirement or discharge from the service of persons subject to this Act;

(*b*) the amount and incidence of fines to be imposed under section 91;

(*c*) the specification of the punishments which may be awarded as field punishments under sections 77 and 82;

(*d*) the assembly and procedure of courts of inquiry, the recording of summaries of evidence and the administration of oath or affirmations by such courts;

(*e*) the convening and constituting of courts-martial and the appointment of prosecutors at trials by courts-martial;

(*f*) the adjournment, dissolution and sitting of courts-martial;

(*g*) the procedure to be observed in trials by courts-martial and the appearance of legal practitioners thereat;

(*h*) the confirmation, revision and annulment of, and petitions against the findings and sentences of courts-martial;

(*i*) the carrying into effect of sentences of courts-martial;

(*j*) the forms of orders to be made under the provisions of this Act relating to courts-martial, transportation and imprisonment;

(*k*) the constitution of authorities to decide for what persons, to what amounts and in what manner, provisions should be

## အခဏ်း ၁၈။

### နည်းဥပဒေများ။

**၂၃၂။** ။(၁) နိုင်ငံတော် သမတသည်၊ ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင်ဆောင်ရွက်ရန် အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

**နည်းဥပဒေပြုအာဏာ။**

(၂) ပုဒ်မခွဲ (၁) ဖြင့် အပ်နှင်းထားသော အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိုပုဒ်မခွဲအရပြုသည့် နည်းဥပဒေများသည်၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ဤအက်ဥပဒေကို လိုက်နာရသူများအား၊ စစ်မှုထမ်းခြင်းမှ အမြဲတမ်း ထုတ်ပစ်ခြင်း၊ နုတ်ပယ်ခြင်း၊ အငြိမ်းစားပေးခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပြုခြင်း၊

(ခ) ပုဒ်မ ၉၁ အရ ချမှတ်သော ဒဏ်ငွေ မည်ရွေ့မည်မျှနှင့် ထိုဒဏ်ငွေကို ထမ်းဆောင်ရန် တာဝန်သတ်မှတ်ခြင်း၊

(ဂ) ပုဒ်မ ၇၇ နှင့် ၈၂ အရ စစ်မြေပြင်ပြစ်ဒဏ်များအဖြစ်ဖြင့် ချမှတ်နိုင်သော ပြစ်ဒဏ်များကို သီးခြားသတ်မှတ်ခြင်း၊

(ဃ) စုံစမ်းစစ်ဆေးရေးခုံရုံးများ ဖွဲ့စည်းခြင်းနှင့် ၎င်းတို့လိုက်နာရမည့် ကျင့်ထုံး၊ စည်းကမ်း နည်းလမ်းသတ်မှတ်ခြင်း၊ သက်သေခံ အကျဉ်းချုပ်များ ရေးမှတ်ခြင်း၊ ထို့ပြင် ထိုခုံရုံးများက ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ ပြုစေခြင်း၊

(င) စစ်တရားရုံးများ ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များခန့်အပ်ခြင်း၊ ထို့ပြင် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်သော အမှုများအတွက် အမှုလိုက်အရာရှိများ ခန့်အပ်ခြင်း၊

(စ) စစ်တရားရုံးများ ရွှေ့ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်း၊ ထို့ပြင် ရုံးထိုင်ခြင်း၊

(ဆ) စစ်တရားရုံးဖြင့် စစ်ဆေးစီရင်သော အမှုနှင့် စပ်လျဉ်း၍၊ ထိုရုံးက လိုက်နာရမည့်ကျင့်ထုံး၊ စည်းကမ်းနည်းလမ်း သတ်မှတ်ခြင်း၊ ထို့ပြင် စစ်တရားရုံးတွင် ရှေ့နေများ အမှုလိုက်လဲ ဆောင်ရွက်ခြင်း၊

(ဇ) စစ်တရားရုံးများ၏ ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို အတည်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း၊ ထို့ပြင် ထိုဆုံးဖြတ်ချက်များ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်းသည့် လျှောက်လွှာများ၊

(ဈ) စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း၊

(ည) စစ်တရားရုံးများ၊ တကျွန်းပို့ဒဏ်၊ ထို့ပြင် ထောင်ဒဏ်နှင့်သက်ဆိုင်သော ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များအရ ထုတ်မည့်အမိန့်ပုံစံများ၊ သတ်မှတ်ခြင်း၊

(ဋ) ပုဒ်မ ၁၀၁ အရ၊ မည်သည့်မှီခိုသူများအား ထောက်ပံ့ရမည်၊ ငွေမည်ရွေ့ မည်မျှ ထောက်ပံ့ရမည်၊ ထို့ပြင် မည်သည့်နည်းလမ်းဖြင့် ထောက်ပံ့ရမည်ဟု ဆုံး

made for dependants under section 101, and the due carrying out of such decisions;

(l) any other matter directed by this Act to be prescribed.

Power to make rules in respect of prisons and prisoners.

**233.** The President may make rules providing—

(a) for the government, management and regulation of military prisons;

(b) for the appointment, removal and powers of inspectors, visitors, superintendents and officers thereof;

(c) for the labour of prisoners undergoing confinement therein, and for enabling persons to earn, by special industry and good conduct, a remission of a portion of their sentence;

(d) for the safe custody of prisoners and the maintenance of discipline among them and the punishment, by personal correction, restraint or otherwise, of offences committed by prisoners;

(e) for the application to military prisons of any of the provisions of the Prisons Act, relating to the duties of officers of prisons and the punishment of persons not being prisoners;

(f) for the admission into any prison, at proper times, and subject to proper restrictions, of persons with whom prisoners may desire to communicate, and for the consultation by prisoners under trial with their legal advisers without the presence as far as possible of any third party within hearing distance;

(g) in what manner an appellant, when in custody, is to be taken to, kept in custody at, and brought back from any place at which he is entitled to be present for the purposes of Chapter XVII or any place to which the Courts-Martial

ဖြတ်ရန် အာဏာပိုင်များကို ခန့်အပ်ခြင်း၊ ထို့ပြင် ထိုဆုံးဖြတ်ချက်များ အထမြောက်အောင် ဆောင်ရွက်ခြင်း၊

(ဋ) ဤအက်ဥပဒေအရ၊ နည်းဥပဒေများဖြင့် သတ်မှတ်ရန်လိုသည့် အခြားကိစ္စများ။

အကျဉ်းထောင်များ၊ အကျဉ်းသားများနှင့် စပ်လျဉ်းသော နည်းဥပဒေများ ပြုရန်အာဏာ။

၂၃၃။ ။နိုင်ငံတော်သမ္မတသည်၊အောက်ပါကိစ္စများအတွက်နည်းဥပဒေများပြုနိုင်သည်။

(က) စစ်ဘက်အကျဉ်းထောင်များကို အုပ်ချုပ်ခြင်း၊ စီမံကြီးကြပ်ခြင်း၊ ထိုအကျဉ်းထောင်များအတွက် စည်းမျဉ်းသတ်မှတ်ခြင်း၊

(ခ) အကျဉ်းထောင် ကြည့်ရှုစစ်ဆေးရေး အရာရှိများ၊ အကျဉ်းထောင်ကြည့်သူကြီးများ၊ ထောင်ပိုင်ဝန်များနှင့် ထောင်အရာရှိများ ခန့်အပ်ခြင်းနှင့် နုတ်ပယ်ခြင်း၊ ထို့ပြင် ၎င်းတို့၏အာဏာများ သတ်မှတ်ခြင်း၊

(ဂ) အကျဉ်းထောင်များတွင် ထောင်ဒဏ် ကျခံနေရသော အကျဉ်းသားများ လုပ်ရမည့် အလုပ်သတ်မှတ်ခြင်း၊ ထို့ပြင် အလုပ်ကို အထူးကြိုးပမ်း လုပ်ကိုင်ခြင်းနှင့် အပြုအမူ ကောင်းခြင်းကြောင့် ပြစ်ဒဏ်တစိတ်တဒေသ လွတ်ငြိမ်းခွင့်ကို အကျဉ်းသားများအား ပေးစေခြင်း၊

(ဃ) အကျဉ်းသားများကို လုံခြုံစွာ အကျဉ်းထားခြင်း၊ ထို့ပြင် အကျဉ်းသားများ၏ စည်းကမ်းသေဝပ်မှုကို ထိန်းသိမ်းခြင်း၊ ထို့ပြင် အကျဉ်းသားများ ကျူးလွန်သည့် ပြစ်မှုများအတွက် လူကို ပြုပြင်ပေးခြင်း၊ ချုတ်ချယ်ခြင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ပြစ်ဒဏ်ပေးခြင်း၊

(င) အကျဉ်းထောင် အရာရှိများ၏ တာဝန်တတ်တရားများအပြင်၊ အကျဉ်းသားမဟုတ်သူများအား ပြစ်ဒဏ်ပေးခြင်းနှင့်သက်ဆိုင်သော အကျဉ်းထောင် အက်ဥပဒေ(**The Prisons Act**)ပါ မည်သည့် ပြဋ္ဌာန်းချက်ကိုမဆို၊ စစ်ဘက် အကျဉ်းထောင်များနှင့် သက်ဆိုင်စေခြင်း၊

(စ) အကျဉ်းသားများက တွေ့လိုသူများကို သင့်လျော်သောအချိန်များ၌၊ သင့်လျော်သော ကန့်သတ်ချက်များကို လိုက်နာစေ၍၊ အကျဉ်းထောင်ထဲသို့ ဝင်ခွင့်ပြုခြင်း၊ ထို့ပြင် တတ်နိုင်သရွေ့ ကြားနိုင်သည့်နေရာတွင်၊ အခြားသို့ တစ်ဦးဦးမရှိစေဘဲ၊ စစ်ဆေးစီရင်ခြင်းခံရဆဲ အကျဉ်းသားများနှင့် ၎င်းတို့၏ ရှေ့နေများ ညှိနှိုင်းတိုင်ပင်ခြင်း၊

(ဆ) အယူခံတရားလိုကို အချုပ်နှင့်ထားသောအခါ၊ အခဏ်း ၁၇ ပါ ကိစ္စများအလို့ငှါ အယူခံတရားလိုလာရောက်ခွင့်ရှိသော နေရာ၊ သို့တည်းမဟုတ် စစ်ဘက်အယူခံ တရားရုံးကဖြစ်စေ၊ ထိုတရားရုံး၏ တရားသူကြီးတဦးကဖြစ်စေ၊ အဆိုပါတရားရုံး၏ မှုခင်းကိစ္စဆောင်ရွက်ချက် တခုခုအတွက်၊ ထိုအယူခံ တရားလိုကို

ဖြတ်ရန် အာဏာပိုင်များကို ခန့်အပ်ခြင်း၊ ထို့ပြင် ထိုဆုံးဖြတ်ချက်များ အထမြောက်အောင် ဆောင်ရွက်ခြင်း၊

(ဌ) ဤအက်ဥပဒေအရ၊ နည်းဥပဒေများဖြင့် သတ်မှတ်ရန်လိုသည့် အခြားကိစ္စများ။

၂၃၃။ ။နိုင်ငံတော်သမတသည်၊အောက်ပါကိစ္စများအတွက်နည်းဥပဒေများပြုနိုင်သည်။

အကျဉ်း ထောင် များ၊ အကျဉ်း သားများနှင့် စပ်လျဉ်းသော နည်းဥပဒေများ ပြုရန်အာဏာ။

(က) စစ်ဘက်အကျဉ်းထောင်များကို အုပ်ချုပ်ခြင်း၊ စီမံကြီးကြပ်ခြင်း၊ ထိုအကျဉ်းထောင်များအတွက် စည်းမျဉ်းသတ်မှတ်ခြင်း၊

(ခ) အကျဉ်းထောင် ကြည့်ရှုစစ်ဆေးရေး အရာရှိများ၊ အကျဉ်းထောင်ကြည့်သူကြီးများ၊ ထောင်ပိုင်ဝန်များနှင့် ထောင်အရာရှိများ ခန့်အပ်ခြင်းနှင့် နုတ်ပယ်ခြင်း၊ ထို့ပြင် ၎င်းတို့၏အာဏာများ သတ်မှတ်ခြင်း၊

(ဂ) အကျဉ်းထောင်များတွင် ထောင်ဒဏ် ကျခံနေရသော အကျဉ်းသားများ လုပ်ရမည့် အလုပ်သတ်မှတ်ခြင်း၊ ထို့ပြင် အလုပ်ကို အထူးကြိုးပမ်း လုပ်ကိုင်ခြင်းနှင့် အပြုအမူ ကောင်းခြင်းကြောင့် ပြစ်ဒဏ်တစိတ်တဒေသ လွတ်ငြိမ်းခွင့်ကို အကျဉ်းသားများအား ပေးစေခြင်း၊

(ဃ) အကျဉ်းသားများကို လုံခြုံစွာ အကျဉ်းထားခြင်း၊ ထို့ပြင် အကျဉ်းသားများ၏ စည်းကမ်းသေဝပ်မှုကို ထိန်းသိမ်းခြင်း၊ ထို့ပြင် အကျဉ်းသားများ ကျူးလွန်သည့် ပြစ်မှုများအတွက် လူကို ပြုပြင်ပေးခြင်း၊ ချုပ်ချယ်ခြင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ပြစ်ဒဏ်ပေးခြင်း၊

(င) အကျဉ်းထောင် အရာရှိများ၏ တာဝန်တော်တရားများအပြင်၊ အကျဉ်းသား မဟုတ်သူများအား ပြစ်ဒဏ်ပေးခြင်းနှင့်သက်ဆိုင်သော အကျဉ်းထောင် အက်ဥပဒေ(**The Prisons Act**)ပါ မည်သည့် ပြဋ္ဌာန်းချက်ကိုမဆို၊ စစ်ဘက် အကျဉ်းထောင်များနှင့် သက်ဆိုင်စေခြင်း၊

(စ) အကျဉ်းသားများက တွေ့လိုသူများကို သင့်လျော်သောအချိန်များ၌၊ သင့်လျော်သော ကန့်သတ်ချက်များကို လိုက်နာစေ၍၊ အကျဉ်းထောင်ထဲသို့ ဝင်ခွင့်ပြုခြင်း၊ ထို့ပြင် တတ်နိုင်သရွေ့ ကြားနိုင်သည့်နေရာတွင်၊ အခြားသို့ တဦးဦးမရှိစေဘဲ၊ စစ်ဆေးစီရင်ခြင်းခံရဆဲ အကျဉ်းသားများနှင့် ၎င်းတို့၏ ရှေ့နေများ ညှိနှိုင်းတိုင်ပင်ခြင်း၊

(ဆ) အယူခံတရားလိုကို အချုပ်နှင့်ထားသောအခါ၊ အခဏ်း ၁၇ ပါ ကိစ္စများအလို့ငှါ အယူခံတရားလိုလာရောက်ခွင့်ရှိသော နေရာ၊ သို့တည်းမဟုတ် စစ်ဘက်အယူခံ တရားရုံးကဖြစ်စေ၊ ထိုတရားရုံး၏ တရားသူကြီးတဦးကဖြစ်စေ၊ အဆိုပါတရားရုံး၏ မှုခင်းကိစ္စဆောင်ရွက်ချက် တခုခုအတွက်၊ ထိုအယူခံ တရားလိုကို

Appeal Court or a judge thereof may order him to be taken for the purpose of any proceedings of the said Court.

Restriction of rule-making power in regard to corporal punishment.

**234.** Rules made under section 233 shall not authorize corporal punishment to be inflicted for any offence, nor render the imprisonment more severe than it is under the law for the time being in force relating to civil prison.

Power to make regulations.

**235.** The President may make regulations for all or any of the purposes of this Act other than those specified in section 232.

Publication of rules and regulations in Gazette.

**236.** All rules and regulations made under this Act shall be published in the official Gazette and, on such publication, shall have effect as if enacted in this Act.

Repeal.

**237.** The Acts mentioned in the Schedule to this Act are hereby repealed.

ယူဆောင်ခဲ့ရမည်ဟုအမိန့်ချမှတ်သောနေရာသို့ မည်သို့ယူဆောင်ရမည့်၊ထိုနေရာ၌အချုပ်နှင့်မည်သို့ထားရမည့်၊ ထို့ပြင် ထိုနေရာမှ မည်သို့ပြန်ပို့ရမည့် နည်းသတ်မှတ်ခြင်း။

**ကိုယ်ခန္ဓာဆိုင်ရာ ပြစ်ဒဏ်နှင့် စပ် လျဉ်းသော နည်းဥပဒေ ပြုခြင်း အာဏာကို ကန့်သတ်ခြင်း။**

၂၃၄။ ။ပုဒ်မ ၂၃၃ အရပြုသော နည်းဥပဒေများသည်၊ ကိုယ်ခန္ဓာဆိုင်ရာပြစ်ဒဏ်ကို၊ ပြစ်မှုတခုခုအတွက် ပေးရန်ခွင့်မပြုရ။ ထို့ပြင် နယ်ဘက်အကျဉ်းထောင်နှင့်သက်ဆိုင်သော တည်ဆဲတရားဥပဒေပါ ထောင်ဒဏ်ထက် ကြီးလေးသည့် ထောင်ဒဏ်ကိုလည်း၊ ထိုနည်းဥပဒေများက ခွင့်မပြုရ။

**စည်းမျဉ်း ဥပဒေများ ပြုရန် အာဏာ။**

၂၃၅။ ။နိုင်ငံတော် သမတသည်၊ ပုဒ်မ ၂၃၂ တွင် သီးခြားဖေါ်ပြထားသည့် ကိစ္စများမှတပါး၊ ဤအက်ဥပဒေ၏ အခြားကိစ္စများအနက် ကျန်ကိစ္စအားလုံး၊ သို့တည်းမဟုတ် တခုခုအတွက်စည်းမျဉ်းဥပဒေများ ပြုနိုင်သည်။

**အစိုးရပြန်တမ်းတွင် နည်းဥပဒေများ နှင့် စည်းမျဉ်းဥပဒေများကို ထုတ်ပြန်ကျေညာခြင်း။**

၂၃၆။ ။ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေနှင့် စည်းမျဉ်းဥပဒေအားလုံးကို၊အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာရမည်။ ယင်းသို့ ထုတ်ပြန် ကျေညာသည့်အခါ၊ ၎င်းတို့သည်၊ ဤအက်ဥပဒေ၌ ပြဋ္ဌာန်းထားဘိသကဲ့သို့ အထည်ဖြစ်စေရမည်။

**ရုပ်သိမ်းခြင်း။**

၂၃၇။ ။ဤအက်ဥပဒေ၏ဇယားတွင် ဖေါ်ပြထားသော အက်ဥပဒေများကို ဤအက်ဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

# THE SCHEDULE.

(*See* section 237.)

| Short title. | No. | Year |
|---|---|---|
| The Burma Army Act ... ... ... | | |
| The Burma Army (Amendment) Act, 1943 ... | XVII | 1943 |
| The Burma Army (Second Amendment) Act, 1943 | XXV | 1943 |
| The Burma Army (Amendment) Act, 1944 ... | IX | 1944 |
| The Burma Army (Amendment) Act, 1948 ... | XV | 1948 |
| The Burma Army (Amendment) Act, 1953 ... | XLI | 1953 |
| The Burma Army (Amendment) Act, 1955 ... | XXIV | 1955 |
| The Burma Army Suspension of Sentences Act, 1920 | XX | 1920 |
| The Burma Naval Discipline Act, 1947 ... | LXXXI | 1947 |
| The Burma Naval Discipline (Amendment) Act, 1949 | XLV | 1949 |
| The Burma Naval Discipline (Amendment) Act, 1953 | I | 1953 |
| The Burma Naval Discipline (Amendment) Act, 1957 | XX | 1957 |
| The Burma Air Force (Discipline) Act, 1947 ... | XLV | 1947 |
| The Burma Air Force (Discipline) (Amendment) Act, 1950 ... ... ... ... | II | 1950 |
| The Burma Air Force (Discipline) (Amendment) Act, 1957 ... ... ... ... | XXI | 1957 |
| The Burma Air Force (Disçipline) (Amendment) Act, 1958 ... ... ... ... | XXXIV | 1958 |

ဇယား။

(ပုဒ်မ ၂၃၇ ကိုကြည့်)

| အမည်။ | အမှတ်။ | နှစ်။ |
|---|---|---|
| မြန်မာနိုင်ငံ ကြည်းတပ် အက်ဥပဒေ .... .... | .... | .... |
| မြန်မာနိုင်ငံ ကြည်းတပ် (ပြင်ဆင်ချက်) အက်ဥပဒေ .... | ၁၇ | ၁၉၄၃ |
| မြန်မာနိုင်ငံ ကြည်းတပ် (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေ .... | ၂၅ | ၁၉၄၃ |
| မြန်မာနိုင်ငံ ကြည်းတပ် (ပြင်ဆင်ချက်) အက်ဥပဒေ .... | ၉ | ၁၉၄၄ |
| မြန်မာနိုင်ငံ ကြည်းတပ် (ပြင်ဆင်ချက်) အက်ဥပဒေ .... | ၁၅ | ၁၉၄၈ |
| မြန်မာနိုင်ငံ ကြည်းတပ် (ပြင်ဆင်ချက်) အက်ဥပဒေ .... | ၄၁ | ၁၉၅၃ |
| မြန်မာနိုင်ငံ ကြည်းတပ် (ပြင်ဆင်ချက်) အက်ဥပဒေ .... | ၂၄ | ၁၉၅၅ |
| မြန်မာနိုင်ငံ ကြည်းတပ် ပြစ်ဒဏ် ချမှတ်ချက်များ ဆိုင်းငံ့ထားခြင်း အက်ဥပဒေ .... .... .... .... | ၂၀ | ၁၉၂၀ |
| မြန်မာနိုင်ငံ ရေတပ် စည်းကမ်း အက်ဥပဒေ .... .... | ၈၁ | ၁၉၄၇ |
| မြန်မာနိုင်ငံ ရေတပ်စည်းကမ်း (ပြင်ဆင်ချက်) အက်ဥပဒေ .... | ၄၅ | ၁၉၄၉ |
| မြန်မာနိုင်ငံ ရေတပ်စည်းကမ်း (ပြင်ဆင်ချက်) အက်ဥပဒေ .... | ၁ | ၁၉၅၃ |
| မြန်မာနိုင်ငံ ရေတပ်စည်းကမ်း (ပြင်ဆင်ချက်) အက်ဥပဒေ .... | ၂၀ | ၁၉၅၇ |
| မြန်မာနိုင်ငံ လေတပ် (စည်းကမ်း) အက်ဥပဒေ .... .... | ၄၅ | ၁၉၄၇ |
| မြန်မာနိုင်ငံ လေတပ် (စည်းကမ်း) (ပြင်ဆင်ချက်) အက်ဥပဒေ | ၂ | ၁၉၅၀ |
| မြန်မာနိုင်ငံ လေတပ် (စည်းကမ်း) (ပြင်ဆင်ချက်) အက်ဥပဒေ .... | ၂၁ | ၁၉၅၇ |
| မြန်မာနိုင်ငံ လေတပ် (စည်းကမ်း) (ပြင်ဆင်ချက်) အက်ဥပဒေ .... | ၃၄ | ၁၉၅၈ |

## အခန်း ၁၉။

## ၁၉၆၀ ပြည့်နှစ်၊ တပ်မတော် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၃။]

အောက်ပါ အတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၆၀ ပြည့်နှစ်၊ တပ်မတော် (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၃၊ အပိုဒ်(ဝ)၊ အပိုဒ်ခွဲ(၂)၌ "တပ်ရင်းအခြား ငွေစာရင်း" ဆိုသည့် စကားရပ် အစား၊ "တပ်အခြားငွေစာရင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၃၂ တွင်—

(က) အပိုဒ် (ဈ) ၌ "အကျဉ်းသား" ဆိုသည့် စကား ရပ်အစား၊ "သုံ့ပန်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ခ) အပိုဒ် (ည) ၌ "အကျဉ်းသား" ဆိုသည့် စကားရပ် အစား၊ "သုံ့ပန်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၄၊ အပိုဒ် (က) တွင်၊ "သုံ့ပန်း၊ သို့တည်း မဟုတ် အကျဉ်းသားဖြစ်သွားလျှင်၊ သို့တည်းမဟုတ် သုံ့ပန်းသော်၎င်း၊ အကျဉ်းသား သော်၎င်း၊ ဖြစ်သွားသည့်နောက် " ဆိုသည့် စကားရပ် အစား၊ "သုံ့ပန်းဖြစ်သွားလျှင်၊ သို့တည့်းမဟုတ် သုံ့ပန်းဖြစ်သွားပြီးနောက်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၆၊ အပိုဒ် (က) တွင်၊ "ဖြစ်ပွါးစေရန်၊ မည်သူနှင့် မဆို စတင်ပြုလုပ်လျှင်၊ လှုံ့ဆော်လျှင်၊ ဖြစ်ပွါးစေလျှင်၊ သို့တည်းမဟုတ်၊ ပူးပေါင်းကြံစည်လျှင်" ဆိုသည့် စကားရပ် အစား၊ "စတင်ပြုလုပ်လျှင်၊ လှုံ့ဆော်လျှင်၊ ဖြစ်ပွါးစေလျှင်၊ သို့တည်းမဟုတ် မည်သူနှင့်မဆို ပူးပေါင်း ကြံစည်လျှင်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (၃) တွင်—

(က) "သိမြင်လျက်နှင့်" ဆိုသည့် စကားရပ် အစား၊ "သိလျက်နှင့်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ခ) "တတ်စွမ်းသမျှ" ဆိုသည့် စကားရပ် အစား၊ "ဆောင်ရွက်နိုင် စွမ်းရှိသည့် ဆောင်ရွက်မှု တခုခုကို" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၄၇ ရှိ ရှင်းလင်းချက်တွင်၊ "သေရည် သေရက် တခုတည်း၏ အာနိသင်ကြောင့်ဖြစ်စေ၊ တခုခုသော ဆေးဘက်ဝင် ဝတ္ထု တခုတည်း၏ အာနိသင်ကြောင့် ဖြစ်စေ၊ သေရည် သေရက်၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုကို

အခြား ပတ်ဝန်းကျင် ကြောင်းခြင်းရာ တခုခုနှင့် ပေါင်းစပ်ခြင်း၏ အာနိသင်ကြောင့်ဖြစ်စေ၊" ဆိုသည့် စကားရပ် အစား၊ "သေရည် သေရက် တခုတည်း၏၊ သို့တည်းမဟုတ် ဆေးဘက်ဝင် ဝတ္ထု တခုတည်း၏ အာနိသင်ကြောင့် ဖြစ်စေ၊ သေရည် သေရက်နှင့် သို့တည်းမဟုတ် ဆေးဘက်ဝင် ဝတ္ထုနှင့် အခြားပတ်ဝန်းကျင် ကြောင်းခြင်းရာ တခုခု ပေါင်းစပ်ခြင်း၏ အာနိသင်ကြောင့် ဖြစ်စေ၊" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၄၈ တွင်၊ "လုံလောက်သော" ဆိုသည့် စကားရပ် အသီးသီး အစား၊ "ယုတ္တိတန်သော" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၉။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၄၉၊ အပိုဒ် (ခ) တွင်၊ "လုံလောက်သော" ဆိုသည့် စကားရပ် အစား၊ "ယုတ္တိတန်သော" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၀။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၅၈၊ အပိုဒ် (က) တွင်၊ "လုံလောက်သော" ဆိုသည့် စကားရပ် အစား၊ "ယုတ္တိတန်သော" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၁။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၆၁ တွင်—

(က) အပိုဒ် (က) ၌ "လုံလောက်သော" ဆိုသည့် စကားရပ် အစား၊ "ယုတ္တိတန်သော" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အပိုဒ် (ခ) တွင်၊ "ပေါ့လျော့မှု တခုခုကြောင့် ပျက်စီးနစ်နာမှု၊ ဖျက်ဆီးမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှု ဖြစ်စေလျှင်" ဆိုသည့်စကားရပ် အစား၊ "ပေါ့လျော့မှု တခုခုကို ကျူးလွန်လျှင်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) အပိုဒ် (ဃ) အစား၊ အောက်ပါကို၊ အပိုဒ် (ဃ) အဖြစ် ထည့်သွင်းရမည်။

"(ဃ) ပျံသန်းရာတွင် သော်ငြား၊ လေယာဉ်ကို အသုံးပြုရာတွင် သော်ငြား၊ လေယာဉ်၊ သို့တည်း မဟုတ် လေယာဉ် ပစ္စည်းနှင့် စပ်လျဉ်း၍ သော်ငြား၊ သူတပါးဦးအား၊ အသက်ဆုံးရှုံးမှု၊ သို့တည်းမဟုတ် ကိုယ်အင်္ဂါနာကျင်မှုဖြစ်စေသော၊ သို့တည်း မဟုတ် ဖြစ်စေတန်ရာသော ပြုလုပ်မှု၊ သို့တည်း မဟုတ် ပေါ့လျော့မှု တခုခုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ်"။

၁၂။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၆၄ တွင်—

(က) ပုဒ်မခွဲ (၂)၊ အပိုဒ် (စ) အစား၊ အောက်ပါကို၊ အပိုဒ် (စ) အဖြစ် ထည့်သွင်းရမည်။

"(စ) အဆိုပါ သင်္ဘောများ၏ သင်္ဘောသားများ၊ သို့တည်း မဟုတ် ရေယာဉ်မှူးများကို ဖြစ်စေ၊ အဆိုပါ ရေယာဉ်များ၏ သင်္ဘောသားများ၊ သို့တည်း မဟုတ် ရေယာဉ်မှူးများကို ဖြစ်စေ၊ အငှားအသုံးပြုလျှင်၊"။

(ခ) ပုဒ်မခွဲ (၄)၊ အပိုဒ် (က) နှင့် (ခ)၌ "သိမ်းရပစ္စည်း" ဆိုသည့်စကားရပ်အသီးသီးအစား၊ "သုံ့ပန်းပစ္စည်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (၅)၊ အပိုဒ် (က) နှင့် (ခ)၌ "သိမ်းရပစ္စည်း" ဆိုသည့်စကားရပ်အသီးသီးအစား၊ "သုံ့ပန်းပစ္စည်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ဃ) ပုဒ်မခွဲ (၆) ၌ "သိမ်းရပစ္စည်း" ဆိုသည့်စကားရပ်အစား၊ "သုံ့ပန်းပစ္စည်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(င) ပုဒ်မခွဲ (၇)၊ အပိုဒ် (က)၊ (ခ) နှင့် (ဂ) ၌ "သိမ်းရပစ္စည်း" ဆိုသည့်စကားရပ်အသီးသီးအစား၊ "သုံ့ပန်းပစ္စည်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(စ) ပုဒ်မခွဲ (၈) ၌ "သိမ်းရပစ္စည်း" ဆိုသည့် စကားရပ်အစား၊ "သုံ့ပန်းပစ္စည်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၇၂ တွင်—

(က) "မလိုက်နာသူ" ဆိုသည့်စကားရပ်အစား၊ "မလိုက်နာရသူ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) "သေစေသည့်" ဆိုသည့် စကားရပ်အသီးသီးကို ပယ်ဖျက်ရမည်။

၁၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၉၂၊ အပိုဒ် (ဇ) တွင်၊ "သုံ့ပန်း၊ သို့တည်းမဟုတ် အကျဉ်းသား ဖြစ်သွားသည်ဟု၊ သို့တည်းမဟုတ် အကျဉ်းသားဖြစ်သွားပြီးနောက်" ဆိုသည့် စကားရပ်အစား၊ "သုံ့ပန်းဖြစ်သွားသည်ဟု၊ သို့တည်းမဟုတ် သုံ့ပန်းဖြစ်သွားပြီးနောက်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၉၃၊ အပိုဒ် (စ) တွင် "အကျဉ်းသား" ဆိုသည့် စကားရပ်အစား၊ "သုံ့ပန်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၀၃၆ ရှိ ဘေးမှတ်ချက်တွင်၊ "နည်း" ဆိုသည့် စာလုံးကို ပယ်ဖျက်ရမည်။

၁၇။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၃၇၊ အပိုဒ် (ခ) အစား၊ အောက်ပါကို အပိုဒ် (ခ) အဖြစ် ထည့်သွင်းရမည်။

"(ခ) တရားခံကသက်သေမခံမီ၊ စစ်တရားရုံးသည်၊ တရားခံ၌ သက်သေခံရန် တာဝန်ဟူ၍ မရှိဟု သတိပေးရမည့်ပြင်၊ တရားခံက သက်သေခံလျှင်၊ တရားခံနှင့် ပူးတွဲစစ်ဆေးစီရင်ခြင်းခံရသူ တဦးအပေါ်တွင်ရင်း၊ အများ အပေါ်တွင်ရင်း၊ တရားခံ၏ သက်သေခံချက်ကို အသုံးပြုနိုင်သည်ဟုလည်း တရားခံအား သတိပေးရမည်။"

၁၈။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၄၀၊ ပုဒ်မခွဲ (၁) တွင်၊ "စာတိုက်နှင့် ကြေးနန်းဆိုင်ရာ အာဏာပိုင်များက" ဆိုသည့်စကားရပ်အစား၊ "စာတိုက်ဆိုင်ရာ အာဏာပိုင်များကသော်ရင်း၊ ကြေးနန်းဆိုင်ရာ အာဏာပိုင်များကသော်ရင်း၊" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၉။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၄၁၊ ပုဒ်မခွဲ (၄) တွင်၊ " ကောင်စစ်ဝန် " ဆိုသည့် စကားရပ်အစား၊ " ကောင်စစ်အရာရှိ " ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၀။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၄၆ တွင်—

(က) ပုဒ်မခွဲ (၁) ၌ " ရှုတ်ချ၍အမြဲတန်းထုတ်ပစ်ခြင်းနှင့်ဖြစ်စေ၊" ဆိုသည့် စကားရပ်နောက်တွင် " အမြဲတန်းထုတ်ပစ်ခြင်းနှင့်ဖြစ်စေ၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၃) ၌ " အခြားနည်းဖြင့်ဖြစ်စေ၊" ဆိုသည့်စကားရပ် အစား၊ " အခြားနည်းဖြင့် " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၂၁။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (၁) တွင်၊ " ယုတ္တိရှိသည့် " ဆိုသည့် စကားရပ်အစား၊ " ယုတ္တိတန်သည့် " ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၂။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆၆ တွင်၊ " ထိုပြင် ထိုအရာရှိက၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်က၊ ဤကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသည့် အရာရှိက၊" ဆိုသည့် စကားရပ်အစား၊ " ထို့ပြင်ထိုအရာရှိကသော်၎င်း၊ ကာကွယ်ရေးဦးစီးချုပ်ကသော်၎င်း၊ ဤကိစ္စအလို့ငှါ ကာကွယ်ရေးဦးစီးချုပ်က အာဏာအပ်နှင်းထားသည့် အရာရှိတဦးဦးကသော်၎င်း၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၂၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၀၀ တွင်၊ " သေဆုံးသောအရာရှိ " ဆိုသည့် စကားရပ်အစား၊ " သေဆုံးသူ " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၂၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၀၁ တွင်၊ " သေဆုံးသူ " ဆိုသည့်စကားရပ် အစား၊ " သေဆုံးသူ၏ပစ္စည်းဥစ္စာ " ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၇၅ တွင်—

(က) " ကျပ်ငါးထောင်ထက်မပိုလျှင် " ဆိုသည့်စကားရပ်အစား၊ " အစုစုကျပ်ငါးထောင်ထက်မပိုလျှင် " ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) " အပြီးသတ် သက်သေအထောက်အထား " ဆိုသည့် စကားရပ် အစား၊ " အပြီးသတ် အခြားသက်သေအထောက်အထား " ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၁၆ တွင်—

(က) ပုဒ်မခွဲ (၁) ၌ " အချို့ " ဆိုသည့်စကားရပ် သီးသီးအစား၊ " တခုခု " ဆိုသည့်စကားရပ်ကိုထည့်သွင်း၍၊ " ထို့နောက် "ဆိုသည့်စကားရပ်အစား၊ " ထိုအခါ " ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၃) ၌ " သီးခြားဖော်ပြထားသော ပြစ်မှုအတွက်ဖြစ်စေ၊ အစားထိုးထားသည့် ဆုံးဖြတ်ချက်တွင် ပါဝင်သော ပြစ်မှုအတွက်ဖြစ်စေ၊" ဆိုသည့်

၁၄။ အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၂၁၆၊ ပုဒ်မခွဲ (၃)၊ အပိုဒ် (ခ) အောက်ရှိ၊ "စစ်ဘက် အယူခံတရားရုံးသည်၊" ဆိုသည့်စကားရပ်ဖြင့် အစပြု၍၊ "အစားထိုးချမှတ်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အဆုံးသတ်သည့် စာပိုဒ်အစား အောက်ပါ စာပိုဒ်ကို ထည့်သွင်းရမည်။

"စစ်ဘက်အယူခံ တရားရုံးသည်၊ အယူခံခြင်းကို ခွင့်ပြုမည့်အစား၊ သို့တည်းမဟုတ် ပယ်မည့်အစား၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို ပေါ်သောပြစ်ဒဏ်နှင့် အကျုံးဝင်သည့် အခြေအနေများတွင် ထိုပြစ်မှုကို ကျူးလွန်ဘိသကဲ့သို့၊ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ခြွင်းချက်များကိုဖြစ်စေ၊ ပြောင်းလဲချက်များကို ဖြစ်စေ၊ ပြုလုပ်၍၊ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်၊ သက်ဆိုင်ရာရာနှင့် အစားထိုးနိုင်သည့်ပြင်၊ အစားထိုးထားသည့် ဆုံးဖြတ်ချက်နှင့်အညီဖြစ်သော ပြစ်မှုအတွက်၊ ဤအက်ဥပဒေက ခွင့်ပြုသည်လည်းဖြစ်၍၊ ပို၍မကြီးလေးသည်လည်းဖြစ်သော၊ စစ်ဘက်အယူခံ တရားရုံးက သင့်တော်‌ လျော်ကန်သည်ဟုလည်း၊ ယူဆသည့် ပြစ်ဒဏ်တရပ်ကို ပြင်ဆင်ချမှတ်နိုင်သည်။"

၁၅။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၂၃၇ ကို၊ ပုဒ်မခွဲ (၁) အဖြစ်ပြန်လည် အမှတ်စဉ်၍၊ ထိုသို့ပြန်လည် အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၁) နောက်တွင် အောက်ပါကို၊ ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

"(၂) ပုဒ်မခွဲ (၁) တွင် မည်သို့ပင် ပါရှိစေကာမူ၊ မြန်မာနိုင်ငံ ကြည်းတပ် အက်ဥပဒေ (**The Burma Army Act**) ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ ရေတပ် စည်းကမ်း အက်ဥပဒေ (**The Burma Naval Discipline Act, 1947**) နှင့် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လေတပ် (စည်းကမ်း) အက်ဥပဒေ [**The Burma Air Force (Discipline) Act, 1947**] များသည်၊ ဤအက်ဥပဒေကို လိုက်နာရသူများ၊ ဤအက်ဥပဒေ စတင်အာဏာမတည်မီက၊ ကျူးလွန်သည့်အဆိုပါ အက်ဥပဒေများအရ ဖြစ်သော ပြစ်မှုများနှင့်ငြင်း၊ အဆိုပါပြစ်မှုများ ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့်၊ သို့တည်းမဟုတ် အဆိုပါ ပြစ်မှုများ ကျူးလွန်ခြင်းမှ ပေါ်ပေါက်လာသည့် ကိစ္စအားလုံးနှင့်ငြင်း၊ အဆိုပါ အက်ဥပဒေများကို မရုပ်သိမ်းဘိသကဲ့သို့၊ ဆက်လက် သက်ဆိုင်စေရမည်။

သို့ရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်များ၊ ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်များ၊ ပြစ်ဒဏ်ဆိုင်းငံ့ထားခြင်းများအပြင်၊ အယူခံခြင်းများနှင့် သက်ဆိုင်သည့်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ထိုသူတို့နှင့် သက်ဆိုင်စေရမည်"။

# ၁၉၆၁ ခုနှစ်၊ တပ်မတော် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၉။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၆၁ ခုနှစ်၊တပ်မတော် (ပြင်ဆင်ချက်) အက်ဥပဒေ ဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေပါ ပုဒ်မ ၁၅ မှတပါး၊ အခြားပုဒ်မအားလုံးသည်၊ နိုင်ငံတော်သမတ က၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။ ပုဒ်မ ၁၅ သည်၊ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင်စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေပုဒ်မ ၄၇ ရှိ ရှင်းလင်းချက်တွင် "သေရည်သေရက်နှင့်၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုနှင့် အခြားပတ်ဝန်းကျင်ကြောင်းခြင်းရာ တခုခုပေါင်းစပ်ခြင်း၏ အာနိသင်ကြောင့် ဖြစ်စေ၊" ဆိုသည့် စကားရပ်အစား၊ "သေရည်သေရက်၏၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထု၏အာနိသင်နှင့် အခြားပတ်ဝန်းကျင် ကြောင်းချင်းရာ တခုခု ပေါင်းစပ်ခြင်းကြောင့် ဖြစ်စေ၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေရှိ ပုဒ်မ ၇၇ တွင်၊ "စစ်တရားရုံးသည် အရာခံဗိုလ်အဆင့်အောက်နိမ့်သော ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား၊" ဆိုသည့်စကားရပ်အစား၊ "စစ်တရားရုံးသည် မိန်းမတဦးမှတပါး၊ အရာခံဗိုလ်အဆင့်အောက် နိမ့်သော ဤအက်ဥပဒေကို လိုက်နာရသည့် အခြားသူတဦးဦးအား၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေရှိ ပုဒ်မ ၈၁ တွင်၊ "ဤအက်ဥပဒေကို လိုက်နာရသူများက ကျူးလွန်သောပြစ်မှုများနှင့်စပ်လျဉ်း၍" ဆိုသည့်စကားရပ်အစား၊ "ဤအက်ဥပဒေကို လိုက်နာရသူများကျူးလွန်သော သတ်မှတ်ထားသည့် ပြစ်မှုများနှင့် စပ်လျဉ်း၍" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၂ တွင်—

(က) "ဤအက်ဥပဒေအရ ဖြစ်သောပြစ်မှုတခု" ဆိုသည့်စကားရပ် အစား၊ "သတ်မှတ်ထားသည့်ပြစ်မှုတခုခု" ဆိုသည့်စကားရပ်ကို ထည့်သွင်း ရမည်။

(ခ) အပိုဒ် (ဃ) အစား၊ အောက်ပါကို၊ အပိုဒ် (ဃ) အဖြစ်ထည့်သွင်းရမည်။

"(ဃ) ရာထူးသဘော သက်ဝင်သည့် အဆင့်အတန်းကို ဖြုတ်ပစ်ခြင်း၊ နှစ်ဆယ့်ရှစ်ရက်အတွက်ထက် မပိုသော အရည်အချင်း လစာကို ဖြတ်တောက်ခြင်း၊ ထို့ပြင် အကြမ်းများအတွက် ဖြစ်ပါက၊ ခေတ္တအဆင့်ကို ဖြုတ်ပစ်ခြင်း။"

၆။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (၄) အဆုံးတွင်၊ အောက်ပါကို ထည့်သွင်းသည်။

"အသက် တဆယ့်ခြောက်နှစ်အောက် ဖြစ်သော သူများဖြစ်ပါက၊ အဆိုပါ ပုဒ်မ၏ အပိုဒ်(က) နှင့် (ဃ) မှ (ဇ) အထိဖြစ်သော အပိုဒ်များတွင် သီးခြားဖော်ပြထားသော ပြစ်ဒဏ်များကို မချမှတ်ရ။ ထို့ပြင် အဆိုပါ ပုဒ်မ၏ အပိုဒ် (ခ) နှင့်(ဂ) တွင် သီးခြားဖော်ပြထားသော ပြစ်ဒဏ်များကို၊ ကာကွယ်ရေး ဦးစီးချုပ်က သီးခြားသတ်မှတ် ပေးထားသည်အထိ၊ ကန့်သတ်ချမှတ်ရမည်။ အဆိုပါ ပုဒ်မ၏ အပိုဒ် (ဇ)တွင် သီးခြားဖော်ပြထားသောပြစ်ဒဏ်ကို၊ မိန်းမများအပေါ်တွင် မချမှတ်ရ။"

၇။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၅ တွင်၊ "ဤအက်ဥပဒေအရ၊ ဖြစ်သော ပြစ်မှုတခု" ဆိုသည့်စကားရပ်အစား၊ "သတ်မှတ်ထားသည့် ပြစ်မှုတခုခု" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။အဆိုပါအက်ဥပဒေရှိ ပုဒ်မ ၈၆ တွင်၊ "ဤအက်ဥပဒေအရ ဖြစ်သောပြစ်မှုတခု" ဆိုသည့်စကားရပ်အစား၊ "သတ်မှတ်ထားသည့် ပြစ်မှုတခုခု" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၉။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၇ တွင်၊ "ဤအက်ဥပဒေ အရဖြစ်သော ပြစ်မှုတခု" ဆိုသည့်စကားရပ်အစား၊ "သတ်မှတ်ထားသည့် ပြစ်မှုတခုခု" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၀။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၉ တွင်၊ "ပုဒ်မ ၈၅၊ ၈၆ နှင့် ၈၇ တို့အနက်၊" ဆိုသည့်စကားရပ်အစား၊ "ပုဒ်မ ၈၂၊ ၈၅၊ ၈၆ နှင့် ၈၇ တို့အနက်၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၁။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၉၁ တွင်၊ အပိုဒ်(က) အစား၊ အောက်ပါကို အပိုဒ်(က) အဖြစ်ထည့်သွင်းရမည်။

"(က) တပ်မှူးတဦးက ချမှတ်သောပြစ်ဒဏ်များအတွက် ဖြစ်ပါက၊ ထိုတပ်မှူး၏ အထက်အရာရှိတဦးဦး၊ သို့တည်းမဟုတ် ကာကွယ်ရေး ဦးစီးချုပ်က သီးခြားဖော်ပြသည့် အခြားအရာရှိကိုဆိုလိုသည်။"

၁၂။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၉၂ (င)တွင်၊ "စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၈၇ အရ" ဆိုသည့်စကားရပ်အစား၊ "စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၈၅ အရ ဖြစ်စေ၊ ပုဒ်မ ၈၆ အရဖြစ်စေ၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၃။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၁၀၅ တွင်၊ "စစ်တရားရုံးအဖွဲ့ဝင်များ ရုံးထိုင်ရန်စုဝေး ရောက်ရှိသည့်အထိ၊ သို့တည်းမဟုတ် ထိုသူကို အချုပ်မှ လွှတ်သည်အထိ၊ အလားတူ အစီရင်ခံချက် တခုကိုလည်း ရှစ်ရက်တကြိမ်ပေးပို့ရမည်။" ဆိုသည့်စကားရပ်အစား၊ "စစ်တရားရုံး အဖွဲ့ဝင်များ ရုံးထိုင်ရန် စုဝေးရောက်ရှိသည်အထိ၊ သို့တည်းမဟုတ် ထိုပြစ်မှုကို၊ ပုဒ်မ ၈၂၊ ၈၅ ၈၆ နှင့် ၈၇ တို့အနက်၊ ပုဒ်မတခုခုအရ အရေးယူပြီးသည်အထိ၊ သို့တည်းမဟုတ် ထိုသူကိုအချုပ်မှ လွှတ်သည်အထိ၊ အလားတူအစီရင်ခံချက် တခုကိုလည်း ရှစ်ရက်တကြိမ်ပေးပို့ရမည်။" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

စကားရပ်အစား၊ "အစားထိုးထားသည့် ဆုံးဖြတ်ချက်တွင် သီးခြားဖော်ပြထားသော ပြစ်မှုအတွက်ဖြစ်စေ၊ ပါဝင်သော ပြစ်မှုအတွက်ဖြစ်စေ၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည့်ပြင်၊ "ပြစ်ဒဏ်တရပ်ကို" ဆိုသည့် စကားရပ်အစား၊ "ပြစ်ဒဏ်တရပ်နှင့်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၇။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၂၁၈၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) တွင်၊ "ဖော်ပြထားသော၊ သို့တည်းမဟုတ် အမှု၏အကြောင်းခြင်းရာတခုခုအကြောင်း ရေးသားပါရှိသော အစီရင်ခံစာတစောင်ကို အမှုစီရင်ဆုံးဖြတ်ရန်အတွက်၊ အမှန်သိရှိနိုင်ရန်အလို့ငှါ၊ စုံစမ်းရန်လိုအပ်သည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆပါက၊" ဆိုသည့်စကားရပ်အစား၊ "ဖော်ပြထားသော အစီရင်ခံစာကို၊ သို့တည်းမဟုတ် အမှုစီရင်ဆုံးဖြတ်ရန်အတွက် အမှန်သိရှိနိုင်ရန်အလို့ငှါ၊ စုံစမ်းရန်လိုအပ်သည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆသော အကြောင်းခြင်းရာများပါဝင်သည့် အစီရင်ခံစာကို၊" ဆိုထည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၈။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၃၀ အစား၊ အောက်ပါကို၊ ပုဒ်မ ၂၃၀ အဖြစ် ထည့်သွင်းရမည်။

"၂၃၀။ ။တရားလွှတ်တော်ချုပ်သည်၊ နိုင်ငံတော် သမတ၏ သဘောတူညီချက်ဖြင့်၊ စစ်ဘက်အယူခံတရားရုံး နည်းဥပဒေများကိုပြုရမည်။ အဆိုပါ နည်းဥပဒေများဖြင့်၊ စစ်ဘက်အယူခံတရားရုံးကလိုက်နာရမည့်ကျင့်ထုံးနှင့် စည်းကမ်းနည်းလမ်းများကိုပြဋ္ဌာန်းနိုင်သည်။"

စစ်ဘက် အယူခံ တရားရုံး၏ နည်းဥပဒေများ။

# ၁၉၆၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၁။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေတွင်ပါရှိသည့်—

(က) "တရားလွှတ်တော်ချုပ်" ဆိုသည့်စကားရပ်အစား၊ "နိုင်ငံတော် တရားရုံးချုပ်"၊

(ခ) "နိုင်ငံတော် တရားဝန်ကြီးချုပ်" ဆိုသည့်စကားရပ်အစား၊ "နိုင်ငံတော် တရားရုံးချုပ် တရားသူကြီးချုပ်"၊

(ဂ) "တရားလွှတ်တော်ချုပ် တရားဝန်ကြီး" နှင့် "တရားလွှတ်တော် တရားဝန်ကြီး" ဆိုသည့်စကားရပ် အသီးသီးအစား၊ "နိုင်ငံတော် တရားရုံးချုပ် တရားသူကြီး"

ဆိုသည့်စကားရပ်တို့ကို ထည့်သွင်းရမည်။

၃။ ။ယခင်စစ်ဘက် အယူခံတရားရုံးတွင် မပြီးပြတ်ဘဲ ကျန်ရှိနေသေးသော အယူခံမှုများကို၊ ဤဥပဒေပုဒ်မ ၂ ဖြင့် ပြင်ထားသော ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၂၁၁ အရ၊ ဖွဲ့စည်းသည့် စစ်ဘက်အယူခံ တရားရုံးက၊ မိမိစတင် ကြားနာစစ်ဆေးဘိသကဲ့သို့ ဆက်လက်ကြားနာစစ်ဆေးရမည်။

ပ-စ-လ-၁၂ဂဂ/စစ်ဆောက်ချုပ်ရုံး ၊ ၀၀/၉၂-၂၅၀၀-ဖလ ၊

## ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၃/၈၉)

၁၃၅၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
(၁၉၈၉ ခုနှစ်၊ မေလ ၁၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင်ပါရှိသည့် "ကာကွယ်ရေးဦးစီးချုပ်" ဆိုသည့် စကားရပ်အစား "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့